NetGuidE

IT, Electronics & Communication Journal

VOL : 4, ISSUE : 26 — 5 MARCH 2016, SATURDAY

TRUSTED BY SYNNEX

Phone Number 09 973859332, 09 73040604

Synnex Myanmar

MOBILE IS EVERYTHING

GSMA MOBILE WORLD CONGRESS

BARCELONA 22-25 FEB 2016

How do you summarise the world's biggest and best mobile industry event? Mobile is Everything, and everything mobile was at the show! Featuring 374 speakers from consumer brands, mobile organisations, mobile operators and industries touched by the mobile market — including advertising, banking, health, NGOs, entertainment and education.

Virtual reality, new handsets and ingenious app ideas

4 Years From Now (4YFN)

Xiaomi Mi5 : Xiaomi announced its newest flagship - the Mi 5 - at MWC last week

LG G5 LG may have made the most innovative phone.

SPECIAL COLLECTION

Article

ဘာစိုလိုနာစင်မြင့်ပေါ်က Samsung Galaxy S7 နှင့် S7 edge

Article airbnb

ကမ္ဘာကြီးကို မျက်စိဖွင့်ပေးလိုက်တဲ့ AIRBNB

Article

Software ဆန်းဆန်းလေးတွေ သုံးကြမယ်

LAPTOP, ELECTRONIC, AUDIO, RELATED & MORE

- ပို့ကုန်သွင်းကုန် လိုင်စင်အတွက် ဝန်ကြီးဌာနသို့ သွားရန်မလိုဘဲ အင်တာနက်မှ လျှောက်ထားနိုင်ပြီ
- စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်မျိုးစုံကို လွယ်ကူစွာရယူနိုင်မည့် Ooredoo Site Pyo Application
- Register ပြုလုပ်ထားသူများ Drone တစ်လုံး ကံစမ်းနိုင်မည့် Mandalay Drone Event
- KMD နှစ် (၃၀) ပြည့် အထိမ်းအမှတ် အထူးဈေးရောင်းပွဲကို KMD Sales Center (မြေနီကုန်း) တွင် ကျင်းပပြုလုပ်မည်
- ရန်ကုန်–ဒူဘိုင်း တိုက်ရိုက်ခရီးစဉ်များ စတင်လိုက်သည့် Emirates လေကြောင်းလိုင်း
- ကျောင်းသားလူငယ်များ အလုပ်လျှောက်နည်း၊ အင်တာဗျူးဖြေနည်းနှင့် ပတ်သက်ပြီး work.com မှ သင်တန်းပေးမည်
- OPPO မှ (၁၅) မိနစ်နှင့် အားအပြည့် သွင်းပေးနိုင်သည့် Super VOOC အား ပြသခဲ့
- HTC One M10 ၏ ကင်မရာသည် အလွန်စိတ်ဝင်စားစရာ ဖြစ်မည်ဟုဆို

CyberPower

www.cyberpower.com
mm.sales@cyberpower.com

SMART MODULAR THREE-PHASE UPS

The extreme efficient redundant power system for the protection of sensitive equipment

- High input power factor (>0.99), low input THDi (>3%)
- Digital paralleling technology, low circle current sharing between modules (<2%)
- Hot-swappable power and bypass modules
- Dual or single AC input connections

YANGON DEVELOPMENT company limited

(11191) C-22, E-condo, # 4, North Market Street, Dagon Township ,Yangon,Myanmar.
Tel : +95-1-376180, Fax : +95-1-376180

SP Memory is personal

Join member now

သင့်အတွက်အရေးကြီးသော Data များအား ကာကွယ်ရန်အတွက် ပြည့်စုံကြံခိုင်သော အိတ်ဆောင် Hard Disk တစ်လုံးရွေးချယ်ခြင်း...

သင့်ရဲ့အရေးကြီးသော ဓါတ်ပုံများနှင့် Document များကို ဘယ်အရိပ်တွင် နောက်ဆုံး Backup ပြုလုပ်ခဲ့ပါသလဲ? ယခုနေ့ နည်းပညာ၏ ဒီဂျစ်တယ်ခေတ်တွင် "အသိပညာသည်စွမ်းအား" တစ်ခုဖြစ်လာပြီး ကျွန်ုပ်မြန်လာသော အဓိပ္ပါယ်တွေနှင့် Data များသည် အဖိုးထိုက်တန် သော တန်ဖိုးတစ်ခုဖြစ်လာပါသည်။ လူတိုင်းသည် Data တွေကို Backup လုပ်ထားသင့်ပြီး Hard Disk တစ်ခုသည်ကောင်းမွန်သော Backup လုပ်ခြင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာပါသည်။ သယ်ဆောင်ရလွယ်ကူသော Hard Disk ကို ဘာကြောင့် လက်မံကြပါသလဲ? ကိုယ်ရေးကိုယ်တာ ဖိုင်များဖြစ်သော သီချင်းများ၊ ဓါတ်ပုံများ၊ Finical Document များ၊ Backup လုပ်ခြင်းအတွက်နှင့် Third-party Software ကဲ့ရို့ အရေးကြီးသော လုပ်ငန်းများကို ထောက်ပံ့ပေးသောကြောင့်ဖြစ်သည်။ အကယ်၍ External Drive တစ်ခုကို ရွာခဖွေနေလျှင် ၎င်းသည် အိပ်ထဲသို့အလွယ်တကူ သယ်ဆောင်အသုံးပြုနိုင်ရုံပါပဲ။ သယ်ဆောင်ရလွယ်ကူသော Hard Disk ဘာကြောင့်လိုအပ်ပါသလဲ ?

အဘယ်ကြောင့် ခိုင်ခံ့သော Hard Disk တစ်လုံးလိုအပ်ပါသလဲ?

Hard Disk များသည် ပျက်စီးလေ့ရှိသည်ဟု လူတိုင်းသိပါသည်။ Hard Disk တစ်ခုတွင်ပါဝင်သော Spinning Disk တစ်ခု၏ မည်သည့် ထိခိုက်ခြင်း (သို့) ၎င်း၏ ပုံမှန်လုပ်ငန်းဆောင်တာများ ယိုယွင်းပျက်စီးခြင်းသည် Hard Disk ကို ပျက်စီးစေလာနိုင်ပါသည်။ အဲဒါပမယ့် Hard Disk တစ်လုံးသည် သင့်ရဲ့ Laptop ၏ Backup လုပ်ဆောင်ချက်ကို ပြည့်စုံစေနိုင်ပြီး တစ်နည်းအားဖြင့် သင့်ရဲ့ ဓါတ်ပုံများနှင့် အခြားသော Data များကို သိုလှောင်နိုင်ပြီး ဧရိယာသွားစဉ်တွင် ဒေနစဉ်အသုံးပြုခြင်းအတွက် ထိခိုက်ယိုယွင်းခြင်းများကို ကာကွယ်နိုင်သည်။ ၎င်းသည် အိတ်ထဲသို့ အလွယ်တကူထည့်သွားနိုင်ပြီး သဘာဝ အန္တရာယ်ဒဏ်များခံနိုင်ရည်ရှိသည်။ ထိုအပြင် ကြာရှည်အသုံးပြုခြင်းအကြောင့် ယိုယွင်းခြင်းများကို တားဆီးပေးနိုင်ခြင်းသည် Hard Disk တစ်လုံးဝယ်ယူရှိန်တွင် အဓိကအချက်ဖြစ်ပါသည်။ Hard Disk တစ်လုံးသည် မတော်တဆ ထိခိုက်ခြင်းနှင့် ထိခိုက်ခြင်း (သို့) ဓာတ်တို့မှ အကောင်းဆုံးကာကွယ်နိုင်ပါက ခိုင်ခံ့သော Hard Disk ဟု မှတ်ယူနိုင်ပါသည်။

*ပုံတွင် Silicon Power Armor အိတ်ဆောင် Hard Disk ၏ စစ်ဘက်ဆိုင်ရာ အကြမ်းဖမ်းမှ အဆင့်အတန်းကို ပြသထားပါသည်။

သူတို့၏ ကုန်ကျမည့် ငွေပမာဏ အားလုံးအတွက် Data လုံခြုံရေးကို အဓိက ဦးစားပေးသောသူများ၊ သက်တမ်းရှည်ကြာသော Hard Disk ကို ဝယ်ယူချင်သူများသည် ခိုင်ခံ့သော Hard Disk တစ်လုံးကို ဝယ်ယူစဉ်တွင် အရှိုးသာအချက်များကို ထည့်သွင်းစဉ်းစားကြပါသည်။

ခိုင်ခံ့သောအိတ်ဆောင် Hard Disk တစ်လုံးကိုရွေးချယ်ခြင်း....

အကြမ်းဖမ်းတဲ့အသွင်အပြင်ရှိသော အိတ်ဆောင် Hard Disk တစ်လုံးအတွက် ၎င်း၏ အခြေခံကွဲပြားချက်အရှိသည် ခိုင်ခံ့သော Hard Disk တစ်လုံးဝယ်ယူရာတွင် မရှိမဖြစ် လိုအပ်ပါသည်။

စစ်ဘက်ဆိုင်ရာ အကြမ်းဖမ်းမှု အဆင့်အတန်း

Armor A30 သည် ထိခိုက်မှုကို ခုခံနိုင်သော Silica gel ပါဝင်ပြီး အတွင်းဘိုင်းတည်ဆောက်ပုံမှ အပြင်ဘက်ထိ ထိခိုက်မှုဓာတ်ကို ကာကွယ်နိုင်သည်။ ထို့အပြင် အပြင်ဘက် အမဲးပွဲသည် ဖြစ်ရာဖြစ်ခြင်းနှင့် ပြုတ်ကျခြင်းမှ ကာကွယ်ပေးပါသည်။ ထို့အပြင် Armor A30 သည် US စစ်ဘက်ဆိုင်ရာ အကြမ်းဖမ်း MIL-STD-810G (Transit drop test) ဖြတ်သန်းထားသောကြောင့် အသုံးပြုသူတွေကို အခိုင်မာစုံးနှင့် အပြည့်ဝစုံး ကာကွယ်ပေးနိုင်ပါသည်။

IP67 Waterproof လုပ်ဆောင်ချက်

Armor A65 နှင့် Armor A65M သည် ပထမဆုံး IP67 လုပ်ငန်းသုံးအိတ်ဆောင် Hard Disk ဖြစ်ပြီး ခုန်မှုန်ဝင်ဆောက်မှု ကာကွယ်ပေးခြင်းနှင့် ဧရိယာနက် 39.4 လက်မ (100cm)ကို 30 မိနစ်နှင့်အထက်ခေတ်မံခံနိုင်ရည်ရှိပါသည်။

*Silicon Power Armor Series A65M သည် ပထမဆုံးဆုံး IP67 လုပ်ငန်းသုံး အိပ်ဆောင် Hard Disk ဖြစ်သည်။



Pressure-resistant လုပ်ဆောင်ချက်

A85 ၏ ခိုင်ခံ့သော အလွှမိန့်ယမ်းခြင်း ပြုလုပ်ထားသော အမဲးပွဲသည် 500kg အထက် ဖိအားကို အပြည့်အဝ ခံနိုင်ရည်ရှိပြီး ခိုင်မာစွာ ကာကွယ်ပေးနိုင်သည်။

*Silicon Power Armor Series A85/A85M အခိုင်မာစုံးတည်ဆောက်ပုံနှင့် ဖိအားကို ခံနိုင်ရည်ရှိသောလုပ်ဆောင်ချက်

အမှန်တကယ်တွင် သင်သည် သီချင်းများနှင့် ဓါတ်ပုံများ (သို့) ဗွီဒီယိုများကို အများအပြားသိမ်းဆည်းပြီး သူငယ်ချင်းမိတ်ဆွေများနှင့်မျှဝေလိုပါက (သို့) ဧရိယာသွားပါက အိတ်ဆောင် Hard Disk တစ်လုံးကို မခြစ်မနေဝယ်ယူသွားရမည်ဖြစ်ပါသည်။

Golden Power TECHNOLOGY

Golden Power Technology Ltd.
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်

Yangon Showroom & Service Center
No.15, Baho Road, Sanchaung Township, Yangon.
Tel : (01) 2304848
sales@gpt-mm.com, support@gpt-mm.com | www.gpt-mm.com

Mandalay Showroom & Service Center
Unit-16, Block-1, 73 Street, Between Thazin Street and Ngu Shwe War Street, Chanmya Thazi Township, Mandalay.
Tel: (02) 2000117~118, 09-910-43-803, 0940-260-20-20, 0973-214926

SPOX P5

The Next Beautiful Thing is Here!

HD 5.5"IPS HD (720*1080 pixel)

2500mAh Battery

Android 5.1

8GB ROM + 1GB RAM

Dual Sim Dual Standby 3G/2G

MT6580 Quad Core 1.3 GHz

GPS / GLONASS

13 Mega Pixel / 2 Mega Pixel

3G WCDMA

Available Color
White Gold
Black Grey

"Proximity, Light, E-compass, Gyro - Sensor, HotKnot"

လက်ဆောင်အဝို
Screen Guard
Temper Glass
Back Cover Silver
1 Extra Battery

1 Year Warranty
6 Months
Accessories

Great Mobile Trading Co.,Ltd. မှ လက်လီလက်ကား ဝယ်ယူအားပေးနိုင်ပါတယ်။

Sale Office
No (476-A), Lower Kyee Myin Daing Road,
Kyee Myin Daing Tsp, Yangon, Myanmar.
Ph: (+959) 253385885, (+959) 781507071
Email : sales@greatmobiletrading.com

Sales and Service (Pathein)
No (19), Marchat Street,
Pathein, Myanmar.
Ph: (+959) 252860003, (+959) 09781507071
Email : sales@greatmobiletrading.com

Online Sale
www.mymobilezay.com
www.facebook.com/mymobilezay.com

Hot Line
(+959) 262606161

MRG YANGON mobile repairing group

Mobile Repairing Group

GSM, CDMA, (Software, Hardware) ပိုဘိုင်းဖုန်း အထူးပြုပြင်နည်းသင်တန်း

အမှတ် (၁၅/၁၇,2B ပထမထပ်), ရန်ကုန်.အင်းစိန်လမ်း၊ လှည်းတန်း မှတ်တိုင်ရှေ့, ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Call Us. 09 5502144 , 09 78 550 2144 , 09 42000 1144 , 09 732 11388 (www.mobilerepairinggroup.com)

2009 ခုနှစ်မှစတင်၍ ယနေ့ထက်တိုင် မပြောင်းလဲသော ဂါရင့်ဆရာများ၊ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း

Android

Android OS အသုံးပြုထားသော Samsung, Sony, HTC, Huawei, LG, Lenovo, CoolPad, Oppo, Google Nexus စသော Smart phone များကို

- Histoty Of Android OS
- Application & Game Install With PC- Suite
- Best Application Using & Apply
- User Data Backup & Restore
- Myanmar Fonts Installation
- User Security Unlock
- System Error Repairing
- Root For All Devices
- All Devices Offical ROM Installation
- All Devices Custom ROM Installation
- Bootloader Unlock , S on / S off
- Backup & Restore Current ROM
- Baseband , IMEI Error Repairing
- Soft brick , Hard brick , Dead Boot Repair
- With Advance Flashing
- Using Android Commands
- Essential Data Searching & Downloading
- Repairing With Boxing System

iOS

iOS အသုံးပြုထားသော iPhone, iPad, iPod Touch များကို

- About iOS
- Using iOS & iOS settings configuration
- Repairing iOS system errors
- System backup & restore
- About SHSH blobs & firmware restore process
- Firmware upgrade & downgrade
- About apple's code signing technology
- Installation offical applications
- Installation non market applications
- Installation crack applications &
- iOS applications cracking
- Cheating iOS applications
- Jailbreaking techniques
- Cydia & using system level applications
- On line / offline Deb installation
- Custom firmware creating & installation
- Baseband theory & iPhone network unlocking

Hardware

GSM, CDMA-800/450 Handset များနှင့် Fixedphone များကို Hardware ပိုင်းဆိုင်ရာ ပြုပြင်ခြင်းအား
(Mobile Phone Brand အစုံအလင် ဖြင့်သင်ကြားပေးပါသည်။)

- Electronic အခြေခံမှစတင်၍ သင်ကြားပေးခြင်း။
- Analouge, Digital Meter, Soldering, Heat-Gun, Power Supply အသုံးပြုနည်း။
- IC နှင့်အခြေခံပစ္စည်းများကို Hardware ပိုင်းဆိုင်ရာ ပြစ်ချက်ရှာဖွေခြင်း၊ ဖြုတ်လဲခြင်း။
- GSM, CDMA-800/450 MHZ Handset and Fixed Phone Schematic Circuit Diagram Reading
- PCB Board ပြားရှိ IC များအားခွဲခြားနည်း၊ Layout Diagram တွင်ရှာဖွေခြင်း။
- Teradown step by step Video Tutorial များပြသပေးခြင်း။
- Theory နှင့် Pratical ပိုင်းကိုစာတွေ့,လက်တွေ့,မျတအောင် သင်ကြားပေးခြင်း။
- Theory နှင့် Pratical ပိုင်းဆိုင်ရာကို လက်တွေ့,လုပ်ငန်းခွင် ဝင်နိုင်သည်အထိ သင်ကြားပေးခြင်း။
- Volt ပိုင်းဆိုင်ရာနှင့် IC များကို Jumper ဓကျော်ခြင်း။
- China Handset များရှိ Hardware ပိုင်းဆိုင်ရာ ပြစ်ချက်များကို ရှာဖွေပေးခြင်း။ ပြန်လည်ပြုပြင်နိုင်စေရန် လွယ်ကူရှင်းလင်းစွာ သင်ကြားပေးခြင်း။
- Firmware မှားယွင်းရေးသားမှုကြောင့်ဖြစ်ပေါ်လာသော IMEI ပျောက်ခြင်း၊ Dead boot ဖြစ်ခြင်းများကို သက်ဆိုင်ရာ Tool Box များဖြင့် ဖြေရှင်းနည်းများကို စနစ်တကျ သင်ကြားပေးခြင်း။

ပန်ဆောင်မှု

1. Model မြင့် laptop,device တစ်လုံးစီ ဖြင့် စာတွေ့,လက်တွေ့ သင်ကြားပေးခြင်း။ 2. Firmwares, games နှင့် applications များကို 1000 GB အခမဲ့ပေးခြင်း။
3. အလုပ်အကိုင် ရှာဖွေပေးခြင်း။ 4. ဆိုင်ဖွင့်လိုသူများအတွက် distributer များနှင့် မိတ်ဆက်ပေးခြင်း။
5. Update datas များ အခမဲ့ ထုတ်ယူခြင်းနှင့် အသုံးပြုခွင့် ပေးခြင်း။ 6. ရေ၊ မီး ပြည့်စုံ၍ သန့်ရှင်းသပ်ရပ်သော တိုက်ခန်းအခမဲ့ စီစဉ်ပေးခြင်း။
7. Up to date နည်းပညာသစ်များအတွက် ဆက်လက်ပံ့ပိုးပေးခြင်း။ 8. Techanicians လုပ်လိုသူများအတွက် ဆိုင်များတွင် အလုပ်သွင်းပေးခြင်း။

ပိုဘိုင်းဖုန်းဆိုင်များအတွက် Mobile Techanicians လိုအပ်မှုများကို MRG မှ စိတ်တိုင်းကျသည်အထိ ပန်ဆောင်မှုပေးနေပါပြီ...

အပတ်စဉ် . 63 သင်တန်းသားများစတင်လက်ခံနေပါပြီ...

စနေ၊ တနင်္ဂနွေ တန်းခွဲများ စတင်ဖွင့်လှစ်သင်ကြားပေးနေပါပြီ

SPECIAL PROMOTION (1.3.2016 မှ 7.3.2016 အတွင်းလာရောက်အစမ်းပါက)
Software + Hardware 340000

ဗုဒ္ဓသင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ရန် စာရင်းကိုင် (မ)ဝန်ထမ်း ၂ ဦး အလိုရှိသည်။

ရန်ကုန်–ဒူဘိုင်း တိုက်ရိုက်ခရီးစဉ်များ စတင်လိုက်သည့် Emirates လေကြောင်းလိုင်း

Emirates လေကြောင်းလိုင်းသည် မြန်မာနိုင်ငံအတွက် Dubai Yangon နှင့် ဗီယက်နမ်နိုင်ငံအတွက် Dubai-Hanoi ခရီးစဉ်များအား စတင်ပျံသန်းတော့မည် ဖြစ်သည်။

ရန်ကုန်မြို့နှင့် ဟန္ဒိုင်းမြို့ နေ့စဉ်ခရီးစဉ်များ ပျံသန်းနေသည့် Emirates လေကြောင်းလိုင်းအနေဖြင့် ဒေသတွင်းလုပ်ငန်းတူများဖြစ်သည့် Bangkok Airways နှင့် Jetster တို့နှင့် ပူးပေါင်းပြီး အရှေ့တောင်အာရှရှိ မြို့တော်များနှင့် ခရီးသွားများ စိတ်ဝင်စားသည့်နေရာများကိုပါ ခရီးသွားလာမှုအစီအစဉ်များ ရေးဆွဲနိုင်ရန် ဝန်ဆောင်ပေးလျက်ရှိသည်။

''Emirates ရဲ့ မြန်မာနိုင်ငံကို တိုးချဲ့ပျံသန်းတဲ့ ခရီးစဉ်သစ်က ၂၀၂၀မှာ ခရီးသွား ၇ ဒသမ ၅ သန်းရောက်ရှိရမယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားဖလာစီမံကိန်းကို အထောက်အကူပြုစေမှာပါ။ ပြီးတော့ ဗီယက်နမ်နိုင်ငံသူ နိုင်ငံသားတွေအတွက် ဒူဘိုင်းကို သွားရောက်ဖို့အတွက် ရွေးချယ်စရာတွေ ပိုမိုရရှိလာပြီး Emirates ရဲ့ နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့ ခရီးစဉ်တွေမှာ ပါဝင်ပျံသန်းနိုင်တော့မှာပါ။ နိုင်ငံပြင်ပမှာ ရောက်နေတဲ့ ဗီယက်နမ်လူမျိုးတွေအတွက်ရော ဗီယက်နမ်နိုင်ငံကို လာလည်ချင်တဲ့လူတွေအတွက်ပါ အဆင်ပြေစေမှာပါ''ဟု Adnan Kazim က ဆက်လက်ပြောသည်။

''အခုလက်ရှိပြေးဆွဲနေတဲ့ ခရီးစဉ်တွေအပြင် Emirates က အရှေ့တောင်အာရှ ခရီးစဉ်တွေကို တိုးချဲ့ပြေးဆွဲပြီး မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံက ခရီးသွားတွေအနေနဲ့ ဥရောပက မြို့တော် ၃၉ မြို့၊ အရှေ့အလယ်ပိုင်းက မြို့ ၁၆ မြို့အပြင် ကျွန်တော်တို့ လေကြောင်းလိုင်းက ချိတ်ဆက်ပံ့ပိုးနေတဲ့ အာဖရိကနဲ့ အမေရိကမှာ ရှိတဲ့ မြို့တွေကိုပါ သွားရောက်နိုင်တဲ့ အခွင့်အလမ်းတွေ ပိုရလာတော့မှာပါ''ဟု Emirates လေကြောင်းလိုင်း၏ Strategic Planning, Revenue Optimisation နှင့် Aeropolitical Affairs ဌာနဆိုင်ရာ အကြီးတန်း ဒုတိယဥက္ကဋ္ဌဖြစ်သူ Adnan Kazim ကပြောသည်။

ခရီးသွားပုံစံ ၃ မျိုးပါဝင်သည့် ဘိုးရင်း 777-300ER လေယာဉ်အမျိုးအစားဖြင့် ပျံသန်းမည့် ဤခရီးစဉ်အသစ်သည် ဟန္ဒိုင်းနှင့် ရန်ကုန်ကြားချိတ်ဆက်သွားလာလိုသည့် ခရီးသွားများအတွက် ရွေးချယ်စရာအသစ်တစ်ခုလည်း ဖြစ်လာနိုင်ကြောင်း Emirates လေကြောင်းလိုင်း တာဝန်ရှိသူများက ခန့်မှန်းထားပါသည်။ **ခဲလင်းလင်းသန်း**

CB Securities ၏ ပြည်တွင်းငွေချေးသက်သေခံလက်မှတ် ဝန်ဆောင်မှုလုပ်ငန်းအတွက် OMnesys NEST™ စတော့ခ်ရှယ်ရာ ရောင်းဝယ်မှုစနစ်အား အသုံးပြုရန်ရွေးချယ်ခဲ့

CB Securities မှ ပြည်တွင်းငွေချေးသက်သေခံ လက်မှတ်ဝန်ဆောင်မှုလုပ်ငန်းအတွက် Thomson Reuters ၏ OMnesys NEST™ စတော့ခ်ရှယ်ရာ ရောင်းဝယ်မှုစနစ်အား အသုံးပြုရန် ရွေးချယ်ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် Thomson Reuters မှ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးထားသည့် သတင်းအချက်အလက် များကို CB Securities ကွန်ရက်ပေါ်မှတဆင့် ကြည့်ရှုလေ့လာနိုင်ကာ အသုံးပြုသူ အလိုရှိသော ရွေးချယ်မှုများ ပြုလုပ်ထားခြင်း။ အရေးပေါ်အသိပေးချက်များ (Pop-up Alerts) များ သတ်မှတ်ထားခြင်း စသည့် စတော့ခ်ရှယ်ရာ ရောင်းဝယ်မှုဆိုင်ရာ အချက်အလက်များကို သိရှိနိုင်မည်ဖြစ်သည်။ ''YSX ဖွင့်လှစ်ပြီးတဲ့နောက်မှာ စတော့ခ်ဈေးကွက်ဖွံ့ဖြိုးမှုနဲ့ ငွေချေးသက်သေခံလက်မှတ်အရောင်းအဝယ် အရှိန်အဟုန်နဲ့ တိုးတက်လျက်ရှိကာ အဲ့လိုအခြေအနေမှာ Thomson Reuters ရဲ့ OMnesys NEST™ စနစ်နဲ့ Client တွေကိုအထောက်အကူပြုပေးနိုင်တာတော့ ကြီးမားတဲ့အားသာချက်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီစနစ်ဟာ ကျွန်တော်တို့ရဲ့ဝန်ဆောင်မှုကို အသုံးပြုမယ့်သူတွေအတွက်ကောင်းမွန်တဲ့ရလဒ်တွေကို ဆောင်ကျဉ်းပေးလာမှာပါ။ CB Securities ရဲ့ Trading Platform အား Client များရဲ့ လိုအပ်ချက်အစုံအလင်ကို ဖြည့်စွမ်းပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်''ဟုCB Securities၏ Managing Director ဖြစ်သူ ဦးသောင်းဟန်က ဆိုသည်။

Thomson Reuters မှ တာဝန်ရှိသူတစ်ဦးကလည်း ''CB Securities နဲ့ ပူးပေါင်းကာ ကျွန်တော်တို့ရဲ့ Software ဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေအတွက် စတော့ခ်ရှယ်ယာ ရောင်းဝယ်မှုနဲ့ အခြားသော ထပ်ဆောင်းဝန်ဆောင်မှုတွေကို ပေးအပ်နိုင်တော့မှာ ဖြစ်လို့ အလွန်ဝမ်းမြောက်မိပါတယ်။ မကြာသေးမီက ဖွင့်လှစ်လိုက်တဲ့ ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX) ဟာ မြန်မာနိုင်ငံရဲ့ လျင်မြန်စွာတိုးတက်ပြောင်းလဲဖွံ့ဖြိုးလာမှု အခြေအနေကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်''ဟု ပြောကြားခဲ့သည်။ **MZ**

ကျောင်းသားလူငယ်များ အလုပ်လျှောက်နည်း၊ အင်တာဗျူးဖြေနည်း နှင့် ပတ်သက်ပြီး Work.com မှ သင်တန်းပေးမည်

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုပြီးသူများနှင့် ဘွဲ့ကြိုကျောင်းသားများအတွက် အလုပ်လျှောက်ရာတွင် လိုအပ်မည့်အချက်များနှင့် Cover Letter ရေးသားနည်း၊အလုပ်အင်တာဗျူး ဖြေနည်းများအား work.com.mm မှ ပညာပေးသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား လူငယ်များအတွက် လိုအပ်မည့်ပညာပေး အစီအစဉ်များကို work.com.mm အလုပ်အကိုင်ရှာဖွေရေး Website မှ ပြုလုပ်မည့် ပညာရေးအတိုင်အပင် ခံဝန်ဆောင်မှု သင်တန်းများနှင့် ပူးပေါင်းကာ အခမဲ့ သင်တန်းပို့ချပေးသွားရန် စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါ ဝက်ဘ်ဆိုက်အနေဖြင့် ယခုနှစ် ၂၀၁၆ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ရန်ကုန် နည်းပညာတက္ကသိုလ် (မော်ဘီ)၊ Temasek International College, HTTC (ဟိုတယ်သင်တန်းကျောင်း) အစရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သက်မွေးမှုဆိုင်ရာ သင်တန်းကျောင်းများတွင်လည်း ပညာပေးအစီအစဉ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းပို့ချပေးခြင်း အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော ကျောင်းများ၊ အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်လျက်ရှိသည်။ ယင်းပညာပေးသင်တန်းများဖြင့် ပတ်သက်၍ အသေးစိတ်ထပ်မံသိရှိလိုသူများ အနေဖြင့် ၀၉၂၆၁၆၀၁၀၉၆ သို့ ဖုံးခြိုက်အတွင်း ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။ **ခဲလင်းလင်းသန်း**

CTM Computer Sale & Service

Apple

iPad Pro

wifi+4G

The New MacBook

iphone 6 &6 Plus

(16GB, 64GB,128GB)

XIAOMI

MI Note Pro	Ks-429,000
Mi 4C	Ks-245,000
Note 3	Ks-178,000
Note 2 Prime	Ks-150,000
Note 2	Ks-137,000
mi 3	Ks-160,000
mi Pad2	Ks-225,000

SAMSUNG

SONY

XPERIA

Sony Smartphone

GSM Phone Sales

Galaxy Note5	Ks- 8xx,000
Galaxy S6 Edge Plus	Ks- 9xx,000
Galaxy S6 Edge	Ks- 7xx,000
Galaxy Note4	Ks- 6xx,000
Galaxy A8 (New)	Ks- 5xx,000
Galaxy A5 -(2016)	Ks- 5xx,000
Galaxy A3	Ks- 2xx,000
Galaxy J7(New)	Ks- 2xx,000
Galaxy J5	Ks- 2xx,000
Grand Neo Plus	Ks- 1xx,000
Galaxy J2	Ks-1xx,000
Sony Xperia Z-5	Ks- 7xx,000
Sony Xperia Z-3Plus	Ks- 5xx,000
Sony Xperia Z-2	Ks- 4xx,000
Sony Xperia M5 Dual	Ks- 4xx,000
Sony Xperia C5 Dual	Ks- 3xx,000
Sony Xperia M4 Aqua	Ks- 2xx,000
Sony Xperia E4	Ks- 1xx,000

HUAWEI

Huawei P8	Ks-4xx,000
Huawei GR-5	Ks-2xx,000
Huawei P8 lite	Ks-2xx,000
Honor 4X	Ks-1xx,000
G Play Mini	Ks-1xx,000
Hornor 3C	Ks-1xx,000
Y-6	Ks-1xx,000
Y-5C	Ks- 8x,000

HTC

One E-9 +	Ks- 4xx,000
HTC 826	Ks- 3xx,000
HTC 728	Ks- 2xx,000
626G +	Ks- 2xx,000

MEIZU

Meizu PRO 5	Ks- 4xx,000
Meizu MX 5	Ks- 3xx,000
Meizu Metal	Ks- 1xx,000
Meizu Note2	Ks- 1xx,000
Meizu M2	Ks- 1xx,000

Accessories

အမှတ်(၁၉၆)အနော်ရထာလမ်း၊ ၁၃လမ်းထိပ်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ PH. 224 502 , 01-2300477 Email-ctmart@yangon.net.mm

anitech™

アニテック

Distributed by

Citicom

D220
iPhone Cable

V200
Bluetooth Speaker
3Wx2RMS
Bluetooth version4.0

H404, H406
Breaker PowerStrip

H111
ECO PLUS
SAFETY LIFE WITH SAVING PLUG

A541
Optical Mouse
· Rubber Coating
· 1200 DPI

P501
Combo Set Wireless
Keyboards+Mouse

အမှတ် (၁၈၆၊ ၁၈၈)၊ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၃၇၃၁၇၅၊ ၃၇၆၅၆၄၊ ၃၇၆၅၆၆

သေးငယ်မှု၊ စွမ်းအားအပြည့်နှင့် Sony RX100 IV

ဆောင်းပါးရှင် – ဖြိုးဇံ

Sony RX100 IV ဆိုတဲ့ Camera လေးကို စတင်တွေ့မိတဲ့အချိန်မှာ အမြင်ပိုင်းအရ သိပ်စိတ်မဝင်စားခဲ့ပါ။ RX100 IV က High End Compact Camera လို့ခေါ်တဲ့ Point & Shoot Camera (အများအခေါ် Digital Camera လေးများ)ကိုမှ Sensor Size, Lens Quality , Function စတာတွေကို အမြင့်ပိုင်း တင်ဆက်ထုတ်လုပ်ထားတဲ့ Camera အမျိုးအစားတွေပါ။ ဒီ RX 100 IV အရှေ့ မှာ RX 100, RX 100 II, RX 100 III စတဲ့ Camera တွေ ထွက်ထားပါသေးတယ်။ Camera တိုင်းမှာ Sony က ၎င်းတို့ထုံးစံအတိုင်း Innovation ပိုင်းကောင်းစွာ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင်လာခဲ့ပါတယ်။ ဒါပေမဲ့ RX 100IV ရောက်တဲ့အချိန်မှာ ဖြစ်လာတဲ့ Function ပိုင်းနဲ့ နည်းပညာဆန်းသစ်မှုတွေဟာ Camera ရဲ့ အရွယ်အစားနဲ့ မမျှအောင် အံ့အားသင့်ဖွယ် တွေ့ရပါတယ်။

ဒီ RX100IV ဟာ အများက Professional Camera လို့ သတ်မှတ်ကြတဲ့ DSLR Camera မဟုတ်ပါဘူး။ သူ့ရဲ့တည်ဆောက်ပုံဟာ အပေါ်ကရေးခဲ့တဲ့ အတိုင်း Compact Camera System ပါ။ ဒါပေမဲ့ ကျွန်တော်တို့ အသိများတဲ့အတိုင်း Digital Camera အသေးလို့ ကျွန်တော်တို့ခေါ်ကြတဲ့ ဒီ Point & Shoot Compact Camera တွေကို မြန်မာငွေ တစ်သိန်းကျော်ဆိုရင်တောင် ကျွန်တော်တို့က ဈေးကြီးပြီလို့ သတ်မှတ်ကြတတ်ပါတယ်။ ဒီ Compact Camera ဖြစ်တဲ့ Sony RX 100 IV ရဲ့ ဈေးနှုန်းကတော့ BnH ဈေး $ 948 ပါ။ မြန်မာငွေနဲ့ဆို ၁၁ သိန်းကျော်ရှိပါတယ်။ ဒီလို Camera သေးသေးလေး DSLR တွေလို Lens အဖြုတ်အတပ်လဲမရ (Interchangeable Lens လဲမဟုတ်) ပုံစံကို ၁၁ သိန်းကျော်ဆိုတာနားမလည်နိုင်ဖြစ်သွားလောက်ပါတယ်။ ဒါပေမဲ့ ဒီ Camera ရဲ့ စွမ်းအားကို ဖြင်လိုက်ရတဲ့အချိန်မှာတော့ တော်တော်လေး ရှင်းလင်းသွားပါတယ်။

ပထမဆုံး RX 100 IV ရဲ့ Mega Pixel ကတော့ 20.1MP(5472 x 3648) ပါ။ Mega Pixel ဆိုတာပုံရဲ့ Resolution သာဖြစ်ပြီး Print Size ပေါ်ကိုအကျိုးသက်ရောက်မှုရှိပါတယ်။ ဒါ့အပြင် Post Cropping နဲ့ Retouching မှာ အကျိုးသက်ရောက်မှုရှိပါတယ်။ ဒါပေမဲ့ ဒီ Mega Pixels ဆိုတာကတော့ ဓါတ်ပုံပါသနာရှင်များအတွက် သိပ်တော့ကောင်းတဲ့ ဆွဲဆောင်မှုမဟုတ်သေးပါဘူး။ နောက်သူမှာ သုံးထားတဲ့ ပုံရိပ်ဖမ်း Sensor က 1 inch size ပါ။ Compact System အတွက်ဆိုတော်တော်လေးကြီးတဲ့ Sensor Size ပါ။ 13.2mm x 8.8mm ရှိပါတယ်။ဒါ့ကြောင့် ဒီ RX 100 IV ကလာမယ့် ပုံတွေဟာ သာမန် Point & Shoot တွေထက် အများကြီး သာလွန်ကောင်းမွန်မှာပါ။ အောက်ကပုံ မှာ Sensor Size Comparison ကို ကြည့်နိုင်ပါတယ်။ သာမန် Compact Camera တွေရဲ့ ရှိတတ်တဲ့ Sensor Size နဲ့ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ Sensor Size ကြီးလာလေလေ Camera ရဲ့ အလင်းပေါ်အာရုံခံနိုင်စွမ်းနဲ့ ပုံရိပ်ဖမ်းယူနိုင်မှုပိုကောင်းပါတယ်။



နောက် ဒီ RX 100 IV မှာ သုံးတဲ့ Sensor ဟာ Backside Illumination လို့ ခေါ်တဲ့ BSI CMOS sensor ပါ။ အရှင်းဆုံးရေးရလျှင် BSI sensor တွေဟာ Light Sensitive ဖြစ်မယ့် photo diodes တွေကို အလင်းနဲ့အရင်ထိတွေ့မယ့် နေရာကို ရွှေ့ထားလိုက်တဲ့သဘောပါ။ Front Illuminated (FSI) မှာဆို အလင်းက circuit တွေဖြတ်ပြီးမှ photo diodes တွေနဲ့ ထိတွေ့တာပါ။ အဲ့ဒီလိုမျိုး မဟုတ်တော့ဘဲ အရင်ဆုံးအလင်းကို Photo Diodes တွေနဲ့ ထိတွေ့ပါတယ်။ အကျိုးကတော့ Low Light လို့ခေါ်တဲ့ အလင်းအားနည်းတဲ့ အခြေအနေတွေမှာ ပိုမိုကောင်းမွန်တဲ့အလင်းကိုရနိုင်ပါတယ်။



စိတ်ဝင်စားဖို့ကောင်းတာက ဒီ Technology က Mobile Phone Camera တွေမှာ အရင်သုံးခဲ့တာပါ။ ပထမဆုံးသုံးခဲ့တာကတော့ iPhone 4 ပါ။ ဒါ့ကြောင့် ဒီ Phone တွေဟာ Low Light Photo တွေကို တခြားသာမန် FSI သုံးတဲ့ Mobile Phone Camera တွေထက် ကောင်းကောင်းမွန်မွန်ရိုက်ကူးနိုင်တာပါ။

ထို့နောက်မှတော့ ISO Range က 125 ကနေ 12800 ထိ ရွေးလို့ရပါတယ်။ Exposure Mode မှာ Auto တစ်ခုတည်းမဟုတ်ဘဲ DSLR တွေမှာလို Auto, Program, Aperture Priority, Shutter Priority,Manual ဆိုပြီး အကုန်ပါပါတယ်။ ဒါ့ကြောင့် သာမန် Point & Shoot တွေလိုမဟုတ်ဘဲ DSLR တွေလိုပဲ Exposure Control ကို Aperture, Shutter, ISO အကုန် Manual ချိန်ညှိနိုင်ပါတယ်။ နောက်တစ်ခုကတော့ Image Format ပါ။ Compressed Format ဖြစ်တဲ့ Jpeg ပဲမဟုတ်ဘဲ DSLR တွေ Mirroless တွေလိုပဲ RAW Format ရတာပါ။ တော်သင့်ရဲ့ Bridge Camera တွေတောင် RAW Format မရတဲ့အချိန်မှာ ဒီ RX 100 IV မှာ RAW Format ရတာဟာလဲအားသာချက်တစ်ခုပါပဲ။ RAW Format နဲ့ Compressed Format ဖြစ်တဲ့ Jpeg တို့ ဘာကွာလဲဆိုတာကို အကြမ်းပြောရရင် RAW ဆိုတာ Image မဟုတ်သေးဘဲ Sensor က ဖမ်းယူထားတဲ့ အလင်းပုံရိပ်တွေကို Data အနေနဲ့ပဲ သိမ်းထားတာပါ။ Camera ရဲ့ Post Processing တွေဖြစ်တဲ့ ISO တို့ White Balance စတဲ့ Setting တွေ မဖြတ်ရသေးပါ။ ဒါ့ကြောင့် ဒီ Setting တွေကိုလဲ Software မှာ ပြန်ချိန်နိုင်ပါတယ်။ Jpeg ထက် Data အများကြီးကို သိမ်းထားတဲ့အတွက် Retouching ပိုင်းအတွက်လဲ ပိုကောင်းပါတယ်။ဒီ RAW format ရတာနဲ့ Manual Exposure Control ရတာတွေဟာ DSLR ကိုင်နေရတဲ့အရသာပါပဲ။နောက်တစ်ခုကတော့ ဒီ Camera ရဲ့ Lens ပါ။ Compact Type ဖြစ်တဲ့အတွက် ဒီ Camera ရဲ့ Lens က ဖြုတ် တပ် လဲလှယ်လို့တော့မရပါ။ ဒါ့ကြောင့် Camera မှာပါတဲ့ Fixed Lens က Quality ကောင်းဖို့အရေးကြီးပါတယ်။ သူ့ lens ကတော့ 24-70mm Zesis Lens ပဲဖြစ်ပါတယ်။ Zesis ဆိုတဲ့အတွက် မှန်ဘီလူး Quality ပိုင်းကတော့ ကောင်းပြီးသားဖြစ်ပါတယ်။ နောက်သူ့ Lens ရဲ့ Aperture တန်ဖိုးက F1.8 – F2.8 ပါ။ Constant Aperture တော့မဟုတ်ပါ။ ဒါပေမဲ့သူ့ရဲ့ 24mm to 70mm အထိမှာ ဖွင့်နိုင်တဲ့ Aperture တန်ဖိုးဟာ 1.8 ကနေ 2.8 ဖြစ်တဲ့အတွက် တော်တော်လေး ကောင်းတဲ့အနေအထားပါ။ Low Light အနေအထားတွေမှာ Aperture ကျယ်ကျယ်ထားဖွင့်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်။ အဲ့ဒါကတော့ Aperture 1.8 , 2.8 ဆိုတိုင်း DSLR တွေမှာလို Shallow Depth of Field ရနိုင်မှု တူနိုင်မှာမဟုတ်ပါ။ သူ့မှာသုံးထားတဲ့ Sensor က DSLR တွေရဲ့ Sensor ထဲ အင်မတန်သေးတဲ့အတွက် DSLR လောက်တော့ Depth of Filed ကျဉ်းကျဉ်းလေးတွေမရနိုင်ပါဘူး။ Shutter Speed ကလည်း အနည်းဆုံး 30 seconds ထိချနိုင်ပါတယ်။ ဒါ့ကြောင့် ဒီကင်မရာ သေးသေးလေးနဲ့ပဲ အတိုင်းအတာတစ်ခုထိ အလင်းပန်းချီလို့ခေါ်ကြတဲ့ Light Painting Photography တို့ Long Exposure တို့အတွက်လဲ ရိုက်ကူးနိုင်ပါတယ်။ ရိုက်ကူးပြထားတဲ့ ပုံရိပ်တွေလဲ Online ပေါ်က သက်ဆိုင်ရာ Review Site တွေမှာရှိပါတယ်။ သာမန် Point & Shoot Digital Camera တွေကနေ ထပ်ပြီး ခွဲထွက်သွားစေတဲ့ နောက်တစ်ချက်ကတော့ View Finder ပါရှိခြင်းပါ။

Smart Phone တွေ သာမန် Point & Shoot တွေနဲ့ရိုက်တဲ့အခါလို LCD Screen ကို ကြည့်ပြီးရိုက်ကူးတာထက် DSLR တွေမှာလို View Finder ပါရှိတဲ့အတွက် ပိုပြီးဓါတ်ပုံရိုက်ရတဲ့ ခံစားချက်ကို ပိုကောင်းစေပါတယ်။ တချို့အတွက်တော့ LCD , View Finder ဘာနဲ့ရိုက် ဘာမှမဖြစ်ပေမယ့် တချို့ကြတော့လည်း (အနောက်အပြောင် အခေါ်အဝေါ်နဲ့) အပေါက်ချောင်းရမှကျေနပ်တတ်ကြပါတယ်။ဒီ View Finder က Electronic Viewfinder ဖြစ်တဲ့အတွက် LCD မှာ မြင်ရမယ့် ရုပ်ထွက်အတိုင်း View Finder ဆီပို့ပေးထားတဲ့သဘောပါ။နောက်ပြီး သူ့မှာပါတဲ့ LCD ကလဲ Tilt able LCD screen ဖြစ်တာကြောင့် Low Angle Shot တွေ Compose လုပ်ရခက်ခဲတဲ့ Angle တွေအတွက် အဆင်ပြေစေမှာပါ။ လိုအပ်ရင် Selfie ပါ ဆွဲလို့ရပါတယ်။

နောက်ထပ် ဒီ RX100 IV ရဲ့ အံ့ဩဖွယ်အချက်လေးကတော့ Video Function ပါ။ ဒီနောက်ပိုင်းမှာတော့ Smart Phone တွေကအစ Full HD လို့ခေါ်တဲ့ 1920 x 1080 resolution ကို ရနေပါပြီ။ ဒီ Camera ရဲ့ ထူးခြားချက်လေးကတော့ Video Resolution က 4K ရိုက်လို့ရတာပါ။ 4K ဆိုတာကတော့ ၂၀၁၅ လောက်မှာ အားကောင်းကောင်းနဲ့ကြားလာရတဲ့ resolution ဖြစ်ပါတယ်။ Full HD ထက် ၄ ဆ Resolution ပိုများပါတယ်။ 3840 x 2160 resolution ရှိပါတယ်။ဒီလို $ 948 တန် Point & Shoot Compact Camera အသေးလေးမှာ 4K Video ကို ရရှိတာကလဲ Sony ရဲ့ နည်းပညာများပဲဖြစ်ပါတယ်။ ဒါပေမဲ့အခုနောက်ပိုင်း High End Smart Phone တွေမှာပါ 4K Video ရရှိလာပါပြီ။ ဒါဆို ဒီ Camera 4K Video ရတာ ဘာဆန်းလဲမေးစရာရှိပါတယ်။ ဆန်းတာကတော့ သူ့ Video Codec တွေဟာ Entry level codec မဟုတ်ဘဲ Sony ရဲ့ XAVC လို့ခေါ်တဲ့ Wrapper Format ဖြစ်ပါတယ်။ ဒီ Format ဟာ 4K Video ကို 100Mbps Bitrates နဲ့ 30p 25p 24p frame rate တွေနဲ့ ဖမ်းယူနိုင်ပါတယ်။ ဒီနေရာမှာ တစ်ခုရှိတာကတော့ 4K Resolution နဲ့ ရိုက်မယ်ဆိုရင် Clip တစ်ခုကို ၅ မိနစ်အများဆုံးပဲ ရိုက်နိုင်ပါတယ်။

နောက်ထပ်တစ်ခုကတော့ Professional Video Camera တွေမှာပါတဲ့ Focus Assist Function နဲ့ Exposure Assist Function တွေဖြစ်တဲ့ Peaking တို့ Zebra တို့လဲပါပါတယ်။ ဒါကတော့ Sony ရဲ့ ထည့်ပေးနေကြ Function တွေဖြစ်ပေမယ့် Mirrorless Camera တန်းတွေမှာသာ ထည့်ပေးတာများပါတယ်။ အခုလို Compact Camera မှာ ထည့်ပေးတာကတော့ သူတို့ရဲ့ Strategy တစ်ခုဖြစ်ပါတယ်။ နောက်ထပ်တစ်ချက်ကတော့ 1080p Resolution မှာ Frame per second ကို 120 ထိတင်ရိုက်လို့ရတာပါ။ အလွယ်ပြောရရင် 120fps ဆိုတာ ကျွန်တော်တို့သာမန်မြင်ရတဲ့ 1second video ကို 4seconds Slow Motion video အဖြစ်နဲ့ ရနိုင်ပါတယ်။ ဒါ့ကြောင့် Slow Motion Video လဲ ရိုက်နိုင်မှာပါ။

နောက်တစ်ခုကတော့ Camera ရဲ့ Picture Profile မှာ S Log 2 ပါလာတာပါ။ S Log 2 ဆိုတာ သိဖို့အတွက် Log, Flat တွေအကြောင်း အရင်သိရပါမယ်။DSLR တွေပဲဖြစ်ဖြစ် High End Camcorder တွေပဲဖြစ်ဖြစ် Default Picture Style နဲ့ ရိုက်မယ်ဆိုရင် သာမန်မျက်လုံးမြင်နိုင်တဲ့အမြင်တိုင်း Color စိုစို Sharpness ကောင်းကောင်း ရုပ်ထွက်ပေးပါတယ်။ ဒီလို Default Picture Style ကို REC 709 လို့ခေါ်ပြီး Broadcasting Standard ဖြစ်ပါတယ်။ တကယ်တော့ အဲ့လိုရုပ်တွေဟာ ကြည့်လိုက်ရင် ကောင်းနေသလိုထင်ရပေမယ့် Post Production အတွက် Color ချိန်မယ်ဆို ခက်ခဲတဲ့ ရုပ်တွေပါ။ အဲ့လိုမဖြစ်ဖို့အတွက် ဒီလို Log တို့ Flat တို့နဲ့ ရိုက်ပါတယ်။ ဒီ Slog2 နဲ့ ရိုက်မယ်ဆိုရင် ရုပ်ထွက်တွေဟာ Color ဖွယ်တယ်တယ်နဲ့ဖြူဖွေးပြီး ထွက်လာမှာပါ။ ဒါပေမဲ့ ဒီရုပ်တွေဟာ Camera Sensor က တကယ်ဖမ်းယူနိုင်တဲ့ ပုံရိပ်ရအောင် Dynamic Range ကို Manipulate လုပ်ထားတာပါ။ အကျိုးဆက်ကတော့ Post Production အတွက် Shadow Data - Highlight Data အကုန် ပါလာပါတယ်။ ဒီ Data တွေကို Color ချိန်တော့မှ မိမိကြိုက်သလိုပြန် လည်ပြင်ဆင်နိုင်ပါတယ်။

အောက်ကပုံကို ကြည့်ကြည့်ပါ။

စာမျက်နှာ (၅၂) သို့ ▶

MYANMAR TOP1

HUAWEI

SMARTER TOUCH

စမတ်ဖုန်းတစ်လုံးရဲ့အသိဉာဏ်ရှိသော လက်ဗွေရာစနစ်

HUAWEI GR5

TAP TO CALL

TAP TO CAPTURE

TAP TO UNLOCK
WET OR DRY

VIP Services
For Mate 8 & GR5

Hot-line
01-9000900

Scan the QR code and Follow our WeChat

Huawei Device Myanmar

Huawei Device Myanmar

consumer.huawei.com/mm/

LG မှ LG Innofest 2016 Asia တွင် နည်းပညာမြင့်ထုတ်ကုန်အသစ်များ မိတ်ဆက်ပြသ

LG ရဲ့ InnoFest 2016 ကို တောင်ကိုရီးယားနိုင်ငံရှိ ဆိုးလ်မြို့မှာ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီး အဲ့ဒီပွဲမှာ LG ရဲ့ Ultra premium brand အသစ်များ မိတ်ဆက်ပြသခဲ့ပါတယ်။ LG Innofest ကျင်းပပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ Partners, Retailers နဲ့ Media တွေကို အိမ်သုံး၊ လုပ်ငန်းသုံး နောက်ဆုံးပေါ် Electronic Products အမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာစမ်းသပ်နိုင်စေဖို့အတွက် ဖြစ်ပါတယ်။ ၎င်းပွဲကို အာရှနိုင်ငံ ၁၅နိုင်ငံမှ Dealers နဲ့ Journalists 300 ကျော်တက်ရောက်ခဲ့ကြပြီး ပြည်တွင်း ရှိ TMW Enterprise Limited ကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့တယ်လို့ သိရှိရပါတယ်။

LG ရဲ့ Regional CEO of Asia ဖြစ်သူ Mr.Chris Yi မှ တီထွင်မှုနည်းပညာသစ်တို့ဖြင့် ထုတ်လုပ်ထားတဲ့ New Products တို့ကို မိတ်ဆက်ပေးခဲ့ပါတယ်။ မိတ်ဆက်ပြသခဲ့တဲ့ SIGNATURE Product ၄မျိုးကတော့ SIGNATURE OLED TV , SIGNATURE Side by side Refrigerator, SIGNATURE Twin Wash Washing Machine နဲ့ SIGNATURE Air Purifier တို့ဖြစ်ပါတယ်။ အဆိုပါ Product ၄မျိုးနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကာ တက်ရောက်လာတဲ့ ဧည့်သည်တွေကို လက်တွေ့စမ်းသပ်ခွင့်တွေလည်း ပေးခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ Electronic Retailer ဖြစ်တဲ့ Star Appliance မှ President ဖြစ်သူ Mr.Tersea Tiong Cheng က " LG SIGNATURE ထုတ်ကုန်ပစ္စည်းတွေဟာ အရည်အသွေးကောင်းမွန်ပြီး နည်းပညာမြင့်မားတာကြောင့် သုံးစွဲသူတွေ လွန်စွာအကြိုက်တွေ့လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ LG အနေနဲ့နောက်ပိုင်းမှာလည်း ပိုမိုကောင်းမွန်တဲ့ ထုတ်ကုန်တွေ ဆက်လက်ထုတ်လုပ်သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟုပြောကြားခဲ့ပါတယ်။ နောက်ပြီးတော့ LG ရဲ့ ပထမဆုံးလက်ရာ OLED နည်းပညာကို ပြသခဲ့ကာ LG 55" OLED TV အရေအတွက် ၂၄၈ လုံးနဲ့ ပြုလုပ်ထားတဲ့ OLED Display အကြီးဖြင့် နည်းပညာမြင့် OLED TV တွေကို တက်ရောက်သူတွေ လေ့လာနိုင်အောင် စီစဉ်ပေးခဲ့ပါတယ်။ "LG အနေနဲ့ တီထွင်မှုနည်းပညာတွေကို စဉ်ဆက်မပြတ် တိုးတက်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့ရဲ့ Partner နဲ့ Customer တွေ စိတ်ကျေနပ်မှုရှိစေမယ့် Marketing Activity ရှိတဲ့ အာရှအကောင်းဆုံး Brand အဖြစ်တည်ရှိဖို့ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု LG Regional CEO of Asia ဖြစ်သူ Mr.Chris Yi ကဆိုပါတယ်။

မိတ်ဆက်ပေးခဲ့တဲ့ LG SIGNATURE Air Purifier မှာ Aqua-Cyclone Feature ထည့်သွင်းထားတာကြောင့် အခန်းတွင်းလေထုမှ ရေဆိုးရေငွေ့ကို သန့်စင်ပေးနိုင်စွမ်းရှိပါတယ်။ ဘေးထွက်ဆိုးကျိုးပေးတဲ့ ဓာတုဓာတ်ခဲ့ ညစ်ညမ်းတဲ့လေကို လုံးဝစစ်ထုတ်ပေးမယ့် Feature တစ်ခုပါ။ အသုံးပြုသူတွေအနေနဲ့ အခန်းတွင်းလေရဲ့ ကောင်းမွန်သောအရည်အသွေးကို LG Smart PM 1.0 မှာ ခံစားရရှိနိုင်မှာဖြစ်ပြီး ၎င်း Smart PM 1.0 Level မှ ဖုန်မှုန့်တို့ရဲ့ အရွယ်အစားကို Micro Meter အရွယ်အစားအထိ ထုတ်ပေးကာ အေးမြသန့်စင်တဲ့ လေကိုထုတ်လွှတ် ပေးပါလိမ့်မယ်။ နောက်ထပ် New Product တစ်ခုကတော့ LG SIGNATURE OLED TV ဖြစ်ပြီး 77x65" အကျယ်အဝန်းရှိကာ ဆန်းသစ်လှပတဲ့ ဒီဇိုင်း။ OLED ပါဝင်တဲ့ရုပ်မြင်သံကြားစနစ်၊ 4K Resolution, OLED HDRC High Dynamic Range နဲ့ အဆင့်မြင့်တဲ့ နည်းပညာအသစ်တွေပါရှိပါတယ်။ ပထမဆုံးသော ဖန်သားပြင်ပုံရိပ် ဒီဇိုင်းဖြင့် ထုတ်လုပ်ထားကာ အထူက 2.57 မီလီမီတာသာ ရှိမှာပါ။ ဒါ့အပြင် HDR 10 နဲ့ Dolby Vision TV တွေရဲ့ နောက်ဆုံးပေါ် နည်းပညာတွေကို ပေါင်းစပ်ပေးထားတာကြောင့် ရုပ်ထွက်အရည်အသွေးနဲ့ Color တိကျမှုတို့ကို ပိုမိုကောင်းမွန်စေပါလိမ့်မယ်။ အသံထွက်စနစ်အတွက်လည်း High -end Audio Pioneer Harman/Kardon နဲ့ ပူးပေါင်းကာ Sound Bar Stand Speaker System ကိုပိုမိုကောင်းမွန်အောင် ဖန်တီးပေးထားပါတယ်။ နောက်ပြီးတော့ LG SIGNATURE OLED TV မှာ Web OS စနစ်ပါရှိပါတယ်။

LG SIGNATURE Refrigerator မှာလည်း ဆန်းသစ်တဲ့ ဒီဇိုင်းနဲ့အတူ KNOCK-ON Door in Door Feature ပါရှိတာကြောင့် တံခါးကို ခေါက်လိုက်ရုံနဲ့ ဖွင့်ပေးတဲ့စနစ်ဖြင့် အလွယ်တကူ အသုံးပြုနိုင်ပါလိမ့်မယ်။ ထည့်သွင်းထားတဲ့ အစားအသောက်အပေါ်မူတည်ပြီး အေးမြမှုအလိုအလျောက် ထိန်းသိမ်းပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် အတွင်းပိုင်း မွတ်တိုက်မှုကို ၁၀နှစ်အာမခံအထိပေးထားပါတယ်။ LG SIGNATURE Washing Machine ကတော့ ၂၄ လက်မသာရှိပြီး အခြား MINI အဝတ်လျှော်စက်များထက် ပိုမိုလှည့်အားကောင်းမွန်ပါတယ်။ လှပတဲ့ Quick Circle User Interface ဒီဇိုင်းဖြစ်တာကြောင့် ကိုင်တွယ်အသုံးပြုရလွယ်ကူကာ ၎င်းရဲ့ မှန်တံခါးက မတ်တပ်အနေအထားမှာပင် အတွင်းကို ကောင်းမွန်စွာ တွေ့မြင်နိုင်ပါတယ်။ နောက်ပြီးတော့ ဆုံလည်ရဲ့ တုန်ခါမှုကို Centum System နဲ့ ထိန်းချုပ်ပေးထားတာကြောင့် ဆူညံမှုကို လျော့ချပေးမှာပါ။

၂၀၁၆ ခုနှစ်ရဲ့ LG Innofest မှာ သုံးစွဲသူတွေအကြိုက်တွေ့စေမယ့် နည်းပညာမြင့် ထုတ်ကုန်တွေကို ပြသပေးခဲ့ကာ LG ရဲ့ အစောဆုံး Innofest Road Show ကို ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီပထမပတ်တွင် Dubai မှာ စတင်ကျင်းပပြုလုပ်ပေးခဲ့တယ်လို့ သိရှိရပါတယ်။

MIC

Myanmar Imperial College

edexcel
Approved Centre No. 93679

မြန်မာနိုင်ငံသားတို့အတွက် အောင်မြင်မှုတို့စုဝေးရာ

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

HND
Diploma in Business
Diploma in Advertising & Branding
Diploma in Hospitality & Tourism

BA
BA (Hons) Business & Management
BA (Hons) Marketing Management
BA (Hons) Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

Working in Partnership with
THE UNIVERSITY OF NORTHAMPTON
United Kingdom

MBA Master of Business Administration

DBA Doctor of Business Administration

March Intake!

အမှတ် (၁) ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက် (ဦးဝိစာရအိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ 09 732 10001 / 4211 00222

MEDIATEK

ဖြေ,၀၀၀ကျပ် အဝယ်
ရရှိမယ့် Top Up အတို လေဆောင်
ကျပ် ၆,၀၀၀ တန် ဆုကြိုး ဆီ လေဆောင်ဆောင်
Top Up ၁၀ ဂဏ ပိတ်ဆို ရယူမည်။
ooredoo

Singtech Myanmar
www.singtech.asia

SAPPHIRE
Z501

5.0MP Camera
2,200 mAh Battery
Quad Core 1.3 GHz
Smart Slide
5.0" Display

SINGAPORE BRAND

Call Centre
01-2399900

SINGTECH

How To

ယခင်တစ်ပတ်မှ အဆက် >>>

၂၅။ Chrome ဖြင့် ဘရောက်စာဒေတာများကို Sync လုပ်ပါ။

Chrome Browser ကို အသုံးပြုခြင်းရဲ့ အဓိကအကျိုးကျေးဇူးက Android, iOS, Mac OS X, Windows စတဲ့ ပလက်ဖောင်းများစွာအတွက် ရရှိတာဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ Chrome မှာ Bookmarks, Passwords, Auto-fill, Opened Tabs, History တို့လို သတင်းအချက်အလက်များကို Sync လုပ်ပေးတဲ့ စွမ်းဆောင်ချက်ဖြစ်ပါတယ်။ Settings ထဲသွားပြီး သင့်ရဲ့ Google Account နဲ့ Log In ဝင်ရုံပါပဲ။ ဒါဆိုရင် အဲဒီ Google Account နဲ့ အသုံးပြုတဲ့ Device များအားလုံးမှ Chrome မှာ ဒေတာများကို Sync လုပ်ပေးမှာပါ။



၂၆။ ပျက်သွားတဲ့ Pixels ကို ပြုပြင်ပါ။

ကွန်ပျူတာမျက်နှာပြင်မှ Pixel များပျက်သွားတာက ကြည့်ရခဲ့ပါတယ်။ ကံကောင်းတာက မော်နီတာကို Service Center ယူသွားစရာမလိုဘဲ အိမ်မှာပဲပြုပြင်နိုင်တဲ့ နည်းလမ်းများရှိပါတယ်။ JScreenFix ဝက်ဘ်ဆိုက်မှာ ပြုပြင်နိုင်တဲ့နည်းလမ်းတစ်ခုရှိပါတယ်။ ဝက်ဘ်ဘရောက်ဇာရဲ့အောက်ခြေကိုသွားပြီး Launch JScreenFix ခလုတ်ကိုနှိပ်ပါ။ သေးငယ်တဲ့စတုရန်း Box ပေးလာမှာဖြစ်ပြီး ပျက်ဆီးသွားတဲ့ Pixel ကိုရွှေးချယ်ပေးပါ။ ဆယ်မိနစ်လောက်စောင့်ပြီး ကံကောင်းရင် သင့်ရဲ့ LCD Panel ကို အသစ်အတိုင်းမြင်နိုင်ပါပြီ။ သူ့ရဲ့နည်းလမ်းကပျက်စီးသွားတဲ့ Pixel ချဖို့အတွက် Pixel ရဲ့ Color Value ကို လှည့်ပတ်ပေးတာပါ။



၂၇။ Apple Music မှာ အလိုအလျောက် Renewal လုပ်တာကိုပိတ်ပါ။

Apple Music က အခမဲ့ ၃ လ စမ်းသပ်အသုံးပြုခွင့်ကိုပေးထားပေမယ့် အစမ်းကာလပြီးနောက်မှာ အလိုအလျောက် Password ကိုထည့်ပေးပြီး Enter နှိပ်ပါ။ Subscriptions ထဲသွားပြီး Manage ကိုနှိပ်ပါ။ Your renewal options and when payment will begin ဆိုတာကိုတွေ့ရမှာပါ။ Automatic renewal ကို Disable လုပ်ပါ။

၂၈။ Android မှာ WhatsApp Messages များကို ပြန်လည်ရယူပါ။

WhatsApp မှ Chat History များကို ပြန်လည် Restore လုပ်ချင်ရင် ဒီနည်းလမ်းက လျင်မြန်ပါတယ်။ Chat Backups များကို "/sdcard/WhatsApp/Databases" folder မှာသိမ်းထားတဲ့အတွက် အဲဒီကိုသွားပါ။ ဖုန်းမှ File Explorer App သို့မဟုတ် သင့်ဖုန်းကိုပီစီနဲ့ချိတ်ဆက်ခြင်းဖြင့် ပြုလုပ်နိုင်ပါတယ်။ ဖိုင်များကို msgstore-YYYY-MM-DD.1.db.crypt ဆိုတဲ့ format နဲ့ သိမ်းထားမှာပါ။ အချိန်အပိုင်းအခြားအလိုက် Restore လုပ်ချင်တဲ့ဖိုင်ကိုရွေးပြီး မကြာမီကရက်စွဲတစ်အဖြစ် အမည်ပြောင်းပါ။ မကြာမီက Backup တွေကို Overwrite လုပ်ပါ။ ပြီးရင်တော့ WhatsApp ကို Uninstall လုပ်ပြီး သမားရိုးကျ Message များကို Restore ပြုလုပ်တဲ့နည်းကိုအသုံးပြုပါ။

နောက်တစ်ပတ်ဆက်လက်ဖော်ပြပါမည် >>>

Websites

အင်တာနက်ဆိုတာ လူတချို့အတွက် လေ့လာစရာတွေမကုန်ခမ်းနိုင်တဲ့ နည်းပညာပဒေသာပင်ကြီးလို့ ခေါ်ဆိုနိုင်သလို အသုံးမချတတ်တဲ့သူတွေအတွက်တော့ အချိန်တွေသာကုန်ဆုံးသွားတယ် ဘာမှမရလိုက်ပါဘူး။ ဒါဟာ အွန်လိုင်းမှာလေ့လာစရာဝက်ဘ်ဆိုက်တွေကို အသေးစိတ်မရှာဖွေနိုင်လို့ပါ။

အင်တာနက်အသုံးပြုတဲ့သူတွေ အကျိုးရှိစွာအသုံးချနိုင်စေဖို့အတွက် အင်္ဂလိပ်စာအဘိဓာန်လေ့လာခွင့်ရမယ့် ဝက်ဘ်ဆိုက်၊ ဓာတ်ပုံများစွာကို ကြည့်ရှုနိုင်မယ့်ဝက်ဘ်ဆိုက်၊ အားကစားနည်းတွေကိုမှ စိတ်ဝင်စားတဲ့သူများအတွက် အားကစားသတင်းတွေကို တစ်ဝကြီးဖတ်ရှုခွင့်ရမယ့် ဝက်ဘ်ဆိုက်များနဲ့ အခြားသောဝက်ဘ်ဆိုက်တွေကို လေ့လာနိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။

http://www.higherperspective.com

အကြောလျှော့တယ်ဆိုတာ တော်တော်များများလုပ်တတ်ကြပါတယ်။ ဒါပေမဲ့ နည်းစနစ်မှန်ကိုလိုအပ်သလို ဘယ်လိုလုပ်ရင်ဖြင့်၊ ဘယ်အကြောကိုပြေစေတယ်ဆိုတာကို သိတဲ့သူတော့နည်းပါတယ်။ ဒါကြောင့် သေသေချာချာတတ်သိနားလည်ဖို့တော့ လိုမှာဖြစ်ပါတယ်။ အကြောတတ်တယ်ဆိုတဲ့နေရာမှာလည်း ဇတ်ကြောတို့၊ နောက်ကြောတို့က အဆိုးဆုံးခံစားရတဲ့နေရာတွေဖြစ်ပါတယ်။ ဇာတ်ကြောကတော့ တစ်ခြားသူလုပ်ဆောင်ပေးတာ ပိုအဆင်ပြေမယ်ထင်ပါတယ်။ ဒါကြောင့် နောက်ကြောတတ်ခြင်းအတွက် နည်းလမ်းကောင်းလေးတွေကို ဖော်ပြပေးထားတဲ့ www.higherperspectives.com ရဲ့ 7 stretches ဆိုတဲ့ကဏ္ဍလေးကို မိတ်ဆက်ပေးလိုက်ရတာဖြစ်ပါတယ်။ သူ့မှာတော့ ၅ မိနစ်အတွင်း နောက်ကြောတက်ခြင်းကို ဖြေလျှော့ပေးနိုင်စေမယ့် အကြောင်းအရာ ၅ ခုကို ဖော်ပြပေးထားမှာဖြစ်ပါတယ်။

http://www.womansday.com

လူတော်တော်များများက စိတ်ဖိစီးမှုနဲ့ မကင်းကြပါဘူး။ ကျွန်တော်တို့လို ကိုယ်ပိုင်စီးပွားရေးမလုပ်နိုင်လို့ လခစားလုပ်ပြီဆိုရင်တော့ ပိုဆိုးပြီပေါ့နော်။ လခစားဖြစ်လာပြီဆိုရင်တော့ ကိုယ့်အထက်လူကြီးကို လူတိုင်းကြောက်ရမှာအမှန်ပါပဲ။ ဒါကြောင့် လူကြီးနဲ့သူဌေးကိုမြင်ပြီဆိုရင် အလိုလိုရှိန်ပြီး ငါဘာများမားနေလဲဆိုတာကိုသာ ကြိုတွေးလို့ ဘာမှမရှိင်း။ မပြောရသေးရင်တောင် အလိုလိုစိတ်ဖိစီးလာမှာဖြစ်ပါတယ်။ ဒီလိုသာဖြစ်ချေပြီဆိုရင်တော့ စိတ်ဖိစီးမှုတွေကို ဖြေဖျောက်နိုင်ဖို့လိုအပ်လာပြီပဲဖြစ်ပါတယ်။ ဒီအခါမှာလည်း နည်းတွေအများကြီးရှိတဲ့အထဲက အားလုံးနဲ့အဆင်ပြေနိုင်မှာက ခပ်ရှားရှားမို့ womans-day.com ရဲ့ ကျန်းမာရေးကဏ္ဍထဲက စိတ်ဖိစီးမှုကိုဖြေရှင်းပေးနိုင်မယ့် 7 food that boost every type of bad mood ကို တင်ဆက်ပေးလိုက်ရတာဖြစ်ပါတယ်။ သူကတော့ အစားအစာနဲ့ ဘယ်လိုဖြေရှင်းမယ်ဆိုတာ ပြသပေးမှာဖြစ်ပါတယ်။

http://www.simplecapacity

လူတိုင်းလိုလိုမှာ လျှို့ဝှက်ချက်ဆိုတာ ရှိကြပါတယ်။ အမျိုးသားမှာလည်း အမျိုးသားလျှို့ဝှက်ချက်နဲ့ အမျိုးသမီးတွေမှာလည်း အမျိုးသမီးတို့ရဲ့လျှို့ဝှက်ချက်ဆိုပြီး ရှိကြမှာပါ။ ဒီလိုမျိုးလျှို့ဝှက်ချက်တွေထဲမှာ အချို့အရာတွေက ကိုယ်တိုင်ကွယ်ဝှက်ထားတဲ့အရာတွေဖြစ်ပြီး အချို့တွေကတော့ အမျိုးသားတွေအတွက်သီးသန့် (သို့မဟုတ်) အမျိုးသမီးတွေအတွက်သီးသန့်ဆိုပြီး အရင်ကတည်းကရှိခဲ့ကြတာပါ။ ဒီထဲကမှ အမျိုးသားတွေအတွက်ရည်ရွယ်ပြီး တင်ဆက်ပေးချင်ပါတယ်။ ကျွန်တော်မိတ်ဆက်ပေးချင်တာက www.simplecapacity.com ရဲ့ 25 man secrets men aware knowing will save lot trouble ဆိုတဲ့ကဏ္ဍလေးပဲဖြစ်ပါတယ်။ သူ့မှာတော့ အမျိုးသားတွေ သိထားသင့်တဲ့ လျှို့ဝှက်ချက် ၂၅ ခုကိုဖော်ပြပေးထားပြီး ဒါတွေကိုသိထားရင်ဖြင့် ဘယ်လိုမျိုးပြဿနာတွေကို ရှောင်လွှဲနိုင်မလဲဆိုတာ ပေါ်လွင်သိသာစေမှာဖြစ်ပါတယ်။

http://www.buzzfeed.com

DIY ဆိုတာက Do It Yourself ဆိုတာ တော်တော်များများ သိကြမယ်ထင်ပါတယ်။ ဒါက ကျွန်တော်တို့ရဲ့လက်တွေ့ဘဝထဲမှာ တော်တော်များများအသုံးဝင်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်အားကိုယ်ကိုးပြီး ပျော်ရွှင်ဖွယ်ရာလေးတွေကို လုပ်ဆောင်လာနိုင်လို့ပဲဖြစ်ပါတယ်။ မဟုတ်ရင်တော့ သူများဖန်တီးထားတာကို ဝယ်ရမယ်၊ လွယ်တယ်ဆိုပေမယ့်လည်း ကုန်သွားရင် ရနိုင်ဖို့မရှိတော့သလို ဘယ်အရာမဆို ကိုယ်ကိုတိုင်ဖန်တီးထားတာလောက်တော့ ကောင်းဖို့မရှိပါဘူး။ ဒါကြောင့် ကိုယ်တိုင်ဖန်တီးရတဲ့အရသာကို ခံစားနိုင်စေဖို့ www.buzzfeed.com ရဲ့ mallorymcinnis ထဲက joyful-joyful ဆိုတဲ့ ကဏ္ဍလေးကို မိတ်ဆက်ပေးလိုက်ရတာဖြစ်ပါတယ်။ သူ့မှာတော့ သင့်ကိုပျော်ရွှင်စေမယ့် DIY prjects စုစုပေါင်း ၂၅ မျိုးအထိကို တစ်စုတစ်စည်းတည်း ဖော်ပြပေးထားတာကြောင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေမှာပါ။

http://thebeautygypsy.com

ဝက်ခြံဆိုတာ အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးတွေအတွက်ပဲဖြစ်ဖြစ် စိတ်ရှုပ်စရာတစ်ခုဆိုတာ အသေအချာပါ။ ဒါကြောင့် ဝက်ခြံကိုပျောက်ကင်းအောင် ဘယ်လိုကုသနိုင်မလဲဆိုတဲ့ အလှကုန်ပစ္စည်းတွေနဲ့ ဆေးဝါးတွေကို အားထားလာရတာဖြစ်ပါတယ်။ ဒါပေမဲ့ ဝက်ခြံဆိုတာကို ပျောက်ကင်းအောင်ဆိုတာထက် ဘယ်လိုကာကွယ်ရမလဲဆိုတာကသာ အဆင်ပြေစေမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပါ၊ ဝက်ခြံကနေ သိလာရမယ့် ကောင်းကျိုးတွေလည်းရှိပါတယ်။ နားလည်အောင်ပြောရရင်တော့ မျက်နှာပေါ်ကဝက်ခြံတွေကိုကြည့်လို့ ကိုယ့်ရဲ့ကျန်းမာရေးအခြေအနေကို သုံးသပ်နိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် thebeautygypsy.com ရဲ့ what is your acne telling you ဆိုတဲ့ကဏ္ဍလေးကို မိတ်ဆက်ပေးလိုက်ရတာဖြစ်ပါတယ်။ သူ့မှာတော့ ဝက်ခြံဘယ်မှာပေါက်ရင် ဘာအားနည်းနေတယ်ဆိုတာကို ပုံနဲ့တကွ ဖော်ပြပေးထားမှာဖြစ်ပါတယ်။

KENICON

Special Promotion

Free Gifts

159,000	209,000	255,000	229,000	289,000	319,000	255,000	295,000	275,000
hp 2530P	hp 2540P	hp 2540P	hp 6930P	hp 8440P	hp 8440P	DELL E6410	DELL E6410	Macbook
Core 2 Duo 1.86GHz	**Core i5** 2.53 GHz	**Core i7** 2.13 GHz	**Core 2 Duo** 2.4 GHz	**Core i5** 2.4 GHz	**Core i5** 2.4 GHz	**Core i5** 2.4 GHz	**Core i7** 2.53 GHz	**Core 2 Duo** 2.0 GHz
Mem:**4**G/ HDD:**120**G	Mem:**4**G/ **500**GB	Mem:**4**G/ **120**G **SSD**	Mem:**4**G/ HDD:**500**G	Mem:**4**G/ HDD:**500**G	Mem:**4**G/ HDD:**500**G	Mem:**4**G/ HDD:**500**G	Mem:**4**G/ HDD:**500**G	Mem:**4**G/ HDD:**500**G
Intel GMA4500 / LCD: 12'	Intel HD / LCD: 12'	Intel HD / LCD: 12'	Intel GMA4500 / LCD: 14'	Intel HD i5 1562MB	nVidia NVS 3100M 512MB	Intel HD i5 1562MB	Intel HD i7 1562MB	DVD-RW/ / 13.3' LED
DVD-RW / (500G Optional)	SD / (500G Optional)	DVD-RW / (500G Optional)	DVD-RW/ New Battery	LCD: 14' / Webcam/ RW	LCD: 14' / Webcam/ RW	LCD: 14' / DVD-RW	LCD: 14' / DVD-RW	Mac OSX + Windows 7

www.kenicon.net
kenicon@me.com
ရန်ကုန်မြို့ : No.219, ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
Sales: 01-398452, 09-2633-19699, 09-2633-19799. Service: 09-2633-19700, 09-2633-19800.

သင်၏ Extra Power အနေဖြင့်
ကျွန်ုပ်တို့ကို ယုံကြည်လိုက်ပါ!

POWER PLUS

Your Extra Power!

* **Over Charging** နှင့် **Over load** ဖြစ်ခြင်းမှကာကွယ်ပေးခြင်း။
* **Fault** များလွယ်ကူစွာ သိရှိနိုင်ရန် အချက်ပြမီးများ ပါဝင်ခြင်း။
* မီးပျက်သွားသည့်အချိန်တွင် ချက်ချင်း ပြန်လည်လုပ်ဆောင်ခြင်း။
* **650VA UPS** နောက်ဘက်တွင် **Universal Port** (၂)ခုပါရှိပြီး၊
  1200VA UPS နောက်ဘက်တွင် **Universal Port**(၄)ခုပါရှိပါသည်။
* **UPS** အတွင်းသို့အားအပြည့်သွင်းရန်အချိန်(၆)နာရီလိုအပ်ပါသည်။

အောက်ပါဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

ACME - 057 26042 (မော်လမြိုင်), Chan Myae - 380622 (ကျောက်တံတား), Citicom - 373175 (ဘားလမ်း), Club IT - 536975 (စမ်းချောင်း), Essential - 378024 (ကျောက်တံတား),
ICE - 2315353 (လမ်းမတော်), ICT - 09 5343166 (မကွေး), Ko Kyaw Win - 01 644782 (ဘုရင့်နောင်), Lin Thuzar - 377373 (ကျောက်တံတား), Laser - 067 22917 (နေပြည်တော်),
NG Link - 09 400401948 (မုံရွာ), NSM - 09 260363655 (မြဝတီ), Radiance - 398540 (ဗိုလ်တထောင်), Technoland (36th St) - 09 73024328 (ကျောက်တံတား),
Pyin Nyar Eain - 09 47207331(ပခုက္ကူ), T-Com - 054 23341(တောင်ငူ), Tycoonland - 09 73076324 (ဆင်ရေတွင်း), Tycoonlord - 09 253725750 (မြောက်ဥက္ကလာ),

(နယ်ကိုယ်စားလှယ် ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။)

Distributed By:
MICRO COMPUTER CO., LTD.
No.143, 46th Street (Upper Block), Botahtaung Tsp., Yangon. Ph : 01 294503, 202453, 398866, 398867
E-Mail : sales@micromyanmar.com Website : www.micromyanmar.com

(၃)နှစ်အာမခံ
(၁)နှစ်ဘက်ထရီ ၊(၂)နှစ်ပစ္စည်း၊ (၃)နှစ်လက်ခ

PRODUCTS REVIEW

Acer Aspire E5-5516 (A8)

Shwe Lamin Nagar Co., Ltd.
Ph : 2301797

Acer Brand မှ လူကြိုက်များသော Series တစ်ခုဖြစ်တဲ့ E-Series များထဲမှ AMD Processor ဖြင့် ထုတ်လုပ်လိုက်သော E5-551G (A8) ကို မိတ်ဆက်ပေးချင်ပါတယ်။ Processor အမျိုးအစားက AMD Quard Core A8-7100 ဖြစ်ပြီး CPU Speed 1.8GHz rS Turbo က 3.0 GHz ထိကို မြှင့်တင်ပေးနိုင်ပါတယ်။ Graphic ကိုလည်း AMD Radeon R7 M265 2GB ကိုတပ်ဆင်ပေးထားတဲ့အတွက် AMD Graphic ၏လုပ်ဆောင်ချက်တွေက သုံးစွဲသူတွေကို ကျေနပ်စေမှာပါ။ Memory 4GB ကို တပ်ဆင်ပေးထားပြီး Data Storage အတွက်ကတော့ 500GB ကို တပ်ဆင်ပေးထားပါတယ်။ DVD Drive ပါဝင်တဲ့အတွက် ခွေကြည့်ရင်ပဲဖြစ်ဖြစ်၊ Data တွေကူးရင်ပဲဖြစ်ဖြစ် အဆင်ပြေစေမှာဖြစ်ပါတယ်။ မျက်နှာပြင်ကို ၁၅ . ၆ လက်မ အသွင်ပြုလုပ်ထားပြီး Acer Cinecrystal က ရုပ်ထွက်ကို ကြည်လင်ပြတ်သားစွာ ပုံဖော်နိုင်မှာဖြစ်ပါတယ်။ Acer Crystal Eye HD Web Camera ကလည်း Chatting သုံးတဲ့သူတွေအတွက် ကောင်းမွန်သောပုံရိပ်ကို မြင်တွေ့နိုင်ပါတယ်။ Acer Nplify 802.11b/g/n Wireless ကလည်း လျင်မြန်သောလူမှုကွန်ရက်ကိုချိတ်ဆက်ပေးနိုင်ပါတယ်။ USB 3.0, VGA, GBLAN, HDMI, Cardreader တို့ကလည်း External Port အနေဖြင့်ပါဝင်ပါသေးတယ်။ Battery ကိုတော့ 6-cell တပ်ဆင် ပေးထားပါတယ်။ Acer Aspire E5-551G (A8) ကိုဝယ်ယူချင်တယ်ဆိုရင်တော့ Warranty ၂ နှစ်ဖြင့် ရွှေလမင်းနဂါးကုမ္ပဏီနှင့် ကွန်ပျူတာအရောင်းဆိုင်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

2 Way Solar Power Bank

Harrier Mobile
Ph : 09-979987611

Solar နှင့်ရော Power ဖြင့်ပါ အားသွင်း၍ အသုံးပြုနိုင်သော 2 Way Power bank လေးပဲဖြစ်ပါတယ်။ Solar ဟုဆိုရာတွင် အလင်းရောင်တစ်ခုခုရရုံဖြင့် Auto Charging သွင်းပေးပြီး Charging အား အနည်းအများကို စီးလုံး ၄ လုံးဖြင့် ဖော်ပြပေးပါတယ်။ 20000 mAh ခန့် Ampier ရှိပြီး mobile phone များအား ချာချင်ပြည့်ချိန်တွင် ၄ ကြိမ်ခန့် အားပြန်သွင်းပေးနိုင်ပါတယ်။ 1A နှင့် 2A USB output နှစ်ခုပါဝင်ပြီး တစ်ပြိုင်နက်တည်း phone နှစ်လုံးအား ချာချင်ပြန်သွင်းပေးနိုင်ပါတယ်။ ထို့ပြင် LED Lamp တစ်ခုပါပါဝင်ပြီး မှောင်နေချိန်တွင် မီးအိမ်အဖြစ် ၁၀ နာရီခန့်အထွန်းခံပါတယ်။ တောတောင်ထဲခရီးသွားသူများရော မြို့တွင်းနေထိုင်သူများပါအတွက်ပါ လျှပ်စစ်မီးပြတ်တောက်ချိန်၊ အရေးပေါ်အခြေအနေများတွင် အထူးအသုံးဝင်ပါတယ်။ Color ၄ ရောင်ခန့်ရရှိနိုင်ပါတယ်။

JBL Bluetooth Speaker Pluse 2

Wai Yan Electronics
Ph : 400771, 400776 လိုင်းခွဲနံပါတ် (239/247)

ရေစိုခံတဲ့ Bluetooth Speaker အမျိုးအစားတွေထဲက လူကြိုက်အများဆုံး Speaker ဖြစ်ပါတယ်။ သူ့မှာလူတွေစိတ်ဝင်စားစေမယ့် Function မြောက်များစွာပါဝင်ပါတယ်။ JBL Bluetooth Speaker အချင်းချင်း တစ်လုံးနှင့်တစ်လုံး wireless စနစ်ဖြင့်ချိတ်ဆက်ပြီး သံစဉ်များကို ခံစားနိုင်ခြင်း၊ သက်တန့်ရောင်စဉ် ၇ မျိုးကို color capturing ပြုလုပ်ပြီး အရောင်တစ်ခုချင်းကို သီချင်းသံစဉ်အလိုက် စိတ်ကြိုက်ဖန်တီးကစားနိုင်ခြင်း စသည့် function များပါဝင်ပါသည်။ Speaker 8W x 2 လုံးပါရှိပြီး Bluetooth version မှာ 4.1 ဖြစ်သည်။ Battery 6000 mAh ပါရှိပြီး Play time မှာ ၁၀ နာရီဖြစ်သည်။ တစ်လုံးနှင့်တစ်လုံးကို Audio ကြိုးဖြင့်လည်း ချိတ်ဆက်ပြီး နားထောင်၍ရသည်။ ဌေရောင်နှင့် အနက်ရောင်ဆိုပြီး အရောင် ၂ ရောင်ရှိသဖြင့် နှစ်သက်ရာအရောင်ကို ရွေးချယ်ဝယ်ယူနိုင်ပါသည်။ iPhone, iPad, iPod များနှင့် ချိတ်သုံး၍မရသည့်အပြင် မည်သည့် Android ဖုန်းအမျိုးအစားနှင့်မဆို လွယ်လင့်တကူချိတ်ဆက်အသုံးပြုနိုင်ပါသည်။ TMW Enterprise Limited မှ မြန်မာတစ်နိုင်ငံလုံးသို့ တရားဝင်ဖြန့်ချိလျက်ရှိပြီး စိတ်ပါဝင်စားသူများအနေဖြင့် Wai Yan Electronics ဆိုင်များနှင့် Banana ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ဖုန်း 400771 မှ 400776 အထိ လိုင်းခွဲနံပါတ် (239/247) တို့ကိုဆက်သွယ်နိုင်ကြောင်း သိရှိရပါသည်။ တစ်နှစ်အာမခံဖြင့် ရောင်းချပေးနေပါသည်။

Lost CRAFT Real Bamboo Wireless Speaker

Marcus
Ph : 09-450532338, 09-779696364, 01-200476

Lots CRAFT Speaker လေးကတော့ တကယ့်ဝါးစစ်စစ်ကို အသုံးပြုထားတာဖြစ်ပါတယ်။ နောက်ပြီး သူ့ရဲ့ထူးခြားချက်ကတော့ ဝါး Frame ပေါ်မှာ touch ကို အသုံးပြု၍ရအောင် ဆောင်ရွက်ပေးထားပါတယ်။ Bluetooh အပြင် NFC နှင့်ပါ ချိန်ဆက်အသုံးပြုနိုင်မှာလည်း ဖြစ်ပါတယ်။ Android, IOS ဖုန်းများ၊ Tablet၊ Computer များနှင့် ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပြီး အသံပိုင်းဆိုင်ရာမှာတော့ အလွန်ကြည်လင်ပြတ်သားသောအသံကို ပိုင်ဆိုင်ထားတဲ့ speaker လေးပဲဖြစ်ပါတယ်။ အခြားလုပ်ဆောင်ချက်အနေနဲ့တော့ FM radio၊ Alarm Clock တို့ကိုလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ တကယ်ကိုပင်အလွန်လှပပြီး သဘာဝဝါးစစ်စစ်နှင့် ပြုလုပ်ထားတာကြောင့် အိမ်ရှေ့ဧည့်ခန်းမှာပဲထားထား ကိုယ့်အိပ်ခန်းမှာပဲထားထား အလွန်ပင်တင့်တယ်သော Bluetooth speaker လေးတစ်လုံးပဲဖြစ်ပါတယ်။

Home & Office use 16 CHANNEL Walkietalki

Harrier Mobile
Ph : 09-979987611

BF-6663 Model အိမ်သုံး/ရုံးသုံး/ဆောက်လုပ်ရေးသုံး အငယ်စား Walkie talki လေးပဲဖြစ်ပါတယ်။ 400-450 mHz အတွင်း ၂ လုံးမှ အလုံးများများချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ Channel ၁၆ ခုပါဝင်ပြီး Channel တူခြင်းထား၍ အလုံးများများ တစ်ခုတည်းပြောဆိုနိုင်ပါတယ်။ အကွာအဝေး မြို့တွင်း Meter 2500 m (မိုင်ဝက်) ခန့်အထိ ပြောဆိုနိုင်ပြီး မြို့ပြင်ကျေးလက်တောရွာတွင် ၁ မိုင်ကျော်အထိပြောဆိုနိုင်ပါတယ်။ Antenna ပါဝင်ပြီး နံရံဖောက်ထွင်းအားကောင်းမွန်သဖြင့် နံရံထူသောအဆောက်အဦးအပေါ် အောက် intercom အဖြစ်ထား၍ပြောဆိုနိုင်ပါတယ်။ Lithium Battery နှင့် Charger ခွက်ပါဝင်သဖြင့် တစ်ညလုံးချာချင်သွင်းထားလျှင် တစ်နေကုန်တောက်လျှောက်ပြောဆိုနိုင်ပါတယ်။ LED ဓာတ်မီး၊ Alarm မီးများပါဝင်သဖြင့် အရေးပေါ်အခြေအနေနှင့် ညဘက်များတွင် မီးဖြင့် အချက်ပြနိုင်ပါတယ်။

LTS 400 Duo Bluetooth Speaker

Marcus
Ph : 09-450532338, 09-779696364, 01-200476

ပစ္စည်းအရွယ်အစားသေးငယ်ပေမယ့်မထင်မှတ်ရလောက်အောင် အသံထွက်အားကောင်းစေတဲ့ LTS 400 Duo Bluetooth Speaker လေးပဲဖြစ်ပါတယ်။ Android and iOS နှစ်ခုစလုံးဖြင့် Bluetooth ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Bluetooth (4.0) ရှိသောကြောင့် အထူးမြန်ဆန်စေသော speaker လေးပဲဖြစ်ပါတယ်။

Beats Solo Bluetooth Headphone

Harrier Mobile
Ph : 09-979987611

နာမည်ကြီး Beat by dr.dre မှထုတ်လုပ်ထားသော Quality ဖြင့် Solo Bluetooth headphone ပဲဖြစ်ပါတယ်။ Mobile phone, tablet, Computer Laptop များဖြင့် Bluetooth ချိတ်ဆက်၍ အသံထွက်ကောင်းမွန်စွာ သီချင်းနားထောင်ခြင်း Phone hand free ပြောခြင်းတို့ကို ပြုလုပ်နိုင်တဲ့ head phone ပဲဖြစ်ပါတယ်။ head phone size ကြီးဖြစ်ပြီး Bluetooth အပြင် ကြိုးဖြင့်ပါ ချိတ်ဆက်၍အသုံးပြုနိုင်သော version ပဲဖြစ်ပါတယ်။ FM နှင့် Micro SD support ပြုလုပ်ပြီး လူငယ်များအကြိုက် စတိုင်ကျကျလှပသောဒီဇိုင်းပဲဖြစ်ပါတယ်။ အဖြူ၊ အနီ၊ အနက် ၃ ရောင်ရရှိနိုင်ပါသည်။

8X Mobile Telescope Lens

Harrier Mobile
Ph : 09-979987611

မိုဘိုင်း Phone ဖြင့်ချိတ်ဆက်၍အသုံးပြုနိုင်တဲ့ အဝေးရှိအရာဝတ္ထုနှင့် ရှုခင်းများကိုလှမ်းဆွဲပြီး ၈ ဆ ပုံကြီးချဲ့ဓာတ်ပုံရိုက်ကူးနိုင်သော 8 X mobile telescope မှန်ဘီလူးပဲဖြစ်ပါတယ်။ Universal type ဖြစ်သဖြင့် မည်သည့် handset အမျိုးအစားမဆို Adjust လုပ်၍တပ်ဆင်နိုင်ပြီး ပုံရိပ်အား focus အတိုးအလျော့ပြုလုပ်နိုင်ပါတယ်။ ထိုပြင် tripod ဒေါက်ပါပါဝင်သည့်အတွက် ဓာတ်ပုံအား လက်ဖြင့်ရိုက်ကူးစဉ် ပုံထွက်ဝါးခြင်းများကိုရှောင်ရှားနိုင်ပြီး tripod တွင်တင်ကာ အသာအယာရိုက်ကူးနိုင်မည်ပဲဖြစ်ပါတယ်။

MYANMAR ZAW HTOO

MYANMAR ZAW HTOO WATER TREATMENT

EXCELLENT PROFESSIONAL IN ALL TYPES OF WATER TREATMENT SYSTEMS

MADE IN USA
MADE IN ITALY
MADE IN POLAND
MADE IN JAPAN
MADE IN TAIWAN
MADE IN THAILAND

WE INSTALLED ALL MACHINES FROM THE ABOVE COUNTRIES IN THIS PROJECT.

WE DIDN'T USE ANY CHINA PRODUCTS

One Of Our Genuine Image !!!

Show Room - 1 & Service Center: NO 325, GROUND FLOOR, BO SUN PAT STREET (OLD MG HTAW LAY STREET), UPPER BLOCK, PABEDAN TSP, YANGON. PH - 01 383842, 01 383876, 01 377920. (FAX) 01 243680

Show Room - 2: NO 353, GROUND FLOOR, SHINE CONDO, THEIN PHYU ROAD, MINGALAR TAUNG NYUNT TSP, YANGON. PH - 01 377425, 01 377426, 01 377427, 0925 4476 516, 0925 4476 517.

SUNDAY OFF

(Mobile) 094 2018 2377, 097 333 8786 & 094 2018 2388, 097 334 8786 www.myanmarzawhtoowatertreatment.com

facebook စာမျက်နှာများ

ဒီနေ့ခေတ် အွန်လိုင်းသုံးစွဲသူတွေကို အကြီးအကျယ် ဆွဲဆောင်ထားနေတဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက် Facebook ဟာ သတင်းများ အချိန်နဲ့ တစ်ပြေးညီ သိရှိနိုင်ခြင်း၊ သူငယ်ချင်းများနဲ့ အလွယ်တကူ ဆက်သွယ်နိုင်ခြင်း၊ ဓာတ်ပုံ၊ ဗီဒီယို ကို မျှဝေနိုင်ခြင်း၊ ဂိမ်းကစားနိုင်ခြင်းနဲ့ အခြားနောက်ပိုင်းမှာ ခေတ်စားလာတဲ့ အွန်လိုင်းကျော့ပင်း ပြုလုပ်နိုင်ခြင်း စတဲ့အချက်တွေကြောင့် တွင်တွင်ကျယ်ကျယ် သုံးစွဲမှုတွေရှိနေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုစာမျက်နှာတွေကို ဘယ်လိုသွားရောက် လေ့လာရမလဲဆိုတာကို မသိရှိကြတဲ့သူများအတွက် Facebook မှာရှိနေတဲ့ စာမျက်နှာပေါင်းများစွာထဲကမှ အသုံးဝင်မယ့် ကောင်းနိုးရာရာ Facebook Page များကို စုစည်းပြီး NetGuide မဂ္ဂဇင်းကြီးအတွက် ရွေးချယ်တင်ဆက်ပေးလိုက်ပါတယ်။

Facebook Shopping

Small Astronomical Telescope F36050 with Tripod

Small Astronomical Telescope F36050 (နက္ခတ်တာရာကြည့်မှန်ပြောင်း) လေးနဲ့ အဝေးကမြင်ကွင်းတွေကို အသေးစိတ် ဆွဲယူကြည့်နိုင်ပါပြီ။ အခြေခံအဆင့် နက္ခတ်တာရာပညာရပ်ကို သင်ယူ လေ့လာနေတဲ့သူတွေ အတွက် အလွန်အထောက်အကူပြုတဲ့ အဆင့်မြင့်တစ်လုံးထိုး မှန်ပြောင်းပါ။ အလူမီနီယံကိုယ်ထည်ဖြစ်ပြီး ပေါ့ပါးတာကြောင့် အလွယ်တကူသယ်ဆောင်သွားလို့ ရပါတယ်။ အတည်တကျ အထိုင်ထားဖို့ ခိုင်ခံ့တဲ့ဒေါက်နဲ့ ၃၆၀ ဒီဂရီကို လှည့်လည်သုံးနိုင်တဲ့ Azimuth mount လည်း ပါရှိပါတယ်။ မိုးဒဏ်၊ ရေဒဏ်ကိုလည်း ခံနိုင်ရည်ရှိပြီး ဆားငန်ရည်နဲ့ နီးတဲ့ဒေသတွေမှာတောင် အသုံးပြုနိုင်ပါတယ်။ တန်ဖိုးက ၄၀,၀၀၀ ကျပ်ဖြစ်ပြီး www.facebook.com/Trade2OnlineShopping/ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Adjustable Portable Desktop USB Air Conditioning Mini Fan Air Cooler

Mini Air Cooler လေးဟာ ပူလောင်ခြင်းမှ ကင်းဝေးစေဖို့ အဲကွန်းတစ်ခုလို အေးပြမှုကို ပေးစွမ်းနိုင်တဲ့ လေအေးပေးစက် အသေးစား လေးဖြစ်ပါတယ်။ ရိုးရိုးရေထည့်ရင် လေအေးအေးလေးထွက်ပြီး ရေခဲတုံးလေး ရောထည့်လိုက်ရင် အေးစိမ့်နေတဲ့ လေတွေကို ခံစားရမှာပါ။ အောက်ခြေမှာ ရေနဲ့ရေခဲတုံးထည့်ဖို့ အကန့်လေးပါရှိပါတယ်။ လျှပ်စစ်နဲ့ရော ဓာတ်ခဲနဲ့ပါ အသုံးပြုနိုင်ပြီး အရွယ်အစား သေးငယ်ပေါ့ပါးတဲ့အတွက် သွားလေရာကို သယ်ဆောင်သွားနိုင်ပါတယ်။ တန်ဖိုးက ၁၂,၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် www.facebook.com/mydataonlinestore/ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Facebook Game

Village Life

နေထိုင်ရတာ စိတ်ချမ်းသာစရာကောင်းပြီး သာယာဝပြောတဲ့ ရွာလေးတစ်ရွာကို ကိုယ်တိုင်ဖန်တီးနိုင်မယ့် Village Life ဂိမ်းပဲ ဖြစ်ပါတယ်။ ဒီဂိမ်းထဲမှာ သင်ဟာ ရွာသူရွာသားတွေကို ကူညီပြီး အသီးအနှံ စိုက်ပျိုးရိတ်သိမ်းတာတွေ၊ ကိရိယာတန်ဆာပလာတွေ၊ အရှပ်တွေနဲ့ နေထိုင်ရာ အိမ်တွေကို တည်ဆောက်နိုင်ဖို့အတွက် လိုအပ်တဲ့ သယံဇာတအရင်းအမြစ်တွေကို လိုက်လံရှာဖွေ စုဆောင်းသွားရပါမယ်။ ရွာလေးမှာ လူဦးရေ တိုးတက်များပြားစည်ကားအောင် ရွာသူရွာသားတွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်ပြီး လက်ထပ်ကာ ကလေးတွေကို မွေးဖွားပေးဖို့လည်း လိုအပ်ပါတယ်။ ဒီဂိမ်းကို ဖေဘုတ်မှာ လူပေါင်း ၁၉ သန်းလောက်က ကစားနေကြပြီး ပျော်ရွှင်စရာ ကိုယ်ပိုင်ကမ္ဘာလေးကို ဖန်တီးခွင့်ရကြမှာ ဖြစ်ပါတယ်။

www.facebook.com/FOODMagazine/

အစားအသောက်တွေကို ကိုယ်တိုင်ချက်ပြုတ်စားသုံးချင်တဲ့သူတွေနဲ့ အစားအသောက်တွေကို ဘယ်လိုတွဲဖက် စားသောက်သင့်သလဲဆိုတာတွေကို သိရှိချင်တဲ့သူတွေအတွက် အစားအသောက်တွေအကြောင်းကိုပဲ အသေးစိတ် ရေးသားဖော်ပြပေးနေတဲ့ FOOD Magazine Myanmar က တရားဝင်ဖွင့်လှစ်ပေးထားတဲ့ ဖေဘုတ်စာမျက်နှာလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ အစားအသောက်ဟာ လူခန္ဓာကိုယ်ကျန်းမာရေးအတွက် အလွန်အရေးပါတာကြောင့် သန့်သန့်ရှင်းရှင်းနဲ့ အာဟာရကို သင့်တင့်မျှတအောင်စားပေးဖို့ လိုအပ်ပြီး အစာလည်းဆေး၊ ဆေးလည်းအစာဆိုတဲ့ စကားအတိုင်း အစားအသောက်ကို မှန်မှန်ကန်ကန်စားသုံးရင် ကျန်းမာရေးကို အထောက်အကူပြုနိုင်ပါတယ်။ အစားအသောက်ကောင်းတွေကို ဘယ်လိုချက်ပြုတ် ပြင်ဆင်ရတယ်ဆိုတာကို ဒီစာမျက်နှာလေးမှာ အမြဲဖော်ပြပေးထားပါတယ်။

www.facebook.com/car.risker/

ဒီဖေဘုတ်စာမျက်နှာက ကားတွေကို ပိုမိုလှပဆန်းသစ်သွားအောင် အပိုပစ္စည်းတွေ ထည့်သွင်းပြင်ဆင်နိုင်ဖို့အတွက် YGN Car Modifying Parts & Home Service က ဖွင့်လှစ်ပေးထားတာဖြစ်ပါတယ်။ ကားတွေကို အဆန်းသစ်ဆုံး နည်းလမ်းကောင်းတွေနဲ့ အလန်းဆုံးဖြစ်သွားအောင် ပြင်ဆင်ပေးနိုင်ပြီး အိမ်တိုင်ရာရောက်လည်း လိုက်လံဝန်ဆောင်မှုပေးနေပါတယ်။ ဒါ့အပြင် မိမိကိုယ်တိုင် စိတ်ကြိုက်ပြင်ဆင်ချင်တဲ့သူတွေအတွက်လည်း ကားပြုပြင်မွမ်းမံရေးဆိုင်ရာပစ္စည်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးပါတယ်။ ဝယ်ယူနိုင်တဲ့ပစ္စည်းတွေနဲ့ဈေးနှုန်းတွေကို ပူးတွဲတင်ပြပေးထားပြီး ဆက်သွယ်ရမယ့်ဖုန်းနံပါတ်ကိုပါ ရေးသားပေးထားပါတယ်။ ကားတွေကို အလှပအဆန်းသစ်ဆုံးပြင်ဆင်ထားတဲ့ဓာတ်ပုံတွေကို ဖော်ပြပေးထားတာကြောင့် ကိုယ်တိုင်ပြင်ဆင်ချင်တဲ့သူတွေအနေနဲ့ ဝင်ရောက်လေ့လာနိုင်ပါတယ်။

www.facebook.com/top10intrestingfacts/

Intresting Facts ဆိုတဲ့ စာမျက်နှာလေးကတော့ လူတွေမသိသေးတဲ့ အမှန်တရားတွေ၊ စိတ်ဝင်စားစရာ၊ အံ့သြစရာကောင်းတဲ့ ကမ္ဘာကြီးမှာတည်ရှိနေတဲ့ အရာဝတ္ထုတွေအကြောင်းကို အသိပညာပေးထားတဲ့ ဖေဘုတ်စာမျက်နှာကောင်းလေးဖြစ်တဲ့အတွက် မဖြစ်မနေ like လုပ်ထားသင့်ပါတယ်။ သာမန်လူတွေ မသိရှိနိုင်တဲ့ စိတ်ဝင်စားစရာသိပ္ပံပညာရပ်တွေအကြောင်း၊ ကမ္ဘာမြေကြီးရဲ့ ဖြစ်ပေါ်တည်ရှိမှုအခြေအနေတွေ၊ အရာဝတ္ထုပစ္စည်းတွေရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ လူတော်တော်များများ မသိရှိသေးတဲ့အချက်တွေကိုလည်း လေ့လာဖတ်ရှုနိုင်ဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် တီရစ္ဆာန်တွေရဲ့ ထူးခြားတဲ့အကြောင်းအရာလေးတွေကိုလည်း စိတ်ဝင်စားအောင် ရေးသားပေးထားတာကြောင့် ဗဟုသုတရစရာတွေနဲ့ ပြည့်နှက်နေတဲ့ ဖေဘုတ်စာမျက်နှာကောင်းလေးပဲ ဖြစ်ပါတယ်။

www.facebook.com/mayoneyinponepyinmat/

ဒီတစ်ခါမှာ မယုံရင်ပုံပြင်မှတ်ဆိုတဲ့ သတင်းတွေကို ပြန်လည်မှုဝေပေးတဲ့ ဖေဘုတ်စာမျက်နှာလေးကို ဖော်ပြပေးချင်ပါတယ်။ ဒီစာမျက်နှာမှာ နိုင်ငံတကာမှ ထူးထူးဆန်းဆန်းဖြစ်ပွားခဲ့တဲ့ အကြောင်းအရာလေးတွေ၊ စိတ်ဝင်စားစရာကောင်းတဲ့သတင်းတွေ၊ လတ်တလောရေပန်းစားနေတဲ့ဖြစ်ရပ်တွေ၊ နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနဲ့ ကျန်းမာရေးသတင်းတွေကို ဦးစားပေးတင်ပြပေးနေတာကို တွေ့ရပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်လေးတွေကို ဗဟုသုတရစေရန် တင်ပြပေးတဲ့အပြင် စိတ်အပန်းပြေစေဖို့ ရယ်စရာဟာသလေးတွေကိုလည်း ဖော်ပြပေးတတ်ပါတယ်။ တစ်ခါတလေ စိတ်ဝင်စားစရာကောင်းတဲ့ ဗီဒီယိုဖိုင်တွေကိုလည်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ဖေဘုတ်အသုံးပြုရင်း သတင်းတွေနဲ့ မျက်ခြေမပြတ်သွားစေဖို့ like လုပ်ထားသင့်ပါတယ်။

www.facebook.com/lessonslearnedinlife/

အခုနောက်ဆုံးဖော်ပြပေးချင်တဲ့ ဖေဘုတ်စာမျက်နှာကတော့ Lessons Learned In Life ဆိုတဲ့ ဖေဘုတ်စာမျက်နှာလေးပဲ ဖြစ်ပါတယ်။ ပေးထားတဲ့နာမည်နဲ့ လိုက်ဖက်ညီတဲ့စာတွေ၊ ဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တွေကို အမြဲမပြတ် တင်ပေးနေပါတယ်။ ဘဝခရီးပြီး ကြုံတွေ့ခဲ့ရတဲ့အကြောင်းအရာတွေကို တခြားသူတွေ သိရှိနိုင်အောင် ဗဟုသုတအဖြစ် ပြန်လည်မျှဝေပေးနိုင်ဖို့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဖော်ပြပေးထားပါတယ်။ ဘဝမှာ အကောင်းဆုံး ရပ်တည်နိုင်ဖို့အတွက် ဘာတွေကိုဆောင်ပြီး ဘယ်လိုအရာတွေကို ရှောင်ရှားရမယ်ဆိုတာတွေကို ပြောပြပေးထားပါတယ်။ ဒါ့အပြင် ကြုံတွေ့လာနိုင်တဲ့ပြဿနာအခက်အခဲတွေကိုဖော်ပြထားပြီး ဘယ်လိုအခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ရမယ်ဆိုတဲ့ နည်းလမ်းတွေကိုလည်း ရေးသားပေးထားတာကို တွေ့ရပါသေးတယ်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဒိုင်မာသောအနာဂတ်ဘဝကို IT ပညာရှင်အဖြစ်တည်ဆောက်လိုသူများအတွက်

Info Myanmar College
www.infomyanmarcollege.com

Edexcel UK နှင့် Info Myanmar College တို့ပူးပေါင်းဖွင့်လှစ်သော

(BTEC) HND Diploma in Computing (UK)

edexcel
Approved Centre No.95921

Info Myanmar College ကိုတည်ထောင် ဖွင့်လှစ်သော မိခင်ကုမ္ပဏီ (IMCS Ltd) သည် ICT Field တွင် ဆယ်စုနှစ် တစ်ခုနီးပါး ဂုဏ်သတင်းကြီးမားစွာ အစဉ်အလာကြီးမားစွာဖြင့် နိုင်ငံတကာအသိအမှတ်ပြု (Cisco, Microsoft, EC-Council) IT Professional များကို မွေးထုတ်လျက်ရှိသော (Education Service Company) ဖြစ်သောကြောင့် ယုံကြည်စိတ်ချစွာ စုံစမ်းအပ်နှံနိုင်ပါသည်။

School Bus

Student 1 Laptop

Presentation

Ceremony

Library & Lobby

- ပြည်နယ် နှင့် တိုင်းဒေသကြီး များမှ IT နည်းပညာကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် အင်္ဂလန်နိုင်ငံ၏ အကြီးမားဆုံးပညာရေး အဖွဲ့အစည်းမှ တိုက်ရိုက်ချီးမြှင့်သော H.N.D (Diploma in Computing) အား (၁၈) လခန့်ကျဖြင့်သင်ယူရရှိနိုင်မည့် အခွင့်အလမ်းဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်း၊ အောင်မြင်ထားသူများတက်ရောက်နိုင်ပြီး စာသင်ကာလအတွင်း Real World IBM Server ကြီးများဖြင့်ချိတ်ဆက်၍ကျောင်းသားတစ်ဦးလျှင် Laptop (၁)လုံးစီဖြင့် UK အဆင့်မြင့်သင်ရိုးညွှန်းတမ်းအတိုင်းဘာသာရပ်(၁၆)ခုကိုသင်ကြားရမည်ဖြစ်သည်။
- Pearson (UK) မှချီးမြှင့်သည့် H.N.D (Diploma in Computing) ကိုရရှိပြီးပါကပြည်တွင်း၌ဖြစ်စေ၊ USA,UK, Australia, Singapore စသော နိုင်ငံတကာတက္ကသိုလ် ကြီးများသို့ သွားရောက်၍ ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ်သာတက်ရောက်၍ B.Sc (Hons;) Computing ဘွဲ့ကို ရရှိနိုင်ပါသည်။
- ထို့အပြင် နိုင်ငံတကာတက္ကသိုလ်ကြီးများသို့သွားရောက်ရာတွင် မရှိမဖြစ်သော လိုအပ်သောIELTS ကိုလည်းထပ်မံ ထဲ့သွင်းသင်ကြားရမည်ဖြစ်သည်။

register now **March Intake (Pre HND)** register now **March Intake (HND Year1)** www.facebook.com/infomyanmarcollege

IMCS LTD EDUCATION SERVICES ၅၀၇ ပြည်လမ်း လှည်းတန်း ကမာရွတ်။ | 09 450016040/ 01 512119/ 01 514944/ 01 536564

MYODAW IT ကိုမင်းဇော်

USED PHONE, LAPTOP

မျိုးစုံဈေးကောင်းပေး

ဝယ်သည်။

အမှတ် (၁၀၅)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားပြိုနယ်၊ ရန်ကုန်ပြို့။
(ရွှေပြို့တော်ချစ်တီးစားတော်ဆက်အနီး)
Ph : 09 2500 24547, 09 7844 24547, 09 73052481

ALIF Phone Shop

& Authorized Money Changer

(နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေး)

Uni Mile PR 600 (CDMA 450) 200,000 Ks
Uni Mile PR 650 (CDMA 450) 150,000 Ks

Hand Set မျိုးစုံကို အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။

SIM Card မျိုးစုံဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် (၁၇၀)၊ ရွှေဘုံသာလမ်း (အလယ်ဘလောက်)၊ မဟာပန္ထုလလမ်းထိပ်၊ ပန်းဘဲတန်းပြို့နယ်၊ ရန်ကုန်ပြို့။
Ph : 242643, 245107, 09-73003101 E-mail : alif.phoneshop@gmail.com

ဈေးလက်တွေ့အတတ်သင် လုပ်ငန်းခွင်မှ ကျွမ်းကျင်သော ဝါရင့်ဆရာများက စာတွေ့၊လက်တွေ့ အတတ်သင်ကြားပေးမည်။

EPi

Software - ၁ သိန်း
Hardware - ၁ သိန်း

ကြိုတင်အပ်နှံသူများ 10 % Dis

ဖုန်းပြုပြင်နည်းသင်တန်း

IPhone, hTC, SAMSUNG, Sony, Lenovo, Huawei, Coolpad, Xiaomi, OPPO, JavaPhone, Clone Phone, Tablet & Etc..

- ✔ ဖုန်းများတွင်ပါဝင်သော အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံကိုနားလည်ပြီး ကောင်း၊ မကောင်းစမ်းသပ်၍ အစားထိုးလဲလှယ်နည်း၊ Touch, LCD, Speaker လဲတတ်ရုံမျှမက Power IC မှ CPU IC အထိ စနစ်တကျ အောင်မြင်စွာလဲလှယ်နည်းများကို အခြေခံမှစ၍ သင်ကြားပေးသည်။ ပင်မ စက်ပြား (Circuit) ကို ပြုပြင်နိုင်ရန် သင်ကြားပေးမည်။
- ✔ Android OS, IOS နှင့် အခြား Mobile OS များအကြောင်းနားလည်ပြီး Firmware ရေးခြင်း၊Root & Jailbrake လုပ်ခြင်း၊မြန်မာစာထည့်ခြင်း၊ Network ပိုင်းပြုပြင်ခြင်း၊ ROM Backup & Restore၊ Insecure / Super Boot ပြုလုပ်ခြင်း စသော ကျွမ်းကျင်ဖုန်းပြင်သူတစ်ဦး သိသင့်သည်များကို အခြေခံမှစ၍ သင်ထောက်ကူ အပြည့်အစုံဖြင့် သင်ကြားပေးမည်။
- ✔ Box များသုံးပြီး EMMC Program ပြန်ရေးခြင်း စသော Box သုံးနည်းများကိုပါ သင်ကြားပေးခြင်းဖြင့် လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်စေမည်။ Data 2000 GB ပေးမည်။
- ✔ Android Application ရေးသားနည်းများနှင့် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းနည်းများကိုပါ **အခမဲ့** သင်ကြားပေးမည်။ ဆိုင်ဖွင့်လိုသူများကို အစစအရာရာ ကူညီပံ့ပိုးပေးမည်။
- ✔ အလုပ်လုပ်လိုလျှင် အလုပ်ရှာပေးမည်။ သင်တန်းချိန် ညှိနှိုင်းတက်ရောက်နိုင်သည်။
- ✔ နယ်သင်တန်းသားများအတွက် တည်းခိုရန် အဆောင် **အခမဲ့** စီစဉ်ပေးမည်။ အချိန်ပြည့် အမြန် ၁ လ တန်းခွဲရှိသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။
- ✔ သင်တန်းပြီးသွားပြီးနောက် ထပ်မံ တက်ရောက်လိုပါက နောက်တန်းခွဲများတွင် **အခမဲ့** တက်ရောက်နိုင်သည်။ မတတ်မချင်း အတတ်သင်ပေးမည်။

အမှတ် (၁၃၂)၊ ဒုတိယ(၀)၊ (၃၇)လမ်း (လယ်ဘလောက်)၊ထီရုံဘေး၊ အောင်ပြည့်ဖြိုးထမင်းဆိုင်နှင့် နဝ်ခမ်းစားသောက်ဆိုင်ကြားလေကား၊ ကျောက်တံတားပြို့နယ်၊ ရန်ကုန်။
: 09 25 4040 200, 09 300 47 422

HC HIGH CLASS
HC Computer Training Center

ပြည်တွင်း ပြည်ပတွင် Building Design, Bed Room Design, Living Room Design, Kitchen Design အစရှိသော Interior / Exterior Design များကို Quality ကောင်းမွန်စွာ အချောသတ် ပုံထုတ် နိုင်သော Design Engineer , Vistualizer များအဖြစ်လုပ်ကိုင်လို သူများ အတွက်

SketchUp Pro Course

3D Modeling /Using Commands and Tools
Export / Import Files / Using Materials & Camera
Using All Kinds of Lighting
Vray Render
Camera Animation / Using Plugins

ဆက်သွယ်ရန် Mobile : 01 - 378748 / 09 - 5184485 / 09 - 785184485
Address : No.178 , 38 Street (Middle Block) , Kyauktada Township

DATA WORLD အချိန် ၉၄ရက်သတ်မှတ်ပြင်းပဂို့ Random တက်ရောက်နိုင်သည်

Drafting မှတော်စီသော Building ဒီဇိုင်းများကို ရေးဆွဲ လိုသူများအတွက် အထူးအပြန်သီးသန့်

AutoCAD (Mechanical & Civil)
Mechanical နှင့် Civil Drawing များကို စနစ်တကျ ရေးဆွဲလိုသူများအတွက်
(2D ၊ Isometric ၊ 3D)

AutoCAD (Civil & Archi:)
Civil & Archi: Drawing များကိုသီးသန့် စနစ်တကျ ရေးဆွဲလိုသူများအတွက်
(2D ၊ Isometric ၊ 3D ၊ Rendering)

AutoCAD (M & E)
Fire Protection ၊ Air-con ၊ Plumbing Sanitary & Electrical Drawing များကို စနစ်တကျ ရေးဆွဲလိုသူများအတွက်

3ds Max (Modeling ၊ Rendering)
Buildings ၊ Rooms နှင့် Furnitures Design များ၊ Scan-Line ၊ Mental & V-Ray Render ပြုလုပ်ခြင်းများကို အထူးရေးဆွဲ လိုသူများအတွက်

Revit (Archi: ၊ MEP)
BMI စနစ်ဖြင့် Project တစ်ခုလုံးကို 2D မှ Render ထိရေးဆွဲခြင်းနှင့် Design & Construction Layout များကို ရေးဆွဲလိုသူများအတွက်

Google SketchUp
Modeling (Inter: ၊ Exter:) ၊ Material Lighting နှင့် V-Ray Render ၊ Animation ပြုလုပ်ခြင်းများကို စနစ်တကျ ရေးဆွဲလိုသူများအတွက်

Multi Media သင်တန်းများအတွက် ဧပြီဆို Promotion March 6 အထိ Up 20 to 30 % off

Graphic Design
Photoshop Illustrator Indesign တို့နှင့်ဒီဇိုင်း ရေးဆွဲခြင်းမှ Print / Layout ထုတ်နိုင်သည် အထိ တာဝန်ယူလေ့ကျင့် သင်ကြားပေးသည်။

Video Editing
Animation ၊ စာသား၊ထိုးအသံဖိုန်/ဓမ်း၊Bg ပြောင်း၊နှစ်ကိုယ်ခွဲတို့ကို ပြုလုပ်နိုင်သည်အထိ တာဝန်ယူလေ့ကျင့်သင်ကြားပေးသည်။

Web Design
HTML5 CSS3 Javascript JQuery PHP တို့နှင့် ကိုယ်ပိုင် website ရေးဆွဲနိုင်သည် အထိ တာဝန်ယူလေ့ကျင့်သင်ကြားပေးသည်။

A+ Hardware | Service+ Network | Computer Basic | Advance Excel | DTP

ကျောက်တံတား Center
အမှတ်(၁၇၀/၁၇၄) ၂ လွှာ
အနောက်ထားလမ်း ၊ ကျောက်တံတား။

လှည်းတန်း Center
အမှတ်(၂၉) ၂ လွှာ
ဇေယျာသီရိလမ်း ၊လှည်းတန်း။

09 730 53711 ၊ 09 330 94677 ၊ 09 254065507
www.mmdataworld.com တွင်မြန်မာလို ရေးသား
စော်ပြထားသည့် Ebook နှင့် Movie များရယူလေ့လာနိုင်ပါသည်။

MOBILE IT ကိုအေးမင်း

Good Second Hand Phone and Laptop များကို ရောင်း၊ ဝယ်၊ အလဲအထပ်လုပ်ပေးသည်။

* လူကြီးမင်းတို့၏ Used iPh 6s, 6s Plus, 6, 6 Plus, 5S, 5C, 4S, 4, iPad Air 2, 1, Mini 3, 2, 1, iPad 4, 3, 2, 1, Samsung S6, S6 Edge, Edge Plus, Note 5, A5, A3, S5, S4, S3, S2, Note 4, 3, 2, 1, TAB S, 4, 3, 2, 1, 5, Note 10.1, HTC M8, One Max, One, Butter Fly, 816, 700C, 600C, Sony Z3, Z2, Z1, Z, Ultra, and other Model အမြင့် Phone များကို အထူးဈေးကောင်းပေးဝယ်သည်။

* MAC PRO, Air, IMAC, DELL, ACER, LENOVO, HP, ASUS စသော Core i3, i5, i7 များကို အထူးဈေးကောင်း ပေးဝယ်သည်။

Brand New (1 Year Warranty)
(အခြားဆိုင်ဈေးထက် သက်သာပါမည်)

1. iPhone 6s 64GB(rose gold) - 920,000
2. iPhone 6 64GB (gold) - 740,000
3. iPad Pro 128GB 4G (gold) - 1,270,000
4. iPad Air 16GB 4G = 620,000 / 64GB 4G - 750,000
5. iPad Mini 3 16GB WiFi - 390,000
6. iPad Mini 4 16GB WiFi - 450,000
7. iPad Mini 4 64GB 4G - 730,000
8. Samsung Galaxy S6Edge - 690,000
9. Samsung Galaxy note5 duos(rose/gold) Singapore - 740,000
10. Samsung Galaxy Note5 duos(gold) Showroom - 770,000
11. New Macbook (gold) core m 8GB 256GB - 1,500,000

Brand New Phone များကို Used Handset များဖြင့် အလိုက်ပေး အလဲထပ်ပြုလုပ်ပေးသည်။

အမှတ် S/1 ၊ ဆူးလေစေတီအဝိုင်း(တောင်ဘက်မုခ်ဘေး)၊ ကျောက်တံတား။

To Buy - 09 5412384, 09-448003124 , To Sell - 0973052197, 0973052198

Profit Computer & Mobile Training Centre
သင်တန်းကို သင်တန်းလိုသင်တာထက် တကယ့်လုပ်ငန်းခွင်အတိုင်း သင်တာပါ

Practial A+ & Networking Course
Hardware & System Administration အကြောင်းတို့ကို Theory နှင့်Pratical များစွာဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပါသည်။ Desktop Computer များသာမက Laptop Computerများကိုလည်းကျွမ်းကျင်စွာ ပြုပြင်တပ်ဆင်နိုင်စေရန်အတွက် ACER နှင့် MSI တို့မှ Computer Technician များမှ Laptop များအကြောင်း ကူညီသင်ကြားပေးပါမည်။ Practial Networking အပိုင်းတွင်လည်း Wire/Wireless အကြောင်းအရာများကိုလည်း အခြေခံမှစ၍သင်ကြားပေးမည်ဖြစ်ပါသည်။
sat & Sun (9:00 t0 11:00) ,(3:00 t0 5:00)

Network Engineering Course
Network Administrator/Network Engineerအဖြစ်ရပ်တည် လုပ်ကိုင်နိုင်စေရန်အတွက် Network Fundamental မှစ၍ သင်ကြားပေးမှာ ဖြစ်ပြီး Wire/Wireless, Network+ တို့အပြင် Microsoft Windows Sever 2008/2012 တို့ကိုသင်ကြားပေးမည်ဖြစ်ပါသည်။
Sat & Sun (11:00 to 1:00),(1:00 to 3:00) ရုံရိုန်ပြင်ပ Mon To Wed (6:30Pm To 8:00 Pm)

Mobile Phone Software =150,000 ks
Mobile Phone Hardware =150,000 ks
Course နှစ်ခုလုံးတက်ရောက်သူများအတွက်
Pratical A+ Course Free
ကွန်ပျူတာအခြေခံမရှိသူများကိုလည်းတက်ရောက်နိုင်ရန်စီစဉ်ပေးထားခြင်း
Mobile Phone ပြုပြင်ခြင်းသာမက Computer ပြုပြင်ခြင်းတို့ကို ကျွမ်းကျင်ပြီး Techinan တစ်ဦးအဖြစ်လုပ်ငန်းခွင်ဝင်နိုင်ရန်အထိသင်ကြားပေးသည်။
တစ်ပတ် ၆ ရက် သင်တန်းကာလ ၂ လ

CCNA / CCNP
Computer Application Course ~ I-Office, Advance Excel, Layout Design , DTP,Graphic Design Course

No.18(D-5), ဦးထွန်းလင်းလမ်း (အင်းစိန်အုပ်တိုက်အပေါ်ထပ်) သပြေညို (၁) လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ။ Phone ; 09-73084751, 09-420160229

ချမ်းမြေ့အောင် CCTV Sales & Services

သင့်လုံခြုံရေးအတွက်အမှန်တကယ်အာမခံချက်ရှိရမည်။

ချမ်းမြေ့အောင် CCTV/ Sales & Services မှ စျေးနှုန်းသင့်တင့်၍ အရည်အသွေးကောင်းမွန်သော CCTV/ Camera, Accessories များကို တပ်ဆင်ပေးနေပါသည်။

Servey ပြုလုပ်ခြင်း Estimate တွက်ချက်ခြင်းအခမဲ့

Services ဆိုးဆန့်ရှိသည် Ph : (95) - 9-5123904 Ph : (95) - 9-450029497 Ph : (95) - 9-254622102

No.(147), first Floor, Lay Daunt Kan Road,Tamwe, Yangon, Myanmar.

E-mail:www.chanmyaeaungcctvservice@gmail.com

HC HIGH CLASS

HC Computer Training Center

စင်ကာပူ နိုင်ငံတွင် လုပ်ငန်းအတွေ့ကြုံ ၁၀ နှစ်ကျော်ရှိသော ဦးဝင်းဒမင်္ဂလာ နှင့် ယခင် Quick Computer Center တွင် AutoCAD နှင့် 3DsMax Course များကိုဦးဆောင်သင် ကြားခဲ့သော ဒေါ်ဇော်ဇင်ထွန်းတို့ ဦးစီးသောသင်တန်း

ကွန်ပျူတာ နှင့် မရင်းနှီးသေးသော သူများအတွက်

Basic Course

ရုံးလုပ်ငန်းများအတွက်

i Office

စာစီစာရိုက် လုပ်ငန်း ကွမ်းကျင်လို သူများ အတွက်

D.T.P

ကွန်ပျူတာနှင့် ခါတ်ပုံပြင်ခြင်းများ၊ ဒီဇိုင်းလုပ်ငန်းများအတွက်

Graphic Design

ကွန်ပျူတာနှင့် စာရင်းဇယားများ ထိန်းသိမ်းနိုင်ရန် အတွက်

Advanced Excel

ကွန်ပျူတာ ပြုပြင်စြဲစီး လုပ်ကိုင်လို့သူများ အတွက်

Pratical A+ Course

ဆက်သွယ်ရန် Mobile : 01 - 378748/09 - 5184485/09 - 73168462

Address : No.178 , 38 Street (Middle Block) , Kyauktada Township

A-One Mobile Phone Training & Service Ph-09420075862

အမှန်တကယ်ကျွမ်းကျင်တတ်မြောက်စေရန် 100% အာမခံသည်။

တစ်တန်းလျှင် *၆* ဦးသာ။

Hardware+Software = 300000Ks

*****တန်းခွဲသစ် (7.3.2016) နှင့် (21.3.2016) စမည်။*****

###ဆင်တန်းစေစေ စာရင်းသွင်းထားမှစိတ်ချရမည်။

- မိမိကိုယ်ပိုင်ဆိုင်ဖွင့်နိုင်စေရန်အတွက်လုပ်ငန်းခွင်ဝင်နိုင်သည်အထိတာဝန်ယူသင်ကြားပေးမည်။
- နယ်မှသင်တန်းသားများအတွက်အချိန်မရွေးတက်ရောက်နိုင်ရန်စီစဉ်ပေးထားပါသည်။
- Software/Hardware ပြဿနာ အမျိုးမျိုးကိုယ်တိုင်ပြုပြင်နိုင်စေရန် အထောက်အကူပြုပစ္စည်းမျိုးစုံဖြင့် လက်တွေ့ဦးစားပေးသင်ကြားပေးမည်။
- Computer အခြေခံ၊Electronic အခြေခံမှစတင်သင်ကြားပေးမည်။အတန်းပညာ အရည်အချင်းအကန့်သတ်မရှိတက်ရောက်နိုင်ပါသည်။
- Software ပိုင်းတွင် Firmware တင်ခြင်း၊ Root/Jailbreak လုပ်ခြင်းမှစ၍ Network Unlock / Software Tool Box များ ကိုယ်တိုင်အသုံးချပြုပြင်နိုင်သည်အထိသင်ကြားပေးမည်။
- Hardware ပိုင်းတွင် အစိတ်အပိုင်းတစ်ခုချင်းစီ အလုပ်လုပ်ပုံ၊တိုင်းတာ စစ်ဆေးနည်းမှစ၍ Power IC,eMMC,CPU,Wi-Fi IC,Network IC စသည့် IC များအား ဖြုတ်၊တပ် လဲလှယ် ပြုပြင်နိုင်သည် အထိသင်ကြားပေမည်။Hardware Tool Box များအသုံးပြု၍ Deadboot / eMMC Software ပြန်လည်သွင်းခြင်း စသည့် error များအားကိုယ်တိုင်ပြုပြင်နိုင်စေရန် လက်တွေ့ပြသ သင်ကြားပေးမည်။
- သင်တန်းသားများအတွက်လိုအပ်သော နည်းပညာ နှင့် DATA များအား တစ်သက်တာ ထောက်ပံ့ပေးမည် သင်တန်းကာလပြီးဆုံးပြီး မတတ်သေးမကျွမ်းကျင်သေး လုပ်ငန်းခွင်မဝင်ဖြစ်သေး၍ မေ့သွားသူများလည်း အခမဲ့ပြန်လည် တက်ရောက်နိုင်သည်။စနေ၊တနင်္ဂနွေ အတန်းများလဲဖွင့်လှစ်ထားပါသည်။
- ဆိုင်ဖွင့်လိုသူများအတွက် ဖုန်းနှင့်အပိုပစ္စည်း ငွေဖြည့်ကဒ် ဖြန့်ဖြူးရောင်းချသော ကိုယ်စားလှယ်များနှင့် ဆက်သွယ်ပေးမည်၊အလုပ်လုပ်လိုသူများလဲအလုပ်သွင်းပေးမည်။

(ရက်တို အမြန်တန်းခွဲရှိသည်။Special Class) Free

အခမဲ့ ကွန်ပျူတာပြုပြင်ခြင်း(A+ Hardware Course

အမှတ်-၂၇၃၊မြေညီထပ်၊ ၃၉လမ်း၊အပေါ်ဘလောက်၊ကျောက်တံတားမြို့နယ်။

ဖုန်း-09420075862,-09254897392,-09974977770

A.K Mobile

Ko Myo San

Daily Open 9:30 AM to 7:00 PM

www.akmobile2013@gmail.com

www.facebook.com/akmobile2013

www.akmobile2013@gmail.com

ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။

- iPad Pro, iPad Air 2 ,Air , iPad 4 , 3 , 2, iPad Mini 4 , 3 , 2 , 1 &
- iPhone 6S Plus, 6S, iPhone 6 Plus, 6 , 5S, 5C, 5
- Samsung S6 EdgePlus, S6 Edge, S6, Note 5, Note Edge, A8
- Samsung A Series (2016/2015), S Series, E Series, J Series
- Samsung All Tab Series,All Note Series,All Pro Series
- Sony Xperia Z5Premium,Z5, Z3 Plus,,Z3,Z2, Z1, Z, Z Ultra, T2/T3 Ultra, M4/5, C3/4/5
- HTC One M9 Plus,M9, M8,M7, One Max,E9 Plus,E8,Desire Eye,826,820U,816
- LG G4,G3\G flex2,G flex
- Oppo R7 Plus, R7, R7 lite, F1, N3, R5, Find 7A, R1 K,R1, Mirror 3 / 5, Neo 7 / 5
- Vivo X5Pro , X5 Max Plus,X 5Max,X Play 3S,X Shot, X 3S,V1 Max, V1, Y 51, 31, 28
- Xiaomi Mi Note Pro,Mi Note,Mi 5, 4I,Mi 4, Mi 3, Red Mi Mote 1/2/3
- HUAWEI Ascend Mate 8, Mate 7, Mate, Honor Series,P Series, G7 Plus,G7,GR 5, Y6
- Asus Zenfone 2,Asus Zenfone Selfie, Asus Zenfone6,Asus Zenfone 5
- Meizu MX Pro 5 , MX 5, MX 4 Pro, MX 4, M1 Metal, M 2 Note, M 2
- One Plus Two , 1+1 16GB(JBL Edition),1+1 64GB(Bamboo Edition),1+1 16GB/ 64GB
- Macbook Pro,Macbook Air,New MacBook,iMac,Mac Mini,Sony Vaio,Dell, HP, Asus
- Lenovo,Acer, Intel Core i3, i5, i7, B970, B960, B940 နှင့် အခြားသော
- Model အမြင့် Phone နှင့် Laptop များအားအထူးဈေးကောင်းပေးဝယ်လိုပါသည်။

- မိမိတို့ ရောင်း/ဝယ်/လဲ လိုသော **Product** များ နှင့် ပတ်သက်ပြီး အသေးစိတ်
- သိလို မေးလိုသည်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များမှ မေးမြန်းစုံစမ်းနိုင်ပါသည်။
- www.facebook.com/akmobile2013 နှင့် www.akmobile2013@gmail.com တို့မှ လည်း
- နေ့စဉ် up to date ဈေးနှုန်းများ ကို ကြည့်ရှု လေ့လာ မေးမြန်းနိုင်ပါသည်၊

(မှတ်ချက်) – မိမိရောင်းလိုသောပစ္စည်းများအား ဘူးပစ္စည်းအစုံ(သို့)ဘောင်ချာ(သို့) မှတ်ပုံတင်မိတ္တူ ပါမှသာလျှင် ဝယ်ယူပါမည်။

Hardware Service

Hardware Service For Apple Devices Only

ကျွန်တော်တို့ **A.K Mobile Phone** ဆိုင်မှ **Hardware Service** စတင်ဖွင့်လှစ်သောအနေဖြင့် အားပေးလျက် ရှိသော customer များကို အထူး **Discount** ဖြင့် **Apple Device** များမှန်လဲဈေးနှုန်းများကိုအကောင်းဆုံးနှုန်းအမြန်ဆုံး (ချက်ခြင်းစောင့်ယူစနစ်) ကို ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါသည်။iPad မှန်လဲဈေးနှုန်းများကို ဖုန်းဖြင့်မေးမြန်းနိုင်ပါသည်၊အခြားသော Hardware ဝန်ဆောင်မှုများကိုလည်း ချိုသာသောဈေးနှုန်းဖြင့်ဝန်ဆောင်မှုပေးနေပါပြီ။

***** လက်ခအပြီးအစီး မှန်လဲဈေးနှုန်းများ *****

iPhone 6S Plus	- 390000
iPhone 6S	- 290000
iPhone 6 Plus	- 150000
iPhone 6	- 120000
iPhone 5 ,5S	- 95000
iPhone 4 , 4S	- 35000

Software Service

iPhone,Samsung,Sony,Huawei Phone များ Firmware Upgrade

Games, Application, Myanmar Font & Keyboard ,Create Apple ID

iDevice နှင့် Android Device များအား User Lock & Network Lock

များဖြည်ပေးခြင်းနှင့်အခြားသော Software ဝန်ဆောင်မှုများ ပြုလုပ်ပေးသည်။

ဝယ်ယူအားပေးမှုကိုကျေးဇူးအထူးတင်ရှိပါသည်။

: 09-4500 39844, 09-25400 4420, 09 312 88077, 09-3100 8866

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဒီဂျစ်တယ် မားကတ်တင်းနှင့်ပတ်သက်သောဝန်ဆောင်မှုများပေးနေသည့် Amara Digital Marketing အေဂျင်စီမှ Head of operations မချမ်းမြေ့ခိုင်နှင့် တွေ့ဆုံခြင်း

မေး – ညီမလေးရဲ့ ကုမ္ပဏီ profile ကိုလည်း မိတ်ဆက်ပေးပါဦး။

ဖြေ – ၂၀၁၂ မှာစပြီးတော့ အမရာဆိုတဲ့ နာမည်ပေးပြီးစလုပ်ခဲ့တာပါ။ လက်ရှိဝန်ဆောင်မှုပေးနေတဲ့ ဖောက်သည်တွေထဲမှာတော့ နိုင်ငံတကာ လေကြောင်းလိုင်းတွေ၊ Mobile App တွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ မော်တော်ယာဉ်နဲ့ စားသောက်ကုန်လုပ်ငန်းတွေများပါတယ်။ ရုံးခန်းက ဗိုလ်တထောင်မှာ ဖွင့်ထားပြီးအချိန်ပြည့်ဝန်ထမ်းရှစ်ယောက်၊ အချိန်ပိုင်းဝန်ထမ်းနှစ်ယောက်နဲ့ လုပ်ငန်းလည်ပတ်နေပါတယ်။ တခြားနိုင်ငံက Marketing Agency တွေနဲ့ ပူးပေါင်းဆောင်ရွက်တာမျိုးလည်းရှိပါတယ်။

မေး – လတ်တလောမှာ ပြည်တွင်းက ဖေ့ဘုတ်သုံးစွဲသူဦးရေ ဘယ်လောက်ရှိနေပါပြီလဲ၊ မနှစ်ကဒီအချိန်မှာဘယ်လောက်ရှိခဲ့ပြီး ရွေးကောက်ပွဲကာလအတွင်းမှာမှ သုံးစွဲသူဦးရေ သိသိသာသာတိုးလာတာမျိုးရှိပါသေးလား။

ဖြေ– လောလောဆယ် ပြည်တွင်းကအနေနဲ့ စာရင်းဖြည့်စွက် အသုံးပြုနေတဲ့ အကောင့်အရေအတွက်ကတော့ ၎ ၃သန်း ကျော်ရှိပါတယ်။ ဒါပေမဲ့ password မသိတော့တဲ့အကောင့်တွေ၊ တစ်ယောက်ကိုနှစ်ခု၊ သုံးခုသုံးတာတွေနဲ့ဆိုတော့ တကယ်အကောင့်အစစ်က သုံးပုံတစ်ပုံလောက်ပဲကျန်မယ်ထင်ပါတယ်။ ရွေးကောက်ပွဲကာလမှာ ထူးထူးခြားခြားကြီးတက်လာတာတော့မရှိဘူးရှင့်။ ဒီနှစ်ထဲမှာတော့ မနှစ်ကနဲ့ရှိရင် တိုးလာတာအရမ်းမြန်ပါတယ်။

မေး – ဖေ့ဘုတ်သုံးစွဲသူတွေထဲမှာ ယောက်ျားလေးဦးရေ၊ မိန်းကလေးဦးရေနဲ့ အသက်အပိုင်းအခြားလိုက်မှာ ထူးခြားဖြစ်စဉ်အနေနဲ့ ဘယ်လိုအချက်တွေကို တွေ့မိပါသလဲ။

ဖြေ – လောလောဆယ်ယောက်ျားလေးက ၆၃ ရာခိုင်နှုန်းရှိပြီး မိန်းကလေးက ၃၇ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အသက်ကတော့ Generation X ထဲပါတဲ့ ၁၉ နှစ်ကနေ ၃၅ နှစ်အတွင်း အုပ်စုကအသုံးအများဆုံးပါပဲ။ အသက်ငါးဆယ်အထက် အသုံးပြုသူလည်း ၂ သိန်းကျော်ရှိပါတယ်။ ရန်ကုန်နဲ့မန္တလေးမှာပဲ အသုံးပြုတဲ့သူအများဆုံးဖြစ်နေပြီးနယ်တွေမှာတော့ အော်ပရေတာတွေလုပ်ငန်းတိုးချဲ့တိုင်း နည်းနည်းစီတိုးလာတာ တွေ့ရပါတယ်။

မေး – ညီမလေးတို့ အမရာဒီဂျစ်တယ်အနေနဲ့ပေးနေတဲ့ ဝန်ဆောင်မှုတွေကိုလည်း မိတ်ဆက်ပေးပါဦး။

ဖြေ – ဟုတ်ကဲ့၊ ညီမတို့ဆီမှာတော့ Digital Marketing ဝန်ဆောင်မှု အကုန်လုံးကို အစအဆုံးဝန်ဆောင်မှုပေးပါတယ်။ Facebook တို့ Twitter တို့ကတစ်ဆင့်သွားတဲ့ Social Media Marketing၊ Google ကနေတစ်ဆင့်သွားတဲ့ Search Engine Optimisation နဲ့ Search Engine Marketing၊ နောက်ပြီးတော့ Online content management၊ Email Marketing၊ Commercial Blogging နဲ့ Online Media Buying တွေလုပ်ပေးပါတယ်။

မေး – အခုတော်တော်များများ ရနေတဲ့ Blue Badge ကရော ဘယ်လိုပုံစံနဲ့ရနိုင်တာပါလဲ၊ ကိုယ့်ဘာသာလုပ်လို့ရော ရနိုင်တယ်ဆိုရင် နည်းလမ်းပြောပြပေးလို့ရပါသလား။

ဖြေ – Blue badge လို့ခေါ်တဲ့ Verified Badge က စာမျက်နှာတွေနဲ့ profile တွေအတွက်ဆိုပြီးနှစ်မျိုးရှိပါတယ်။ စာမျက်နှာတွေကိုကလုပ်ငန်းကြီးတွေ၊ နောက်ကျော်ကြားထင်ရှားသူတွေရဲ့ စာမျက်နှာတွေမှာရပါတယ်။ ကျော်ကြား ထင်ရှားသူဆိုတဲ့အထဲမှာ မင်းသား/မင်းသမီး၊ အဆိုတော်၊ နိုင်ငံရေးသမား၊ အားကစားသမားနဲ့ စာရေးဆရာတွေအပြင် နိုင်ငံတကာသတင်းမီဒီယာလုပ်ငန်းနဲ့ သက်ဆိုင်တဲ့သူတွေလည်းပါတယ်ရှင့်။ လုပ်ငန်းတွေအနေနဲ့ကတော့ Facebook ကိုအပြင်က တောင်းဆိုလို့မရပါဘူး။ ကိုယ်ပိုင် profile တွေကတော့ ခုနကပြောတဲ့ အမျိုးစားတစ်မျိုးမျိုးထဲ အကျုံးဝင်ရင် သက်သေပြပြီးလုပ်မေးတောင်းလို့ရပါတယ်။

မေး – အကယ်၍လုပ်ဖို့ အဆင်မပြေတဲ့သူတွေအနေနဲ့ အလုပ်အင်ရင်ကော ဈေးနှုန်းပိုင်းကိုတယ်လိုသတ်မှတ်ထားပါသလဲ။ ပြည်တွင်းကဆိုရင် စိုင်းစိုင်းခမ်းလိုင်အပါအဝင် တချို့မှာ verified badge တွေ့မိတယ်၊ ညီမလေးတို့လုပ်ပေးထားတာရော့ရှိပါသလား။ ဝန်ဆောင်ခဘယ်လိုယူပါသလဲ။

ဖြေ – ဒီဟာကိုတော့ ညီမတို့က ဝန်ဆောင်မှုအနေနဲ့ ဝန်ဆောင်ခယူပြီး လုပ်ပေးတာမျိုးမရှိဘူး။ ခုနကပြောတဲ့ အမျိုးအစားတွေထဲ အကျုံးဝင်ရင်တော့ general@amaradigitalagency.com ကိုဆက်သွယ်လို့ရပါတယ်။ စိုင်းစိုင်းခမ်းလိုင်အပါအဝင် တော်တော်များများရထားတာတွေ့ပါတယ်။ အထူးသဖြင့်ရွေးကောက်ပွဲမတိုင်ခင်တုန်းက အမတ်လောင်းတွေရပါတယ်။ အသိတချို့ကိုတော့ကူညီပေးဖူးပါတယ်။ ဝန်ဆောင်ခတော့မယူပါဘူး။

မေး – ညီမလေးရဲ့ အကောင့်မှာလည်း အပြာခြစ်လေးနဲ့ verify ရထားတယ်နော်၊ ဘယ်လိုကြောင့်ရထားတာပါလဲ၊ ဖေ့ဘုတ်က ဘယ်လို လူမျိုးတွေကို verify ပေးလေ့ရှိတာပါလဲ။

ဖြေ– ညီမကတစ်ခါတလေ တချို့နိုင်ငံတကာသတင်းစာမျက်နှာမှာ သတင်းရေးဖြစ်ပါတယ်။ နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ ရေးတဲ့သတင်းထောက်၊ ဓာတ်ပုံသတင်းထောက်တွေကိုလည်း ဖေ့ဘုတ်ကပေးတော့ ညီမအကောင့်မှာလည်းရထားတာပါ။

မေး – လက်ရှိပေးနေတဲ့ ဒီဂျစ်တယ်ဝန်ဆောင်မှုတွေအနက် ပြည်တွင်းမှာသုံးတာအများစုက ဘယ်လိုဟာတွေဖြစ်မလဲ ။

ဖြေ – ပြည်တွင်းမှာအဓိကက Facebook ပဲသုံးကြပါတယ်။ ညီမတို့ ၂၀၁၂ တုန်းက စလုပ်တုန်းကတော့ Facebook စာမျက်နှာကိုကိုင်ပေးဖို့ ပိုက်ဆံပေးရတယ်ဆိုတာတောင်လုပ်ငန်းတွေက သိပ်လက်မခံချင်ကြပါဘူး။ Copywriting လို့ခေါ်တဲ့ ကြော်ငြာစာသားရေးတာကို တတ်ကျွမ်းတဲ့သူရေးတဲ့ ပို့စ်နဲ့ သာမန်လူရေးတဲ့ပို့စ် ဘယ်လိုမတူတဲ့ကြောင်းတော်တော်ရှင်းရတယ်။ အခုတော့ သူတို့ကိုယ်တိုင်က လိုလိုလားလားဆက်သွယ်လာကြပြီ။ လုပ်ငန်းအကြီးတွေကတော့ ဝန်ဆောင်မှုစုံအောင် စမ်းသုံးကြည့်ကြတာမျိုးရှိပါတယ်။ မြန်မာပြည်မှာကလည်း Twitter တို့ Instagram တို့က Facebook နဲ့ယှဉ်ရင်အသုံးတအားနည်းသေးတော့ သိပ်မတွင်ကျယ်သေးတာလည်းပါပါတယ်။

မေး – ဒီလိုမျိုးလုပ်ငန်းစတင်ဖို့ ဘယ်လိုမျိုး စိတ်ကူးရခဲ့တာပါလဲ၊ ဘယ်အချိန်က စဖြစ်ခဲ့ပြီး စစလုပ်ချင်းမှာ ဘယ်လိုအခက်အခဲတွေ ကြုံရပါသလဲ။

ဖြေ – Digital Marketing ကကျတော့ အမြဲတမ်းကို အပြောင်းအလဲဖြစ်နေတာပါ။ သူက Social Network တွေနဲ့ အင်တာနက် နည်းပညာကိုမှီခိုထားတဲ့အခါကျတော့ အဲဒါတွေကပြောင်းတိုင်းအွန်လိုင်းသုံးတဲ့သူတွေကို ဈေးကွက်ချဲ့ထွင်တဲ့ပုံစံကပြောင်းလာပါတယ်။ တီဗီကြော်ငြာတို့ ဂျာနယ်မဂ္ဂဇင်းတွေမှာ ထည့်တာလိုမျိုးတစ်လမ်းသွားမဟုတ်ဘဲ အပြန်အလှန်ရှိတာမျိုးကို တစ်အားအာရုံစိုက်ရတဲ့အတွက် ဒီနေ့ဘာတွေခေတ်စားလဲ၊ လူတွေဘာကိုစိတ်ဝင်စားနေလဲဆိုတာမျိုး အမြဲလေ့လာနေရတာသဘောကျလို့ ရွေးခဲ့တာပါ။ ၂၀၁၂ တုန်းက မြန်မာပြည်မှာလည်း Digital Marketing လုပ်တာမရှိသလောက်ရှားတဲ့အတွက် အစအဆုံးလုပ်ချင်လို့ ရွေးဖြစ်ခဲ့တာလည်းပါပါတယ်။ စစချင်းတုန်းကတော့ ကိုယ့်နိုင်ငံနဲ့ အရမ်းစိမ်းသေးလို့ တအားရှင်းပြရတာ။ ခုတော့လည်း Digital Marketing လုပ်ပေးတဲ့ Agency တွေများလာတော့ ရှင်းပြရတာသက်သာလာပါတယ်။ ဒါတောင် တခြားနိုင်ငံတွေနဲ့ယှဉ်ရင်တော့ အင်တာနက်ကလည်းအင်မတန်နှေးသေး၊ ဈေးကြီးတာမျိုးရှိနေသေးတော့ အင်တာနက်သုံးတဲ့သူကနည်းတယ်။ လုပ်ချင်တာတွေ အကုန်မလုပ်နိုင်သေးပါဘူး။

မေး – အခုလက်ရှိမှာရော ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ပြည်တွင်းက သူတွေကအသုံးများလာပါပြီလား။ အသုံးများတဲ့ထဲမှာ အနုပညာရှင်တွေများလား။ ဝန်ကြီးဌာနကတွေများပါသလား။

ဖြေ – ပြည်တွင်းမှာတော့ အထူးသဖြင့် နိုင်ငံတကာအမှတ်တံဆိပ်တွေအားလုံးနီးပါးသုံးလာကြပါပြီ။ စားသောက်ကုန်တွေကအစဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ၊ မော်တော်ယာဉ်တွေ၊ လေကြောင်းလိုင်းတွေစသဖြင့် နယ်ပယ်အစုံကသုံးကြပါတယ်။ အနုပညာရှင်တွေနဲ့ ဝန်ကြီးဌာနတွေကတော့ ဝန်ဆောင်ခပေးပြီးသုံးတာသိပ်မတွေ့ရသေးပါဘူး။

မေး – ညီမလေးတို့ကပေးတဲ့ ဝန်ဆောင်မှု ဘယ်နှစ်မျိုးရှိပါသလဲ၊ ပြည်တွင်းကသုံးတဲ့သူတွေက ဘယ်ဝန်ဆောင်မှုကိုအသုံးများလဲ။ အသုံးနည်းတဲ့ ဝန်ဆောင်မှုမျိုးရှိသေးလား။

ဖြေ – Social Network တွေကနေတစ်ဆင့် ကိုယ့်အမှတ်တံဆိပ်/ ကုန်ပစ္စည်းကို ဈေးကွက်ချဲ့ထွင်တဲ့ Social Media Marketing၊ Google ကနေတစ်ဆင့် ကိုယ့်website ကို လူအလာများအောင်လုပ်တဲ့Search Engine Optimisation (SEO) နဲ့ Search Engine Marketing (SEM)၊ Email ပို့ပြီး အရောင်းမြှင့်တင်တဲ့ Email Marketing၊ ကိုယ့်လုပ်ငန်းအကြောင်းလူတွေပိုပြီး စိတ်ဝင်စားလာအောင်လုပ်လို့ရတဲ့ Commerical Blogging၊ နောက်တခြား site တွေ page တွေမှာကြော်ငြာထည့်ပေးတဲ့ Online Media Buying စတဲ့ ဝန်ဆောင်မှုတွေကို အဓိကဆောင်ရွက်ပေးပါတယ်ရှင့်။ အသုံးများတာတော့ Social Media Marketing နဲ့ SEO, SEM ကိုအသုံးများကြပြီး Email Marketing တော့ အတော်အသုံးနည်းပါတယ်။ အလုပ်လျှောက်တာတောင် Viber တို့ LINE တို့ကပဲ CV ပို့နေကြတာဆိုတော့လည်း နိုင်ငံအနေနဲ့ကြည့်ရင် သိပ်မထိရောက်လို့လည်းပါပါတယ်။ အင်တာနက်တွေဒီထက်ပိုမြန်ပြီး၊ ဒီထက်စျေးပေါလာရင်တော့ Facebook အပြင် တခြား site တွေကိုပိုကြည့်လာကြ၊ အီးမေးလည်း ပိုသုံးလာကြမယ်လို့ မျှော်လင့်ရတာပါပဲ။

မေး – ပြည်တွင်းကသူတွေရဲ့ ဖေ့ဘုတ်အသုံးပြုမှုအပေါ်အမြင်ကိုလည်း ပြောပြပေးပါ။

ဖြေ – Facebook သုံးတာကကောင်းပါတယ်။ Facebook တစ်မျိုးတည်းချည်းသုံးနေတာတော့ မကောင်းဘူးရှင့်။ ဒါပေမဲ့ ညီမအမြင် တခြား site တွေမသုံးတဲ့သူတွေကိုလည်းအပြစ်တင်လို့မရဘူး။ ဖုန်းဘေလ်ချွေတာပြီး သုံးနေရတဲ့အခါ၊ နေ့လို့စိတ်မရှည်တဲ့အခါ ဘယ်သူမှာတခြား site တွေကို တော်ရုံဝင်မကြည့်ချင်ကြတော့ဘူး။ ပညာ/ဥစ္စာရှာချင်လို့ သက်သက်ကို တခြား site တွေဖတ်တဲ့ အင်္ဂလိပ်လိုကောင်းကောင်းဖတ်နိုင်တဲ့သူက လူနည်းစုပါ။ နောက်ပြီးအကောင့်အတုတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် Cyber bully လုပ်တာတွေ၊ နောက်အွန်လိုင်းလုံခြုံရေးပဟုသုတနည်းတဲ့သူတွေကို ပစ်မှတ်ထားပြီးပညာပြချင်တာနဲ့ hack တယ်အမည်ခံပြီး တခြားအကောင့်တွေကို လိုက်ဝင်သုံးတာတွေ၊ တစ်ခုခုဆိုလူမျိုးရေး၊ ဘာသာရေးနဲ့ ဆက်နွယ်ပြီး ရုန်ရင်းကြမ်းကြုတ်တာတွေမြင်နေရတာတော့ မကောင်းဘူး။ ဒါပေမဲ့ ဒါမြန်မာနိုင်ငံတစ်ခုတည်းကွက်ဖြစ်နေတဲ့ ကိစ္စမျိုးတော့လည်း မဟုတ်ပါဘူး။

မေး – ဖေ့ဘုတ်နဲ့ ပတ်သက်တာ ဆိုရှယ်မီဒီယာနဲ့ပတ်သက်ပြီး ဘာများ ပြောချင်ပါသေးလဲ။

ဖြေ – တစ်ခုသတိထားမိတာက တချို့ traditional marketing သမားတွေ၊ နောက် အခုမှစပြီးအွန်လိုင်းကနေတစ်ဆင့် ဈေးကွက်ချဲ့ထွင်ဖို့ စဉ်းစားတဲ့သူတွေက Page like ကိုပဲအလေးထားကြတယ်။ အမှန်တော့ Facebook က Page မှာ ပို့စ်တစ်ခုတင်တဲ့အခါ like အရေအတွက်ရဲ့ ၃% ကနေ ၅% အထိကိုပဲပြပေးတဲ့အတွက် Page like နံပါတ်ကသိပ်မထိရောက်ဘူး။ ပို့စ်တစ်ခုချင်းကို လူဘယ်လောက်မြင်လဲ။ နောက်တချို့ပို့စ်တွေကို ကြော်ငြာထည့်လိုက်တဲ့နောက်ပိုင်းကျန်တဲ့ကြော်ငြာမထည့်တဲ့ပို့စ်တွေကို လူအမြင်နည်းသွားတာမျိုးမဖြစ်အောင် ဘယ်လိုလုပ်မလဲ။ အဲဒီအပိုင်းကို ပိုစဉ်းစားစေချင်ပါတယ်။နောက်တစ်ခုက Page တွေကို Admin ခန့်တာမျိုးပေါ့။ ဒီလုပ်ငန်းနဲ့ မရင်းနှီးတဲ့သူတွေကိုထားတဲ့အခါ သာမန်လူပဲမို့လို့ ဝေဖန်တာတွေများလာရင် ယဉ်ယဉ်ကျေးကျေး မတွံ့ပြန်နိုင်တာမျိုးရှိပါတယ်။ အဲဒီအခါ ကိုယ့်အမှတ်တံဆိပ်ကိုအရမ်းထိခိုက်ပါတယ်။ အပျော်တမ်း page တွေကဘယ်လိုပြန်ပြောပြောဘာမှပြဿနာမရှိပေမယ့် တကယ်လူအများကိုရောင်းချနေတဲ့ ကုန်ပစ္စည်းတွေက ကောင်းကောင်းမွန်မွန်ပြန်မပြောတဲ့အခါ လူတွေရဲ့အမြင်ကပ်ပုဒ်မနဲ့ ကိုယ့်စီးပွားရေးထိခိုက်ပါလိမ့်မယ်။ ဒါကြောင့် အဲဒါကိုလည်း ထည့်စဉ်းစားစေချင်ပါတယ်။

မေး – ဖေ့ဘုတ်ကနေ မားကက်တင်းအနေနဲ့ လုပ်လို့ရတဲ့ ဝန်ဆောင်မှုတွေကို ပြောပြပေးပါ။

ဖြေ – Facebook ကနေဆိုရင်တော့ စိတ်ကူးရှိရင် ရှိသလိုလုပ်လို့ရပါတယ်။ ကိုယ့်လုပ်ငန်းအတွက် Page ဖွင့်ထားပြီးလိုအပ်တာတွေတင်တာမျိုး။ Facebook မှာကြော်ငြာထည့်တာမျိုးအပြင် Facebook Campaign တွေ၊ Event page တွေကနေတစ်ဆင့်ကြော်ငြာတာစသဖြင့် လုပ်လို့ရပါတယ်။ Facebook Campaign ဆိုတဲ့နေရာမှာလည်း ကိုယ်အောင်မြင်ချင်တဲ့ ရည်ရွယ်ချက်ကဘာလဲ – ကိုယ့်အမှတ်တံဆိပ်ကို လူသိများစေချင်တာလား၊ ပစ္စည်းပို့ရောင်းရချင်တာလား။ ကိုယ်လုပ်တဲ့ပွဲကို လူလာစေချင်တာလား စသဖြင့် ရည်ရွယ်ချက်ကိုအခြေခံပြီးဆန်းသစ်တဲ့ စိတ်ကူးတွေနဲ့လုပ်တာပို့ပြီး ထိရောက်အောင်မြင်ပါတယ်။

မေး – ညီမလေးအနေနဲ့ ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။

ဖြေ – အကျိုးအမြတ်အတွက်မဟုတ်တဲ့ လူမှုအဖွဲ့အစည်းတွေက သူတို့အဖွဲ့ဝင်တွေကိုdigital marketing နဲ့ ပတ်သက်ပြီး ထိထိရောက်ရောက်သုံးတတ်အောင်သင်တန်းပေးစေချင်တာမျိုးရှိရင် အခမဲ့ကူညီပေးပါတယ်။ general@amaradigitalagency.com ကိုဆက်သွယ်လို့ရပါတယ်။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။ **ခဲလင်းလင်းသန်း**

Retail Master Retail School

Retail Master Retail School သည် လက်လီလုပ်ငန်းဆိုင်ရာ ဘာသာရပ်များနှင့် လုပ်ငန်းခွင် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို အထူးပြု သင်ကြားလေ့ကျင့်ပေးနေသည့် သင်တန်းကျောင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့မှစတင်၍ သင်တန်းအပတ်စဉ် အမှတ် (၄) အဖြစ် အောက်ဖော်ပြပါ ဘာသာရပ်များကို သတ်မှတ်တန်းခွဲအချိန်ဇယားများအတိုင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

Certificate Level

Strategic Retail Management	Customer Service Professional and Retail Selling Skills	Sale Supervisory Skills	Office Management
အပတ်စဉ် တနလ်ာနေ့၊ အင်္ဂါနေ့နှင့်ဗုဒ္ဓဟူးနေ့တိုင်း ညနေ ၆ နာရီမှ ည ၈ နာရီအထိ သင်ကြားမှုနာရီပေါင်း - ၂၀ နာရီ	အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့တိုင်း ညနေ ၆ နာရီမှ ည ၈ နာရီအထိ သင်ကြားမှုနာရီပေါင်း - ၂၀ နာရီ	အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားမှုနာရီပေါင်း - ၂၀ နာရီ	အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၁၀ နာရီ မှ နေ့လည် ၁၂ နာရီ အထိ သင်ကြားမှုနာရီပေါင်း - ၂၀ နာရီ
"Course Contents"	**"Course Contents"**	**"Course Contents"**	**"Course Contents"**
World of Retailing Industry Theories of Retail Development Store Site Selection Store Layout and Design Retail Pricing Buying and Handling Merchandising Managing the Store etc .	Fundamental of Customer Service Retail Customer Types Effective Customer Interaction The Handling Customer Complaints Retail Sale Process Retail Selling Skills How to become a successful CSA etc.	Supervisory Skills for Success Introduction to Selling and Sale Planning and Preparing to Sale Call Process of Introduction Surveying Call Opportunities Handling Objection Sale Forecasting and Quotas	Managing Office Customer Service Skills and Personal Qualities Thinking and Decision Making Successful Meeting and Minutes Telephone Techniques Complaints Handling Time Management etc.

ပထမဦးဆုံးအပ်နှံသည့် သင်တန်းသား (၁၀ ဦး) အတွက် ⟶ ၁၀% သက်သာခွင့်
၁၅ ဦးနှင့် အထက်အပ်နှံသည့်အဖွဲ့အစည်းများအတွက် ⟶ ၂၅% သက်သာခွင့်

"ဘာသာရပ်များအားလုံးကို နိုင်ငံတကာသင်ရိုးညွှန်းတမ်းများကို အခြေခံ၍ လက်တွေ့လုပ်ဆောင်မှုများ၊ အပြန်အလှန်ဆွေးနွေး ညှိနှိုင်းအဖြေရှာ လေ့ကျင့်မှုများ၊ တင်ဆက်ပြောဆို လေ့ကျင့်လုပ်ဆောင်မှုများ၊ နည်းဗျူဟာဆိုင်ရာ ကစားနည်းများ ကစားခြင်းများ စသည့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် သင်တန်းသားဗဟိုပြုသင်ကြားမှုနည်းစနစ်များကို အသုံးပြု၍ ဆရာ Retail Master ကိုယ်တိုင် သင်ကြားလေ့ကျင့်ဆွေးနွေးပေးသွားမည်ဖြစ်သည်။"

အသေးစိတ်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ရန် အတွက် - သင်တန်းရေးရာဌာန

အခန်းအမှတ် (၆၀၇)၊ ၆လွှာ၊ သံဇော်ကွန်ဒို၊ လမ်းမတော်လမ်း၊ လသာပြိုနယ်၊ ရန်ကုန်မြို့။ ဝ၁ - ၃၈၃၇၈၅၊ ဝ၉ ၂၅၄ ၈၄၈ ၉၆၃၊ ဝ၉ ၂၅၄ ၈၄၈ ၉၆၅။ Email : school@retailmastergroup.com / Website : www.retailmastergroup.com
(လမ်းညွှန်) - သံဇော်ဆိုင်းဘုတ်အောက်ရှိ ဓာတ်လှေကားမှတက်ပါရန်

Mobile Application Developer Group
နိုင်ငံတကာအဆင့်မီသော iOS Developer ကိုယ်တိုင်သင်ကြားမည်။

Start Date
4.3.16(Fri,Sat,Sun)

Professional iOS Developer Course

Course HighLight

- Objective-C Programming
- Memory Management
- Application and View Life Cycle
- Tables/Custom View
- Navigation
- Model View Controller(MVC Design)
- Gestures/UIWebview
- Core Data(Sqlite)

iPhone/iPad Apps တွေကိုရေးပြီး Apps Store မှာတင်ရောင်းလိုသူများအတွက်။

သင်တန်း လက်ခံနေပါပြီ။

- Registering as an Apple Developer
- Run App on Device
- Individual App Project:Start to Finish
- Submitting App to Apple
- Human Interface GuideLines and Device Setup
- Push Notification
- Storyboarding Integration

Special Promotion
30% Discount

iOS Professional Developer တစ်ယောက်ဖြစ်ရန်အခြေခံမှစ၍သင်ကြားပေးသည်။Mac OS X,iOS Developer တစ်ယောက်ဖြစ်စေရန် Xcode,iOS SDK,Apple's tools များသုံး၍သင်ကြားပေးခြင်း။ Mac OS နှင့် iOS applicationများ ရေးသားနိုင်ရန်အခြေခံကျသော Objective-C Programming၊Swift နှင့် Frameworks ကိုအသုံးပြု၍ Powerful ဖြစ်တဲ့ application များရေးသားနိုင်ရန် သင်ကြားပေးခြင်း။သင်တန်းပြီးဆုံးလျှင် Theory and Practical တို့ကိုကျွမ်းကျင်စေသော Professional iOS/Mac Developerတစ်ယောက်အဖြစ်ရရှိတည်နိုင်မည်ဖြစ်သည်။

အမှတ် (၃၀)၊ မြေညီထပ်၊ သမိန်ဗဟုမ်းလမ်း၊ တာမွေဗလီနှင့်အသောကမှတ်တိုင်ကြား၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-799583044,09-252389568

TROPHY
STANDARD SECURITY SERVICES
http:// www.myanmarcctv.com
No.67 (Ground Floor), Nguwar Street, Ahlone Township, Yangon, Myanmar.
Contact No. 09-5506340, 09- 5074349 , 09-799629599

2 Megapixel IP Network DVR HD (AV - Tech)
Video Recorder IP Network DVR HD (AV - Tech)
(AV - Tech)
FULL HD (HDMI) 16 channel

LED Billboard
LED Billboard များကို မြန်မြင် တပ်ဆင် ပေးနေပါသည်

PA System (Public Address)
ကုမ္ပဏီရုံးခန်း၊ ဆောရုံဆောခန်း၊ အိမ်ယာ၊ ဟိုတယ်စသည်တို့တွင် ပြန်ကြားရေး ဆိုင်ရာ ပစ္စည်းများရရှိနိုင်ပါသည်

Fire Alarm System
ကုမ္ပဏီရုံးခန်း၊ ဆောရုံဆောခန်း၊ အိမ်ယာ၊ ဟိုတယ်စသည်တို့တွင် မီးလောအချက်ပေး ဆိုင်ရာပစ္စည်းများရရှိနိုင်ပါသည်

Walkthrough
အဆောင်မှီ လုံခြုံရေးဆိုင်ရာ ပစ္စည်းများရရှိနိုင်ပါသည်

Door Controller
တံခါးထိန်းချုပ်စက်
Swing Motor
နေအိမ်ပြင်ဝင်းရိုးတံခါးများအား ကြိမ်နေ့ဝေးထိန်းစနစ်ဖြင့် အလွှင့်အတိတ်ပြုလုပ်နိုင်မည်ဖြစ်သည်။

Cloud DVR (ACESEE / DAHUA)
4 Channel , 8 Channel , 16 Channel
မည်သည့်နေရာမဆို internet ရှိယုံဖြင့် လှမ်းကြည့်နိုင်သည်
သက်သာသောဈေးနှုန်း ၊ ကောင်းမွန်သောအညွှန်းအသွေး ACESEE /DAHUA တံဆိပ် DVR ကော်များကို ရရှိနိုင်ပါသည်

ANALOUGE Camera (HIK VISION)
သက်သာသောဈေးနှုန်း၊ ကောင်းမွန်သော အညွှန်းအသွေးHIK VISION တံဆိပ် Camera များကို ရရှိနိုင်ပါသည်

PABX (Panasonic)
Private automatic Branch Exchange
ကုမ္ပဏီရုံးခန်း၊ ဆောရုံဆောခန်း၊ အိမ်ယာ၊ ဟိုတယ်၊ နေအိမ် စသည်တို့တွင် တယ်လီဖုန်းလိုင်းအား လိုင်းခွဲများပြုလုပ်ပေးခြင်း

Wireless & Network Device (UBIQUITI)

Access Control

Finger Print (Time and Attendance)
Finger Print ZDC50T
ကုမ္ပဏီရုံးခန်း၊ ဆောရုံဆောခန်း၊ ဟိုတယ်၊စားသောက်ဆိုင် ဝန်ထမ်းများအတွက်လူဦးရေ 1000 - 6000 အထိအသုံးပြုနိုင်ပြီးအကြိမ်ရေ 100,000 အထိ အင်အားထက် ပြုလုပ်နိုင်သည့်Time & Attendance Machine နှင့်လက်ရှေးပြင်တံဆိပ်ခြွေစနစ်ဝင်ငေသော Access Control ဝက်ကိုအသက်သာဆုံးဈေးနှုန်းဖြင့်ရရှိနိုင်ပါသည်။

Software ဆန်းဆန်းလေးတွေ သုံးကြမယ်

ဆောင်းပါးရှင် – ဇေသော် (ဖြိုးဝနဖစ်ဂျစ်တယ်ဓာတ်ပုံ)

ယခုအပတ်ဖော်ပြမည့် software များထဲတွင် အဆန်းပြားဆုံးအဖြစ် Blue Stacks 2 ကိုရွေးချယ်ထားပါသည်။ Bluestacks သည် Windows ပေါ်တွင်ရော Mac ပေါ်တွင်ပါ Android app များကို အသုံးပြုနိုင်စေသည့် emulator တစ်ခုဖြစ်ပါသည်။ Windows သုံးရင် Android ကိုပါတွဲဖက်သုံးစွဲချင်သူများ Android app ကို ကွန်ပျူတာပေါ်တွင် လက်တွေ့စမ်းသပ်ချင်သူများ၊ Screen shot ဖမ်း၍ စာရေးချင်သူများအတွက် Bluestacks က အဆင်ပြေစေသည်။

ကွန်ပျူတာပေါ်တွင် စနစ်နှစ်မျိုးသုံးဟုဆိုသော်လည်း Bluestacks 2 ၏အရွယ်အစားက 284MB ရှိသဖြင့် မိမိ၏ကွန်ပျူတာတွင် RAM DDR3 1600 4GB ရှိပြီး Graphic menory အနည်းဆုံး 1GB ရှိလျှင် တုန့်ဆိုင်းခြင်းမရှိဘဲသုံး၍ကောင်းပါသည်။ hardware များအဆင့်နိမ့်မည်။ RAM လည်းနည်းမည်ဆိုပါက Bluestacks 2 ကိုသုံးရသည်မှာ နေးကွေးလေးလံနေပါလိမ့်မည်။ ဤဆော့ဖ်ဝဲကို Windows XP မှသည် Windows 10 အထိသုံးနိုင်သလို Mac OSX တွင်လည်းသုံးနိုင်သည်။ www.bluestacks.com မှတိုက်ရိုက်ဆွဲချနိုင်သည်ဟုဆိုသော်လည်း ကျွန်မအတွေ့အကြုံအရ ပြောလျှင် www.filehippo.com မှ ဆွဲချခြင်းက ပို၍အဆင်ပြေပါသည်။

Bluestacks 2 ရှိလျှင် Android app များကို Windows သို့မဟုတ် OSX ပေါ်တွင် တိုက်ရိုက်ဖွင့်ပြီး အလုပ်လုပ်နိုင်မည်ဖြစ်၍ ယင်းစနစ်နှစ်ခုအကြား data များမျှဝေအသုံးပြုခြင်းကလည်း ပိုမိုလွယ်ကူသွားပါမည်။ ကွန်ပျူတာ screen ကြီးကြီးပေါ်တွင် Android ဂိမ်းများဆော့နိုင်မည်ဖြစ်၍ ဖုန်းပေါ်မှာဆော့ရသလို မျက်လုံးကိုဖြဲထားရန် မလိုတော့ပါ။ ထို့အပြင် အသံထွက်စနစ်ကလည်း ကောင်းလာမည်ဖြစ်ပြီး soundbox ကောင်းကောင်းနှင့်ချိတ်ထားပါက အလွန်ကောင်းမွန်သော အသံအရသာကိုပါ ခံစားနိုင်ပါမည်။

Bluestacks 2 သည် Android စနစ်ဖြစ်သည့်အပြင် ယင်းထဲတွင် အသင့်ထည့်သွင်းပေးလိုက်သော app များလည်းပါဝင်လာပါသည်။ ယင်း app များမှာ Camera app ၊ browser ၊ instagram ၊ Facebook ၊ Google Photos တို့ဖြစ်ပါသည်။ ထို့ပြင် Bluestacks 2 ထဲမှဝင်၍လည်း Android setting များကို ချိန်ညှိနိုင်ပါသည်။ Bluestacks 2 ထဲသို့ Android app များထပ်ထည့်ချင်လျှင်လည်းလွယ်သည်။ အင်တာနက်ချိတ် store ကိုဖွင့်ပြီး မိမိထည့်သွင်းလိုသော app ကို install လုပ်လိုက်ရုံသာ ဖြစ်ပါသည်။

ယခင်ထုတ်ခဲ့သော Bluestacks version အဟောင်းများက ကွန်ပျူတာပေါ်တွင် ကောင်းစွာအလုပ်လုပ်ပါသေးသည်။ သို့သော် Bluestacks 2 ကို အသေအချာပြင်ဆင်၍ ဒီဇိုင်းအသစ်ရေးဆွဲထားပြီး အလုပ်လုပ်ရာတွင် ပို၍ကောင်းမွန်လာအောင်စီစဉ်ပေးထားပါသည်။ ထူးခြားချက်မှာ Bluestacks 2 တွင် multi tasking ပါဝင်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာ၏ hardware ပိုင်း စွမ်းဆောင်ရည်မြင့်ရန် လိုအပ်ပါသည်။



Multi tasking ဆိုရာ၌ ဖွင့်ပြီးအလုပ်လုပ်နေသော Android app တစ်ခုစီတိုင်းအတွက် tab တစ်ခုစီအဖြစ် ထားပေးမည်ဖြစ်ပါသည်။ ယင်း tab များကို Bluestacks 2 screen ၏ ထိပ်ဖက်နားတွင် မြင်နေရပါမည်။

app များစွာကို တစ်ပြိုင်တည်းဖွင့်ထားနိုင်သလို ယင်းတို့၏ setting များကိုလည်း သီးခြားစီ ချိန်နိုင်သည်။ tab အသွင်ရှိသဖြင့် application တစ်ခုနှင့်တစ်ခုကြား ပြောင်းလဲအသုံးပြုရန်လည်း လွယ်ပါသည်။ ထို့ကြောင့် tab တစ်ခုအောက်တွင်ဂိမ်းကစားနိုင်သည်။ အခြား tab တစ်ခုတွင် သူငယ်ချင်းတစ်ယောက်နှင့် Chatting ဝင်နိုင်သည်။ နောက် tab တစ်ခုအောက်တွင် Streaming Video ကို ကြည့်နိုင်ပါသည်။

Bluestacks ၏ main screen အောက်တွင် လူကြိုက်များသော app များစွာကိုတွေ့နိုင်သည်။ ထို့ပြင်ကမ္ဘာတစ်လွှားတွင်သုံးနေသော Android app ပေါင်း 10 million ခန့်ကိုလည်း (အင်တာနက်ချိတ်ထားပြီး) ကြည့်နိုင်ပါသည်။ နောက်ထပ်ရွေးချယ်ကြည့်ရှုခွင့်တစ်ရပ်မှာ Android app တို့ကို ကမ္ဘာ့နေရာအသီးသီးတွင် လူဦးရေမည်မျှသုံးနေသည်ဆိုသည့်အချက်အား မြေပုံဖြင့်ကြည့်နိုင်ခြင်းဖြစ်သည်။ Bluestacks 2 တွင်ပါဝင်လာသော ဘယ်ဘက်ခြမ်းရှိ sidebar သည် လူကြိုက်များသော Feature များဆီသို့ လွယ်ကူစွာသွားနိုင်အောင်ဆောင်ရွက်ပေးပါသည်။ ယင်းအထဲတွင် APK Loading, Desktop app resizing, Location setting စသည်တို့ ပါဝင်သည်။

ယခုအသစ်ထွက်လာသော Bluestacks 2 သည် ယင်းအတွက် သို့လောင်မှုဇရိယာတို့ကို 16Gb မှ 32Gb သို့တိုးမြှင့်ပေးထားပါသည်။ Internal 16Gb ပေးထားပြီး မိမိဘာသာ SD Card ဖြင့် 16Gb တိုးမြှင့်ယူနိုင်ပါသည်။ အခမဲ့သုံးသော Bluestacks 2 ၏အားနည်းချက်မှာ sponsor ပေးထားသော app များ၏ updated version များကို အလိုအလျောက် download ဆွဲချတတ်ခြင်းဖြစ်သည်။ ဤ Software အား တစ်နှစ်သုံးစွဲခ ၁၄ ဒေါ်လာပေးလျှင် ဤသို့ အလိုအလျောက် download ဆွဲချခြင်းကို ပေးဝိတ်ပေးပါသည်။

Bluestacks 2 တွင် app တစ်ခုကို install လုပ်သည့်အခါ one time setup screen ပွင့်လာပါမည်။ App store သို့ဝင်ပြီး Bluestacks account တစ်ခုရရှိရန် Wizard က လမ်းညွှန်ပြသသည့်အတိုင်း လုပ်ပါ။ ပြီးလျှင် App Sync ကို enable လုပ်ထားပါ။ မိမိလက်ရှိ Google account ဖြင့် sign in ဝင်လျှင် Google က အသိအမှတ်မပြုသောလုပ်ဆောင်မှုတစ်ခုအဖြစ် အကြိမ်ကြိမ်သတိပေးခံရနိုင်ပါသည်။ Bluestacks account ပြုလုပ်ပြီးလျှင် Let's go နေရာတွင် ကလစ်နှိပ်ပါ။ Google play store သည် tab အသစ်တစ်ခုဖြင့် ပွင့်လာပါမည်။

Play Store က offer လုပ်ထားသော Angry Birds 2 ဂိမ်းအား install button ကိုကလစ်နှိပ်၍ ထည့်သွင်းနိုင်ပါမည်။ playstore ထဲတွင် အောက်ဘက်သို့ဆင်းကြည့်ပြီး အလားတူ app တို့ကို install လုပ်နိုင်သည်။ မိမိစိတ်ကြိုက်အလိုရှိသော ဂိမ်း သို့မဟုတ် app တစ်ခုအား အလိုရှိလျှင် search box တွင်ရိုက်ထည့်ပြီး မှန်ဘီလူးပုံကိုနှိပ်၍ ရှာရပါမည်။

Android tab ကိုနှိပ်ပြီး browse လုပ်သည့်အခါ ထိပ်တန်းလူကြိုက်များသော app များ၊ audio & video app များ၊ social & communication app များ၊ cards & Casino ဂိမ်းများ သက်ဆိုင်ရာအလုပ်အလိုက် အသုံးပြုသင့်သော app များ စသည်တို့ကို တွေ့ရပါမည်။ မိမိလက်တလော install လုပ်ထားသည့် မည်သည့် app ကိုမဆိုကိုလည်း ခေါ်ကြည့်နိုင်သည်။ ထိုခေါ်ကြည့်သည့် app သည် tab အသစ်တစ်ခုဖြင့် ပွင့်လာမည်။ app တစ်ခုထက်မက ဖွင့်ထားလျှင် ယင်းတို့အကြား အလွယ်တကူကူးသန်းအသုံးပြုနိုင်ပါမည်။ ကွန်ပျူတာ hardware သာမြင့်လျှင် bluestacks 2 ကို သုံးရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။

Windows 10 Transformation Pack 6

Windows 10 မသုံးသေးသော်လည်း Windows 10 ၏ အရသာအချို့တစ်ဝက်ကိုမြည်းစမ်းနိုင်စေမည့် software ဖြစ်သည်။ www.bit.ly/win 10. transform 387 မှနေ၍ download ချပြီး သုံးနိုင်သည်။ Windows XP မှသည် Windows 8.1 အထိအသုံးပြုနိုင်သည်။ ဖိုင်အရွယ်အစားမသေးပါ။ 138MB ရှိပါသည်။ Windows 10 ၏အရသာအပြည့်အစုံမရနိုင်သော်လည်း Windows 10 ၏သွင်ပြင်အချို့နှင့် Windows 10 သို့ အဝင်လုပ်ထုံးလုပ်နည်းအချို့ကို မြည်းစမ်းနိုင်ပါမည်။ ဤ Software က မိမိ၏ လက်ရှိ Windows အား Windows 10 ပုံပေါက်စေမည့်အပြင် Windows 10 ၏အလုပ်လုပ်ပုံအချို့ကိုပါ တုပလုပ်ဆောင်ပေးပါသည်။ သို့သော် Windows 10 လို မိမိထံမှအချက်အလက်များ ထောက်လှမ်းမည်မဟုတ်ပါ။ ယခုနောက်ဆုံး version တွင် wall paper အသစ်များ၊ File explorer အတွက် ပြုပြင်ပြောင်းလဲမှုများထည့်သွင်းပေးထားသည့်အပြင် ယခင်တွေ့ရသော bug များကိုလည်းပြင်ဆင်ပေးထားပါသည်။

Roguekiller 11

ဤဆော့ဖ်ဝဲက မိမိ၏ PC ထဲတွင်ခိုအောင်းနိုင်ဖွယ်ရှိသော malware များကို အမျိုးအမည် ခွဲခြားဖော်ထုတ်ပေးနိုင်ပါသည်။ worm နှင့် rootkit များကို ဖော်ထုတ်ရာတွင် ပို၍စွမ်းပါသည်။ www.bit.ly/roguekill 387 မှ download ချပြီး သုံးနိုင်ပါသည်။ ဖိုင်အရွယ်အစား 23.9 mb ရှိပြီး Windows XP မှ Windows 10 ထိသုံးနိုင်ပါသည်။ ဤဆော့ဖ်ဝဲသည် ကွန်ပျူတာထဲတွင် လက်ရှိအလုပ်လုပ်နေသော process များနှင့် Registry ကို ဦးစားပေးစစ်ဆေးပါမည်။ hijack လုပ်ထားခြင်းရှိလျှင် ပြင်ဆင်ပေးပါမည်။ Windows HOST ဖိုင်အဖြစ် ပုံမှားရိုက်ကာ နေရာယူထားသောအရာများကို ခွဲခြားပေးနိုင်သည်။ ထို့ပြင် boot proldem အချို့ကိုလည်း ကျော်လွှားနိုင်သည်။ နောက်ဆုံးထွက် ယခု version သည် malware များကို စစ်ဆေးခြင်း၊ ဖယ်ရှားခြင်း၊ ပြဿနာများကို ပြုပြင်ပေးခြင်း အဝိုင်းတို့၌ ပို၍ကောင်းမွန်လာပါသည်။





ခြေပြတ်၊ လက်ပြတ်ဘဝနဲ့ ကြီးပြင်းလာပြီး ဘဝကိုအရှုံးမပေးဘဲ သာမန်လူတွေလို အားကစားကို ထူးထူးခြန်ခြန် ကြိုးစားနိုင်ခဲ့သူ . . .

ဆောင်းပါးရှင် – ခေတ်

ကျွန်တော့်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ အဆစ်တွေဆိုလို့ လည်ပင်းနဲ့ ပခုံးနှစ်ဖက်တို့မှာပဲရှိတာ ဖြစ်ပါတယ်။ တံတောင်ဆစ်တွေနဲ့ ဒူးခေါင်းတွေလည်းမရှိဘဲ ကျွန်တော်မတ်တပ်ရပ်လိုက်ရင် မြေကြီးကနေ သုံးပေအကွာလောက်ပဲ ရှိပါတယ်။ ကိုယ်အင်္ဂါမပြည့်စုံတဲ့ဘဝနဲ့ ဘယ်လိုရှင်သန်နေထိုင်နေလဲလို့ အားလုံးအံ့သြနေကြမှာပါ။ ကျွန်တော် လူ့လောကထဲကို ဝင်ရောက်လာတဲ့အချိန်ကတည်းက ဒီလိုရှားပါးတဲ့ မွေးရာပါခြေပြတ်လက်ပြတ်ဘဝနဲ့ နေ့ရက်တိုင်းကို အားတင်းဖြတ်ကျော်ခဲ့ရပါတယ်။

ကျွန်တော့်ပုံစံဟာ အခြားကလေးတွေနဲ့ယှဉ်လိုက်ရင် ကြည့်မကောင်းပေမယ့် တန်းတူရွေးချယ်ပိုင်ခွင့်တွေတော့ ကျွန်တော်လည်း ပြုလုပ်ဖန်တီးနိုင်ပါတယ်။ အခြားကလေးတွေနဲ့မတူဘဲ ကျွန်တော့်ဘဝကိုကန့်သတ်ထားတဲ့အရာမှန်သမျှကို ခါးခါးသီးသီးနဲ့ဖြတ်ကျော်ခဲ့ပြီး ကျွန်တော် စွမ်းဆောင်နိုင်သလောက် အကောင်းဆုံးကြိုးစား လုပ်ကိုင်ခဲ့ပါတယ်။

သူငယ်တန်းကတည်းက ခြေတုလက်တုတွေ တပ်ဆင်ပြီးနေခဲ့ရပေမယ့် ကျွန်တော် အသားမကျခဲ့ပါဘူး။ ခြေတုလက်တုတွေဟာ သူများနည်းတူ သွားလာလှုပ်ရှားနိုင်အောင် ကူညီပေးခဲ့ပေမယ့် တကယ်တော့ ကျွန်တော့်ကို ထိန်းချုပ်ထားတဲ့အရာတွေပဲလို့ ကျွန်တော်ကတော့ ယူဆခဲ့ပါတယ်။ တစ်နေ့တော့ ကျောင်းမှာဆရာမက ကျွန်တော် ထိုင်နေတဲ့ထိုင်ခုံပေါ်ကနေ မချိုပြီး ကြမ်းပြင်မှာအခြားကလေးတွေနဲ့အတူ ကစားဖို့ အရှုပ်သေနတ်တစ်ခုကို ပေးခဲ့ပါတယ်။ လက်အင်္ဂါတွေမရှိတာမို့ သူငယ်ချင်းတွေနဲ့ တန်းတူဆော့နိုင်အောင်လည်း အရှုပ်ကို တတ်နိုင်သလောက် ကိုင်ပြီး ကစားနိုင်အောင် ကြိုးစားခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက အမေလည်း ကျွန်တော်တို့ စာသင်ခန်းထဲကို ပြတင်းပေါက် အပြင်ဘက်ကနေ ကြည့်နေခဲ့ပါတယ်။

ညရောက်တော့ အိမ်မှာ အမေ့ကို ကျွန်တော်ကျောင်းသွားရင် ခြေတုလက်တုတွေတပ်ပြီး မသွားချင်တော့တဲ့အကြောင်းကို ပြောပြဖြစ်ခဲ့ပါတယ်။ တကယ်ဆိုရင် ကျွန်တော်ဟာ တခြားကလေးတွေနဲ့ ကွဲပြားနေတယ်ဆိုတာ ကျွန်တော်နားလည်ခဲ့ပေမယ့် အပြစ်အနာအဆာတွေနဲ့ မွေးဖွားလာတဲ့ ကျွန်တော့်ရဲ့ချို့တဲ့တဲ့ဘဝကို ရိုးရိုးရှင်းရှင်းလက်ခံချင်ခဲ့ပြီး ကိုယ့်ကို ကိုယ်အားကိုးကာ ရှေ့ဆက်တွေ့ရမယ့်စိန်ခေါ်မှုတွေနဲ့လည်း ကျွန်တော် ရင်ဆိုင်ချင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

အဲ့ဒြသစရာကောင်းတာက နောက်နေ့မှာပဲ ကျောင်းမှာ သူငယ်ချင်းတွေက ကျွန်တော့်ကို ခြေတုလက်တုတွေ မတတ်ထားတာက ပိုကြည့်ကောင်းနေတဲ့အကြောင်း ဆရာမကို ပြောနေသံတွေ ကျွန်တော် ကြားခဲ့ရပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မှုပိုရှိလာပြီး ကိုယ့်ကိုကိုယ်ကြည့်ရတာ ကျေနပ်နေခဲ့ပါတယ်။ ကိုယ့်ရဲ့အားနည်းချက်ကို ကိုယ်ကိုယ်တိုင် လက်ခံနိုင်ရင် အခြားလူတွေလည်း ကိုယ့်လိုပဲ တဖြည်းဖြည်း လက်ခံနိုင်လာလိမ့်မယ်လို့ ကျွန်တော်တော့ ထင်ပါတယ်။

အားကစားသမားတွေလို ကျွန်တော့်မှာ ခြေလက်အင်္ဂါ အပြည့်အစုံမရှိပေမယ့် အားကစားပွဲပျိုးစုံကို တစ်ခါမှမဖွဲ့မလျှော့ဘဲ ပါဝင်ကစားခဲ့ပါတယ်။ ရေကူးခြင်း၊ ဘော့စ်ဘော၊ ဟောကီ၊ ဘောလုံးနဲ့ လက်ဝှေ့ကစားခြင်းစတဲ့ အားကစားတွေကို ခြေတုလက်တုတွေ မတတ်ဆင်ဘဲ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဘောလုံးအသင်းကို စတင်ဝင်ရောက်ခဲ့တုန်းက ကျွန်တော် ၅ တန်းလောက်ပဲ ရှိပါတယ်။ ကျွန်တော့်ကို ယုံကြည်လို့ အဖွဲ့မှာ ပါဝင်ကစားဖို့ ရွေးချယ်ခဲ့တာဖြစ်တယ်လို့ တစ်ဖက်အသင်းရဲ့ နည်းပြနဲ့ ကျွန်တော်တို့နည်းပြနှစ်ယောက် ပြောဆိုနေတာတွေ ကြားခဲ့ရပါတယ်။

ပြီးတော့ တစ်ဖက်အသင်းရဲ့နည်းပြက သူ့အဖွဲ့သားတွေကို စနစ်တကျကစားဖို့ သတိပေးထားပြီး ကျွန်တော့်ကို အသားလွတ်ထိမိုက်လာရင် အဲဒီကစားသမားကို အဖွဲ့ကထုတ်ပစ်ဖို့အထိ ပြောဆိုခဲ့ကြပါတယ်။ပွဲစဉ်အတွင်း ကျွန်တော့်ကို သက်သက်ဒဏ်ရာရအောင် ကစားနေတဲ့ကောင်လေးတစ်ယောက်ကို ပွဲပြီးဆုံးတဲ့အထိ ကျွန်တော့်နား လာမနှောင့်ယှက်နိုင်လောက်အောင် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါတယ်။ ကစားပွဲရဲ့နောက်ဆုံးရလဒ်ကို ဒီလိုအခက်အခဲမျိုးက အဆုံးအဖြတ်မပေးနိုင်ပေမယ့် ကျွန်တော့်အတွက်တော့ ယုံကြည်မှုတစ်ခု တည်ဆောက်နိုင်ခဲ့ပြီး ကိုယ့်တန်ဖိုးကို ကောင်းကောင်း သိခဲ့ရပါတယ်။

သေချာတာကတော့ ကျွန်တော့်ဘဝအတွက် အင်အားတွေကိုမွေးမြူဖို့ ရွေးချယ်မှုတစ်ခုကို ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်ခဲ့ရတာဖြစ်ပြီး မွေးကတည်းက အများနဲ့ယှဉ်လိုက်ရင် ကျွန်တော်က အရာရာနိမ့်ကျနေခဲ့သူတစ်ယောက်ပါ။ အခုဆိုရင် ခဲတံ၊ ဘောပင်ကိုင်သုံးကာ စာကောင်းကောင်းရေးတတ်နေပြီး တစ်မိနစ်ကို စာလုံးရေ ၅၀ လောက်ထိကို မြန်မြန်ဆန်ဆန် ရိုက်နိုင်အောင် သင်ယူနိုင်ခဲ့တာကြောင့် ကောလိပ်ရောက်တဲ့အခါ ကျွန်တော့်အတွက် အရမ်းအသုံးဝင်ပါတယ်။

ကိုယ့်ကိုကိုယ်သာ မိုမိုအားကိုးပြီး ယှဉ်ပြိုင်လိုစိတ်တွေ အကောင်းဆုံးလူတော်တစ်ယောက်ဖြစ်အောင် ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် သင်ယူခဲ့ပါတယ်။ ကျွန်တော့်လို မသန်စွမ်းတစ်ယောက်ကို သာမန်ကစားသမားအတိုင်း ပေါင်းသင်းဆက်ဆံပေးခဲ့ကြတဲ့ ကျွန်တော့်အဖွဲ့သားတွေကို အမြဲကျေးဇူးတင်သလို ကျွန်တော်ကြောင့်လည်း အဖွဲ့မျက်နှာမငယ်ရသဲ့ အနိုင်ရရှိအောင် ကြိုးစားကစားပေးခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ဝါသနာပြင်းပြတာကြောင့် ပွဲတိုင်းနီးပါးမှာ အနိုင်ရရှိခဲ့တဲ့အပြင် အလုပ်ကိုကြိုးစားလုပ်ကိုင်ချင်တဲ့ ကျွန်တော့်ရဲ့ စိတ်ဆန္ဒတို့ကြောင့် အောင်မြင်မှုနဲ့ တွေ့ဆုံခဲ့ရပြီး ကျွန်တော် အောင်မြင်လာအောင် သူငယ်ချင်း၊ မိသားစုနဲ့ အဖွဲ့သားတွေက အားပေးကူညီခဲ့ကြပါတယ်။ ကျွန်တော် အကောင်းဆုံးလုပ်နိုင်တယ်ဆိုတာ သူတို့ သဘောပေါက်သွားကြပြီး ကျွန်တော့်ကိုလည်း အနိုင်ရရှိစေချင်တာ သူတို့ရဲ့စိတ်ရင်းစေတနာတွေဆိုတာ နားလည်လာပါတယ်။

ကျွန်တော်ဟာ ရှုံးနိမ့်မှုကိုကြောက်ပြီး အရာရာကို ယှဉ်ပြိုင်လိုစိတ်ရှိသူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ အရှုံးဆိုတာ လူတိုင်းတွေ့ကြုံဖူးကြမှာဖြစ်ပြီး ကျွန်တော့်ဘဝမှာလည်း အနိုင်ထဲက အရှုံးတွေ ရှိဖူးခဲ့ပါတယ်။ အထက်တန်းတုန်းက ပထမအချိန်လက်ဝှေ့ပြိုင်ပွဲတွေမှာ အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ဖူးပြီး ငြင်းပယ်ခံခဲ့ရတဲ့အခါတွေဆိုတာလည်း မရေမတွက်နိုင်အောင် များပြားခဲ့ပါတယ်။ ဒါပေမဲ့ ကံကောင်းစွာနဲ့ နောက်ဆုံးတစ်ကြိမ်လောက် ကြိုးစားကြည့်ခိုင်းတဲ့ အဖေ့ရဲ့တိုက်တွန်းကူညီမှုနဲ့ နောက်တစ်ရာသီပွဲမှာ ကျွန်တော် အနိုင်ရရှိခဲ့ပါတယ်။ အဲဒီကစပြီး ပွဲတိုင်းလိုလို အနိုင်နဲ့ ပိတ်သိမ်းခဲ့ပါတယ်။ ကျွန်တော့်ရဲ့အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းခဲ့ပြီး ခြေလက်အင်္ဂါမပြည့်စုံဘဲနဲ့ အထက်တန်းကျောင်းရဲ့ အကောင်းဆုံးလက်ဝှေ့သမား ၁၂ ယောက်ထဲမှာ ကျွန်တော်ပါဝင်ခဲ့ပါတယ်။

ဘဝမှာ မမျှော်လင့်ထားတဲ့အရာတွေကို ကျွန်တော် လုပ်ပြနိုင်တဲ့အတွက်ကြောင့် အရမ်းကျေနပ်မိပါတယ်။ ကျွန်တော် လုပ်နိုင်တာထက် ပိုကြိုးစားလုပ်ပြချင်တဲ့စိတ်ရှိပြီး အပြဲတမ်းရှေ့ဆက်သွားဖို့ တွန့်ဆုတ်နေမှာလည်း မဟုတ်ပါဘူး။ ကျွန်တော့်ကိုကျွန်တော် အားငယ်စိတ်ပျက်ပြီး ဘဝကိုအစကတည်းက အရှုံးပေးနှင့်ပြီးသားဆိုရင်တော့ ဒီလိုအောင်မြင်မှုတွေလည်း ရှိလာလိမ့်မယ် မထင်ပါဘူး။

ဘဝပေးကံ မကောင်းလို့ဆိုတဲ့အကြောင်းပြချက်တွေကို ကျွန်တော် ကိုယ်တိုင် ရှင်းထုတ်ဖို့ ရွေးချယ်ခဲ့ပြီး ဆုံးဖြတ်ချက်တစ်ခုက ကျွန်တော့်ဆီ အခွင့်အရေးတွေ အများကြီး ဝင်ရောက်လာဖို့ တံခါးပေါက်ဖြစ်လာပါတယ်။ ကျွန်တော့်ကို တီဗွီနဲ့ ရေဒီယိုအစီအစဉ်မျိုးစုံမှာ ပါဝင်ကူညီပေးဖို့ ကမ်းလှမ်းခံခဲ့ရပြီး လူတော် တွေနဲ့လည်း တွေ့ဆုံခဲ့ရပါတယ်။

အချိန်မရွေး ကြိုးစားနေရမယ်ဆိုတဲ့ အသိစိတ်ကို အားကစားပွဲတွေ ယှဉ်ပြိုင်နေတဲ့အချိန်တွေမှာ သာမက နေ့စဉ်ဘဝ ဖြတ်သန်းနေရင်းနဲ့လည်း ခေါင်းထဲအမြဲသွင်းထားပြီး လိုက်နာကျင့်သုံးပါတယ်။ အခက်အခဲအတား အဆီးတွေက ကျွန်တော့်ကို လဲကျသွားအောင် ရိုက်နှက်ခံခဲ့ရတဲ့ အချိန်တိုင်း အောင်မြင်ချင်တဲ့စိတ်တစ်ခုတည်းနဲ့ ဘာတွေပဲဖြစ်ဖြစ် ဖွဲ့မလျှော့ဘဲ ပြန်ထရပ်ခဲ့ပါတယ်။

အောင်မြင်မှုတွေထက်စာရင် အရှုံးတွေကနေ သင်ခန်းစာတွေ ခပ်များများ ရရှိနိုင်တာကြောင့် အခက်အခဲတွေဟာ ကျွန်တော်တို့ကို ပိုပြီး ကြံ့ခိုင်လာအောင် ပြုလုပ်ပေးနိုင်တယ်ဆိုတာ ကျွန်တော်ယုံကြည်လိုက်ပါတယ်။ ဘဝမှာ အပြောင်းအလဲတွေ အများကြီးနဲ့ ရင်ဆိုင်ရတဲ့အခါ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ခွန်အားတွေကိုလည်း အခွင့်အရေးတစ်ခုအဖြစ် လိုက်ပြီး ပြောင်းလဲတတ်ရပါမယ်။

ကျွန်တော့်ရဲ့ဂိုဒေါင်လေးကို အားကစားလေ့ကျင့်ရုံတစ်ခု ဖြစ်လာအောင် ပြုလုပ်ခဲ့တာဟာ သူငယ်ချင်းတွေနဲ့ အိမ်နီးနားချင်းတွေကို ကျန်းမာသန်စွမ်းပြီး အချိုးအစားလှပတဲ့ခန္ဓာကိုယ်တွေဖြစ်အောင် လေ့ကျင့်ပေးချင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ လူတွေကို အားအင်ပြည့်ဖြိုးအောင် ကူညီပေးချင်တဲ့အတွက် အားကစားရဲ့ တည်ဆောက်ပေးချင်တာလည်း ကျွန်တော်ဖြစ်ချင်တဲ့ အိပ်မက်တွေထဲက တစ်ခုဖြစ်ပါတယ်။

တစ်နှစ်လောက်ကြာတော့ No Excuses Athletics အားကစားရုံကို ဖွင့်လှစ်ခဲ့ပြီး No Excuses Athletics ဟာ လူတွေရဲ့ နေ့စဉ်ဘဝကို စိတ်ရောကိုယ်ရော ကျန်းမာသန်စွမ်းစွာ ဖြတ်သန်းနိုင်ဖို့ ကူညီလေ့ကျင့်ပေးတဲ့ နေရာလေးလည်း ဖြစ်ပါတယ်။ ဒီအလုပ်ကနေ လူတွေနဲ့ တိုက်ရိုက်ထိတွေ့ ဆက်ဆံလို့ရတဲ့ အခွင့်အရေးတွေရရှိသလို တစ်ဦးချင်းစီကိုလည်း ကျန်းမာပျော်ရွှင်အောင် နေထိုင်နည်းတွေကို သင်ကြားပေးလို့ရပါတယ်။

ဒီလိုအခွင့်အရေးတွေ ပိုင်ဆိုင်ရတဲ့အတွက်ကြောင့် တော်တော်ကံကောင်းပါလားလို့ ကျွန်တော့်ကိုယ်ကျွန်တော် အမြဲဂုဏ်ယူပြီး ပြောဆိုမိပါတယ်။ ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းလာတဲ့ဘဝမို့ အခက်အခဲအနှောင့်အယှက်တွေဆိုတာတော့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်ပိုင်ရွေးချယ်မှုအတွက် လွဲချော်ခဲ့ရင်တောင် ကျွန်တော့်မှာ ပြုပြင်လို့ရတဲ့ အချိန်တွေနဲ့ အခွင့်အရေးတွေ ရှိနေသေးတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။

ဘဝမှာ အဆုံးစွန်ထိ လုပ်ပြနိုင်တဲ့ ကိုယ်ပိုင်အရည်အချင်း ဘယ်လောက်ရှိသလဲဆိုတာ အရေးကြီးပါတယ်။ အလုပ်တစ်ခုကို ဖြစ်မြောက်အောင်လုပ်မယ်လို့ ရွေးချယ်လိုက်ပြီဆိုတာနဲ့ ကိုယ့်ရဲ့ဆုံးဖြတ်ချက်နဲ့ လုပ်ကိုင်တဲ့အလုပ်ဟာ လူသားတွေအချင်းချင်း ရိုင်းပင်းကူညီနိုင်ပြီး ကမ္ဘာကြီးကို အကျိုးပြုနိုင်တဲ့အလုပ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ကမ္ဘာကြီးကို မျက်စိဖွင့်ပေးလိုက်တဲ့ AIRBNB

ဆောင်းပါးရှင် – မိုးမခ

► Inet (09-254207759)

Inet G8811

23,000/-

SIM Card | Dual Sim

Network : GSM
Display : 2.0"
Memory : Card Slot
Camera : 0.3 MP
Bluetooth : No
FM : No
OS : Java

► Inet (09-260443946)

Inet G915

33,000/-

SIM Card | Dual Sim

Network : GSM
Display : 2.4"
Memory : Card Slot
Camera : 0.3 MP
Bluetooth : Yes
FM : Yes
OS : Java

► Inet (09-254207759)

Inet W8

35,000/-

SIM Card | Dual Sim

Network : 2G, 3G
Display : 2.3"
Memory : Card Slot
Camera : 0.3 MP
Bluetooth : Yes
FM : Yes
OS : Java

► Inet (09-260443946)

Inet G926

34,000/-

SIM Card | Dual Sim

Network : GSM
Display : 2.0"
Memory : Card Slot
Camera : 0.3 MP
Bluetooth : Yes
FM : Yes
OS : Java

► Inet (09-254207759)

Kenbo E55

26,500/-

SIM Card | Dual Sim

Network : GSM
Display : 2.4"
Memory : Card Slot
Camera : 2 MP
Bluetooth : No
FM : Yes
OS : Java

► Kenbo (09-30058542)

Inet G8810

33,000/-

SIM Card | Dual Sim

Network : GSM
Display : 2.0"
Memory : Card Slot
Camera : VGA
Bluetooth : Yes
FM : Yes
OS : Java

► Inet (09-254207759)

Kenbo E42

49,000/-

SIM Card | Dual Sim

Network : CDMA 800
Display : 2.4"
Memory : Card Slot
Camera : No
Bluetooth : Yes
FM : Yes
OS : Java

► Kenbo (09-30058542)

Inet G8808

22,000/-

SIM Card | Dual Sim

Network : GSM
Display : 2.4"
Memory : Card Slot
Camera : 0.3 MP
Bluetooth : Yes
FM : Yes
OS : Java

► Inet (09-260443946)

Gionee M23

31,000/-

SIM Card | Dual Sim

Network : GSM
Display : 2.3"
Memory : Card Slot
Camera : VGA
Bluetooth : Yes
FM : Yes
OS : Java

► Today's (09-421744111)

Phone Shop

OK Mobile (III)

Showroom Sales & Service

မသန့်သန့်ထွန်း (ဆိုင်တာဝန်ခံ)

တည်နေရာ – အမှတ် (၁၂၁)၊ အနော်ရထာလမ်း၊ (၄၉) လမ်းနှင့် လမ်း (၅၀) ကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-8610154

OK Mobile (III) ဆိုင် အကျဉ်းချုပ်

OK Mobile (III) အရောင်း Showroom ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး အရည်အသွေးကောင်းမွန်သော Mobile Handset အမျိုးအစားစုံလင်စွာကို တင်သွင်းဖြန့်ဖြူး ရောင်းချပေးနေပါတယ်။ ဒါ့အပြင် Mobile Phone နှင့် ဆက်စပ်သော Accessories များစုံ၊ ယခုလက်ရှိ လူသုံးများနေသော Telenor ငွေဖြည့်ကတ်များစုံ Ooredoo ငွေဖြည့်ကတ်များစုံ၊ MPT ငွေဖြည့်ကတ်များစုံတို့ကို ဝယ်ယူရရှိနိုင်ပါတယ်။ ရန်ကုန်မြို့ရဲ့သွားလာရ လွယ်ကူသောနေရာတွင် အဆင်ပြေစွာဖြင့် ဝယ်ယူအားပေးနိုင်အောင် ဖွင့်လှစ်ပေးထားပါတယ်။

OK Mobile (III) ဆိုင်တွင် ဝယ်ယူရရှိနိုင်သော Handset အမျိုးအစားများ

OK Mobile (III) အရောင်းဆိုင်မှ အရည်အသွေး မြင့်မားကောင်းမွန်ပြီး စိတ်ချယုံကြည်ရသော Model မြင့် Handset များဖြစ်ကြသည့် Samsaung, Vivo, OPPO, Sony, HTC, Lenovo, Kenbo, Acer, Asus, Alcatel Handset များ၊ Coolpad အမှတ်တံဆိပ် Mobile Handset များအပြင် Farrieri Car Phone Keypad အမျိုးမျိုးတို့ကို ဝယ်ယူရရှိနိုင်ပြီး Tablet အသုံးပြုလိုသော မိဘပြည်သူများအတွက် KKP Tablet များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။

OK Mobile (III) ဆိုင်၏ ဝန်ဆောင်မှုများ

OK Mobile (II) အရောင်းဆိုင်မှ Mobile Handset များကို ဝယ်ယူအားပေးသော မိဘပြည်သူများအနေဖြင့် မည်သည့် Handset ကိုမဆို ဝယ်ယူတာနဲ့ လိုအပ်သော Software များအပြင် Games, Application၊ Myanmar Font၊ Music များကို ထည့်သွင်းပေးမှာဖြစ်တယ်။ ဝယ်ယူပြီးတစ်နှစ်အတွင်းမှာ မိမိစိတ်ကြိုက် Update ဖြစ်သော App နှင့် Software တွေကို လာရောက်ပြီး ထပ်မံထည့်သွင်းနိုင်ပါတယ်။ မိမိဝယ်ယူအားပေးသော Handset အမျိုးအစား ပေါ်မူတည်ပြီး အခြားလက်ဆောင်များကိုပါ ရရှိနိုင်မှာဖြစ်တယ်။

OK Mobile (III) ဆိုင်မှ Customer များအတွက် ပေးချင်သော Message

OK Mobile (II) ဆိုင်မှ လူတန်းစားမရွေး ဝယ်ယူအသုံးပြုနိုင်ရန် Model မြင့် Mobile Handset များအပြင် ဈေးနှုန်း အထူးသက်သာသော Keypad အမျိုးမျိုးနှင့် အခြားအမှတ်တံဆိပ်တို့ကိုပါ တင်သွင်းဖြန့်ဖြူး ရောင်းချပေးနေပါတယ်။ သုံးစွဲသူများ စိတ်ကြိုက်ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ခြင်းသာမက ကောင်းမွန်သောဝန်ဆောင်မှုများနှင့်ပါ ဆောင်ရွက်ပေးနေပါတယ်။ Service ပိုင်းကိုထားရှိပေးတဲ့အတွက် စိတ်ချယုံကြည်စွာဖြင့် အသုံးပြုနိုင်ပြီး Software နှင့် Hardware ပိုင်းဆိုင်ရာတွေကို Customer များ စိတ်ကျေနပ်မှုရှိတဲ့ အထိ နွေးထွေးတဲ့ဝန်ဆောင်မှုများကို ပေးသွားမှာဖြစ်တယ်။ အခါအားလျော်စွာ ကျင်းပပြုလုပ်သော ICT & Mobile ပြပွဲများတွင် ဝင်ရောက်၍ သက်သာသော ဈေးနှုန်းများဖြင့်လည်း Customer များကို ရောင်းချပေးနေပါတယ်။ OK Mobile ဆိုင်သို့ လာရောက်၍ လေ့လာတာပဲဖြစ်ဖြစ် ဝယ်ယူတာပဲဖြစ်ဖြစ် နွေးထွေးပျူငှာစွာဖြင့် ကြိုဆိုသွားမှာဖြစ်ပါတယ်။

Genius Mobile Phone Training Centre မှ Trainer ဖြစ်သူ ကိုစိုးသူရနှင့် တွေ့ဆုံခြင်း

မေး – *မင်္ဂလာပါ အစ်ကို။*

ဖြေ – ဟုတ်ကဲ့၊ မင်္ဂလာပါ။

မေး – *အစ်ကို့ရဲ့ Genius Mobile Phone Training Centre တည်နေရာနဲ့ သင်တန်းကျောင်းအကြောင်းကို ပြောပြပေးပါဦး။*

ဖြေ – ကျွန်တော်တို့ရဲ့ သင်တန်းကျောင်းက အမှတ် (၁၁၁)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်မှာ တည်ရှိပါတယ်။ သင်တန်းကျောင်းနဲ့ပတ်သက်ပြီး အသေးစိတ်စုံစမ်းသိရှိလိုတယ်ဆိုရင်တော့ ဖုန်း – ၀၉၅၁၁၆၄၂၀၁၊ ၀၉၅၅၀၁၆၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ဒီသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့တာက ၂၀၁၅ ခုနှစ်၊ ဇူလိုင်လထဲမှာပါ။ လက်ရှိမှာ သင်တန်းသားဦးရေ (၅၀) ကျော်ကို မိုဘိုင်းဖုန်းပြုပြင်ခြင်းနဲ့ ပတ်သက်တဲ့ဘာသာရပ်တွေကို လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။

မေး – *သင်တန်းကြေးကိုရော ဘယ်လိုမျိုး သတ်မှတ်ပေးထားပါသလဲ။*

ဖြေ – သင်တန်းကြေးတွေကတော့ Mobile Software Course ကို ငွေကျပ် (၃) သိန်း၊ Mobile Hardware Course ကို ငွေကျပ် (၃) သိန်းဆိုပြီး သတ်မှတ်ပေးထားပါတယ်။ နှစ်ဘာသာပေါင်းတက်ရင်တော့ ငွေကျပ် (၅) သိန်း ကျသင့်ပါလိမ့်မယ်။ သင်တန်းကာလကတော့ သင်တန်းသားတွေ (၃) လ သင်ယူရမှာဖြစ်ပါတယ်။ တစ်ပတ်ကို ၅ ရက်သင်ကြားပေးမှာဖြစ်ကာ တစ်ချိန်ကို ၃ နာရီ သင်ယူရပါလိမ့်မယ်။ တန်းခွဲတစ်ခုမှာ သင်တန်းသားဦးရေ အများဆုံး (၁၅) ဦးအထိ သင်ကြားပေးမှာဖြစ်ပြီး ဒီထက်ပိုရင်တော့ နောက်ထပ်တန်းခွဲအသစ် ထပ်မံဖွင့်လှစ်သင်ကြားပေးပါတယ်။

မေး – *အစ်ကို့သင်တန်းကျောင်းမှာ ဘယ်လိုမျိုး သင်ကြားမှုပုံစံတွေနဲ့ သင်ကြားပေးလျက် ရှိတယ်ဆိုတာကို သိပါရစေ။*

ဖြေ – သင်ကြားမှုပုံစံတွေကို ပြောရမယ်ဆိုရင်တော့ Mobile Software Course သင်ယူလိုတဲ့သူက ကွန်ပျူတာ အခြေခံမရှိဘူးဆိုရင် အခြေခံကစပြီး သင်ကြားပေးပါတယ်။ Mobile Software Course မှာဆိုရင် အဓိကအားဖြင့်တော့ Android and iOS ကိုသာ ဦးစားပေးသင်ကြားပေးပါတယ်။ ဘာလို့လဲဆိုရင် အဲ့ဒီနှစ်ခုက အခုလောလောဆယ်မှာတော့ လူသုံးများရေပန်းစားနေတဲ့ OS တွေ ဖြစ်နေတာကြောင့်ပါ။ ဒါကြောင့် Android and iOS Devices တွေရဲ့ Software တွေနဲ့ ပတ်သက်တာတွေကိုပဲ စာတွေ့၊ လက်တွေ့သင်ကြားပေးနေပြီး အခြား Operating System တွေဖြစ်တဲ့ Java, Symbian, Windows စတာတွေကို အခြေခံသိရှိနားလည်စေဖို့အတွက် သင်ကြားပေးပါတယ်။ ဒါတွေကလည်း သူတို့သိရှိဖို့လိုအပ်ပါတယ်။

Mobile Hardware Course မှာဆိုရင်လည်း Electronic အခြေခံကစပြီး လေ့လာသင်ယူလို့ရမှာဖြစ်ပါတယ်။ သူတို့ Electronic အခြေခံကို နားလည်တတ်မြောက်သွားပြီဆိုရင်တော့ ဖုန်းတွေမှာ ဘယ် Hardware အစိတ်အပိုင်းက အခြေခံကျတယ်၊ ဘယ်လိုမျိုး Component တွေ ပါဝင်တယ်၊ Error တစ်ခုခုကိုတွေ့ရင် အချိန်မရွေး ဖြုတ်၊ လဲ၊ တပ် ဖြေရှင်းနိုင်အောင် စာတွေ့လက်တွေ့ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

မေး – *သင်တန်းပြီးဆုံးတဲ့အခါမှာရော သင်တန်းသားတွေကို အခြားပံ့ပိုးပေးမှုတွေ ရှိပါသလား။*

ဖြေ – ဟုတ်ကဲ့၊ ရှိပါတယ်။ သင်တန်းပြီးတဲ့သင်တန်းသားတွေကို ဘယ်လိုမျိုး ပံ့ပိုးပေးလဲဆိုတော့ ဆိုင်ဖွင့်ဖို့အတွက် လာတက်တဲ့သူတွေကိုဆိုရင် ကိုယ်ပိုင်ဆိုင်တစ်ဆိုင်ဖွင့်တဲ့အခါ ဘာတွေလိုအပ်တယ်၊ ဘယ်လိုမျိုးဆောင်ရွက်သင့်တယ်စတဲ့ အကြံပေးမှုတွေပြုလုပ်ပေးတာမျိုး၊ အခြားမိုဘိုင်းဖုန်းဖြန့်ချိရောင်းကိုယ်စားလှယ်တွေနဲ့ ချိတ်ဆက်ပေးတာမျိုးစတာတွေ ပံ့ပိုးကူညီပေးပါတယ်။ ဒါမှမဟုတ် ဖုန်းဆိုင်တွေမှာ Service Technician အဖြစ် အလုပ်ဝင်ရောက်လုပ်ကိုင်လိုတယ်ဆိုရင်လည်း ကျွန်တော်တို့နဲ့ ချိတ်ဆက်ထားတဲ့သူတွေနဲ့ ဆက်သွယ်ပေးပါတယ်။ နောက်ပြီးတော့ သင်တန်းပြီးတာနဲ့လိုအပ်တဲ့ Data အကုန်လုံးကို အခမဲ့ပေးလိုက်ကာ အသစ်ထွက်ရှိလာမယ့် Update Data တွေ အကုန်လုံးကို သင်တန်းမှာ အချိန်မရွေး အခမဲ့လာယူလို့ရမှာပါ။

မေး – *ဒီမတ်လထဲမှာ တန်းခွဲအသစ်တွေ ဖွင့်လှစ်ဖို့အစီအစဉ် ရှိ၊ မရှိ သိချင်ပါတယ်။*

ကိုစိုးသူရ (Trainer)
Genius Mobile Phone Training Centre

ဖြေ – မတ်လထဲမှာ တန်းခွဲအသစ်တွေကို ထပ်မံဖွင့်လှစ်ဖို့ မသေချာသေးပါဘူး။ သင်ကြားပြီးရင်တော့ တန်းခွဲအသစ်တွေ ဖွင့်လှစ်သွားမှာပါ။ ရုံးချိန်ပြင်ပတက်ချင်တဲ့သူတွေကိုလည်း အဆင်ပြေအောင် ဆောင်ရွက်သင်ကြားပေးမှာ ဖြစ်ပါတယ်။

မေး – *ဖြည့်စွက်ပြောကြားလိုတာတွေရှိရင် ထပ်မံပြောကြားပေးပါ။*

ဖြေ – အခုလက်ရှိမှာ မိုဘိုင်းဖုန်းအသုံးပြုတဲ့သူတွေက တိုးတတ်များပြားနေသလို မိုဘိုင်းဖုန်း Brand မျိုးစုံကလည်း ပြည်တွင်းဈေးကွက်မှာ အပြိုင်အဆိုင် ဈေးကွက်ထိုးဖောက်နေတာကို အားလုံးသိရှိကြမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဖုန်းကိုင်ဆောင်အသုံးပြုတဲ့သူတွေ ယခင်ကထက် ပိုမိုများပြားလာခဲ့လို့ ဒီမိုဘိုင်းဖုန်းပြုပြင်ခြင်းဆိုင်ရာပညာရပ်ကိုသာ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားမယ်ဆိုရင် အလုပ်အကိုင်၊ အခွင့်အလမ်းတွေက ရရှိနေမှာပါ။ ပြည်တွင်းမှာကလည်း မိုဘိုင်းဖုန်းပြုပြင်ပညာရှင်တွေ အများကြီးလိုအပ်နေပါသေးတယ်။ အမှန်တကယ်ကိုသာ စိတ်ဝင်တစားနဲ့ လေ့လာလိုက်စားမယ်ဆိုရင် ဒီပညာရပ်က ဘယ်သူမဆို ကျွမ်းကျင်တတ်မြောက်နိုင်တဲ့ ပညာရပ်တစ်ခုလို့ ထင်မြင်ယူဆမိပါတယ်။

မေး – *အခုလိုမြေကြားပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။*

ဖြေ – ကျွန်တော်ကလည်း NetGuide Journal ကို ကျေးဇူးတင်ပါတယ်။

APPS OF THE WEEK

1. Hyperlapse From Instagram

Hyperlapse နဲ့ timelapse ဗီဒီယိုတွေရိုက်နိုင်ဖို့အတွက် Instagram ကနေ Hyperlapse ဆိုတဲ့ mobile app တစ်ခုကိုဖန်တီးထားပါတယ်။ ဒီ app မှာ Instagram ရဲ့ အလိုအလျောက် stabilization လုပ်ပေးတဲ့စနစ်ကိုအသုံးပြုထားတဲ့အတွက် ဗီဒီယိုတွေကိုချောမွေ့သွားအောင်လုပ်ပေးနိုင်ပါတယ်။ Playback Speed ကို ၁ ဆကနေ ၁၂ ဆအထိပိုပိုမြန်ဆန်အောင် လုပ်ဆောင်ပေးနိုင်ပြီး တစ်နေ့လုံးကျင်းပတဲ့တေးဂီတပွဲတစ်ခုကို စက္ကန့် ၃၀ စာ time lapse ဗီဒီယိုအဖြစ်ဖန်တီးနိုင်ပါတယ်။ တစ်ချက်ရိုက်ရုံနဲ့ ၄၅ မိနစ်စာအထိရှိတဲ့ဗီဒီယိုတွေကို ဖန်တီးနိုင်မှာပါ။ ပိုးသားတိမ်လိပ်တွေရွေ့လျားနေပုံ၊ အပင်တွေကြီးထွားလာပုံ၊ ပန်းတွေဖူးရာကပွင့်လာပုံ၊ သစ်သီးတွေရင့်မှည့်ပြီးပုပ်သွားပုံ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုရဲ့ အဆင့်ဆင့်ဖြစ်စဉ်တွေနဲ့ လူတွေမြို့ထဲလျှောက်သွားနေပုံတွေကိုတစ်စက္ကန့်တိုင်းမှာ ပုံကွက်ပေါင်းများစွာရိုက်ယူပြီး အံ့သြဖွယ်ရာကောင်းတဲ့ time lapse ဗီဒီယိုတွေ ဖန်တီးနိုင်မှာဖြစ်ပါတယ်။ Instagram ရဲ့ image stabilization စနစ်ကိုအသုံးပြုထားတာဖြစ်လို့ အရင်တုန်းက Tripod ကြီးတွေအသုံးပြုပြီး ရိုက်ကူးမှုသာရနိုင်တဲ့ ပြောင်မြောက်တဲ့ time lapse ဗီဒီယိုတွေကို ရရှိနိုင်ပါတယ်။ နေထွက်ချိန်တစ်ခုလုံးကို ၁၀ စက္ကန့်အတွင်း ရိုက်ယူပေးနိုင်ပြီး သွားနေတဲ့မော်တော်ဆိုင်ကယ်နောက်မှာ ထိုင်စီးရင်းနဲ့တောင်မှ time lapse ဗီဒီယိုရိုက်ယူနိုင်ပါတယ်။ ကလေးတွေလမ်းလျှောက်နေတာ၊ ပြေးလွှားကစားနေတာကို မှတ်တမ်းတင်ရိုက်ကူးနိုင်သလို မြို့ထဲမှာ လူပ်ရှားသွားလာနေတဲ့ ယာဉ်အသွားအလာတွေအထိ စိတ်ကြိုက်ဖြစ်တဲ့ time lapse ဗီဒီယိုတွေကို ဖန်တီးနိုင်မှာပဲဖြစ်ပါတယ်။ ပြီးရင်တော့ အဲဒီဗီဒီယိုတွေကို Instagram နဲ့ Facebook တို့မှာ share လုပ်နိုင်သလို အချိန်မရွေး၊ နေရာမရွေး sharing လုပ်နိုင်ဖို့အတွက် ဖုန်းထဲက camera roll ထဲမှာသိမ်းဆည်းထားနိုင်ပါတယ်။ Hyperlapse ကို iPhone နဲ့ iPad နှစ်မျိုးလုံးမှာ အသုံးပြုနိုင်ပြီး iOS 7.0 နဲ့အထက်လိုအပ်ပါတယ်။

2. ES File Explorer File Manager

ကမ္ဘာ့စွမ်းအား အပြည့်ဝဆုံး Android File Manager app တစ်ခုဖြစ်တဲ့ ES File Explorer File Manager ဟာ full-featured file တွေကို အသုံးပြုနိုင်အောင်ကူညီပေးနိုင်ပြီး free အသုံးပြုနိုင်တာကြောင့် အလွန်အဆင်ပြေပါတယ်။ ဖိုင်တွေကိုစီမံခန့်ခွဲမှုတွေပြုလုပ်တဲ့အခါမှာ local နဲ့ပဲဖြစ်ဖြစ် network တွေနဲ့ပဲချိတ်ဆက်ပြီးပဲဖြစ်ဖြစ် အသုံးပြုနိုင်ပါတယ်။ Device ထဲမှာ Apps တွေကို ကလစ်တစ်ချက်တည်းနဲ့ install ပြုလုပ်နိုင်ပြီး zip ဖိုင်တွေကိုလည်း ဖွင့်နိုင်ပါတယ်။ သီချင်းနားထောင်တာတွေ၊ ဗီဒီယိုကြည့်တာတွေနဲ့ document တွေသုံးစွဲတာတွေကိုလည်း တစ်ခါတည်း လုပ်ဆောင်ပေးနိုင်ပါတယ်။ Dropbox, Box.net, Sugarsync, Google Drive, OneDrive (SkyDrive), Amazon S3, Yandex နဲ့အခြား Cloud Platforms တွေများစွာကိုလည်း ထောက်ပံ့ပေးထားပါတယ်။ Desktop တွေနဲ့ laptop တွေမှာအသုံးပြုသလိုပဲ ကိုယ်စီမံခန့်ခွဲချင်တဲ့ဖိုင်တွေအများကြီးကို တစ်ပြိုင်နက်တည်း selsct လုပ်နိုင်ပါတယ်။ Apps တွေကိုအမျိုးအစားခွဲခြားတာတွေ၊ un-install လုပ်တာတွေ၊ back up လုပ်တာတွေ၊ shotcut အဖြစ်ဖန်တီးတာတွေကို စိတ်ကြိုက်လုပ်ဆောင်နိုင်ပါတယ်။ ဒီ app ကိုအသုံးပြုဖို့အတွက် Android 4.0 နဲ့အထက်လိုအပ်ပါတယ်။

3. Music Memos



သီချင်းရေးသူတွေအတွက် အလွယ်တကူအသံဖမ်းပြီး တေးသွားလေးတွေပိုမိုထွက်ရှိအောင်အထောက်အကူပေးနိုင်တဲ့ app တစ်ခုဖြစ်ပါတယ်။ Music Memos ဟာ iOS အသုံးပြုသူတွေအတွက် music idea တွေကို အမြန်ဆုံးနဲ့အထိရောက်ဆုံး record လုပ်နိုင်မှာဖြစ်ပြီး သီချင်းရေးသားဖို့အတွက် တေးဂီတပညာရှင်တွေနဲ့ ရင်းနှီးပြီးသား feature တွေပါတာကြောင့် ဂီတနဲ့ပတ်သက်တဲ့ စိတ်ကူးစိတ်သန်းတွေကို အကောင်းဆုံးဖန်တီးနိုင်မှာပါ။ Acoustic ဂီတသံ၊ စန္ဒရားသံ၊ စကားသံနဲ့ဘယ်တေးဂီတတူရိယာသံတွေကိုမဆိုမိုက်ခရိုဖုန်းကတစ်ဆင့် အရည်အသွေးမြင့်မားတဲ့ uncompressed format နဲ့ ဖမ်းယူနိုင်ပါတယ်။ အဲဒီသီချင်းအပိုင်းအစတွေနဲ့တီးကွက်သစ်တွေကိုနာမည်ပေးတာ၊ tag လုပ်တာတို့ပြုလုပ်ပြီး library ဖန်တီးကာ တစ်စုတစ်စည်းထဲသိမ်းနိုင်ပါတယ်။ Verse ၊ chorus ၊ mellow ၊ energetic စတဲ့ စကားလုံးတွေသုံးပြီး သီချင်းအပိုဒ်တွေကို tag လုပ်နိုင်ပြီး ကိုယ်ပိုင် tag word တွေလည်း ထည့်သွင်းနိုင်ပါတယ်။ ထွက်လာတဲ့ကော့ဒ်တွေကိုကြည့်ပြီးတော့ မှတ်ချက်တွေရေးတာ၊ သီချင်းစာသားထည့်တာအပြင် သူငယ်ချင်းတွေဆီလည်း share နိုင်ပါတယ်။ iOS 9.1 နဲ့အထက်လိုအပ်ပါတယ်။

4. Laundry Day

အဝတ်တွေလျှော်ဖွတ်တဲ့အခါမှာ သေချာမလျှော်ဖွတ်တတ်ပါက အဝတ်အထည်တွေ ထိခိုက်စေနိုင်ပါတယ်။ အထူးသဖြင့် တန်ဖိုးကြီးအဝတ်တွေဆိုပါက အဝတ်အထည်ရဲ့ အနေအထားပေါ်လိုက်ပြီးလျှော်ဖွတ်ဖို့အရေးကြီးပါတယ်။ မဟုတ်ပါက အကျီတွေပျက်စီးတတ်ပါတယ်။ Laundry Day ကတော့ အဝတ်တွေလျှော်တဲ့အခါမှာ နည်းစနစ်ကျကျနဲ့အကောင်းဆုံးလျှော်ဖွတ်နိုင်ဖို့အကူအညီပေးနိုင်ပါတယ်။ အဝတ်တွေကို ဘယ်လိုလျှော်ဖွတ်ရမယ်၊ ဘယ်လိုအထည်သားမျိုးကို ဘယ်လိုလျှော်ရမယ် စသဖြင့် ဖော်ပြချက်တွေ အသေးစိတ်ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ အဝတ်လျှော်တာ၊ အစွန်းချွတ်တာ၊ အဝတ်တွေအခြောက်ခံတာ၊ မီးပူးတိုက်တာအပါအဝင် အဝတ်အထည်တွေအတွက် ဂရုတစိုက်ပြုလုပ်ရမယ့်အချက်တွေနဲ့ပတ်သက်တဲ့ အကြံပြုချက်တွေအများကြီးကိုပါ ထည့်သွင်းပေးထားပါတယ်။ အိမ်ရှင်မတွေအပါအဝင် အဝတ်အစားဝတ်ဆင်တဲ့ သူတိုင်းအသုံးပြုသင့်တဲ့ app တစ်ခုဖြစ်ပြီး သင်တို့ရဲ့ တန်ဖိုးကြီးအဝတ်တွေကိုမပျက်စီးရအောင်လျှော်ဖွတ်ရာမှာ လုပ်ဆောင်ရမယ့်အချက်တွေကို သိရှိနိုင်မှာဖြစ်ပါတယ်။ ထူးခြားပြီးအသုံးဝင်တဲ့ Laundry Day ကိုတော့ iOS 7.0 နဲ့အထက်တွေမှာအသုံးပြုနိုင်ပါတယ်။

5. PicsArt Photo Studio

PicsArt Photo Studio - Light ကို အကောင်းဆုံးနဲ့ အဆန်းပြားဆုံးဓာတ်ပုံတွေကို ဖန်တီးပြုပြင်မှုတွေ လုပ်ဆောင်ချင်တဲ့သူတွေအတွက် ထုတ်လုပ်ပေးထားတာဖြစ်ပါတယ်။ ကင်မရာနဲ့အလုပဆုံးဓာတ်ပုံရိုက်ယူတာတွေ၊ Digital drawings တွေကို ဖန်တီးရေးဆွဲတာတွေ၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဖန်တီးမှုအနုပညာရှင်တွေနဲ့ ဆက်သွယ်စကားပြောဆိုတာတွေကိုတောင် ပြုလုပ်နိုင်ပါတယ်။ Professional Photo editing programs တွေမှာပဲတွေ့ရတတ်တဲ့ အဆင့်မြင့် editing tools တွေ၊ Filters တွေ၊ effects တွေ ရာနဲ့ချီပြီး အပြည့်အဝထောက်ပံ့ပေးထားပါတယ်။ သင့်ရဲ့ဓာတ်ပုံတွေကို အနုပညာလက်ရာမြောက်တဲ့ပန်းချီကားတစ်ချပ်လိုဖြစ်သွားအောင်ပြုပြင်ပြောင်းလဲပေးနိုင်ပြီး ဓာတ်ပုံတွေထဲမှာစာတွေ၊ ချစ်စရာကောင်းတဲ့စတစ်ကာလှလှလေးတွေထည့်သွင်းနိုင်ပါတယ်။ ကိုယ့်စိတ်ကြိုက်အကောင်းဆုံးဓာတ်ပုံတွေကိုဖန်တီးပြီး ပြိုင်ပွဲတွေဝင်ပြိုင်နိုင်သလို ကိုယ့်လက်ရာကို တစ်ခြားသူတွေကို ပြန်လည် share လုပ်ပေးနိုင်ပါသေးတယ်။ တစ်ခြားသူတွေရဲ့လက်ရာတွေကိုဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ဒီလိုကောင်းမွန်အသုံးဝင်တဲ့ Pics Art Photo Studio - Light app ကိုအသုံးပြုချင်တယ်ဆိုရင် Android 4.0.3 နဲ့အထက်ရှိဖို့ လိုအပ်ပါတယ်။

6. All Currency Converter



သင်ဟာ ဘဏ်တစ်ခုခုမှာ အလုပ်လုပ်နေတဲ့သူတစ်ယောက် ဒါမှမဟုတ် နိုင်ငံတကာငွေကြေးတွေနဲ့ပတ်သက်နေရတဲ့သူတစ်ယောက်ဖြစ်တယ်ဆိုရင်တော့ ဒီ All Currency Converter လေးဟာအလွန်အသုံးဝင်စေမှာပါ။ ၎င်း App ဟာ real-time currency exchange rates converter တစ်ခုအနေနဲ့ စွမ်းဆောင်ပေးနိုင်သလို ရိုးရိုးဂဏန်းပေါင်းစက်တစ်ခုအဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ ရိုးရှင်းတဲ့ exchange rate conversion နဲ့ exchange rate calculation နည်းစနစ်တွေနဲ့တွက်ချက်ပေးနိုင်တာကြောင့် ထွက်ရှိလာတဲ့အဖြေတွေက တိကျမှန်ကန်မှုရှိပါတယ်။ နိုင်ငံပေါင်း ၁၆၂ နိုင်ငံကျော်က ငွေကြေးအမျိုးအစားတွေကို တိတိကျကျတွက်ချက်ပေးနိုင်ပြီး အဆင့်မြင့်နောက်ဆုံးပေါ် နည်းပညာတွေနဲ့ ဖန်တီးပြုလုပ်ပေးထားတဲ့အတွက် အဖြေတွေကို အမြန်ဆန်ဆုံးပြသပေးနိုင်ပါတယ်။ ဒဲ့အပြင် ကိုယ်တွက်ချက်ဖူးတဲ့အရာတွေကို history အနေနဲ့သိမ်းဆည်းပေးထားနိုင်ပြီး လိုအပ်တဲ့အချိန်မှာပြန်လည်ထုတ်ကြည့်နိုင်မှာဖြစ်ပါတယ်။ အခု version အသစ်မှာတော့ငွေကြေးအမျိုးအစားပေါင်း ၂၉ မျိုးကို အသစ်ထပ်မံထည့်သွင်းပေးထားပြီး UI improvement တွေကိုလည်း ပြုလုပ်ပေးထားပါတယ်။ ဒီ app ကိုတော့ Android 2.3 နဲ့အထက်ရှိရပါမယ်။

Grand Theft Auto : Liberty City Stories

Grand Theft Auto : Liberty City Stories တိုက်ခိုက်ရေးဇာတ်လမ်းသွားဂိမ်းတစ်ခုဖြစ်ပြီး ဒီထဲက အဓိကဇာတ်ကောင်က စွန့်စားမှုတွေကို အဆက်မပြတ် လုပ်ဆောင်သွားရမှာပဲဖြစ်ပါတယ်။ ဒီဂိမ်းထဲမှာ သင်ဟာ Leone family ရဲ့ လူယုံပညာရှိတစ်ယောက်ဖြစ်တဲ့ Toni Cipriani နေရာကနေ ပါဝင်ကစားသွားရမှာဖြစ်ပါတယ်။ သင်ဟာ တစ်ယောက်တည်း ပုန်းအောင်အချိန်ဖြုန်းနေတဲ့ နေရာတစ်ခုကနေ Liberty City မြို့ရှိ သင့်အိမ်ကိုပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ မြို့တော်ကြီးရဲ့လမ်းတွေက ကသောင်းကသင်းနဲ့ ငြိမ်းချမ်းမှုမရှိနိုင်ဘဲ နိုင်ငံရေးခြစားမှုတွေ၊ လာဘ်ပေးလာဘ်ယူအမှုတွေ၊ စာရိတ္တပျက်ပြားမှုတွေ၊ ကြောက်စရာကောင်းတဲ့ပြစ်မှုတွေ၊ ပြစ်မှုအသေးလေးတွေ၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုကြီးတွေ၊ အုပ်စုဖွဲ့ရန်ကားလူသတ်မှုတွေ၊ ဓားပြမှုတွေ အမြဲဖြစ်ပေါ်နေတာကို တွေ့လိုက်ရပါတယ်။ မြို့တော်ကြီးက ၎င်းတို့ရဲ့ဒဏ်တွေကြောင့် ယိုယွင်းပျက်စီးနေပြီး အမှောင်ထုကြီးက ဖုံးလွှမ်းနေပါတယ်။ ဒါကြောင့် သင်ဟာ မင်းမဲ့စရိုက်ဆန်ဆန် စည်းပျက်ကမ်းပျက်ဖြစ်နေတဲ့ မြို့တော်ကြီးကို Leone family ရဲ့ ထိန်းချုပ်မှုအောက်မှာ ငြိမ်ဝပ်ပိပြားမရှိအောင် လုပ်ဆောင်ပေးသွားရမှာ ဖြစ်ပါတယ်။ လူတွေရဲ့မကောင်းတဲ့ အကျင့်စရိုက်တွေကို ပမျောက်အောင်ကြိုးစားပြီး လူဆိုးတွေကို ရှင်းလင်းသုတ်သင်သွားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် လူဆိုးတွေ တိုက်ခိုက်မှုတွေရဲ့အန္တရာယ်ကနေ ကိုယ့်ကိုယ်ကို အကောင်းဆုံးကာကွယ်မှုတွေကိုလည်း ပြုလုပ်သွားရပါမယ်။ Missions တွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်ရင်ဆိုင်သွားနိုင်ပါတယ်။ ဒီဂိမ်းကို အရည်အသွေးမြင့် textures အသစ်တွေ၊ character acts အသစ် တွေနဲ့ အဆင့်မြင့် graphics ဒီဇိုင်းကောင်းတွေကို အသုံးပြုဖန်တီးပေးထားတာကြောင့် ကစားရတာ အထူးကောင်းမွန်ပါတယ်။ ဂိမ်းကို touch-based gaming စနစ်တွေနဲ့ ထိန်းချုပ်မှုအများကြီးကို တစ်ပြိုင်တည်းပြုလုပ်နိုင်အောင် 3D Touch စနစ်လည်း ပါရှိပါသေးတယ်။ ဂိမ်းကစားတဲ့အခါမှာ သင့်စိတ်ကို ပိုမိုစိတ်လှုပ်ရှားစေမယ့် နောက်ခံအသံတွေက ဆွဲဆောင်ထားနိုင်မှာ သေချာပါတယ်။ ဒီလိုကောင်းမွန်ဆန်းသစ်တဲ့ အဆင့်မြင့်ဂိမ်းကို ကစားချင်တယ်ဆိုရင် Android 4.0 နဲ့အထက် လိုအပ်ပါတယ်။

Bombing Bastards : Touch

Bombing Bastards : Touch ထဲမှာ ရန်သူတွေ ပြည့်နှက်နေတဲ့ နယ်မြေကိုဖြတ်ကျော်ပြီး ကိုယ့်ရဲ့ပန်းတိုင်ကိုရောက်ရှိနိုင်အောင် စွန့်စားသွားလာရမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့လမ်းကြောင်းမှာ ပိတ်ဆို့နေတဲ့အရာတွေကို ဗုံးထောင်ကာ ဖောက်ခွဲပစ်ရပါမယ်။ ကိုယ်ထောင်ထားတဲ့ဗုံးကို ကိုယ်တိုင် မထိမှန်စေဖို့ ထောင်ပြီးတာနဲ့ လွတ်ရာကိုရှောင်ရှားသွားဖို့ လိုအပ်ပါတယ်။ ရှေ့မှာလာနေတဲ့ရန်သူတွေကိုလည်း ဗုံးထောင်ကာ ဖောက်ခွဲသတ်ဖြတ်ပစ်နိုင်ပါတယ်။ အကောင်းဆုံးကတော့ ရန်သူတွေနဲ့ထိပ်တိုက်မတွေ့မိဖို့ပါပဲ။ ရန်သူတွေရှိနေတဲ့လမ်းကြောင်းကို ရှောင်ရှားပြီး သွားရမှာဖြစ်သလို ရှောင်ရှားလို့မရဘူးဆိုရင်လည်း ပရိယာယ်တွေသုံးကာ ကိုယ့်ဆီကိုရောက်အောင်ခေါ်ပြီး ဗုံးထောင်ဖောက်ခွဲပစ်ရပါမယ်။ ကိုယ့်အတွက် အကျိုးရှိစေမေယ့် items တွေနဲ့ လိုက်လံစုဆောင်း အသုံးချနိုင်တဲ့ power ups တွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။ အလွန်စွမ်းအားကြီးမားတဲ့ ရောမရန်သူကြီးတွေကိုလည်း ရန်ဆိုင်တိုက်ခိုက်ချေမှုန်းသွားရပါမယ်။ ဒီဂိမ်းဟာ touchscreen-based gameplay ဖြစ်ပြီး single player သာ ကစားနိုင်ပါတယ်။ ဂိမ်းထဲမှာ ပါရှိတဲ့အရာတွေအားလုံးကို free အသုံးပြုနိုင်တာကြောင့် အလွန်အဆင်ပြေပါတယ်။ Bombing Bastards : Touch ဂိမ်းကို ကစားချင်တယ်ဆိုရင် Android 4.0 နဲ့အထက် ရှိရမှာပဲ ဖြစ်ပါတယ်။



Color Switch

Color Switch ဂိမ်းကတော့ တိုက်ခိုက်ရေးဂိမ်းတွေ၊ စွန့်စားခန်းဂိမ်းတွေ ကစားရတာ ပြီးငွေ့နေတဲ့ သူတွေအတွက် အရောင်လေးတွေကို အဓိကထားကစားရမယ့် ပေါ့ပေါ့ပါးပါး ဘောလုံးဂိမ်းလေးတစ်ခုပါပဲ။ ဒီထဲမှာ ထောက်ပံ့ပေးထားတဲ့ ဘောလုံးလေးဟာ အခက်အခဲ အတားအဆီးတွေကိုဖြတ်ကျော်ပြီး ထိပ်ဆုံးရောက်ရှိနိုင်အောင် တရွေ့ရွေ့တက်သွားရမှာ ဖြစ်ပါတယ်။ ဘောလုံးလေးရဲ့ရွေ့မှာ အခက်အခဲ အတားအဆီးတွေက အရောင်စုံရှိနေပါတယ်။ ရွေ့လျားနေတဲ့အရောင်တွေကို ကြည့်ပြီး ကိုယ့်ဆီမှာရှိတဲ့ ဘောလုံးအရောင်နဲ့ ကိုက်ညီမှသာ ဘောလုံးကို tap လုပ်လိုက်ရပါမယ်။ ဒါမှသာအရောင်တူတဲ့ အတားအဆီးတွေကို ကျော်လွှားနိုင်ပြီး စက်ဝိုင်းတွေ၊ လေးထောင့်ကွင်းတွေနဲ့ တြိဂံတွေထဲမှာ ရှိတဲ့ စွမ်းအားလေးတွေကို လိုက်လံစုဆောင်းနိုင်မှာဖြစ်ပါတယ်။ ဒီဂိမ်းကို ကစားဖို့အဓိက လိုအပ်တာက သင့်စိတ်ကို ငြိမ်ငြိမ်ထားပြီး ကိုယ့်ဘောလုံးနဲ့တူတဲ့ အရောင်လေးတွေ ကိုယ့်အရှေ့ရောက်လာတဲ့အထိ စိတ်ရှည်ရှည် စောင့်ဆိုင်းဖို့ပါပဲ။ ကိုယ်ရွေးချယ်တဲ့ အရောင်တွေမှားသွားမယ်ဆိုရင် သင်ဟာရှုံးနိမ့်သွားပြီး အစကနေ ပြန်စကစားရမှာပါ။ နောက်ဆုံးမှာ levels ပေါင်း ၂၅ ခုကို တစ်ဆင့်ပြီးတစ်ဆင့်ဖြတ်ကျော် ကစားသွားရမှာ ဖြစ်ပါတယ်။ ဒီဂိမ်းကို ကစားဖို့အတွက် Android 2.3 နဲ့အထက် လိုအပ်ပါတယ်။



Pocket Mortys

Pocket Mortys ဟာ Rick and Morty "Rickstaverse" TV series ပေါ်နောက်ခံထားကာ ဖန်တီးထားတဲ့ role playing ဂိမ်းဖြစ်ပါတယ်။ ဒီဂိမ်းမှာ Pokemon ဂိမ်းတွေလိုပဲ တူညီတဲ့ကစားပုံနဲ့ သဘောတရားတို့ကို အသုံးပြုထားပြီး ရန်သူ Mortys တွေ အမျိုးမျိုးနဲ့ တိုက်ခိုက်ရမှာဖြစ်ပါတယ်။ ရန်သူ Mortys တွေကို တိုက်ခိုက်ဖို့အတွက် ဇာတ်ကောင် Mortys တွေ ကို အသုံးပြုရမှာပါ။ Morty Manipulation Chip ကို အသုံးပြုပြီးတော့ ရန်သူ Mortys တွေကို ဖမ်းဆီးရမှာပါ။ တိုက်ခိုက်တဲ့အခါ ဇာတ်ကောင် Morty ရဲ့ HP က သူညအထိ လျော့သွားတဲ့အချိန်မှာ လှုပ်ရှားမှုတွေရပ်သွားပြီး အားပြန်ပြည့်လာတော့မှ ပြန်ပြီးတိုက်ခိုက်နိုင်မှာ ဖြစ်ပါတယ်။ ကစားသူရဲ့ Morty မှာ EXP တွေရရှိဖို့အတွက် ရန်သူ Morty တွေကို အားလျော့သွားအောင်လုပ်ရမှာပါ။ EXP တွေ လုံလုံလောက်လောက်ရရှိပါက သင့်ရဲ့ဇာတ်ကောင် Morty တွေ အဆင့်တက်သွားမှာ ဖြစ်ပါတယ်။ ရန်သူ Morty နဲ့တိုက်ခိုက်စဉ်မှာ အဲဒီရန်သူပေါ်ကို Manipulation Chip နဲ့ပစ်ပြီး ဖမ်းနိုင်ပါတယ်။ ရန်သူ Morty ကို အောင်မြင်စွာဖမ်းမိပါက ကစားသူရဲ့အဝိုင်ဖြစ်လာမှာပါ။ ဒီဂိမ်းရဲ့နောက်ဆုံးပန်းတိုင်ကတော့ တကယ့်အားကောင်းတဲ့ ရန်သူ Rick တွေကို ရင်ဆိုင်ဖို့အတွက် Mortys တွေ အများကြီးရရှိအောင်လုပ်ပြီး အဖွဲ့ဖြစ်လာအောင် အဆင့်မြှင့်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီဂိမ်းကို iOS 8.0 နဲ့အထက်မှာ ကစားနိုင်ပါတယ်။

Sky Chasers

Sky Chasers မှာတော့ စက်တပ်ကတ်ထူသေတ္တာကလေးစီးပြီး ဂူတစ်လျှောက်ပုံသန်းမယ့် ပိုးကောင်လေးအဖြစ် ကစားရမယ့်ဂိမ်းပုံစံ ဖြစ်ပါတယ်။ ဇာတ်ကောင်ပိုးကောင်ကလေးကို ခရီးတစ်လျှောက် မနားတမ်းပုံသန်းပေးရမှာဖြစ်ပါတယ်။ ဂိမ်းမြေပုံကို တည့်နေရာ ၃ ခုနဲ့ ဖန်တီးထားပြီး ဂိမ်းအဆုံးကို မရောက်မချင်း ဒါမှမဟုတ် ဆီမကုန်မချင်းဆက်တိုက်ပုံသန်းသွားရမှာပါ။ ဆီကုန်လာတဲ့အချိန်မှာတော့ ဇာတ်ဆီဆိုင်တွေမှာ ဆီပြန်ဖြည့်ရမှာပါ။ ဒီဂိမ်းက ဘယ်ညာယိမ်းပြီး ကစားရတာမျိုးမဟုတ်ဘဲ ဖုန်းမျက်နှာပြင်ကို လက်နဲ့တို့ထိပြီး ကစားရတာဖြစ်ပါတယ်။ ဘယ်ဘက်အပေါ်ကိုပုံဖို့အတွက် ဖုန်းမျက်နှာပြင်ရဲ့ ဘယ်ဘက်ကိုထိပြီး ညာဘက်အပေါ်ကို ပုံမယ်ဆိုရင် ညာဘက်ခြမ်းကိုဖိရမှာပါ။ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ဖုန်း screen အောက်ဘက်ကိုဆွဲရွေ့ကာ ဗုံးတွေကြဲချနိုင်စွမ်းတွေ ရလာမှာဖြစ်ပြီး screen တစ်ဖက်ကနေ တစ်ဖက်ကို ရွှေ့ပြီးတော့ မီးလင်္ကာတွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ နှင်းလွင်ပြင်တစ်ခုနဲ့ သစ်တော ၂ ခုအတွင်း ပုံသန်းရမှာဖြစ်ပြီး လမ်းတစ်လျှောက်မှာ ဒဂိုးပြားတွေကိုပါ ရအောင်ယူသွားနိုင်ဖို့ လိုပါတယ်။ ထူးခြားတဲ့ရန်သူတွေနဲ့ ပဟေဠိတွေ၊ စိန်ခေါ်မှုတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အသုံးပြုမယ့်ယာဉ်တွေကိုလည်း unlock လုပ်ယူနိုင်ပါတယ်။ iOS 7.0 နဲ့အထက်မှာ ကစားနိုင်ပါတယ်။

Mystery of Fortune

Mystery of Fortune ဟာ Fortune Chronicle တွေထဲက ၆ ခုမြောက် episode ဖြစ်ပါတယ်။ ဒီ real-time အက်ရှင်ဂိမ်းသစ်မှာ SRPG ဂိမ်းဖြစ်တဲ့ Rebirth of Fortune 2 ထဲက ဇာတ်ကောင်တွေကို ရွေးချယ်ကစားရမှာပါ။ စိတ်လှုပ်ရှားဖွယ်ရာ ဂိမ်းဇာတ်လမ်းလေးဖြစ်ပြီး monster တွေနဲ့ တိုက်ခိုက်ရမယ့်ပုံစံပါ။ Monster တွေနဲ့ တိုက်ခိုက်ရမယ့် အခန်းပေါင်း ၂၅ ခုရှိပြီး monster ၃၅ မျိုးကျော်အထိ ရင်ဆိုင်တွေ့ရမှာဖြစ်ပါတယ်။ မဟာဗျူဟာခင်းပြီး ကစားနိုင်မယ့် real-time battle တွေကို ဖန်တီးပေးထားလို့ ကစားသူတွေ အကြိုက်တွေ့မှာပါ။ ဒီဂိမ်းမှာ တိုက်ပွဲတိုင်းက အလှိုအလျောက် ပေါ်လာပြီး တိုက်ပွဲမစခင်မှာ ကစားသူအနေနဲ့ ဗျူဟာခင်းကာ အဖွဲ့တွေကို အဆင့်မြှင့်တာ၊ လက်နက်တပ်ဆင်တာတို့ ပြုလုပ်ပေးနိုင်ပါတယ်။ တိုက်ပွဲ စပြီဆိုတာနဲ့ စောင့်ကြည့်ပြီးတော့ လိုအပ်ပါက HP တွေ ရရှိဖို့အတွက် items တွေ အသုံးပြုနိုင်ပါတယ်။ Mini ဂိမ်းတွေလည်း ကစားရမှာပါ။ 2D graphics ကို သုံးထားပြီး Universal ဂိမ်းဖြစ်ကာ Retian Display တိုင်းမှာ ကစားနိုင်ပါတယ်။ iCloud ကတစ်ဆင့် ဂိမ်း progress တွေကို iOS device တွေ အချင်းချင်း sharing လုပ်နိုင်ပါတယ်။ Game center နဲ့ ချိတ်ဆက်ထားတဲ့ အတွက်လည်း ကမ္ဘာတစ်ဝန်းက ကစားသမားတွေနဲ့ ယှဉ်ပြိုင်နိုင်ပါသေးတယ်။ Mystery of Fortune ကို iOS 5.1.1 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။

Latest Gadgets & Mobile Accessories

New Products

Intex iRist Smartwatch with Android

➲ **199,000 Ks**

ပြည်တွင်းဈေးကွက်ထဲကို အသစ်ဝင်ရောက်လာတဲ့ Intex အမှတ်တံဆိပ် Smartwatch လေးနဲ့ မိတ်ဆက်ပေးပါရစေ။ မျက်နှာပြင်အရွယ်အစားက 1.56 လက်မရှိကာ OLED capacitive touchscreen အမျိုးအစား ဖြစ်ပါတယ်။ ဒီ Smartwatch ထဲမှာ GSM နဲ့ WCDMA SIM Card တို့ကို ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ကာ Single SIM အမျိုးအစား ဖြစ်ပါတယ်။ လုပ်ဆောင်ချက်တွေ မြန်ဆန်ကောင်းမွန်စေဖို့ အတွက် 1.2GHz Dual Core CPU ကို အသုံးပြုထားကာ RAM ကတော့ 512MB ဖြစ်ပါတယ်။ Internal Memory 4GB ပါရှိကာ Memory ကို တိုးချဲ့အသုံးပြုနိုင်ပါလိမ့်မယ်။ Android Version 4.4.2 (KitKat) OS ကို အသုံးပြုပေးထားပြီး 5.0 Mega-pixels ရှိတဲ့ကင်မရာလည်း ပါရှိပါသေးတယ်။

Nxt9 : 09-420166066

Devil Ray Portable Bluetooth Touch Wireless Speaker - HL201

➲ **30,000 Ks**

ဒီဖိုင်းဆန်းဆန်းလေးနဲ့ ခရုခွံပုံစံ ဖန်တီးပြုလုပ်ပေးထားတဲ့ Portable Bluetooth Speaker လေးပါ။ ကိုယ်ထည်ပိုင်းကို ဖိုင်ဘာဖြင့် ပြုလုပ်ထားတာကြောင့် အလေးချိန်ပေါ့ပါးမှုရှိကာ တစ်နေရာကတစ်နေရာကို အလွယ်တကူသယ်ယူ အသုံးပြုနိုင်ပါလိမ့်မယ်။ ဒီ Speaker လေးကို အသုံးပြုနေစဉ်မှာ LED မီးများလည်း လင်းလာမှာပါ။ Bluetooth Function ပါရှိတဲ့ မည်သည့် Mobile Devices တွေနဲ့မဆို အဆင်ပြေစွာတွဲဖက်အသုံးပြုနိုင်ပြီး SD Card Slot လည်း ပါရှိပါတယ်။ တစ်ခါအားသွင်းထားရင် ၈ နာရီကြာ အသုံးပြုနိုင်မှာပါ။

BUY NOW : 09-260025552

Ultra Lightweight Slim Smart Samsung Galaxy Tab S2 Book Cover Case

➲ **44,000 Ks**

Samsung Galaxy Tab S2 (8.0) လက်မနဲ့ (9.7) လက်မတို့အတွက် ထုတ်လုပ်ပေးထားတဲ့ Book Cover ဖြစ်ပါတယ်။ Cover ရဲ့ အပြင်ပိုင်းကို အကြမ်းခံတဲ့ Leather နဲ့ ပြုလုပ်ပေးထားကာ အတွင်းဘက်မှာလည်း Leather အနေဖြင့် ပြုလုပ်ပေးထားတာကြောင့် Table ရဲ့ Screen ကို ထိခိုက်ပွန်းပဲ့မှုတွေ မဖြစ်စေပါဘူး။ ဒါ့အပြင် လက်မှ လွတ်ကျသွားတဲ့အခါ အဖုံးလန်ထွက်မသွားအောင် ထိန်းပေးနိုင်တဲ့ သံလိုက်ပါရှိကာ မိမိအဆင်ပြေသလို stand ပုံစံ အမျိုးမျိုးဖြင့် အသုံးပြုနိုင်ပါတယ်။

Unique : 01-398436

Mini Spy Video Camcorder with Voice Control

➲ **28,000 Ks**

အရွယ်အစားသေးငယ်စွာ ဖန်တီးပေးထားတဲ့ SPY Product တစ်ခုဖြစ်ပါတယ်။ Mic အပေါက် များစွာပါရှိတာကြောင့် အသံများကို ပိုမိုကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်မှာဖြစ်သလို ဗီဒီယိုလည်း ရိုက်ကူးနိုင်ပါလိမ့်မယ်။ ရိုက်ကူးပေးမယ့် ဗီဒီယို ရဲ့ ရုပ်ထွက်အရည်အသွေးက (720 x 480) ဖြစ်ကာ 30fps ဖြင့် ရိုက်ကူးနိုင်မှာပါ။ ကွန်ပျူတာနဲ့ ချိတ်ဆက်ကာ Webcam အဖြစ်လည်း အသုံးပြုလို့ရပါတယ်။ Memory Card 8GB အထိ ထည့်သွင်း အသုံးပြုနိုင်ပါတယ်။

8 Ray Shopping Center : 09-450127303

De Do Universal Mobile Phone Portable Fold Stand Holder

➲ **4,000 Ks**

iPhone, iPad, Tablet တွေနဲ့ အဆင်ပြေစွာတွဲဖက်အသုံးပြုနိုင်မယ့် Phone Stand လေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ ဒီဖိုင်းပိုင်းကလည်း လှပသေသပ်မှုရှိကာ ကိုယ်ထည်ပိုင်းကို ဖိုင်ဘာနဲ့ပြုလုပ်ပေးထားတာပါ။ လူကြီးမင်းတို့ရဲ့ iPhone, iPad တွေကို ဒီ Stand မှာ အလွယ်တကူတပ်ဆင်ရင်း ထောင်လျက်အနေအထားနဲ့ အသုံးပြုနိုင်ပါလိမ့်မယ်။ မိမိစိတ်ကြိုက် အရောင်တွေကို ရွေးချယ်ဝယ်ယူနိုင်မှာပါ။

Max : 09-49252403

Sonicgear Morro 3 BTMI 2.1 Multimedia Bluetooth Speaker

➲ **62,000 Ks**

iPhone Phone, Android Phone တွေနဲ့ အဆင်ပြေစွာ တွဲဖက်အသုံးပြုနိုင်မယ့် Bluetooth Speaker ဖြစ်ပါတယ်။ 2.1 Channel Speaker အမျိုးအစားဖြစ်ပြီး Bass အသံထွက် အထူးကောင်းမွန်ပါတယ်။ အသုံးပြုနေစဉ် ဖုန်းဝင်လာခဲ့ရင်လည်း ဒီ Speaker ကနေပဲ ဖုန်းလက်ခံစကားပြောလို့ ရပါတယ်။ SD Card Slot ပါရှိကာ Memory ကို 16GB အထိ ထည့်သွင်းအသုံးပြုနိုင်မှာပါ။ ဒါ့အပြင် FM လိုင်းများကိုလည်း ဖမ်းယူနားဆင်နိုင်ပါလိမ့်မယ်။ အရောင်အနေနဲ့ကတော့ ရွေးချယ်လို့မရဘဲ အနက်ရောင်တစ်မျိုးတည်းကိုသာ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။

8 Ray Shopping Center : 09-450127303

Car Kit 3 Sockets and 2 USB Ports

➲ **8,500 Ks**

လူကြီးမင်းတို့ရဲ့ကားအတွင်းရှိ Cigarette Lighter မှာ ထည့်သွင်း အသုံးပြုရမယ့် Gadget လေးဖြစ်ပါတယ်။ ဒီပစ္စည်းလေးကနေ Car Kit ၃ ခုကို ပြန်ခွဲထုတ်ပေးမှာဖြစ်သလို USB 2 ports ပါ ခွဲထုတ်ပေးဦးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် Mobile Devices ၂ ခုကိုလည်း ကားအတွင်းမှာ တစ်ပြိုင်နက်တည်း အားသွင်းထားလို့ ရမှာဖြစ်ပါတယ်။ အရေအတွက် များများဝယ်ယူလိုတဲ့ သူတွေကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးတဲ့အစီအစဉ်တွေလည်း ရှိပါတယ်။

Max : 09-49252403

MWC 2016

Mobile World Congress 2016 ကို စပိန်၊ ဘာစီလိုနာမှာ ၂၂ ရက်ကနေ ၂၅ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ နှစ်စဉ်ကျင်းပတဲ့ဒီပွဲဟာ ကမ္ဘာအကြီးဆုံးနည်းပညာပြပွဲတွေထဲက တစ်ခုဖြစ်ပြီး ကုမ္ပဏီ 2000 ကျော်မှ ထူးခြားတဲ့နည်းပညာတွေကို ပြသကြပါတယ်။ ၂၂ ရက်နေ့မတိုင်မီ တနင်္ဂနွေနေ့ကတည်းက MWC ပွဲဟာ LG နဲ့ Samsung ကိုရီးယားကုမ္ပဏီကြီး ၂ ခုရဲ့ အကောင်းဆုံးဖုန်းတွေနဲ့အတူ စတင်အသက်ဝင်လာခဲ့ပါတယ်။ MWC 2016 ပွဲရဲ့ နောက်ထပ်ထူးခြားမှုတစ်ခုကတော့ နေရာတိုင်းလိုလိုမှာ VR ပစ္စည်းတွေကိုပေါပေါများများတွေ့လာရတာပါပဲ။ 2016 ဟာ VR အတွက် ထူးခြားမယ့်နှစ်တစ်နှစ်ဆိုတာ ဒါနဲ့တင်သိသာစေခဲ့ပါတယ်။ MWC 2016 ရဲ့ထူးခြားတဲ့ပစ္စည်းတွေကို လေ့လာကြည့်နိုင်ဖို့ ဒီ Special Report ကို တင်ဆက်ပေးဖြစ်ခဲ့ပါတယ်။

Part I

Alcatel Idol 4 & 4S

Alcatel ဟာဖုန်းထုတ်လုပ်တဲ့ အဓိကကုမ္ပဏီကြီးဖြစ်ပေမယ့် အများအားဖြင့် ဈေးသက်သာတဲ့ဖုန်းတွေကိုပဲ ထုတ်လုပ်လေ့ရှိပါတယ်။ ဒါပေမယ့် ဒီတစ်ခါမှာတော့ Alcatel ဟာ Idol 4 နဲ့ 4S ကို ထုတ်လုပ်ပေးခဲ့ပါတယ်။ Spec အရ ဒီဖုန်းနှစ်လုံးဟာ mid-range စမတ်ဖုန်းတွေလို့သတ်မှတ်နိုင်ပြီး ဈေးနှုန်းအရလည်း သင့်တင့်တဲ့အထဲမှာပါပါတယ်။ Android ကိုလည်း တတ်နိုင်သမျှရိုးရိုးရှင်းရှင်းဖြစ်အောင် သုံးစွဲပေးထားတာကိုတွေ့ရပါတယ်။ ဒီဇိုင်းအရလည်း ထူးခြားပြီး ဆွဲဆောင်မှုရှိအောင် ဖန်တီးနိုင်ခဲ့ပါတယ်။ Idol 4 ဟာ 5.2" 1080 p Full HD display ပါဝင်ပြီး Snapdragon 617 processor ကို သုံးစွဲထားပါတယ်။ 4S ကတော့ 4 ထက်အနည်းငယ်ပိုကြီးပြီး ၅ ∘ ၅ လက်မ 1440 p resolution display ပါဝင်ပါတယ်။ Idol 4 ဟာ ဒေါ်လာ ၃၀၀ ဝန်းကျင်ဈေးရှိမှာဖြစ်ပြီး 4S ကတော့ ဒေါ်လာ ၄၀၀ နဲ့ ၅၀၀ ကြားမှာရှိမယ်လို့ ခန့်မှန်းကြပါတယ်။ Idol 4S မှာ ပိုမိုစွမ်းဆောင်ရည်မြင့်မားတဲ့ Snapdragon 652 processor ကိုသုံးစွဲပေးထားပါတယ်။ ဖုန်းကိုကိုင်ထားတဲ့အနေအထားပေါ်မူတည်ပြီး စတီရီယိုစပီကာကလည်း အသံကို ပြောင်းလဲထုတ်လုပ်ပေးနိုင်ပါတယ်။ ကျော ဘက်မှာပဲ စတီရီယိုစပီကာအပို ထပ်မံပါဝင်ပါတယ်။ Alcatel ဟာ သုံးစွဲသူများ ပိုမိုကောင်းမွန်စွာသုံးစွဲနိုင်ဖို့ ရည်ရွယ်ကာ Idol 4 နဲ့ 4S ကိုထုတ်လုပ်ခဲ့ပြီး မလိုအပ်တဲ့ app နဲ့ feature များစွာထည့်သွင်းခြင်းမပြုခဲ့ပါဘူး။

Epson's Moverio BT-300

Augmented reality နည်းပညာသုံးထားတဲ့ စမတ်မျက်မှန်တွေဟာ ထူးခြားတဲ့အတွေးအခေါ်တစ်ခုပါ။ Epson ရဲ့အသစ်ထုတ်လုပ်လိုက်တဲ့ Moverio BT -300 စမတ်မျက်မှန်ဟာ OLED display ပါဝင်ပြီး စိတ်ဝင်စားစရာဖြစ်ခဲ့ပါတယ်။ ယခင်က Moverio BT-200 ဟာ LCD ကိုသုံးတာမို့ မျက်စိရှေ့မှာ screen ရှိနေတယ်ဆိုတာ သိသာခဲ့ပါတယ်။ ယခုအသစ်ထုတ်လုပ်ခဲ့တဲ့ BT-300 မျက်မှန်ဟာ ပိုမိုပါးလွာခဲ့ပြီး OLED ကိုသုံးခဲ့ပါတယ်။ ဒါကြောင့် မြင်ရတဲ့အမြင်ဟာ AR နဲ့ ပိုဆင်တူတဲ့ခံစားချက်ကို ပေးနိုင်ခဲ့ပါတယ်။ Epson ရဲ့ စမတ်မျက်မှန်ဟာ 2D-3D ဗီဒီယိုကို ပြသပေးနိုင်သလို app နဲ့ ပုံတွေကိုလည်း ပြသပေးနိုင်ပြီး VR content တွေကိုလည်းပြသပေးနိုင်ကာ touchpad controller ကလည်း ပါဝင်ပါတယ်။ AR အနေနဲ့သုံးနိုင်ပြီး drone တွေကိုထိန်းသိမ်းရာမှာလည်းသုံးနိုင်ပါတယ်။ Microsoft ရဲ့ Hololens နဲ့ သုံးစွဲပုံခြင်းမတူပေမယ့်ဒီစမတ်မျက်မှန်ကိုလည်းလုပ်ငန်းအတွက် သုံးစွဲနိုင်ပါတယ်။ Epson က Moverio BT-300 စမတ်မျက်မှန်ကို 2016 နှောင်းပိုင်းမှာစတင်ရောင်းချဖို့ရှိပြီး လူတိုင်းကိုရောင်းချပေးသွားမှာဖြစ်ပါတယ်။ OLED ကြောင့် ပိုမိုကောင်းမွန်လာခဲ့ပြီး ဒီဇိုင်းပိုင်းမှာလည်း ပိုမိုကောင်းမွန်လာခဲ့ပါတယ်။ BT 200 ထက် 20% ပိုမိုပေါ့ပါးလာခဲ့ပြီး BT-300 မှာ Intel Atom X5 quad-core processor သုံးစွဲကာ Android 5.1 Lollipop ကိုအခြေခံထားပါတယ်။ 5 MP ကင်မရာပါဝင်ပြီး Si-OLED projection system နဲ့ အလုပ်လုပ်ပါတယ်။

Garmin Vivoactive HR

Garmin ဟာ သူ့ရဲ့ Fitness အခြေခံစမတ်နာရီတွေကို ဆက်တိုက်ဆိုသလို တိုးမြှင့်ထုတ်လုပ်နေခဲ့ပါတယ်။ Vivoactive HR ဟာ မူရင်း Vivoactive ရဲ့ဒီဇိုင်းနဲ့ လုံးဝကွဲပြားခဲ့ပြီး အသစ်မှာ optical heartrate sensor ပါဝင်လာခဲ့ပါတယ်။ Vivoactice HR ဟာ ဒေါ်လာ 250 ဝန်းကျင်ကျသင့်မှာဖြစ်ပြီး စမတ်နာရီတစ်ပိုင်း Fitness tracker တစ်ပိုင်းလို့ ဆိုနိုင်ပါတယ်။ စမတ်ဖုန်းကလာတဲ့ ဖုန်း call, message, email စတာတွေကို နာရီကနေသတိပေးနိုင်ပါတယ်။ ခြေလှမ်းအရေအတွက်၊ အကွာအဝေး၊ ကယ်လိုရီလောင်ကျွမ်းမှု၊ အိပ်စက်မှုစတာတွေကို တွက်ချက်ပေးနိုင်ပါတယ်။ ဒါ့အပြင် Vivoactive HR မှာ လေ့ကျားတက်တာနဲ့ ပြင်းပြင်းထန်ထန်လေ့ကျင့်ခန်းလုပ်တဲ့ ဓိနစ်တွေကိုပါ တွက်ချက်ပေးနိုင်လာပါတယ်။ လမ်းလျှောက်တာ၊ ပြေးတာ၊ စက်ဘီးစီးတာ၊ ရေကူးတာ စတဲ့လုပ်ဆောင်မှုတွေကိုလည်း ခွဲခြားသိရှိနိုင်ပါတယ်။ GPS ပါဝင်ပြီး Fitness apps အများအပြားတစ်ပါတည်းပါဝင်ပါတယ်။ အသေးစိတ်အချက်အလက်တွေကိုတော့ Garmin Connect app ကတစ်ဆင့်ကြည့်ရှုမှာဖြစ်ပြီး Android ကော iOS အတွက်ပါရနိုင်ပါတယ်။ ဘက်ထရီသက်တမ်းကောင်းမွန်ပြီး အားတစ်ခါသွင်းရင် ၈ ရက်ကြာအသုံးခံတာကို တွေ့ရပါတယ်။ Garmin app store ကနေ အခြား app များကိုလည်း download ရယူနိုင်ပါတယ်။ အမြဲပွင့်နေတဲ့ always-on touchscreen display ပါဝင်တာကလည်း Vivoactive HR ရဲ့ထူးခြားမှုတစ်ခုဖြစ်ပါတယ်။

Garmin Vivofit 3

Garmin ရဲ့ Fitness tracker အသစ် Vivofit 3 ဟာ ယခင် model ရဲ့အောင်မြင်မှုပေါ်အခြေခံတည်ဆောက်ခဲ့တာဖြစ်ပြီး ဒီဇိုင်းအနည်းငယ်ပြောင်းလဲကာ auto exercise detection လို feature အသစ်တွေ ပိုမိုပါဝင်လာခဲ့ပါတယ်။ Vivofit ရဲ့အဓိကအားသာချက်ဟာ ဘက်ထရီသက်တမ်းပဲဖြစ်ပြီး Vivofit 3 ဟာလည်း တစ်နှစ်တာဘက်ထရီအသုံးခံမယ်လို့ ဆိုထားပါတယ်။ ဒါပေမဲ့ တစ်နှစ်သုံးပြီးရင်တော့ ဒီဘက်ထရီကို manual နည်းနဲ့ဖြုတ်ပြီး လဲလှယ်နိုင်ပါတယ်။ Garmin ရဲ့ အခြားသော tracker များလိုပဲ Vivofit ကို ရေချိုးရာမှာ ရေကူးရာမှာ ဝတ်ဆင်ထားနိုင်ပါတယ်။ Vivofit 3 မှာ Garmin ဟာ အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ဒီဇိုင်းပြင်ဆင်မှုဟာ အဓိကသိသာခဲ့ပါတယ်။ Display အနည်းငယ်သေးသွားခဲ့တာကြောင့် အရင်လောက် လက်ပေါ်မှာကြီးမားလွန်းနေတာမျိုး မရှိတော့ပါဘူး။ Tracker ဟာ လမ်းလျှောက်၊ ပြေး၊ ရေကူး၊ တောင်တက် စတဲ့လေ့ကျင့်ခန်းတွေကို ခွဲခြားသိနိုင်လာပါတယ်။ Heartrate tracking မပါဝင်ပေမယ့် ခြေလှမ်း၊ ကယ်လိုရီလောင်ကျွမ်းမှု၊ အကွာအဝေး၊ အိပ်စက်မှုပုံစံစတာတွေကို တိုင်းတာပေးနိုင်ပါတယ်။ Stopwatch အနေနဲ့လည်းသုံးနိုင်ပြီး အသေးစိတ်အချက်အလက်တွေအတွက်တော့ Garmin Connect app ကိုသုံးပြီး Android, iOS တို့မှာ သုံးနိုင်မှာဖြစ်ပါတယ်။

Cat S60

Cat S60 အဓိကထူးခြားချက်ဟာ Flir thermal imaging camera ပေါ်မှာ မူတည်နေပါတယ်။ အဓိကရည်ရွယ်တာကတော့ ယခင် Cat တံဆိပ်ဖုန်းတွေလိုပဲ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် ဖြစ်ပါတယ်။ မီတာ ၃၀ (ပေ ၁၀၀) အကွာကနေ အပူချိန်ပြတဲ့ပုံကို ရိုက်ကူးနိုင်ပါတယ်။ Heatsensor ဟာ ဖုန်းရဲ့ကျောဘက်မှာရှိနေပြီး 13 MP ကင်မရာနဲ့ပေါင်းစပ်လိုက်တဲ့အခါမှာအပူချိန်ကိုပြပေးနိုင်တဲ့ ပုံတွေရိုက်ကူးနိုင်ခဲ့ပါတယ်။ တစ်ပါတည်းပါဝင်လာခဲ့ Flir app ဟာ download ရတဲ့ app နဲ့ အနည်းငယ်ကွဲပြားတာကို တွေ့နိုင်ပါတယ်။ ဒီဖုန်းဟာ octa-core processor ပါဝင်ပြီး Android 6.0 Marshmallow OS ကိုသုံးစွဲထားပါတယ်။ ပုံနဲ့အတူ data အားလုံးပါဝင်လာခဲ့ပြီး အပူချိန်သိလိုတဲ့နေရာကို လက်နဲ့ထောက်ကြည့်ပြီးသိနိုင်ပါတယ်။ Cat ဖုန်းဟာ အကြမ်းခံအောင် အဓိကတည်ဆောက်ထားတာဖြစ်လို့ လှပတဲ့ဒီဇိုင်းမျိုးတော့ မဖြစ်နိုင်ပါဘူး။ ကွန်ကရစ်ပေါ်ကို ၁ ၈ မီတာ (၅ ၈ ပေ) ကနေ ပြုတ်ကျတဲ့ဒဏ်ကိုခံနိုင်အောင် တည်ဆောက်ထားပါတယ်။ S60 ကို ရေအနက် ၅ မီတာမှာ တစ်နာရီ ထိခံနိုင်အောင်လည်း တည်ဆောက်ထားပါတယ်။ Storage 32GB ပါဝင်ပြီး micro SD နဲ့လည်း ထပ်မံတိုးမြှင့်နိုင်မှာဖြစ်ပါတယ်။ ၄ ၈ ရ လက်မ HD screen ပါဝင်ပြီး ရှေ့မှာ 5 MP ကင်မရာပါဝင်ပါတယ်။ 3800 mAh ဘက်ထရီကိုသုံးစွဲထားပါတယ်။

HP Elite X3

HP ဟာ 2011 နောက်ပိုင်းကတည်းက စမတ်ဖုန်းဈေးကွက်ထဲကို မဝင်ခဲ့တာကြာပါပြီ။ ဒါပေမဲ့ 2016 မှာတော့ ဒါဟာပြောင်းလဲလာခဲ့ပြီး HP Elite X3 ကို MWC 2016 မှာမြင်တွေ့ခဲ့ကြရပါတယ်။ Elite X3 ဟာ ဒီဇိုင်းအရ ကောင်းမွန်စွာတည်ဆောက်ထားပြီး အရွယ်အစားကြီးမားကာ Phablet တစ်ခုလို့ဆိုရမှာဖြစ်ပါတယ်။ 5.96 လက်မ display ဟာ 1440 x 2560 pixels resolution ရှိတဲ့ QHD screen ဖြစ်ပြီး anti-reflective cooting ပါဝင်သလို Corning Gorilla Glass 4 နဲ့ လည်းအထိအခိုက်မရှိအောင်ကာကွယ်ပေးထားပါတယ်။ AMOLED Capacitive touchscreen display အမျိုးအစားဖြစ်တာကြောင့် စိုပြေတဲ့ အရောင်အသွေးကို ပိုင်ဆိုင်ထားပါတယ်။ HP Elite X3 ဟာ Windows 10 ဖုန်းတစ်လုံးဖြစ်ပြီး Windows 10 ဖုန်းပရိသတ်တွေအတွက် ဖုန်းကောင်းကောင်းတစ်လုံးတိုးလာတယ်လို့ ဆိုနိုင်ပါတယ်။ Elite X3 အတွက် Snapdragon 820 2.15 GHz quad-core processor ကိုသုံးထားပြီး RAM 4GB ပါဝင်ကာ ဂရပ်ဖစ်အတွက် Adreno 530 GPU ကို သုံးပါတယ်။ HP Elite X3 မှာ storage ကိုလုံလုံလောက်လောက်ဖြစ်ဖို့ 64GB ထိပေးထားတာကို တွေ့နိုင်ပါတယ်။ အဓိကကင်မရာဟာ 16 MP ဖြစ်ပြီး ရှေ့မှာ 8 MP ကင်မရာပါဝင်ပါတယ်။ Iris scan ကိုလည်း Lumia 950 နဲ့ 950 XL တို့လိုပဲ ထည့်သွင်းပေးထားတာကို တွေ့ရပါတယ်။

HTC Desire 530 & 630

HTC ဟာ MWC 2016 မှာ ဖုန်းအချို့ကို ပြသသွားခဲ့ပြီး ဒီဖုန်းတွေထဲမှာ HTC Desire 530 နဲ့ HTC Desire 630 လည်းအပါအဝင် ဖြစ်ခဲ့ပါတယ်။ ဖုန်းနှစ်လုံးဟာ ဒီဇိုင်းအရ အများစုဆင်တူပြီး လူငယ်ပရိသတ်ကို ရည်ရွယ်တဲ့ဖုန်းတွေဖြစ်ခဲ့ပါတယ်။ အရောင်တွေဟာ တောက်ပပြီး လူငယ်ကြိုက်တဲ့အရောင်တွေပဲ များတာကို တွေ့ရပါတယ်။ ၅ လက်မ display ပါဝင်ပြီး 720 x 1280 pixels resolution ရှိကာ 294 ppi ရှိပါတယ်။ ဖုန်းနှစ်လုံးအတွက် storage 16GB ပါဝင်ပြီး 2200 mAh ဘက်ထရီကိုသုံးစွဲထားပါတယ်။ Android ရဲ့ နောက်ဆုံး OS Android 6.0 Marshmallow ကို သုံးထားတာကတော့ သဘောကျစရာပါပဲ။ HTC Desire 530 ဟာ only -level စမတ်ဖုန်းတစ်ခုဖြစ်ပြီး quad-core Qual-comm snapdragon 210 1.1 GHz processor ပါဝင်ပါတယ်။ 1.5 GB RAM ပါဝင်ပြီး အဓိကကင်မရာဟာ 8 MP ဖြစ်ပြီး ရှေ့မှာ 5 MP ကင်မရာပါဝင်ပါတယ်။ HTC Desire 630 မှာတော့ Snapdragon 400 quad-core 1.6 GHz processor ပါဝင်ပြီး 2 GB RAM နဲ့ ထောက်ပံ့ပေးထားပါတယ်။ အဓိကကင်မရာဟာ 13 MP ဖြစ်ပြီး ရှေ့မှာ 5 MP ကင်မရာကို သုံးထားပါတယ်။ လူငယ်တွေအတွက် ရည်ရွယ်တဲ့အတွက် social network နဲ့ ပေါ့ပေါ့ပါးပါး Mobile Game တွေကို ကစားနိုင်ပါလိမ့်မယ်။ လက်ထဲမှာကိုင်သုံးတဲ့အခါလည်း နူးညံ့နေအောင်ဖန်တီးပေးထားပါတယ်။

Lofit Smart Shoe

Lofit စမတ်ဖိနပ်ဟာ lofit app နဲ့တွဲဖက်ထားပြီး bluetooth နဲ့ ချိတ်ဆက်ကာ အလေးချိန်နဲ့ ဖိအားသက်ရောက်မှုကို သိနိုင်ပါတယ်။ Golf ကစားသူတွေအတွက် ဖန်တီးထားပြီး ဖိနပ်ထဲမှာပါတဲ့ pressure sensor ဟာ သင်ဂေါက်ရိုက်ချိန်မှာရှိတဲ့ ကိုယ်ဟန်အနေအထားကိုသိနိုင်ပါတယ်။ App ဟာ အဓိကအားဖြင့် ဗီဒီယိုနဲ့ နမူနာပြသပေးမှာဖြစ်ပြီး ဂေါက်ရိုက်ပုံကို လေ့လာခွင့်ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့်ဖိနပ်နဲ့ app တွဲဖက်မှုဟာ ဂေါက်သီးနဲ့အလေးမတဲ့ အားကစားအချို့အတွက်ကိုလည်းရည်ရွယ်ထားပါတယ်။ တောင်ကိုဧရာဖိနပ်ထုတ်လုပ်သူ TNS နဲ့ပေါင်းစည်းထားပြီး ဖိနပ်ရဲ့ စတိုင်ဟာ အားကစားဖိနပ်ပုံစံမျိုးရှိပါတယ်။ ဒါပေမဲ့ Lofit စမတ်ဖိနပ်ဟာ နေ့စဉ်လမ်းလျှောက်တာ ၊ ပြေးတာတို့အတွက် ဖန်တီးထားတာမဟုတ်ပါဘူး။ ခြေလှမ်းကိုလည်း တွက်ချက်ပေးနိုင်ခြင်းမရှိပါဘူး။ မကြာခင် Kickstarter campaign စတင်မှာဖြစ်ပြီး ဇူလိုင်လလောက်မှာ စတင်ရောင်းချမယ်လို့သိရှိရပါတယ်။ ၂၅၉ ဒေါ်လာဈေးသတ်မှတ်ထားပြီး ဖေဖော်ဝါရီ ၂၂ ရက်ကနေ မတ်လ ၁၀ ရက်အတွင်းမှာ ၁၉၉ ဒေါ်လာနဲ့ ရနိုင်ပါလိမ့်မယ်။

Lenovo Vibe K5 & K5 Plus

Lenovo MWC 2016 မှာ Vibe K5 နဲ့ K5 Plus ကိုပြသသွားခဲ့ပြီး ဒေါ်လာ 129 နဲ့ 149 အသီးသီးသာကျသင့်လို့ ဈေးသက်သာတဲ့ device တွေလို့ ဆိုနိုင်ပါတယ်။ နှစ်ခုစလုံးဟာ 6" devices တွေပဲဖြစ်ပြီး hardware ပိုင်းအရနဲ့ display resolution အရပဲကွဲပြားပါတယ်။ Dolby Almos Support ပါဝင်လို့ အသံအတွက် အဓိကထားတည်ဆောက်ထားပါတယ်။ Vibe K5 အတွက် Snapdragon 415 processor ကိုသုံးထားပြီး Vibe K5 Plus အတွက် Snapdragon 616 processor ကိုသုံးခဲ့ပါတယ်။ ဖုန်းနှစ်မျိုးစလုံးမှာ RAM 2 GB ထောက်ပံ့ပေးထားပြီး storage 16GB ပါဝင်ကာ micro SD နဲ့လည်း ထပ်မံဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ K5 မှာ 5" အရွယ် display ပါဝင်ပြီး K5 Plus မှာတော့ 5" 1080 p full HD display ပါဝင်ပါတယ်။ အဓိကကင်မရာဟာ 13 MP ဖြစ်ပြီး ရှေ့ဘက်မှာ 5 MP ကင်မရာပါဝင်ပါတယ်။ Dual- SIM အသုံးပြုနိုင်ပြီး LTE network ထိသုံးစွဲနိုင်ပါတယ်။ Android 5.1 Lollipop ကိုသုံးထားပြီး 2750 mAh ဘက်ထရီကို ဖုန်း ၂ ခုစလုံးမှာတွေ့နိုင်ပါလိမ့်မယ်။

Samsung Galaxy S7 Edge

Samsung ဟာ S7 Edge ကို ဖန်သားပြင်ကျောဘက်၊ အလူမိနီယမ်ကိုယ်ထည်ဒီဇိုင်းတို့နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ Note 5 အတိုင်းပဲ ကျောဘက်ကို ကွေးထားပြီး curved ဒီဇိုင်းကို S7 Edge ရဲ့ရှေ့မျက်နှာပြင်နဲ့ ကျောဘက်တို့မှာ တွေ့နိုင်ပါတယ်။ 7.7 mm အထူနဲ့ အလေးချိန်ဟာ 157 g ရှိပါတယ်။ Edge display ကို အဆင့်မြင့်တင်ထားပြီး ပိုအသုံးတည့်အောင် Features တွေအများကြီး ထည့်ပေးထားပါတယ်။ S7 အတိုင်း Edge မှာ always-on display ပါဝင်နေပြီး 5.5 လက်မအရွယ် Display ဟာ 1440 x 2560 pixels QHD ရုပ်ထွက်အရည်အသွေးကို ပေးစွမ်းနိုင်ပါတယ်။ S7 Edge မှာ Android OS 6.0 (Marshmallow) သုံးနိုင်ပြီး Touchwiz UI သုံးထားပါတယ်။ ဖုန်းရဲ့ကျောဘက်မှာ 12 MP ကင်မရာပါဝင်နေပြီး OIS, LED Flash မီးထည့်သွင်းထားပါတယ်။ 4K ဗီဒီယိုရိုက်ကူးနိုင်ပြီး ရှေ့ဘက် 5 MP ကင်မရာနဲ့ Auto HDR တွေရိုက်နိုင်ပါတယ်။ Fingerprint, heart rate, spo$_2$ စတဲ့ sensors တို့ပါဝင်ပြီး 4G ကွန်ရက်ထိချိတ်ဆက်နိုင်တဲ့ စမတ်ဖုန်းဖြစ်ပါတယ်။ S7 Edge ဟာရေစိုခံနိုင်ရည်ရှိပြီး ရေအနက် 1.5 မီတာမှာ မိနစ် ၃၀ ကြာခံနိုင်စွမ်းရှိပါတယ်။ Qualcomm ရဲ့နောက်ဆုံးပေါ် Snapdragon 820 Octa-core processor သုံးထားပြီး 4 GB RAM ကို လုံလုံလောက်လောက် အသုံးချနိုင်ပါတယ်။ မိနစ် 30 အားသွင်းရုံနဲ့ 83% အားပြန်ဖြည့်ပေးနိုင်ပြီး Fast battery charging နည်းပညာကြောင့်ဖြစ်ပါတယ်။

Sony Xperia X

Sony ရဲ့ Xperia ဖုန်းတွေအတိုင်း ခပ်များများ ကျောဘက်ဒီဇိုင်းနဲ့ အနည်းငယ်ကွေးထားတဲ့ ဘေးထောင့်ဒီဇိုင်းတို့ကို Xperia X မှာပြောင်းလဲမှုမရှိ သုံးပေးထားတာ တွေ့ရပါတယ်။ Xperia Flagships ဖုန်းတွေအတွက် ကင်မရာ Feature ကလည်း ထင်ရှားပြီး အဓိကကင်မရာဟာ 23 MP အရည်အသွေးရှိပါတယ်။ OIS ပါဝင်လာခြင်းမရှိဘဲ LED Flash မီးသုံးနိုင်ပါတယ်။ 1080p Full HD ဗီဒီယိုကို 30fps နဲ့ရိုက်ကူးနိုင်ပြီး ရှေ့ဘက်ကင်မရာဟာ 13 MP တောင် ရှိပါတယ်။ f/2.0 aperture lens ကို ကင်မရာ ၂ ခုလုံးအတွက် သုံးထားပြီး wide-angle 22 m lens ဖြစ်ပါတယ်။ 5 လက်မ အရွယ်မျက်နှာပြင်ကိုတွေ့ရပြီး 1080 x 1920 pixels full HD ရုပ်ထွက်ကို ရရှိမှာဖြစ်ပါတယ်။ Scratch-resistant glass နဲ့ မျက်နှာပြင်အကြမ်းဒဏ်ခံနိုင်ရည်ရှိအောင်ဖုံးအုပ်ထားပြီး ရုပ်ထွက်သိပ်သည်းဆ 441 ppi ပါဝင်ပါတယ်။ ဖုန်းတွင်း သိုလှောင်မှုပမာဏ 32/64 GB ၂ မျိုးရွေးချယ်နိုင်ပြီး RAM 3GB ကိုပါ ထည့်သွင်းထားပါတယ်။ အဆင့်မြင့်ဂိမ်းတွေအတွက်ရရပ်ဖစ် Processor ဟာ Adreno 510 ဖြစ်ပါတယ်။ Qualcomm Snapdragon 650 Octa-core processor ကို အသုံးပြုပေးထားပြီး ဖြုတ်/တပ်လို့မရတဲ့ Li-ion 2620 mAh ဘက်ထရီသုံးစွဲထားပါတယ်။

Samsung Galaxy S7

S7 ရဲ့ပြိုင်ဘက်ဖုန်းတစ်လုံးဖြစ်လာမယ့် LG G5 မှာသုံးထားတဲ့ Qualcomm Snapdragon 820 chipset ကို S7 မှာထည့်သွင်းထားပြီး Octa-core processor ပါဝင်ပါတယ်။ RAM 4 GB ကိုသုံးနိုင်ပြီး ဂိမ်းအတွက် Adreno 530 ထည့်သွင်းထားပါတယ်။ IP68 rating နဲ့ water proofing နည်းပညာကို S7 မှာပြန်လည်သုံးထားပြီး ဘက်ထရီကိုလည်း S6 ထက် ပိုမိုကောင်းမွန်လာတဲ့ Li-ion 3000 mAh ကို သုံးစွဲထားပါတယ်။ ဒီဇိုင်းက S6 နဲ့ ခပ်ဆင်ဆင်တူညီပြီး ကျောဘက် ပိုမိုထူထပ်လာကာ ကင်မရာအခုံးလေးကို အရင်ဖုန်းတွေထက် သေးငယ်အောင်တည်ဆောက်ထားပါတယ်။ 2 K resolution ကိုပေးစွမ်းနိုင်တဲ့မျက်နှာပြင်ဟာ 5.1 လက်မအရွယ်ရှိပြီး Super AMOLED အမျိုးအစားကို အသုံးပြုထားပါတယ်။ Samsung ဟာ S7 မှာ always-on display ကိုမိတ်ဆက်ပေးခဲ့ပြီး Display ကိုအဆင်ပြေပြေသုံးနိုင်ပါလိမ့်မယ်။ Touchwiz UI နဲ့ တွဲဖက်ထားတဲ့ Android OS 6.0 (Marshmallow) ကို S7 အတွက် ထည့်သွင်းထားပါတယ်။ S7 ရဲ့ ပင်မကင်မရာဟာ 12 MP ရှိပြီး f/1.7 aperture lens, OIS, LED Flash တို့ပါဝင်ပါတယ်။ 4K ဗီဒီယိုကို 30 fps နဲ့ရိုက်ကူးနိုင်ပြီး ရှေ့ဘက်မှာလည်း f/1.7 aperture lens နဲ့ 5 MP ကင်မရာကိုတပ်ဆင်ထားပါတယ်။ Fingerprint scanner ကို S7 မှာသုံးနိုင်ပြီး Quick Charge 3.0 feature ပါဝင်ပါတယ်။

Sony Xperia X Performance

Sony X peria Z ဖုန်းတွေနဲ့အဓိကကွဲပြားသွားတာက X performance ရဲ့ကျောဘက်မှာ brushed effect သုံးကာ သတ္တုနဲ့တည်ဆောက်ထားတာဖြစ်ပါတယ်။ 5 လက်မ အရွယ် Display ပါဝင်ပြီး full HD ရုပ်ထွက်အရည်အသွေးကိုပံ့ပိုးပေးနိုင်ပါတယ်။ ရုပ်ထွက်သိပ်သည်းဆ 441 ppi ပါဝင်ပြီး IP68 certified ဖြစ်တဲ့ dust proof နဲ့ water resistant feature ကိုသုံးစွဲပေးထားပါတယ်။ မျက်နှာပြင်ကို scratch-resistant glass နဲ့ ဖုံးအုပ်ကာကွယ်ပေးထားပါတယ်။ xperia X performance မှာ ကင်မရာခလုတ်သီးသန့်ပါဝင်နေပြီး အဓိကကင်မရာဟာ 23 MP အရည်အသွေးရှိပါတယ်။ ကင်မရာခလုတ်ကို အသာလေးနှိပ်လိုက်ရင် focus ဖြတ်ပေးနိုင်ပြီး ခပ်တင်းတင်းဖိနှိပ်လိုက်ရင်တော့ ရုပ်ပုံတွေရိုက်ကူးနိုင်ပါပြီ။ full Hd 1080 p ဗီဒီယိုကို 30 fps နဲ့ရိုက်ကူးနိုင်ပြီး ရှေ့ဘက်မှာ 13 MP ကင်မရာကိုတွေ့ရပါတယ်။ High-Res audio ကို support လုပ်ထားပြီး Fingerprint scanner ထည့်သွင်းထားပါတယ်။ Non-removable Li-Ion 2700 mAh တပ်ဆင်ထားပါတယ်။ ဖုန်းရဲ့ စွမ်းဆောင်ရည်ပိုင်းကို Qualcomm snapdragon 820 processor က ဆောင်ရွက်ပေးပြီး 3 GB RAM ထည့်သွင်းထားပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 32GB ပါရှိပြီး micro SD နဲ့ 200 GB အထိ မြှင့်တင်သုံးစွဲနိုင်ပါတယ်။

HTC Desire 825

HTC Desire 825 ရဲ့ဒီဇိုင်းဟာ ထူးခြားနေပြီး micro splash effect ကို ဒီဇိုင်းအတွက် သုံးပေးထားပါတယ်။ ကိုယ်ထည်မှာ အစက်ပြောက်လေးတွေအများကြီးနဲ့ လက်ထဲမှာကိုင်သုံးတဲ့အခါ နူးညံ့နေအောင်ဖန်တီးထားပြီး အဖြူ၊ အနက်၊ နက်ပြာနဲ့ ပန်းရောင် ၄ မျိုးရှိပါတယ်။ 7.4 mm အထူနဲ့ Desire 825 ဟာ ပါးလွှာနေပြီး မျက်နှာပြင်ဟာ 5.5 လက်မအရွယ်ရှိပါတယ်။ 720 x 1280 pixels HD ရုပ်ထွက်အရည်အသွေးကိုပံ့ပိုးပေးနိုင်ပြီး Super LCD အမျိုးအစား Display သုံးထားပါတယ်။ HTC Desire 825 မှာ Android OS 6.0 (Marshmallow) run ထားမှာဖြစ်ပြီး နောက်ဆုံးပေါ် OS ကြောင့်အဆင့်မြင့်မြင့်သုံးနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့အဓိကကင်မရာဟာ 13 MP အရည်အသွေးရှိပြီး LED Flash ပါဝင်ပါတယ်။ Full HD 1080p ဗီဒီယိုကို 30 fps နဲ့ရိုက်ကူးနိုင်ပြီး ရှေ့ဘက်ကင်မရာဟာ 5 MP ဖြစ်ပါတယ်။ Desire 825 ရဲ့စွမ်းဆောင်ရည်ပိုင်းကို Qualcomm Snapdragon 400 quad core processor က အကောင်းဆုံးမြှင့်တင်ပေးပြီး 1.6 GHz မြန်နှုန်းရှိပါတယ်။ 2 GB RAM ထည့်သွင်းထားပြီး ဂရပ်ဖစ် Processor ဟာ Adreno 305 ဖြစ်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 16 GB ပါရှိပြီး micro SD နဲ့ 200 GB အထိမြှင့်သုံးနိုင်ပါတယ်။ Hi-Res Audio နဲ့ Dolby Audio ကို HTC Boomsound နဲ့အတူ support လုပ်ပေးပြီး Li-ion 2700 mAh ဘက်ထရီကို ဖြုတ်/တပ်လို့ရပါတယ်။

UK မှတိုက်ရိုက်ချီးမြှင့်မည့်ကွန်ပျူတာသိပ္ပံဘွဲ့ကို ပြည်တွင်း၌ တိုက်ရိုက်သင်ယူနိုင်

UKမှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ကို မြန်မာနိုင်ငံတွင် အိုးမကွာအိမ်မကွာ နေထိုင်ပြီး စရိတ်သက်သာစွာဖြင့် ရယူလိုသူများအတွက် အမှတ် (၂၈၉)အေ) ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ GUSTO International College ၌ သင်ယူနိုင်ကြောင်း သိရသည်။ စာသင်ကာလ ၂ နှစ်ကို ပြည်တွင်း၌ တက်ရောက်ရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel မှချီးမြှင့်သော Higher National Diploma in Computing ကိုရရှိမည်ဖြစ်သည်။ Diploma ရရှိပြီးပါက ပြည်တွင်းရှိ GUSTO တွင်ဖြစ်စေ၊ နိုင်ငံတကာသိုလ်ကြီးများတွင်ဖြစ်စေ Final Year တစ်နှစ်ဆက်လက် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကို ရယူနိုင်မည်ဖြစ်သည်။ စာသင်ကာလအတွင်း Programming, Networking, Database, Design အစရှိသောနည်းပညာဆိုင်ရာဘာသာရပ်များအပြင် Business Skill for E-Commerce, Project Management, Information System in Organization အစရှိသော Management ဘာသာရပ်များကိုပါ စာသင်ကြားမှုအတွေ့အကြုံရရှိနိုင်သည့်အပြင် IT လုပ်ငန်းခွင်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော ဆရာ/ဆရာမများမှူးပေါင်းပြီး သင်ကြားပေးမည်ဖြစ်သည်။

''GUSTOမှာ HNDအောင်မြင်ပြီးတဲ့ကျောင်းသားကျောင်းသူတွေထဲက အချို့ကျောင်းသားတွေကတော့ Oversea မှာ Bachelor Degree ရဖို့အတွက် ဆက်လက်ဆည်းပူးနေကြပါတယ်။ အဓိကကတော့ UK နိုင်ငံနဲ့ Singapore နိုင်ငံတို့မှာပါ။ UK ထိပ်တန်းတက္ကသိုလ်တွေဖြစ်တဲ့ University of the West of England, University of Huddersfield မှာနောက်ဆုံးနှစ် တစ်နှစ် (Top-Up Degree) ကို 2015 September Intake အတွက် Scholarship များဖြင့်သွားတက်ကြတယ်။ နိုင်ငံတကာတက္ကသိုလ်တွေကလည်း Academic Quality ကောင်းမွန်မှုကြောင့်အသိအမှတ်ပြုလက်ခံကြဆိုကြတယ်။ ဒီနှစ် 2016 September Intake အတွက်လည်း ကျောင်းသားအများစု Scholarship များဖြင့် ကျောင်းဝင်ခွင့်ရရှိထားပါတယ်''ဟု Academic Head ဒေါက်တာသိန်းရွှေမုပြောကြားခဲ့သည်။

''လုပ်ငန်းခွင်အတွေ့အကြုံရချင်တဲ့ ကျောင်းသားများအချို့ကလည်း IT Industry များမှာ Software Engineer , Technical Manager အစရှိတဲ့ ရာထူးများဖြင့် လုပ်ကိုင်နေလျက်ရှိပြီး အချို့ကျောင်းသားတွေဆိုရင်ကိုယ်ပိုင် Web Solution တည်ထောင်ထားတဲ့သူတွေလည်းရှိပါတယ်။ ကျောင်းမှာလေ့ကျင့်သင်ကြားပေးခဲ့တဲ့ပေါ်အခြေခံပြီး အခုလိုအောင်မြင်နေကြတဲ့အတွက်အများကြီးလည်းဝမ်းသာမိပါတယ်'' ဟုဆက်လက်ပြောကြားခဲ့ပါသည်။ GUSTO International College အနေဖြင့် ကျောင်းသူကျောင်းသားများကို ဘွဲ့လက်မှတ်ရရုံတစ်ခုမျှသာမက မိမိကိုယ်မိမိယုံကြည်မှုရှိပြီး အမှီအခိုကင်းစွာလုပ်ကိုင်နိုင်စွမ်း၊ စွန့်ဦးတီထွင်နိုင်စွမ်းတို့ကိုပါ တိုးတက်လာစေရန် အဓိကထားသင်ကြားပေးလျက်ရှိသည်။ ထို့ပြင် သင်ယူခဲ့ရသော ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာအသုံးချနိုင်ရန်ရည်ရွယ်၍ စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်မှုများကို ပြုလုပ်ပေးလျက်ရှိသောကြောင့် နိုင်ငံတကာတက္ကသိုလ်ကြီးများနှင့် IT ကုမ္ပဏီကြီးများမှ အသိအမှတ်ပြုလက်ခံခြင်းကို ရရှိနိုင်မည်ဖြစ်သည်။ ၂၀၁၆ မတ်လကျောင်းဖွင့်ချိန်အတွက် စတင်လျှောက်ထားနိုင်ပြီဖြစ်ပြီး အနိမ့်ဆုံးပညာအရည်အချင်းအနေဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ထားပြီးရန် လိုအပ်၍ အသေးစိတ်သိရှိလိုပါက ဖုန်း 09-8628806, 09-789888222 သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တင်မျိုးသွင်

လိပ်စာပြောင်းရွှေ့ဖွင့်လှစ်ထားသော Network Academy တွင် သင်တန်းအပ်နှံနိုင်ပြီ

နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရထားသော International Trainer များ။ နိုင်ငံတကာအသိအမှတ်ပြု Cisco, Microsoft, Linux, Comptia, Vmware, MikroTik နည်းပညာ Company တို့မှ စိစစ်စစ်ဆေးသော CCIE, CCNP (R & S), CCNA, MCSE, MCSA, MCP, LPI, CompTia A+, CompTia Network +, VCP Exam များဖြေဆိုအောင်မြင်ပြီးသော ဝါရင့်ဆရာများကိုယ်တိုင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ AGB Network Academy ကိုတာမွေအဝိုင်းအနီး၊ ဗိုလ်စိန်မှန်လမ်းနှင့် အနောက်မြင်းပြိုင်ကွင်း လမ်းထောင့်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါဆိပ်ကမ်းသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ်သို့ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

''သင်တန်းသားများ အဆင်ပြေစွာ သင်ယူလေ့ကျင့်နိုင်စေရန်အတွက် ခေတ်မီပြီးနောက်ဆုံးပေါ် Cisco Router များ၊ Cisco Switch များစသည်ဖြင့် practice lab room ကိုလည်း ပြည့်စုံစွာဖန်တီးပေးထားပါတယ်။ Self learning ကိုအထောက်အကူရစေရန် e-library ကိုလည်းထားရှိပေးထားပါတယ်။ သန့်ရှင်းသပ်ရပ်ကျယ်ဝန်းသောစာသင်ခန်းတွင် သင်တန်းသားတစ်ဦးလျှင် PC တစ်လုံးစီဖြင့် သင်ယူလေ့ကျင့်ရပါမယ်။ သင်တန်းချိန်အတွင်း စိတ်ကြည်လင်လန်းဆန်းစွာဖြင့် သင်ခန်းစာများကို သင်ယူလေ့လာနိုင်စေရန် Fully Aircon စနစ်ဖန်တီးထားပါတယ်။ update နည်းပညာကိုလေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် google /youtube / wikipedia တို့ကိုသုံးစွဲနိုင်စေရန်အတွက် မြန်နှုန်းမြင့် Internet Connection ကို ချိတ်ဆက်တပ်ဆင်ပေးထားပါတယ်။ စေတနာ၊ ဝါသနာပါပြီးကူညီသင်ကြားပေးလိုသော ကျွမ်းကျင် Instructor များစွာတို့ကကူညီလေ့ကျင့်သင်ကြားပေးနေပါတယ်။ သင်တန်းမှ ထူးချွန်စွာအောင်မြင်သော သင်တန်းသားများကိုသင့်တော်သော IT Company များနှင့်ချိတ်ဆက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်'' ဟု သင်တန်းတာဝန်ရှိသူမှ ပြောကြားခဲ့သည်။

AGB Network Academy သင်တန်းကျောင်း၌ ရုံးချိန်တွင်းတက်ရောက်နိုင်သော သင်တန်းခွဲများ၊ ရုံးချိန်လွတ် တက်ရောက်ချင်သူများအတွက် တန်းခွဲများအပြင် one by one special တန်းခွဲများလည်း ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။ IT နည်းပညာများကိုစိတ်ဝင်စားပြီး အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ်ရွေးချယ်ချင်သူများ၊ IT လုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်နေသော်လည်း networking အပိုင်း မသိသေးသူများ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသော ကျောင်းသား/သူများ Networking ကို အတွေ့အကြုံအနည်းငယ်သာရှိပြီး အကြောင်းအရာတစ်ခုခုကို စနစ်တကျ ပို၍ အသေးစိတ်သိလိုသူများ၊ IT နယ်ပယ်အတွင်း၌ network professional လမ်းကြောင်းပေါ်သို့ စတင်ဝင်ရောက်ချင်သူများအနေဖြင့် တက်ရောက်သင့်သော special package course တစ်ခုဖြစ်ကြောင်း သိရသည်။

AGB Network Academy သင်တန်းကျောင်း၌ သင်တန်းတက်ပြီး အရည်အချင်းပြည့်ဝစွာဖြင့် International Certificate များပိုင်ဆိုင်ထားသော Network Professional Enineer များ၊ System Administrator များ၊ IT Assistance များ၊ Senior Technician ၊ Junior Technician များစွာကို အစည်အလာဖြင့်မွေးထုတ်ပေးလျက် ရှိပါသည်။

တင်မျိုးသွင်

FOREIGN NEWS

Google Docs Voice Typing တွင် Edit နှင့် Format ပါ ပြုလုပ်နိုင်

စာများများရိုက်လေ့ရှိသူများအဖို့ smart device တစ်ခုဖြင့် နှုတ်တိုက်ချပေးကာ စာရိုက်နိုင်ခြင်းသည် လွန်စွာအဆင်ပြေမည့်ကိစ္စတစ်ခုဖြစ်သည်။ Google Docs သည် ထင်ရှားသော online office suite တစ်ခုဖြစ်ပြီး အသံဖြင့် စာရိုက်ယူနိုင်သော dictation အပြင် ယခုအခါအသံဖြင့် documents များကို editing နှင့် formatting ပါပြုလုပ်နိုင်တော့မည်ဟု သိရသည်။ Chrome ဖြင့် Google Docs သုံးစွဲသူသည် ကီးဘုတ်ကိုပင်မကိုင်ဘဲစာရေးသားနိုင်ပြီး ဝတ္ထုတစ်အုပ်ပင် ဖန်တီးနိုင်လိမ့်မည်ဟု ဆိုခဲ့သည်။ Voice Typing အား Google မှ Google Docs tool menu တွင်ထည့်သွင်းပေးခဲ့ကာ 2015 စက်တင်ဘာကတည်းက စတင်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် edit နှင့် အများပြင်ဆင်မှုများရှိသဖြင့် ကီးဘုတ်ကို လက်လွှတ်မရနိုင်ဘဲ ကွန်ပျူတာနှင့် ဝေးဝေးခွာ၍ခိုင်းစေရန် ထိုစဉ်က မဖြစ်နိုင်ခဲ့ပေ။ ယခုအသစ် ပါဝင်လာသော editing နှင့် formatting command တို့ကြောင့် Google Docs အား ကီးဘုတ်မလိုဘဲ သုံးစွဲခွင့်ပိုမိုရရှိလာမည်ဖြစ်သည်။ Voice Typing ၏တိုးချဲ့မှုတစ်ခုဖြစ်သဖြင့် Function အသစ်အား Voice Typing ကိုရွေးချယ်ကာ စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် editing နှင့် formatting အတွက် အမိန့်ပေးစေခိုင်းမှုများပြုလုပ်နိုင်မည်ဖြစ်သည်။ အမိန့်ပေးနိုင်သော အချက်များစွာရှိပြီး command list မှ ကြည့်ရှုနိုင်သလို "Vouce commands help" ဟုအသံဖြင့်လည်း ရှာဖွေနိုင်မည်ဖြစ်သည်။ Google Docs ၏ Voice Typing မည်မျှ ထိရောက်မှုရှိမည်ကိုမူ စမ်းသပ်သုံးစွဲရမည်ဖြစ်ပြီး လက်ရှိကာလတွင်မူ အမြဲတမ်း စာရေးနေသူများအား အထောက်အကူပြုနိုင်ရုံ အဆင့်သာရှိသေးသည်ဟုယူဆရပြီး ကီးဘုတ်အား လုံးဝအစားထိုးရန်မလွယ်ကူသေးပေ။

Facebook တွင် Emojis များ စတင်သုံးစွဲနိုင်



Murdoch University သို့ တက်ရောက်နိုင်ရန် ဝင်ခွင့်လိုအပ်ချက်မှာ တက္ကသိုလ်ဝင်တန်းအောင် (သို့) GCE 'O' Level အောင်မြင်ပြီးသူ၊ IELTS (6.0) ရရှိပြီးသူများ၊ Cambridge Certificate in Advanced English အောင်မြင်ပြီးသူများနှင့် TOFEL အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ Kaplan Diploma ဘာသာရပ်ပြီးဆုံးထားသူများလည်း IELTS, TOFEL မလိုဘဲ Murdoch University Program များကို သင်ကြားနိုင်ပါသည်။ တက်ရောက်ပညာသင်ကြားချင်သူများသည် ကျောင်းဖွင့်ရက် မတိုင်မီ ၂ လ၊ ၃ လ ကြိုတင်ပြီး လျှောက်ထားနိုင်ပါသည်။

ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာတွင် စရိတ်ကုန်ကျမှုသက်သာစေရန် ရည်ရွယ်၍လည်း Murdoch University မှ Scholarship Programm များပေးအပ်မှာဖြစ်ပြီး ထိုပညာသင်ဆုကို ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ တက်ရောက်နေသည့် ကျောင်းသားများ လျှောက်ထားနိုင်သည်။ Semester 1 or 2 ကျောင်းဖွင့်ရက်အတွင်း တက်ရောက်လိုသည့် ဘွဲ့လွန်၊ ဘွဲ့ကြို၊ Study Abord ဘာသာရပ်ကို လျှောက်ထားနိုင်ရုံမက ပညာသင်ဆုဒီဂရီတစ်ခုလုံးအတွက် တစ်နှစ်စာကျောင်းစရိတ်အပေါ် မူတည်ပြီး လျှောက်ထားနိုင်ပါသည်။

Website : www.murdoch.edu.ca/
Facebook : www.facebook.com/MurdochUniversity

Myanmar Search Int'l
No. 234, 2nd Floor (R), Shwe Bon Tha Street (Middle Block), Pabedan Township, Yangon. Ph : 01-389912, 250929

အဆင့်မြင့်နည်းပညာများဖြင့် ပေါင်းစပ်ပြီး အထူးသင်ကြားပေးနေသည့် MHY သင်တန်းကျောင်းမှ Mobile Software နှင့် Hardware တန်းခွဲသစ်ဖွင့်လှစ်မည်

Moe Htet Yan သင်တန်းကျောင်းမှ အဆင့်မြင့်နည်းပညာများဖြင့် ပေါင်းစပ်ပြီး အထူးသင်ကြားပေးမည့် Mobile Software နှင့် Hardware တန်းခွဲသစ်ကို ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းနှင့် ပတ်သက်၍ ''မြန်မာနိုင်ငံရှိ Mobile သင်တန်း အများစုတွင် Phone တစ်လုံး၏ အခြေခံသဘောတရားများနှင့် Firmware ရေးခြင်း၊ Root ဖောက်ခြင်း၊ Internet Setting ချိန်ခြင်းများကိုသာ အဓိကထားသင်ကြားပေးနေပြီး အရေးကြီးသော Error Solution Technique များကိုထည့်သွင်း သင်ကြားပေးခြင်းမရှိသည်ကို အများဆုံး တွေ့ရပါတယ်။ ကျွန်တော်တို့ သင်တန်းကျောင်းမှ အခြေခံအနေဖြင့် Root ဖောက်ခြင်း၊ Firmware ရေးခြင်းများကို သင်ကြားပေးပြီး အဆင့်မြင့်အနေဖြင့် Error Solution နှင့် phone toolbox အသုံးပြုပုံကို စနစ်တကျ သင်ကြားပေးပါသည်။ Error Solution မှာ ဖြစ်ပေါ်လာသည့် Error နှင့် Mobile Phone OS တို့ကို အခြေခံပြီးမည်သို့ ဖြေရှင်းရမည်ဆိုသည့် အချက်အဆင့်ဆင့်ကို သင်ကြားပေးပါသည်။ Android OS များအတွက် မိမိကိုယ်တိုင်RootFile များ ဖန်တီးခြင်း၊ softbrick Error များဖြေရှင်းခြင်း၊ IMEI နှင့် Boot Loop Error များ ဖြေရှင်းခြင်း၊ Hboot version ကို မိမိကြိုက်သလို ပြင်ဆင်ခြင်း Android Command များအသုံးပြုပုံ၊ Android Kernel Changing Technique များကိုပါ ထည့်သွင်းသင်ကြားပေးပါသည်။ ဆိုင်းသမားများ ပြုပြင်ရန် ခက်ခဲသည့် BlackBerry OS များအတွက် Pin Code ပျောက်သွားခြင်းများ၊ Dead Boot ဖြစ်သွားခြင်းများ Internet Setting ချိန်ခြင်းများနှင့် Network ဖြည်ခြင်းများကို စနစ်တကျသင်ကြားပေးပါသည်။ လူသုံးများသော iOS အတွက် Hacking Technique ၊ iTunes Error များကို ဖြေရှင်းခြင်း၊ BaseBand Downgrade ဆင်းပုံတို့ကိုထည့်သွင်း သင်ကြားပေးပါသည်။ Symbian OS များအတွက် Usb Flashing Server ရှိ Firmware ဖိုင်များအား Download ဆွဲခြင်း၊ Symbian OS မှ Android OS သို့ ပြောင်းလဲခြင်း၊ Power သေသွားသော Phone များကို ပြန်နိုးခြင်းစသည်တို့ကို ထည့်သွင်းသင်ကြားပေးပါသည်။ အဲဒီလို နည်းပညာမြောက်မြားစွာကို ထည့်သွင်း သင်ကြားပေးသည့် အပြင် Samsung Phone များအတွက် Softbrick Error Repairing နဲ့ Downloading Mode Repairing တို့တွင် အသုံးပြုသော UsbJIPBox အသုံးပြုပုံကိုထည့်သွင်း သင်ကြားပေးမည်ဖြစ်ပြီး Huawei Phone များတွင် အဖြစ်များသော Step2 Error Repairing များကိုထည့်သွင်း သင်ကြားပေးမည်ဖြစ်သည်။ Software အတွက် သင်တန်းကာလ 2 လ ကြာမြင့်မည်ဖြစ်ပြီး 2 လအတွင်း ကျွမ်းကျင်မှုမရှိပါက အချိန်ကာလ အကန့်အသတ်မရှိကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားပေးပါသည်။ သင်ရိုးညွှန်းတမ်း စာအုပ်များကိုဖတ်ရှုဖြင့်ပင် တခြားသော သင်တန်းများသွားရောက် တက်သလိုသိရှိမှာဖြစ်ပြီး အဆင့်မြင့်ပညာရပ်များအတွက် MHY မှ အတွေ့အကြုံရှိဆရာများ၏ သင်ကြားမှုနှင့် ပေါင်းစပ်လိုက်ရင်တော့ Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်မှာဖြစ်ပါတယ်။ သင်တန်းတက်ပြီး စိတ်ညစ်ရမည့် အဖြစ်မျိုးမဖြစ်စေရပါဘူး။ သင်တန်းအား ကျွမ်းကျင်ပိုင်နိုင်မှု မရှိလျှင် သင်တန်းကြေးပြန်အမ်းမည်ဖြစ်သည်။ Hardware သင်တန်းအတွက်လည်း သင်တန်းကာလ 2 လကြာမြင့်မည်ဖြစ်ပြီး မည်သည့် Phone ကိုမဆို ပြင်နိုင်သည်အထိ တာဝန်ယူ သင်ကြားပေးပါသည်။ အထူး အခွင့်အရေးအနေဖြင့် Software နှင့် Hardware နှစ်ခုလုံး တစ်ပြိုင်တည်းတက်လျှင် သင်တန်းကြေး4 သိန်းခွဲဖြင့်သင်ကြားပေးပါသည်။ တခြားသင်တန်းတက်ပြီးမကျွမ်းကျင်သည့် ကျောင်းသားများအတွက် မွမ်းမံသင်တန်းကို 1 သိန်းခွဲဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။ အမှန်တကယ် ကျွမ်းကျင်တဲ့ Pro တစ်ယောက်ဖြစ်ချင်တယ်ဆိုရင်တော့ MHY ကိုလာခဲ့ပါ''ဟု MHY မှ Mobile နည်းပြ ဆရာမပြောကြားခဲ့ကြောင်း သိရသည်။ အသေးစိတ်ထပ်မံသိရှိလိုပါက MHY အမှတ် (၃၀)၊ မြေညီထပ်၊ သမိန်ဗရမ်းလမ်း၊ တာမွေဗလီနှင့် အသောကမှတ်တိုင်ကြား၊ တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း 09-252389568, 09-33495338, 09-73198300 နှင့် 09-799583044 သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်

Professional Interior & Exterior Designer အဖြစ်လုပ်ကိုင်နိုင်မည့် သင်တန်းများ High Class Computer Training Center တွင် စတင် ဖွင့်လှစ်မည်

Sketchup Pro Software အသုံးပြုပြီး Professional Interior & Exterior Designer အဖြစ် လုပ်ကိုင်နိုင်မည့် သင်တန်းများကို အမှတ်(178) မြေညီထပ် (38)လမ်းအလယ်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ High Class Computer Training Center တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းကို Course အပိုင်းလေးပိုင်းခွဲခြားပြီး သင်ကြားပေးမည်ဖြစ်သည်။ ပထမပိုင်း Course အနေဖြင့် SketchUp Pro Software အသုံးပြုပြီး Building များ၏ Interior & Exterior Design များ Furniture Design များဆွဲသားသော Modeling အပိုင်းနှင့် File Export & Import အ ပိုင်းကိုပြီးပြည့်စုံစွာ သင်ကြားပေးမည်ဖြစ်သည်။ ဒုတိယပိုင်း Course အနေဖြင့် Texture အပိုင်းကို ပြင်ပတွင်ရှိသော အရာဝတ္ထုများ၏ သဘာဝအတိုင်း Texture Settings များပြုလုပ်ခြင်းကို VRay Texture Setting များဖြင့် စနစ်တကျစွာသင်ကြားပေးမည်ဖြစ်သည်။ တတိယပိုင်း Course အနေဖြင့် Interior & Exterior Vray Lighting အမျိုးမျိုးအသုံးပြုပုံ Lighting အယူအဆများကိုနားလည် သဘောပေါက်သည်အထိ လေ့ကျင့်ခန်းများဖြင့် သေချာစွာ သင်ကြားပေးမည် ဖြစ်သည်။ စတုတ္ထပိုင်း Course တွင် Vray Render Setting တွင်ပါရှိသော Camera Setting များ Render ပုံရုပ်ထွက်ကောင်းအောင် Setting ချိန်နည်းများကို သင်ကြားပေးမည်ဖြစ်ပြီး Vary Render Frame Buffer အသုံးပြုပြီး ပုံပြုပြင်နည်းများ သင်ကြားပြီးနောက် Animation အပိုင်းကို သင်ကြားပေးမည် ဖြစ်ပါသည်။ သင်တန်းကာလမှာ သင်ကြားချိန်နှင့် လေ့ကျင့်ချိန် နာရီ (90) ကြာမြင့်မည်ဖြစ်ပြီး တစ်ဦးချင်းစီ သင်ကြားပေးမည် ဖြစ်သောကြောင့် ရုံးချိန်တွင်းဖြစ်စေ၊ ရုံးချိန်ပြင်ပဖြစ်စေ အချိန်ညှိနှိုင်း တက်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးလျှင် Certificate ထုတ်ယူနိုင်မည်ဖြစ်ပြီး Professional တစ်ဦးအဖြစ် အလုပ်လုပ်နိုင်မည်ဖြစ်၍ သင်တန်းအကြောင်းကို အသေးစိတ်သိလိုပါက ဖုန်း 01-378748, 09-5184485, 09-785184485, 09-965184485 သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။

တင်မျိုးသွင်

ထိုင်းနိုင်ငံအခြေစိုက် Webster University ၏ အမေရိကန်ပညာသင်ဆုများ ဆွေးနွေးပွဲကို MSI တွင်လာရောက် ဆွေးနွေးနိုင်

ထိုင်းနိုင်ငံအခြေစိုက် ဘန်ကောက်မြို့နှင့် Chan-Am/Hua-Hin မြို့တွင်ရှိသော အမေရိကန်နိုင်ငံကျောင်းခွဲ Webster တက္ကသိုလ်၏ ဘာသာရပ်များ၊ အမေရိကန်ပညာရေးစနစ်နှင့် အမေရိကန်ပညာသင်ဆုများဆွေးနွေးပွဲကို (၂၀၁၆) ခုနှစ် မတ်လ (၇)ရက် တနင်္လာနေ့တွင် အမှတ်(၂၃၄)၊ ဒုတိယထပ် (ညာ) ရွှေဘုံသာလမ်းအလယ် ဘလောက် ပန်းဆိုးတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Myanmar Search International (MSI) ရုံးခန်းတွင် နေ့လည် (၁၁ နာရီမှ ၁ နာရီအထိ) လာရောက် ဆွေးနွေးနိုင်ကြောင်း Myanmar Search International (MSI) နိုင်ငံခြားပညာရေး ဝန်ဆောင်မှု၏ မန်နေဂျင်း ဒါရိုက်တာ ဒေါ်စုလှိုင်ထံမှသိရှိရသည်။ ၎င်းဆွေးနွေးပွဲသို့ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ ၊IGCSE၊ GCE "O" Level/"A" Level၊ အစိုးရတက္ကသိုလ်နှင့် ပုဂ္ဂလိက သင်တန်းကျောင်းများ၊ City & Guilds၊ ABE (UK) နှင့် LCCI Level (3)၊ နိုင်ငံတကာ အသိအမှတ်ပြု Diploma/ Advance Diploma တက်ရောက်နေသူများလာရောက် ဆွေးနွေးနိုင်ပြီး အမေရိကန်ပညာသင်ဆုများကို ပြည့်စုံသော ပညာရေးမှတ်တမ်းများဖြင့် လာရောက်လျှောက်ထားနိုင်ကြောင်း၊ Webster University မှ တာဝန်ရှိသူ Ms. Jaswani (International Enrollment Manager-Marketing and Recruitment Department)မှ လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း (MSI)မှ သိရှိရသည်။

Webster University သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ နှစ်ကပင် အမေရိကန်နိုင်ငံ Missouri ပြည်နယ်ရှိ St.Louis မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် တက္ကသိုလ်ကျောင်းခွဲပေါင်း (၉)ခုဖြင့် ယနေ့ထက်တိုင်ရပ်တည်လျက်ရှိသော တက္ကသိုလ်ဖြစ်သည်။ ယခုလက်ရှိ မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအပါအဝင် နိုင်ငံပေါင်း(၁၃၀) ကျော်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိကြောင်းနှင့် ကမ္ဘာထိပ်တန်း နိုင်ငံခေါင်းဆောင်များ၊ နိုဗယ်လ်ဆုရှင်ခေါင်းဆောင်များကို အများအပြားမွေးထုတ်ပေးလျက်ရှိသောတက္ကသိုလ်ဖြစ်ကြောင်း MSI မှ သိရှိရသည်။ Thailand Campus သည် international campus များထဲတွင် Major Campus တစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး ဘန်ကောက်မြို့၏ တောင်ဘက် (၁၈၅) ကီလိုမီတာအကွာ အဝေးရှိ မြို့ငယ်တစ်ခုဖြစ်သော Resort Town (Cha-am and Hua-Hin)တွင် တည်ရှိသည်။ Resort Town ဖြစ်သောကြောင့် အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိ၍ ထိုင်းနိုင်ငံ၏အစိုးရဝန်ကြီးများ၊ အရာရှိများနှင့်နိုင်ငံခြားခရီးသွားများ အများဆုံး လာရောက်အပန်းဖြေသော မြို့ဖြစ်ကာ နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာတွင် အထူးကောင်းမွန်သောနေရာဖြစ်သည်။ ၎င်းဆွေးနွေးပွဲသို့ တက်ရောက်သောသူများအတွက် ပညာသင်ဆုခံစားခွင့်ဖြင့် ထိုတက္ကသိုလ်ကျောင်းတွင် တက်ရောက်နိုင်ကာလုပ်ငန်းအတွေ့အကြုံများရင့်ကျက်သော အနောက်နိုင်ငံမှ ဆရာ/မများ၏ သင်ယူပို့ချမှုခံပြီး နိုင်ငံတကာသင်ယူမှုစနစ် အပြည့်အဝရရှိနိုင်ခြင်းစသည့် အကျိုးခံစားခွင့်များ အပြည့်အဝရရှိနိုင်ခြင်းစသည့် အကျိုးခံစားခွင့်များ အပြည့်အဝရရှိနိုင်မည်ဖြစ်၍ သင်တန်းအကြောင်းကို အသေးစိတ်သိလိုပါက ဖုန်း 01-389915, 01-250929, 09-5103915 သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

Mac and iOS Developer Course ကို Mobile Application Developer Group (MADG) Company မှ ပထမဆုံးအကြိမ် ဖွင့်လှစ်သင်ကြားပေးမည်

မြန်မာနိုင်ငံ၌ Mobile Application Software များကို တာဝန်ယူရေးသားပေးနေသော Mobile Application Developer Group(MADG) Company မှ ပထမဆုံးအကြိမ် "Apple" Product များ၏ Software/ Hardware Error များကို တာဝန်ယူဖြေရှင်းပေးသော Apple Technician, Mac Operating System ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သော Mac Administrator မည်သည့် Apple Product ပေါ်တွင်မဆို မိမိစိတ်ကြိုက် Software များရေးသားနိုင်သော Objective- C/Swift/Swift 2 Programming ကို သိရှိထားမည်ဆိုလျှင် iTunes Store တွင် မိမိ၏ Software များကို ကမ္ဘာအရပ်ရပ်ရှိ Apple Product များနှင့် တွဲဖက်အလုပ်လုပ်ရသော Mac OS ကို Professional တစ်ယောက်အနေဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေရန်သာမက Mac OS ကို Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

Apple Product များနှင့် တွဲဖက်အလုပ်လုပ်ရသော Mac နှင့် သက်ဆိုင်သော Hardware ပြဿနာများကို ဖြေရှင်းပေးနိုင်သော Mac Administrator တစ်ယောက်အနေဖြင့် ရပ်တည်နိုင်ရန် လိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေ အားလုံးကို ကျွန်တော်တို့ရဲ့ Professional iOS Course ကို တက်ရောက်လိုက်ခြင်းဖြင့် Apple နှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးနိုင်သော Mac Administrator တစ်ယောက်အနေဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။ သင်တန်းဆုံးသွားလျှင်လည်း ကမ္ဘာပေါ်တွင်အလုပ်အကိုင် အကောင်းဆုံးဖြစ်သော Apple Developer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ဒီသင်တန်းလေးကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်''ဟု MADG သင်တန်းကျောင်းမှ Software Architect မှ ပြောကြားခဲ့ကြောင်း သိရသည်။ အသေးစိတ်သိချင်သူများ MADG အမှတ်(၃၀)၊ မြေညီထပ်၊ သမိန်ဗရမ်းလမ်း (တာမွေဗလီနှင့် အသောကမှတ်တိုင်ကြား)တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း 09-799583044, 09-252389568 သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်

Retail Master Retail School မှ မတ်လ (12) ရက်နေ့တွင် သင်တန်းအပတ်စဉ် အမှတ် (4)ကို ဖွင့်လှစ်သင်ကြားပေးမည်

လက်လီလုပ်ငန်းဆိုင်ရာဘာသာရပ်များနှင့် လုပ်ငန်းခွင်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို အထူးပြုလေ့ကျင့် သင်ကြားပေးနေသည့် Retail Master Retail School မှ မတ်လ(12)ရက်နေ့တွင် သင်တန်းအပတ်စဉ်အမှတ် (4)ကို ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ သင်ကြားပေးမည့် ဘာသာရပ်များမှာ Strategic Retail Management, Customer Service Professional and Retail Selling Skills, Sale Supervisory Skills နှင့် office Management တို့ဖြစ်ပြီး သင်ကြားရမည့်ကာလမှာ နာရီပေါင်း (20) ဖြစ်သည်။ ဘာသာရပ်များအား လုံးအတွက် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများကို အခြေခံ၍ လက်တွေ့ လုပ်ဆောင်မှုတို့ဖြင့် လေ့ကျင့်သင်ကြား ဆွေးနွေးပေးသွားမည်ဖြစ်သည်။ ပထမဦးဆုံး အပ်နှံသည့် သင်တန်းသား (10) ဦးအတွက် Discount(10)ရာခိုင်နှုန်းပေးမည်ဖြစ်ပြီး(15)ဦးနှင့် အထက် အပ်နှံသည့် အဖွဲ့အစည်းများသည် Discount (25%) ရရှိနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း 393785, 09-254848963 သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

M.Z

Book Review

Animation Gif File Format
လှုပ်ရှားမှုပုံရိပ်များ

ပြုစုသူ – ကောင်းဆက်မျိုး

Graphic Interchange Format လို့ခေါ်သည့် Gif, File Format သည် အလွန်နှစ်သက်စရာကောင်းသည့် Format တစ်ခုဖြစ်ပြီး Internet အသုံးပြုသူတိုင်းအတွက် လိုအပ်သည့် Format တစ်ခုဖြစ်ပါတယ်။ ကိုယ်ချစ်ခင်နှစ်သက်သူတွေအတွက် Birthday Card, Valentine Card, Christmas Card တွေဝယ်ပြီးမှ ပို့ပေးစရာမလိုတော့ပဲ ရင်ထဲမှစကားလုံးတွေကို ဒီဇိုင်းအဖြစ်ပြောင်းပြီး Animation လှုပ်ရှားမှုပုံရိပ်လေးတွေအဖြစ် ကိုယ်တိုင်ဖန်တီးကာ G mail မှ Gif File နှင့် ချက်ခြင်းပေးပို့ပျော်ရွှင်နိုင်သော နေ့ရက်များကို ရယူနိုင်မှာဖြစ်ပါတယ်။

ဆန်းသစ်မှုတွေကိုနှစ်သက်ပြီး ကိုယ်တိုင်ပြုလုပ်ထားသည့် Animation များနှင့် သူငယ်ချင်း၊ မိတ်ဆွေ၊ ချစ်သူဆီ အံ့သြဝမ်းသာစရာအမှတ်တရများကို မျှဝေပေးနိုင်ရန် လွယ်ကူရိုးရှင်းပြီး အဆင့်မြင့်သည့် Animation တွေ ဘယ်လိုဖန်တီးနိုင်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ Gif File Format သိအိုနီ၊ Animation အကြောင်း၊ ရောင်စုံမျက်လုံး၊ I Miss U ဒီဇိုင်းဖန်တီးခြင်း၊ Animation အတွက် ပြင်ဆင်ခြင်း၊ စဉ်းစားခြင်း၊ For U ဒီဇိုင်းဖန်တီးခြင်း၊ My Angel Animation G mail Acount သစ်ဖွင့်လှုစ်ခြင်း၊ G mail အသုံးပြု၍ Animation များပေးပို့ခြင်း၊ G talk အသုံးပြုခြင်း၊ 3D Design ရေးဆွဲခြင်း၊ 3D Animation တို့ကို အခန်းအလိုက် ပြည့်စုံစွာလေ့လာနိုင်မှာပါ။ ဆန်းသစ်မှုတွေကို စိတ်ဝင်စားပြီး ကိုယ်တိုင်ဖန်တီးမှုတွေကိုနှစ်သက်မြတ်နိုးသူ လူငယ်အားလုံးအတွက် ဒီစာအုပ်လေးက အထောက်အကူကောင်းတစ်ခုဖြစ်မှာပါ။ Animation Gif File Format လှုပ်ရှားမှုပုံရိပ်များ စာအုပ်ကို မနောဖြူစာပေ – ၀၉ ၇၃၀၄၃၈၇၃၊ ၀၉-၇၃၂၄၆၉၈၀၀၅မှ တစ်အုပ်လျှင် ၄၀၀၀ ကျပ်ဖြင့်ဖြန့်ချိထားပါတယ်။

Today's Mobile သင်တန်းကျောင်းမှ Hardware တက်ရောက်သူများကို Software Free တက်ခွင့်ပေးမည်

မိုဘိုင်းဖုန်း Software ပြုပြင်နည်းဘာသာရပ်နှင့် မိုဘိုင်းဖုန်း Hardware ပြုပြင်နည်း ဘာသာနှစ်မျိုးကို အထူးပြုသင်ကြားပေးနေသည့် လက်တွေ့ လုပ်ငန်းခွင်သုံး မိုဘိုင်းဖုန်းပြုပြင်နည်း သင်တန်းကျောင်းဖြစ်သော Today's Mobile သင်တန်းကျောင်းမှ Hardware တက်ရောက်သူများကို Software ဘာသာရပ်အတွက် Free တက်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကာလမှာ (၂) လ ကြာမြင့်မည်ဖြစ်ပြီး Software ပြုပြင်နည်းဘာသာရပ်အတွက် ကွန်ပျူတာအခြေခံမှစ၍ Apple Devices, Android Devices မည်သည့်ပြဿနာများမဆို ဖြေရှင်းနိုင်သည်အထိ သင်ကြားပေးပြီး အခြားသင်တန်းတွင်သင်ကြားမပေးသော Software Tool Box များဖြင့် ရေးသားနည်းကိုပါ အထူးပြု သင်ကြားပေးမည်ဖြစ်သည်။ Hardware ပြုပြင်နည်းဘာသာရပ်မှာဆိုရင် Electronic အခြေခံမှစ၍ Power IC, CPU, EMMC တို့ကို ကိုယ်တိုင် ဖြုတ်တပ်လဲလှယ်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းတန်းခွဲများမှာ (Monday-Friday)တန်းခွဲနှင့် (Saturday-Sunday)တန်းခွဲဟူ၍ နှစ်မျိုးရှိပြီး မိမိတို့အဆင်ပြေသော အချိန်များကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။ (1.3.2016)နှင့် (16.3.2016)ရက်နေ့များတွင် တန်းခွဲသစ်များ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများကို Promotion အနေဖြင့် ထူးခြားသော လက်ဆောင်များစွာကို ခံစားရရှိနိုင်မည်ဖြစ်ပြီး နယ်မှလာသော ဖုန်းပြုပြင်ခြင်း သင်တန်းတက်ရောက်သော သူများအတွက် အသွားအပြန် အဝေးပြေးကား လက်မှတ် လက်ဆောင်ရရှိမည်ဖြစ်သည်။ ဖုန်းပြုပြင်သင်ကြားရေးကာလတွင် အသုံးပြုရန်အတွက် မိုဘိုင်း Touch ဖုန်းတစ်လုံး၊ Memory Card နှင့်စာအုပ်၊ ဘောပင်၊ တီရှပ်များကို လက်ဆောင်ရရှိမည်ဖြစ်ပြီး Hardware ပြုပြင်ရေးဘာသာရပ် (350000)တက်ရောက်ခြင်းဖြင့် Software ပြုပြင်ရေးဘာသာရပ်(250000) ကို# အခမဲ့ တက်ရောက်နိုင်မည်ဖြစ်ပြီး နှစ်ဘာသာရပ်စလုံးအတွက်သင်တန်းကြေး ကျသင့်ငွေမှာ(350000)ကျပ်သာ ကျသင့်မည်ဖြစ်ကြောင်းသိရသည်။

လူကြီးမင်းတို့လို ဆိုင်ဖွင့်လှစ်မည့်သူများအတွက်လည်း အရင်းအနှီးနည်းနည်းဖြင့် အောင်မြင်သောမိုဘိုင်းဖုန်းဆိုင်တစ်ဆိုင်ဖွင့်လှစ်ခြင်း နည်းပဉ္စာဟာဘာသာရပ်နှင့် မိုဘိုင်းဖုန်းဆိုင်သုံး စာရင်းဇယားရေးဆွဲနည်း ဘာသာရပ်တို့ကိုအတွေ့အကြုံရှိသော ပညာရှင်များကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်မည့်သူများအတွက် အာမခံချက်များပေးထားပြီး သင်တန်းကာလအတွင်း အမြင့်ဆုံးLeve အထိ မတတ်မြောက်ပါက သင်တန်းကြေး၏ နှစ်ဆ ပြန်လျော်ပေးမည်ဖြစ်သည်။

သင်တန်း၏ ဝန်ဆောင်မှုများအနေဖြင့် နယ်သမားများအတွက် နေစရာအဆောင်စီစဉ်ပေးခြင်း၊ တစ်ဦးလျှင် Laptop တစ်လုံးစီ၊ စက်ပြင်ပစ္စည်းတစ်စုံစီဖြင့် သင်ကြားပေးခြင်း၊ Air-corn, Internet line များ ပါဝင်သော အဆင့်မီသင်တန်းခန်းမတွင် သင်ကြားပေးခြင်း၊ သင်တန်းပြီးဆုံးပြီးနောက် စက်ပြုပြင်ရေးသုံးပစ္စည်းများကိုလည်း Services Center တွင် အခမဲ့လာရောက်သုံးစွဲနိုင်ခြင်း၊ သင်တန်းကြေးကို နှစ်ရစ်ခွဲ၍ ငွေပေးချေမှုအစီအစဉ်ရှိခြင်း၊ သင်တန်းပြီးဆုံးပြီးနောက် လစာကောင်းဖြင့် အလုပ်ရရှိစေရန် စီစဉ်ပေးခြင်း၊ နည်းပညာသစ်များကိုလည်း Life Time အစဉ်အဆက်မပြတ် ရရှိစေခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

Today's Mobile တွင် သင်တန်းတက်ရောက်ခြင်းဖြင့် နည်းပညာများတတ်မြောက်ရုံသာမက စီးပွားရေးပညာရပ်ကိုပါ တတ်မြောက်စေမည်ဖြစ်ပြီး လက်တွေ့လုပ်ငန်းခွင်သုံး မိုဘိုင်းဖုန်းပြုပြင်နည်း သင်တန်းဖြစ်သည့်အတွက်ကြောင့် တကယ့်လုပ်ငန်းခွင် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။

တက်ရောက်သင်ကြားလိုသူများအနေဖြင့်(၁) Today's Mobile (သမိုင်းစင်တာ) အမှတ် (254)၊ မြေညီထပ်၊ အင်းစိန်လမ်းမ၊ (ဘုရားလမ်းမှတ်တိုင် – သမိုင်းလမ်းဆုံအနီး)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ (၂) Today's Mobile (လှည်းတန်းစင်တာ) အမှတ် (15/17)၊ Bang Bang တိုက်၊ ၂ လွှာ (A)၊ အင်းစိန်လမ်းမ၊ လှည်းတန်းကားမှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း 09-32227000, 09-974373000 တို့တွင် ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။

တင်မျိုးသွင်

Penguin Millennium

Ph: 09 259 712 712, 09 4500 40 303 Since Jan-2001

Networking Level-I (Start On: 5-Mar-16)

700-Pages | Myanmar | 2-Months | 1-5 PM | Sat Only

Computer Services+Networking သည်မြန်မာ IT Jobs (network) ၏ 60% ခန့်နေရာယူထားပြီး CISCO, Linux, Virutlization တို့ကို ဆက်လေ့လာရန် မရှိမဖြစ်လိုအပ်သော အခြေခံလည်းဖြစ်သည်။

Linux Level-I (Start On: 6-Mar-16)

Linux-I | 540-Pages | Eng | 2-Mth | 8am-1PM | Sun Only

Linux သည်မြန်မာ IT Jobs (network) ၏ 10% သာရှိသော်လည်း လစာကောင်းသော စီးပွားရေးလုပ်ငန်းကြီးများနှင့် telecom လုပ်ငန်းတို့တွင် အလုပ်ရရန် အကောင်းဆုံး ICT နည်းပညာတစ်ခု ဖြစ်သည်။

၂၉၊ ပ-ထပ်၊ ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်

၂၉၄၊ ပ-ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေစျေးမှတ်တိုင် အနီး

DYNASTY ခန့်ရာသီပညာဒါနအထူးထုံးစံအစဉ်

- Basic (အခြေခံ)
- DTP(စာစီစာရိုက်)
- Advanced(ဖုန်းလုပ်ငန်းသုံး)
- Business in Excel Special (စီးပွားရေးသုံးစာရင်း)
- Graphic Design (ပါတ်ပုံပြင်ခြင်းနှင့်ဗီဒီယိုဒီဇိုင်း)
- Professional Graphic Design
- Practical A + Course (window &others)
- Business & Office Adv (ဖုန်းလုပ်ငန်းသုံးစာရင်းနှင့်ဘဏ်စာရင်း)

ရန်ကုန်/မန္တလေး/ကျောက်မဲ/ပုသိမ်/ပြည်/မုံရွာ/မြစ်ကြီးနား/ဘုရားကြီး/ဟင်္သာတ/ဒေါက်ခေါင်/ဘားအံ/ကော့မှူး/ကျိုက်ထီး/ကျိုက်မရော/ကသာ/ပုသိမ်/ဖြူး/ပုဂံ/ပခုက္ကူ/ကလေး/ဟားခါး/ဖားကန့်/ကန့်ဘလူ/ဒီပဲယင်း/ကသာ/ပုသိမ်/ဖြူး/ပုဂံ/ပခုက္ကူ/ကလေး/ဟားခါး/ဖားကန့်/ကန့်ဘလူ/ဒီပဲယင်း

ပေမေဗဒါဒီလ(၂၉) မှ မတ်လ(၁၄)ရက်နေ့ထိ

ပုံမှန်ယူကြနှင့်နှစ်သက်ရာအချိန်ကျောင်းသွားပြီးသင်ယူနိုင်ပါသည်။ ဖြတ်တောက်ခြင်းမရှိပါ။ (ရုံးဖွင့်ရက်နေ့ဖြင့်သာ တွက်ချက်ပါသည်။)

အမှတ်၁၁၊ မြေညီထပ်၊ သိမ်ကလေးနှင့်အောင်ဘလေးမြေးတောင်(သိမ်ကမ္ဘာမြေ)ဘေးမှ။ ရန်ကုန် **Hot Line:09-421109778**

QUICK COMPUTER TRAINING

ဖုံး-၃၇၁၉၉၀/၀၉-၇၃၀၀၇၃၉၃ /၀၉-၅၁၅၉၄၁၅

အခန်း(၆၀၁)၆လွှာ၊ကျိုးဖြူကွန်ဒို၊အောင်ဆန်းကွင်းအထူးတန်းရှေ့

AutoCAD

Intermediate Course **Advanced Course**

(Civil & Mechanical Engineering Drawing 2D/3D)

Revit Architecture

AutoCADဖြင့်အချိန်ယူဆွဲရသော3d Buildingများကို Revit Architectureဖြင့်မြန်ဆန်စွာရေးဆွဲနိုင်ခြင်း

သင်တန်းကျောင်း	စဉ်	သင်တန်းအမျိုးအစား	ဖွင့်ရက်	အချိန်	သင်တန်းကြေး
YGN Mobile Phone Training Centre **အမှတ်(၃၂)၊ တတိယနှစ်၊ အင်းစိန်လမ်းမ၊ ဘူတာရုံလမ်းထိပ်၊ လှိုင်မြို့နယ်။** Tel: 09-971463030 09-450063632	1.	Software Course	2/15.3.2016	2 months	150,000 Ks
	2.	Hardware Course	2/15.3.2016	2 months	150,000 Ks
	3.	Software + Hardware	2/15.3.2016	2 months	250,000 Ks
Soft Guide Computer Center **အမှတ်(၆၂)၊ ၁၉လမ်း(အောက်)၊လသာမြို့နယ်။** Tel: 01-382180 01-229264	1.	Graphic Design	Monthly	2 months	50,000 Ks
	2.	Web Design	Monthly	2 months	50,000 Ks
	3.	Adobe Photoshop C.S3	Monthly	1 month	30,000 Ks
	4.	Advanced Excel	Monthly	1 month	30,000 Ks
	5.	Microsoft Access 2010	Monthly	1 month	30,000 Ks
	6.	Computerized Accounting (ACCPAC)	Monthly	2 months	30,000 Ks
	7.	Compaterized Accounting (Peachtree)	Monthly	2 months	30,000 Ks
	8.	2D Special Professional Course	Monthly	2 months	50,000 Ks
	9.	3D Special Professional Course	Monthly	2 months	50,000 Ks
	10.	Hardware Course	Monthly	1 month	50,000 Ks
Super Top (နိုင်ငံခြားဘာသာစကားသင်တန်းကျောင်း) **တိုက်(၂၇)၊ ဒုတိယထပ်၊ ဓေယျာသီရိလမ်းထိပ်၊ အင်းစိန်လမ်းမပေါ်၊ လှည်းတန်းမှတ်တိုင်ရှေ့** **Ice Berry ဘေးတိုက်။** Tel: 09-73166653 09-5058934	1.	အင်္ဂလိပ်အခြေခံစကားပြော	Weekly	2 months	10,000 Ks
	2.	တရုတ်အခြေခံစကားပြော	Weekly	2 months	10,000 Ks
	3.	ဂျပန်အခြေခံစကားပြော	Weekly	2 months	10,000 Ks
	4.	ကိုရီးယားအခြေခံစကားပြော	Weekly	2 months	15,000 Ks
	5.	ထိုင်းအခြေခံစကားပြော	Weekly	2 months	20,000 Ks
	6.	မလေးအခြေခံစကားပြော	Weekly	1 month	30,000 Ks
	7.	ဂျာမန်အခြေခံစကားပြော	Weekly	1 month	40,000 Ks
	8.	ရုရှားအခြေခံစကားပြော	Weekly	1 month	40,000 Ks
	9.	ပြင်သစ်အခြေခံစကားပြော	Weekly	1 month	50,000 Ks
	10.	အီတလီအခြေခံစကားပြော	Weekly	1 month	50,000 Ks
PENGUIN MILLENNIUM **အမှတ်(၂၉)၊ ပ-ထပ်၊ လှည်းတန်း။** **အမှတ်(၂၂၆)၊ ပ-ထပ်၊ တာမွေ။** Tel: 09-450040303 09-259713713	1.	Basic Computer Course	Weekly	2 months	35,000 Ks
	2.	Advanced Excel	Weekly	1 month	35,000 Ks
	3.	Graphic Design	Weekly	2 months	50,000 Ks
	4.	A+ Short Course	Weekly	2 months	80,000 Ks
	5.	A+ Special Course	Weekly	3 months	150,000 Ks
	6.	Linux Basic	Weekly	2 months	150,000 Ks
	7.	Linux Networking	Weekly	2½ months	250,000 Ks

ဘာစီလိုနာစင်မြင့်ပေါ်က Samsung Galaxy S7 နှင့် S7 edge

ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့ ကမ္ဘာ့မိုဘိုင်းကွန်ကရင့်ပြပွဲ – MWC (Mobile World Congress 2016) မှာ ဆမ်ဆောင်းကုမ္ပဏီက သူ့ရဲ့ထင်ပေါ်ကျော်ကြား လူကြိုက်များတဲ့ ဂယ်လက်စီစီးရီးရဲ့ နောက်ဆုံးထွက် S7 နဲ့ S7 edge အကြောင်းကို စင်မြင့်တင်ဆက်မှုမှတ်တမ်းအရ သုံးသပ်ရေးသားလိုပါတယ်။ ဒါပေမဲ့ အများရေးနေကျအတိုင်း ကုန်ပစ္စည်းလုပ်ဆောင်နိုင်မှုကို ဦးစားပေးသုံးသပ်မှုမျိုးမဟုတ်ဘဲ ပြည်ပရောက် မြန်မာတစ်ယောက်အနေနဲ့ လက်ရှိဗိုလ်စွဲနေတဲ့လုပ်ဆောင်ချက်အသစ် – New Feature များနဲ့ နည်းပညာတီထွင်မှု – Innovation နယ်ပယ်မှာ ဘယ်လောက်ဦးဆောင်နိုင်သလဲဆိုတာကို အလေးပေးဆွေးနွေးသွားဖို့ အစီအစဉ်ရှိပါတယ်။

Samsung Unpacked 2016 ပွဲစတဲ့အခါ ဆမ်ဆောင်းရဲ့ မိုဘိုင်းဥက္ကဋ္ဌ ဒီဂျေရူး – DJ Koh က ပွဲဦးထွက် မိတ်ဆက်ပြီး စကားပြောပါတယ်။ သူ့လက်ထဲမှာ Galaxy S7 နဲ့ Galaxy S7 edge တို့ကို မထုတ်ပြခင် ပွဲလာကြည့်သူအားလုံးကို သူတို့ရဲ့ရှေ့မှာရှိတဲ့ VR Headset တွေကို ဦးခေါင်းမှာ တပ်ခိုင်းပြီး ဖုန်းကြော်ငြာကို VR – Virtual Reality အတွေ့အကြုံအသစ်နဲ့ ဧည့်ခံရခုန်စရာပါ။ အထူးပြောစရာရှိတာက စင်မြင့်ရဲ့အထက်မှာ ဘယ်ဘက်ကကြည့်ကြည့် စလိုက်ရှိးတွေကိုမြင်ရမယ့် LED မျက်နှာပြင်ကြီးကို လေးဘက်လေးတန် လှည့်ထားပေးတာပါပဲ။

ပထမထူးခြားချက်ကို ဒုတိယဥက္ကဋ္ဌ ဂျပ်စတင်ဒက်နီဆင် – Justin Denison က S7 နဲ့ S7 edge တို့ဟာ ဖုန်းမျက်နှာပြင်မှာ ဘက်ထရီအားမစားဘဲ လက်ရှိအချိန်ကို အမြဲပြနေစေဖို့ Always-On Display ကို ပြောပါတယ်။ ဒီနေရာမှာ ကိုယ်ကြိုက်တဲ့ဆော့ဖ်ဝဲထုတ်လုပ်သူတွေရဲ့ လုပ်ဆောင်ချက်တွေကို ဒေါင်းလော့ဆွဲ ထည့်သွင်းသုံးစွဲနိုင်မယ်ဆိုတာကိုပါ ထပ်ရှင်းပြတယ်။

Always-On Display (★ ★ ★ ★)

ရေစိမ်ခံတဲ့ IP68 လုပ်ဆောင်ချက်ကို ဆက်ပြောပါတယ်။ ဆိုလိုတာက တစ်မီတာခွဲ ရေအနက်မှာ မိနစ် (၃၀) ကြာအောင် အထားခံတယ်လို့ ပြောချင်တာပါ။ ဖုန်းထဲကိုရေမဝင်အောင် အရင်လုပ်ဆောင်ချက်တွေမှာ ဖုန်းရဲ့အပြင်ပိုင်းကနေ ကာကွယ်ခဲ့ကြဖူးတယ်။ အခုဆမ်ဆောင်းက အတွင်းကနေ ရေမဝင်အောင် ကာကွယ်ထားတာပါ။

Water Resistance (★ ★ ★ ★ ★)

ဖုန်းရဲ့မှတ်ဉာဏ်ကို ထပ်တိုးဖို့အပေါက် – Slot ထည့်ပေးထားပါတယ်။ ထည့်နိုင်တဲ့မှတ်ဉာဏ်ပမာဏကို အသေးစိတ်မပြောထားပေးမယ့် 128GB ကတ်ကိုပြထားခြင်းအားဖြင့် 128GB အထိ တိုးမြှင့်လို့ရတယ်လို့ ထင်မှတ်ရပါတယ်။

Expendable Storage Slot (★ ★)

အလင်းနည်းတဲ့အချိန်မှာ ရိုက်နိုင်ခြင်းနဲ့ ပုံကောင်းထွက်ခြင်းက လက်ကိုင်ဖုန်းရဲ့ကင်မရာကို အဆုံးအဖြတ်ပေးကြောင်း ဆက်ပြောပါတယ်။ ပိုကောင်းတဲ့မှန်ဘီလူး f1.7 ပါဝင်ပြီး နှစ်ဆအလင်းကွက် – Dual Pixel နည်းပညာသုံးထားလို့ ပုံရိပ်တစ်ခုကို လူသားတွေရဲ့မျက်လုံးတွေလို ပုံရိပ်နှစ်ခုကို တစ်ခုတည်းအနေနဲ့ ပေါင်းပြီးပုံဖော်ပေးမှာပါ။

Auto Focus အာရုံစူးစိုက်မှုကို Galaxy S7 နဲ့ Galaxy S7 edge တို့ဟာ မချိန်နိုင် မရိုက်နိုင်ဖြစ်နေမှာမဟုတ်ဘဲ ၁၀၀% အာရုံစူးစိုက်နိုင်မယ်လို့ ပြောထားပါတယ်။ Panorama ရိုက်ချက်မှာ အရင်ဖုန်းတွေက အပေါ်နဲ့အောက်ဘောင်တွေကို ကျဉ်းလိုက်ပေမယ့် S7 နဲ့ S7 edge တို့ရဲ့ ကင်မရာတွေမှာ အပြည့် ကြည့်ရှုနိုင်မယ်လို့ သိရပါတယ်။ ပိုကောင်းတဲ့မြင်ကွင်းကျယ်တွေကို အပြင်စွေးကွက်တွေကနေ Camera Cover ထပ်ဝယ်တပ်ပြီး သုံးနိုင်ပါသေးတယ်။

Camera (★ ★ ★)

Galaxy S7 နဲ့ Galaxy S7 edge တို့ရဲ့ လုပ်ဆောင်ချက်မှာ အရင်ဖုန်းထက် ၃၀% ပိုမိုမြန်ဆန်မယ်လို့ ပြောပါတယ်။ ဖုန်းရဲ့ဂရပ်ဖစ်ကတ်က ၆၃% ပိုမြန်မယ်ဆိုတော့ ဂိမ်းကစားသူတွေအကြိုက်တွေ့ပါလိမ့်မယ်။ ပိုကောင်းတဲ့ အအေးပေးစနစ်တပ်ဆင်ထားလို့ S7 နဲ့ S7 edge တို့ဟာ အရင်ဖုန်းတွေလို မပူတော့ဘူးလို့ ညွှန်းပါတယ်။ ဒီအချက်တွေက အချိန်တစ်နှစ်ယူပြီး လုပ်ရတဲ့ ဖုန်းအသစ်တိုင်းမှာ မဖြစ်မနေပါနေကျ လုပ်ဆောင်ချက်များလို့ပဲ မြင်မိပါတယ်။

Hardware Feature (★)

Galaxy S7 ကို 3000mAh နဲ့ Galaxy S7 edgeကို 3600mAh တို့အထိ တိုးပေးလိုက်တဲ့ ဘက်ထရီသက်တမ်းကို ဆမ်ဆောင်းက ခိုးကျူးလွန်နေပါတယ်။ အခုနောက်ပိုင်းဈေးသက်သာဖုန်း – Budget Phone အများစုမှာ ဒီလောက်ကတော့ ပါပြီးသားဖြစ်နေတာကို စာဖတ်သူများ သိပြီးသားဖြစ်ကြမှာပါ။ အရင် S6 မှာ ဘက်ထရီပြဿနာ တော်တော်ရှိပါတယ်။ အခု ဒီဖုန်း (၂) လုံးမှာလည်း ဘက်ထရီက အသေပါ၊ လဲလို့မရပါဘူး။

Battery Life (★)

Samaung နဲ့ EPIC Gaming တို့ ပူးပေါင်းပြီး Galaxy S7 နဲ့ Galaxy S7 edge တို့ရဲ့ ဂိမ်းကစားနိုင်မှုကို အဆင့်မြှင့်ထားတယ်လို့ ပြောပါတယ်။ ဒါက လည်း စိတ်ဝင်စားစရာအများကြီးထဲက တစ်ခုပါပဲ။

Gaming (★)

ဥရောပ၊ အမေရိကားနဲ့ တခြားသတ်မှတ်ထားတဲ့ တိုင်းပြည်တွေမှာ အွန်လိုင်းကနေ Galaxy S7 နဲ့ Galaxy S7 edge တို့ကို ကြိုတင် – Pre Order မှာမယ်ဆိုရင် ၉၉ ဒေါ်လာတန်တဲ့ Samsung VR Headset ကို အခမဲ့လက်ဆောင်ပေးသွားမယ်လို့ ကြေညာပါတယ်။

Pre Order Selling Point (★ ★ ★)

လက်ကိုင်ဖုန်းနဲ့ ငွေရှင်းတဲ့ Samsung Pay အကြောင်း ပြောလာတာလည်း နှစ်တွေကမနည်းတော့ပါဘူး။ နောက်ထပ်နာမည်တစ်မျိုးနဲ့ Mobile Wallet လို့ပြောတာလည်း ဒီကိစ္စပါပဲ။ လက်တွဲလာတဲ့ကုမ္ပဏီတွေ တိုးလာတယ်လို့ပြောပေမယ့် လက်တွေ့မှာ ဖုန်းနဲ့ ငွေပေးချေသူ တိုးပွားမှုနည်းနေသေးတာက Samsung Pay ရဲ့ အောင်မြင်မှုကို အကဲဖြတ်ပေးပါလိမ့်မယ်။

Samsung Pay (★)

မိုဘိုင်းဖုန်းအကြောင်း ပြောပြီးတဲ့နောက်မှာ ၂၀၁၄ ခုနှစ်က အခြေပြု ခဲ့တဲ့ VR - Virtual Reality အကြောင်းဘက် ဆက်သွားပါတယ်။ ၃၆၀ ဒီဂရီကင်မရာ – 360° Camera အကြောင်း သရုပ်ပြဗီဒီယို ထိုးပြီးတဲ့အခါ ငါးမျက်လုံးကင်မရာ – Gear 360 ကို မိတ်ဆက်ပါတယ်။ မှန်ဘီလူး (၂) ခု ကို အရှေ့နဲ့အနောက် ကျောချင်းကပ်ထားပြီး ဂေါက်သီးလုံးကို တုတ် တပ်ထားတဲ့ပုံစံမျိုးလေးပါ။ 30MP ရှိတဲ့ကင်မရာကို f2.0 မှန်ဘီလူးကို ဆင်ထားပေးပါတယ်။

သူ့ချည်းဆိုရင် သီးခြားရပ်တည်နေပေမယ့် Gear 360 ကို Sumsung S7 နဲ့ S7 edge တို့ကို ချိတ်ဆက်လိုက်တဲ့အခါ ကင်မရာကပတ်ချာလည် ၃၆၀ ဒီဂရီရိုက်ပေးထားတာကို ဖုန်းကနေ တိုက်ရိုက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Other Reality အုပ်စုမှာ Gear 360 ၊ Sumsung S7 ၊ S7 edge တို့အပြင် VR Headset တို့အားလုံးကို တစ်ပြိုင်တည်းသုံးစွဲတဲ့အခါမှာ တခြားကမ္ဘာက လက်ရှိအဖြစ်အပျက်ဟာ မိမိရှေ့ကိုတစ်မှုတ်ချင်း ရောက်လာတာကို ပွဲကြည့်လာပရိသတ်တွေ ထပ်မံကြည့်ရှုခံစားလိုက်ရပါတယ်။

Gear 360 (★ ★ ★)

နောက်ထပ်လာမယ့်အခင်းအကျင်းဟာ အရှိအတိုင်းမြင်ခြင်း ဖြစ်ပါတယ် – VR is the next platform လို့ စင်ပေါ်တက်ပြောလာသူကတော့ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်တည်ထောင်သူ မာ့ခ်ဇက်ဂါဘတ်ပါ။ ၁၁ နှစ်သားကတည်းက ကွန်ပျူတာကုဒ် ရေးခဲ့တဲ့မာ့ခ်ဟာ VR ကို အကောင်အထည်ဖော်ဖို့ စိတ်ကူးယဉ်ခဲ့တယ်။

အရင်တစ်ခေတ်က စိတ်ကူးဟာ အခုလက်ရှိမှာ Hardware ကို အကောင်းဆုံးထုတ်လုပ်နိုင်တဲ့ Samsung နဲ့ VR အတွေ့အကြုံကို အကောင်းဆုံး ရေးသားနိုင်တဲ့ Facebook +Oculus တို့ရဲ့ အင်အားစုံစွမ်းအင်ပြည့် အင်ဂျင်နီယာတွေနဲ့ပူးပေါင်းလို့ ပရိသတ်ရှေ့ကို (၉၉) ဒေါ်လာနဲ့ အရောက်ပို့နိုင်ပါပြီလို့ ပြောသွားပါတယ်။

VR Headset (★ ★ ★)

Samasung Galaxy S7 နဲ့ Galaxy S7 edge တို့ဟာ 5.1" နဲ့ 5.5" အသီးသီးရှိကြပြီး အရင်နှစ်မော်ဒယ်တွေထက် ပိုမိုသေးသွယ် ရှည်လျားထားပါတယ်။ အမည်း၊ အဖြူ၊ ခဲရောင်နဲ့ ရွှေရောင်ဆိုပြီး (၄) စား ထွက်ရုံမက မတ်လထဲမှာ သုံးစွဲသူတွေလက်ထဲ အရောက်ပို့ပေးမယ်ဆိုတာ သိရတယ်။

လက်ကိုင်ဖုန်းသုံးစွဲသူ မြန်မာများအနေနဲ့ ပန်းသီးဖုန်းချစ်သူများက ဆမ်ဆောင်းကိုပြောင်းရခက်သလို ဆမ်ဆောင်းသမားကလည်း ပန်းသီးဖုန်းဟာ ပျင်းစရာကောင်းတယ်လို့ပြောကြတယ်။ မြန်မာပြည်တွင်းမှာ ဆိုရင်တော့ လုပ်ဆောင်ချက်တူပြီး ဆင်းကတ် (၂) ပေါက်စိုက်လို့ရတဲ့ မြန်မာစာဖောင်္ကျိဖောင့်မှန် တန်ဖိုးနည်းအစားထိုးဖုန်းတွေ သုံးကြတယ်။

ဒါကြောင့် ဒီ MWC 2016 ပွဲရဲ့ ဆမ်ဆောင်းရဲ့ ကြေညာမှုကြောင့် ကျွန်တော်တို့ ကိုင်နေကျဖုန်းတွေကို လွှတ်ပစ်ချင်လောက်အောင် စိတ်လှုပ်ရှားစရာ မတွေ့မိပါဘူး။ ဒါပေမဲ့ ပန်းသီး iPhone ကနေ Android ဖုန်းကို ပြောင်းကိုင်ချင်တယ်... လက်ရှိစွမ်းဆောင်ရည် အမြင့်ဆုံးဖုန်းကို လည်း ပိုင်ဆိုင်ချင်တယ်... ငွေအားဖြင့်လည်း တတ်နိုင်ပြီး လက်ထဲမှာ ကိုင်တွယ်ရတာ ပေါ့ပါးချင်တယ်ဆိုရင်ဖြင့် Samsung Galaxy S7 နဲ့ S7 edge တို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ပါရစေ ...။

YouTube Link : https://www.youtube.com/watch?v=8R5HN6oWdC4

◀ စာမျက်နှာ (၆) မှ

ဒီပုံမှာ တစ်ဖက်က Rec 709 နဲ့ ရိုက်ထားတာဖြစ်ပြီး နောက်တစ်ခုကတော့ S Log 3 ပါ။ S Log 3 ကတော့ Sony ရဲ့ နောက်ဆုံးပေါ်ပါ။ ဒီလိုဆို Log Mode မှာ ရုပ်တွေဟာ Color မပါသလို ဖွယ်နေပြီး Shadow-Highlight Area တွေမှာ Image Data တွေ အကုန်ပါနေသေးတာတွေ့ရမှာပါ။ ဒီလိုဆို Post Production မှာ Color ကို ကောင်းမွန်စွာ ချိန်တွယ်နိုင်မှာပါ။ အခုပုံကတော့ Sony FS 7 Camera ရဲ့ Slog3 ပါ။ အခုကျွန်တော်ရေးနေတဲ့ RX100 IV နဲ့ စေ့းနှုန်းချင်း ၁၀ ဆနီးပါးကွာပါတယ်။ ဒါကြောင့် ဒီလို High End Camera တွေမှာတွေ့ရတဲ့ ဒီ S log Profile ကို Function ကို ဒီလို Compact Camera လေးမှာထည့်ပေးထားတာဟာလဲ Sony ရဲ့ ထူးဆန်းတဲ့အချက်လို့ ပြောလို့ရနိုင်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ဒီ Camera စကြော်ငြာကတည်းက Highlight လုပ်ပြီးကြော်ငြာခဲ့တဲ့ HFR လို့ခေါ်တဲ့ High Frame Rate ပါ။

အပေါ်မှာရေးခဲ့တဲ့အတိုင်း ဒီ Camera လေးဟာ 120fps ကို Full HD မှာ ရိုက်နိုင်တာကိုရေးခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ RX100 IV ဟာ ဒီထက်ပိုတဲ့ Frame Rate တွေနဲ့ ရိုက်နိုင်တာကိုတွေ့ရပါတယ်။ အဲ့ဒါကတော့ NTSC Mode မှာ 240, 480, 960 frames per second ထိရိုက်နိုင်ပြီး PAL mode မှာတော့ 250, 500, 1000 Frame per second ထိ တင်ရိုက်နိုင်တာတွေ့ရပါတယ်။ ဒါဟာတော်တော်လေးကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ 1000 frames per second ဆိုတာ ဘယ်လောက်ထိ Slow motion ဖြစ်မလဲဆိုရင် 1 second ကြာတဲ့ ရုပ်ထွက်ကို second 33 ကျော် ပြန်ပြီးကြည့်နိုင်လောက်တဲ့ အနေးပြချက်ရပါတယ်။ ဒီလိုရဖို့ဆိုတာ ဈေးအင်မတန်ကြီးတဲ့ Slow Motion Camera တွေမှာသာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အားနည်းချက်တွေရှိပါတယ်။ အဲ့ဒါကတော့ ဒီ HFR ကို ရိုက်မယ်ဆိုရင် Mode နှစ်ခုရှိပါတယ်။ အဲ့ဒါကတော့ Quality Priority နဲ့ Shoot Time Priority ပါ။ Quality Priority မှာဆို 2 seconds ရိုက်လို့ရပြီး Shoot Time Priority မှာဆိုရင်တော့ 4 seconds ထိရိုက်လို့ရမှာပါ။



ဒီနေရာမှာ တစ်ခုရှိတာက 960frames per second နဲ့ 2 seconds စာ ရိုက်လိုက်တဲ့ Video ဟာရိုက်ချိန်ဟာ 2 seconds ပဲရှိပေမယ့် Output Video ဟာ Slow Motion ဖြစ်လာတဲ့အတွက် (960/30)x 2=64seconds ကြာမှာပါ။ ဒီ HFR နဲ့ ရိုက်မယ်ဆိုရင် Slow Motion ရနိုင်ပေမယ့် သူက Resolution တော့ လျော့ချလိုက်ပါတယ်။ 1000frames per second အတွက်ဆို သူ Resolution ဟာ Quality Priority မှာ 1136 x 384 သာရှိတော့မှာဖြစ်ပြီး Shoot Time Priority မှာ 800 x 270 သာရတော့မှာပါ။ ဒီလောက် Function ဒီဈေးနဲ့ ဒီလို Limitation ရှိမှာပဲဖြစ်မှာပါ။ ကျန် Frame Rate တွေမှာလဲ အသီးသီး Resolution သတ်မှတ်ထားပါတယ်။

ဒီလို Video ပိုင်း Photo ပိုင်း အကုန်လုံးမှာ Function အမြင့်တွေပေးထားတဲ့ ဒီ Camera လေးကို ဘယ်လိုအနေအထားမှာ ကိုင်သင့်သလဲဆိုတဲ့ မေးခွန်းမျိုးရှိပါတယ်။ သူ့ဈေးဟာ Semi Pro DSLR တစ်လုံးကောင်းကောင်း ဝယ်လို့ရပါတယ်။ ဒါ့ကြောင့် အခုမှစတင်တဲ့ ဝါသနာရှင်တွေအတွက်တော့ သင့်တော်တဲ့ ရွေးချယ်မှုမဖြစ်နိုင်ပါဘူး။ သူအနေအထားအရ နဂို Photography Gear အစုံရှိပြီးသား Professional တွေရဲ့ သူတို့ရဲ့ Gear တွေကို အလေးခံ လူမြင်ခံသယ်ယူရိုက်ကူးလို့မရတဲ့ အခြေအနေတွေမှာ ပိုသုံးကြမယ့် အနေအထားလို့မြင်ပါတယ်။ နောက်တစ်ခုကတော့ Budget အမြင့်ပိုင်းတတ်နိုင်သူပြီး DSLR လို Lens အဖြုတ်အတပ်တွေ ရှုပ်နေတာမလိုချင်ဘူး size သေးတာပဲလိုချင်တယ်။ ဒါပေမဲ့ DSLR လို Function မျိုး (Function ပါ Quality မဟုတ်ပါဘူး)လိုချင်တယ်ဆိုသူမျိုးတွေအတွက် ဒီ RX 100 IV ဟာ သင့်တော်တဲ့ Camera လေးတစ်လုံးဖြစ်မှာပါ။

◀ စာမျက်နှာ အချပ်ပို (D) မှ

အထက်ပါအတိုင်း လက်ရှိဖြစ်နေတဲ့ Full Control မှာ Allow ကနေ Deny ဘက်ခြမ်းကို လုပ်ထားတဲ့အတိုင်း ပြောင်းလဲသတ်မှတ်လိုက်ပါ့မယ်။ ထို့နောက်တော့ OK နှိပ်လိုက်ပြီး Apply ကို နှိပ်လိုက်တဲ့အချိန်မှာတော့



အထက်ပါပုံအတိုင်း Warning Message ပေါ်လာမှာဖြစ်ပါတယ်။ ဒါကတော့ ခုနက သင်သတ်မှတ်လိုက်တဲ့ Permissions တွေကိုလုပ်မှာလားလို့ မေးတာဖြစ်ပါတယ်။ ကျွန်တော်တို့က Yes လို့ နှိပ်လိုက်ပါ့မယ်။ ဒါဆိုရင် ထပ်ပြီး Apply ကိုနှိပ်လိုက်တဲ့အခါမှာတော့

အထက်ပါပုံအတိုင်း ခုနက သင်သတ်မှတ်ထားတဲ့ Permission ကို Effect ဖြစ်ဖို့အတွက် သင့် Stick ထဲမှာရှိတဲ့ Data တွေကို Encryption လုပ်နေတာဖြစ်ပါတယ်။ ပြီးသွားရင်တော့ OK/ OK လုပ်လိုက်ပါ့မယ်။ အားလုံး OK လုပ်ပြီးသွားတဲ့အချိန်မှာတော့ သင့် Stick ကို My Computer ကနေ တစ်ချက်ပြန်ဖွင့်ပါ့မယ်။ ထိုအထဲကမှ တစ်ခုခုကို Shift + Del နဲ့ နှိပ်ကြည့်တဲ့အခါမှာ



အထက်ပါပုံအတိုင်း ခုနက သင်သတ်မှတ်ထားတဲ့ Error Message ကို ပြမှာဖြစ်သလို တခြားကွန်ပျူတာ သို့မဟုတ် Stick ထဲက မဟုတ်တဲ့ တခြားနေရာကနေ Data တွေကို Stick ထဲကို ကူးယူတဲ့အခါမျိုးမှာလည်း



အထက်ပါပုံအတိုင်း ကူးလို့မရတဲ့ Error Message ကို ပြနေမှာပါ။ ထို့အတူပဲ ထို Stick ထဲမှာ

Folder , File တွေကိုအသစ်လုပ်တဲ့အခါမှာလည်း အောက်ပါပုံအတိုင်း

Error Message ပြနေမှာဖြစ်ပါတယ်။ ဒါဟာ သင့်ရဲ့ Memory Stick ကို ဘာ Software မှ မသုံးဘဲနဲ့ Windows မှာပါတဲ့ Third Party Utilities နဲ့ Permission တွေ သတ်မှတ်ပြီး ကာကွယ်လိုက်တာဖြစ်ပါတယ်။ ဒီလောက်ဆို အားလုံးအဆင်ပြေမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ မရှင်းလင်းတာတွေကိုလည်း အချိန်မရွေး မေးမြန်းနိုင်ပါတယ်။

◀ စာမျက်နှာ (၂၄) မှ

(၁၂) Select လုပ်ထားသည့်စာသားများကို အသံထွက်ဖတ်နိုင်ခြင်း

Settings > General > Accessibility > Speak Selection ကို ON ခြင်းဖြင့် စာသားများကို Select လုပ်သည့်အခါ ပေါ်လာသည့် Speak ခလုတ်ကို နှိပ်ပြီး Select လုပ်ထားသည့်စာသားများကို အသံထွက်ဖတ်စေနိုင်သည်။

(၁၃) Spacebar ကိုနှစ်ချက်နှိပ်ပြီး ပါကျအသစ်တစ်ကြောင်း စတင်ခြင်း

စာရေးသားရာတွင် ပါကျအသစ်တစ်ကြောင်းဖြင့် စတင်လိုသည့်အခါ Spacebar ကို နှစ်ချက်နှိပ်ရုံဖြင့် ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်သည့်အခါ စာကြောင်းအဆုံးတွင် full stop တစ်ခုနှင့် space တစ်ခုအလိုအလျောက် ထည့်သွင်းပေးမည်ဖြစ်သည်။

(၁၄) Calendar app ကို အသေးစိတ် ကြည့်ရှုအသုံးပြုခြင်း

Calendar app ကိုအသုံးပြုသည့်အခါ ဖုန်းကို landscape အနေအထားသို့ ပြောင်းလဲပြီး အသေးစိတ်ကြည့်ရှုနိုင်သည်။

(၁၅) ဓာတ်ပုံရိုက်ရာတွင် lock autofocus နှင့် exposure ဖြင့် အသုံးပြုခြင်း

ဓာတ်ပုံတစ်ပုံရိုက်ကူးသည့်အခါ iPhone ကင်မရာက Focus နှင့် exposure ကို အမြဲချိန်ညှိပေးသည်။ သို့သော်လည်း Screen ပေါ်တွင် အဝါရောင် စတုရန်းကို နှစ်ချက် မှိတ်တုတ်မှိတ်ပေါ်သည့်အထိ ဖိထားပြီး focus နှင့် exposure ကို lock ပြုလုပ်ထားနိုင်သည်။ Autofocus နှင့် exposure lock ဖြစ်သည့်အခါ AE/AF Lock ဆိုသည့် အဝါရောင် icon ပေါ်လာမည်ဖြစ်သည်။

(၁၆) Tap တစ်ချက်လုပ်ရုံဖြင့် Web Suffix များထည့်သွင်းခြင်း

Safari တွင် ဝက်ဘ်ဆိုက်လိပ်စာတစ်ခုရိုက်ထည့်သည့်အခါ Keyboard အောက်ဘက်ရှိ "." ကိုဖိထားပြီး ပေါ်လာသည့် Web Suffix များ။ (.com, .net, .edu စသည်များ) ကိုရွေးချယ်ထည့်သွင်းနိုင်သည်။

(၁၇) Email draft များကို အလျင်အမြန်အသုံးပြုခြင်း

Mail app တွင် Screen ညာဘက်အောက်ထောင့်ရှိ Compose icon ကို ဖိထားပြီး အကြမ်းရေးထားသည့် email များကို အလျင်အမြန်အသုံးပြုနိုင်သည်။

(၁၈) တုန်ခါမှုကို စိတ်ကြိုက်ပြင်ဆင်ခြင်း

Settings > Sounds > Ringtone > Vibration > Create New Vibration လုပ်ပြီး သက်ဆိုင်ရာ Contact များအတွက် Vibration pattern ကို စိတ်ကြိုက်ပြင်ဆင်လာနိုင်သည်။ ထိုသို့ Vibration သတ်မှတ်ထားသည့်အခါ message သို့မဟုတ် ဖုန်းခေါ်ဆိုမှု ဝင်ရောက်လာသည့်အခါ တုန်ခါမှုအပေါ်မူတည်ပြီး contact ကို ခွဲခြားသိရှိနိုင်သည်။

(၁၉) Keyboard shortcut များစိတ်ကြိုက်ဖန်တီးခြင်း

Setting > General > Keyboard > Shortcuts > Add New Shortcut ကိုသွားပြီး စကားလုံးတစ်လုံး သို့မဟုတ် စကားရပ်တစ်ခုဖန်တီးပြီး သက်ဆိုင်ရာ Shortcut ကို ဖန်တီးနိုင်သည်။ ထို့နောက် Shortcut ကိုရိုက်လိုက်သည့်အခါ သက်ဆိုင်ရာစကားလုံး သို့မဟုတ် စကားရပ်တစ်ခုပေါ်လာမည်ဖြစ်သည်။ Emoji အတွက်လည်း Shortcut များဖန်တီးနိုင်သည်။

(၂၀) Passcode တစ်ခုကို စာလုံးများဖြင့် ဖန်တီးခြင်း

setting > General> Passcode Lock တွင် Simple Passcode ကို OFF လုပ်ပြီးနောက် passcode ကို စာလုံးများဖြင့် ဖန်တီးနိုင်သည်။ ထို့နောက်တွင် ဖုန်းကို Unlock ပြုလုပ်ရာ၌ သတ်မှတ်ထားသည့် passcode စာလုံးများထည့်သွင်းရန် keyboard ပေါ်လာမည်ဖြစ်သည်။

(၂၁) သတိပေးချက်များကို LED flash ဖြင့်ဖော်ပြခြင်း

ဖုန်းခေါ်ဆိုမှု သို့မဟုတ် message တစ်စောင် ဝင်ရောက်လာသည့်အခါတွင် ဖုန်းမြည်သံ သို့မဟုတ် တုန်ခါမှုစနစ်ဖြင့်မဟုတ်ဘဲ LED flash ဖြင့် ဖော်ပြနိုင်သည်။ Settings > General > Accessibility တွင် "LED Flash for Alerts" ကို ON ပြီးအသုံးပြုနိုင်သည်။

Ref : -Sakura Snow

နည်းပညာနှင့်အနာဂတ်စစ်ပွဲများ

ဆောင်းပါးရှင် – နောင်စိုး (ထားဝယ်)

စစ်ဆိုတာ ကောင်းတဲ့ကိစ္စမှမဟုတ်ဘဲဗျာ။ လူ့လောကကြီးအကျိုးရှိအောင် သုံးစွဲနိုင်တဲ့ငွေတွေကို လူလူချင်းသတ်နေတဲ့နေရာမှာ သွားသုံးမှဖြင့် ဘယ်လာပြီး ကောင်းမှာလဲ။ ဒါပေမဲ့ လူ့ရဲ့အတ္တနဲ့ မာနတွေ မချိုးနှိမ်နိုင်သရွေ့ စစ်ဆိုတာ ဖြစ်နေဦးမှာပဲ။ ကိုယ့်ဝါဒတစ်ခု ကမ္ဘာကိုလွှမ်းမိုးဖို့ကြိုးစားရင်း စစ်ဖြစ်တဲ့အခါရှိမယ်။ ကိုယ့်ဘာသာတစ်ခုကမ္ဘာကိုလွှမ်းမိုးဖို့ကြိုးစားရင်း စစ်ဖြစ်တဲ့အခါရှိမယ်။ ကိုယ့်လူမျိုးတစ်စု ကမ္ဘာကိုလွှမ်းမိုးဖို့ကြိုးစားရင်းစစ်ဖြစ်တဲ့အခါရှိမယ်။ ကမ္ဘာပေါ်မှာဒီမိုကရေစီစနစ်ကိုဘယ်လောက် လူကြိုက်များတယ်ပဲပြောပြော လက်တွေ့ဖြေရှင်းတဲ့အခါ အခုအထိ တောတွင်းဥပဒေကျင့်သုံးတုန်းပဲ။

တောတွင်းဥပဒေဆိုတဲ့ Jungle Law ကို သဘောပေါက်ပါတယ်နော်။ အင်အားကြီးတဲ့သတ္တဝါက အင်အားနည်းတဲ့သတ္တဝါကို အနိုင်ကျင့်တဲ့နည်းလမ်းခင်ဗျ။ ဒါကြောင့် ကမ္ဘာပေါ်မှာ စစ်အင်အားကို အပြိုင်အဆိုင် ထူထောင်ကြပါတယ်။ အကောင်းထူထောင်တာတော့ မဟုတ်ဘူး။ သူများကိုအနိုင်ကျင့်ဖို့ ဖြဲချောက်ဖို့ထူထောင်ကြတာ။ နည်းပညာခေတ်ကြီးထဲရောက်လာတော့ စစ်တပ်တွေလည်း နည်းပညာနဲ့ ပူးပေါင်းလာပါတယ်။ အရင်ကတိုက်ပွဲထွက်ရင် စစ်သားတွေဟာ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းရယ်၊ မြေပုံရယ်၊ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးစက်ရယ် ယူပြီးသွားကြတယ်။

တပ်ဖွဲ့တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြား အဓိကဆက်သွယ်ရေးက ကြိုးမဲ့ကြေးနန်းစက်ပဲ။ မြေပုံပါတာက တစ်ကဏ္ဍ၊ ကြေးနန်းစက်ပျက်ပြီဆိုရင် ဒုက္ခများပြီ၊ ဖွဲ့ဖြိုးဆဲနိုင်ငံက တပ်တွေမှာ နည်းပညာနိမ့်ကျတော့ အခြေအနေက ပိုဆိုးပါတယ်။ GPS မရှိဘူး။ Drone သုံးပြီး ထောက်လှမ်းရေးမလုပ်နိုင်ဘူး။ ရန်သူဘယ်နေမှန်း အမြဲတမ်းအတိအကျမသိဘူး။ ဒီလိုပဲ ကြွသလိုကြည့်တိုက်ကြရတာပဲ။ ခြေလျင်တပ်တွေကျဉ်းထဲကျပ်ထဲ ရောက်ပြီဆိုရင် လေကြောင်းပစ်ကူကို အားကိုးကြရတယ်။ ဒါကလည်း ကြေးနန်းဆက်သွယ်ရေးစက်ကောင်းပါမှ ဒီဘက်ခေတ်မှာ မိုဘိုင်းဖုန်းတွေတွင်ကျယ်လာတော့လည်း ကွန်ရက်လက်လှမ်းမီတဲ့နေရာ ဖုန်းကိုင်ပြီး ဆက်သွယ်ကြတယ်ဆိုတာမျိုးလည်း ကြားရပါတယ်။

နည်းပညာက စစ်ပွဲတစ်ခု အောင်မြင်တာ မအောင်မြင်တာကို အဆုံးအဖြတ်ပေးနိုင်သလား။ ပေးနိုင်ပါတယ်။ ယခင်ကပူးစစ်ပွဲလို့ နာမည်ကြီးတဲ့ အစွမ်းရေးနဲ့ အာရပ်တို့ရဲ့ ၇ ရက်စစ်ပွဲကိုပဲကြည့်ပါ။ အဲဒီစစ်ဖြစ်တဲ့အချိန်က ၁၉၇၃ ခုနှစ်ပါ။ ခုအချိန်ထက် စာရင် နည်းပညာအများကြီးနောက်ကျပါသေးတယ်။ ဂျေရုစလင်ကို သိမ်းမယ်ဆိုပြီး စစ်ကြောင်း သုံးကြောင်းဖြန့်ခွဲပြီးချီတက်လာတဲ့ အာရပ်တပ်ပေါင်းစုက အင်မတန်အားကြီးပါတယ်။ အစွမ်းရေးတပ်က အာရပ်တပ်ရဲ့ငါးပုံတစ်ပုံလောက်ပဲ အားရှိတယ်။ ဂျေရုဆလင်အချိန်မရွေးကျသွားနိုင်တဲ့အခြေအနေ ။ ဒါပေမဲ့ အာရပ်တပ်တွေရဲ့တည်နေရာနဲ့ စစ်ကစားတဲ့ ပြိုဟ်တုမြေပုံကို အမေရိကန်က အစွမ်းရေးစစ်တပ်လက်ထဲပေးတယ်။ အစွမ်းရေးစစ်တပ်ကလည်း လူစွမ်း လူစမည်သေတော့ သူ့ထက်အားကြီးတဲ့ အာရပ်တပ်တွေကို ပြန်ပြီး ဝိုင်းပိတ်ထားလိုက်နိုင်ပါတယ်။ အပြီးသတ်မှာ အာရပ်တပ်တွေ လက်နက်ချရပါတယ်။ နည်းပညာကို ထိထိရောက်ရောက် အသုံးချနိုင်တဲ့အကျိုးပါပဲ။

အခုတွေ့နေရတဲ့ Drone နည်းပညာကလည်း တပ်မတော်သုံးအတွက် စမ်းသပ်ရင်းပေါ်လာတာပါ။ ပထမက ကိုယ့်တပ်တည်ရာ ရှေ့သုံးလေးမိုင်ထဲမှာရှိတဲ့ ရန်သူအခြေအနေကို ထောက်လှမ်းဖို့သုံးတာပါ။ နောက်ပိုင်းနည်းပညာမြင့်လာတော့ Drone တွေဟာ လက်နက်တွေသယ်လာနိုင်တယ်။ အဝေးထိန်းချုပ်မှုနဲ့ ပစ်တာခတ်တာ ဗုံးကျဲတာတွေ လုပ်လာနိုင်တယ်။ ကိုယ်ကစပြီး တိုက်ခိုက်တာတင်မကဘဲ ကိုယ့်နယ်ထဲကျွံဝင်လာတဲ့ တစ်ဖက်တပ်တွေ၊ တစ်ဖက်က လက်နက်တင်ယာဉ်တွေကိုပါ ကြားဖြတ်ဟန့်တားနိုင်တဲ့ အစွမ်းရှိလာပါတယ်။ Drone လို့ခေါ်တဲ့ အဝေးထိန်းယာဉ်ပျံတွေကို စစ်ရေးမှာ ထိထိရောက်ရောက် အသုံးချနေတာက အမေရိကန်စစ်တပ်ပါ။

အမေရိကန်စစ်တပ်ဟာ Drone နည်းပညာတင်



မကာဘဲ ခြေကျင်တပ်တွေမှာ တစ်ဦးချင်းစွမ်းရည်မြှင့်တင်ဖို့ နည်းပညာကိုသုံးလာပါတယ်။ အရင်က စစ်တပ်ဆိုတာ ထုနဲ့ချီတက်၊ ထုနဲ့စစ်ဆင်ဆိုတဲ့ မူကို ဦးစားပေးခဲ့တာပါ။ ဒါပေမဲ့ တောတောင်ရေမြေထူထပ်ပြီး ပြောက်ကျားစစ်ဆင်ရေးနဲ့ ရင်ဆိုင်ရတဲ့အခါမျိုးမှာ ထုနဲ့စစ်ဆင်ရေးဟာ ထင်သလောက် မထိရောက်ပါဘူး။ တောထဲတောင်ထဲမှာ တပ်ဖွဲ့တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ချိတ်မိဖို့ကိစ္စဟာ ထင်သလောက်မလွယ်ပါဘူး။ အခြေအနေအရပ်ဆိုးတဲ့အခါမှာ တောင်မင်းမြောက်မင်း မကယ်နိုင်ဆိုတာမျိုး ဖြစ်တတ်တယ်။ ဒီလိုအခြေအနေမှာ တပ်ဖွဲ့ငယ်တွေဟာ အထက်အဓိန့်ကို အမြဲတမ်းအတိအကျအကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် တပ်ဖွဲ့ငယ်တွေဟာ အရေးကြုံရင် ကိုယ့်ဖာသာဆုံးဖြတ်ချက်နိုင်တဲ့ အခြေအနေရှိဖို့လိုပါတယ်။ ကိုယ့်ဖာသာဆုံးဖြတ်ချက်ချဖို့ ဆိုရင် ကိုယ်ရောက်နေတဲ့နေရာကိုသိရမယ်။ ကိုယ့်ပတ်ဝန်းကျင်က ရန်သူအင်အားနဲ့လှုပ်ရှားမှုသိရမယ်။ သွားလို့လာလို့ရမယ့်လမ်းကြောင်းတွေကို သိရမယ်။ ဒါတွေအတွက် နည်းပညာလိုတယ်။

အမေရိကန်လို နိုင်ငံကြီးတွေရဲ့ စစ်တပ်ဟာ နည်းပညာခေတ်ထဲမှာ ဗျူဟာပြောင်းလာပါတယ်။ ထုလိုက်ထည်လိုက် တစ်နေရာမှာ အခြေချတာမဟုတ်ဘဲ တပ်ကိုအစိတ်အပိုင်းငယ်လေးတွေ ခွဲထုတ်ပြီးဖြန့်ကျက်အခြေချတာကို အသားပေးလာပါတယ်။ နည်းပညာအသစ်၊ နည်းဗျူဟာအသစ်တွေသုံးပြီး တပ်စိတ် (Squad) နဲ့ တပ်စု (Platoon) တွေနဲ့ စစ်ဆင်ရေးလုပ်ဖို့ ကြိုးစားပါတယ်။ ဒီနည်းဗျူဟာကို တပ်မအခြေပြုတိုက်ခိုက်ရေးနည်းဗျူဟာလို့ ခေါ်ပါတယ်။ တပ်မနဲ့ အဲဒီအောက်ငယ်တဲ့တပ်တွေမှာ ဒီဗျူဟာသုံးဖို့ စဉ်းစားပါတယ်။ တပ်မကြီးကို ယူနစ်သေးသေးလေးတွေ ခွဲထုတ်မယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကောင်းကောင်းဆက်သွယ်နိုင်မယ့်ဆက်သွယ်ရေးနည်းပညာကိုသုံးပါမယ်။ တပ်ဖွဲ့ငယ်တွေဟာ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးစက်ကို အားကိုးမှာ မဟုတ်ပါဘူး။ စစ်သားတစ်ယောက်ချင်းစီမှာဆက်သွယ်ရေးပစ္စည်းတွေ ပိုင်ဆိုင်နေပြီး တစ်ယောက်စီအလိုက်၊ တပ်စိတ်အလိုက်၊ တပ်စုအလိုက် နှစ်မိုင်၊ သုံးမိုင် ခွင်အတွင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှာပါ။ အဝေးကြီးကို လှမ်းဆက်သွယ်တာက တစ်မျိုးပေါ့။

အမေရိကန်စစ်တပ်ရဲ့ Chief of Staff ပြောတဲ့ စကားက မှတ်သားလောက်ပါတယ်။ Smaller is Better တဲ့။ ပြီးတော့ ပြောသေးတယ်။ အပေါ်ကအဓိန့်ပေးပြီး အောက်က သဝေမတိမ်းနာခံရတဲ့စနစ်အစား အောက်ကတင်ပြလာတဲ့အခြေအနေကို ကျင့်သုံးမှာပါတဲ့။ ဒါကြောင့် အနာဂတ်အမေရိကန်စစ်တပ်မှာ စစ်ပွဲရဲ့အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးသူဟာ ဌာနချုပ်မဟုတ်ဘဲ အခြေခံတပ်ဖွဲ့ငယ်လေးတွေဖြစ်လာပါမယ်။ တပ်စိတ်၊ တပ်စုတွေဟာ တိုက်ပွဲအရှုံးအနိုင်ကို ဆုံးဖြတ်တဲ့ ယူနစ်ငယ်တွေဖြစ်လာမယ်။ ဒီလို အဆုံးအဖြတ်ပေးဖို့အတွက် ခေတ်မီတဲ့နည်းပညာတွေ အထောက်အပံ့ပေးရပါတယ်။ စစ်သားတွေ တစ်ယောက်ချင်းစွမ်းရည်ပြည့်အလုပ်လုပ်နိုင်အောင် ပံ့ပိုးမှုတွေလိုအပ်တဲ့ လက်သုံးကိရိယာတွေ ဖြည့်ဆည်းပေးရပါတယ်။

အနာဂတ်စစ်ပွဲမှာ သုံးမယ့်နည်းပညာဆိုပြီး အမေရိကန်တွေဖော်ထုတ်လာတာက Land Warrior စနစ်ပါ။ ၂၀၀၁ ခုနှစ်မှာ ဆင်နွှဲတဲ့ အီရတ်စစ်ပွဲ၊ အဲဒီနောက်ပိုင်းဆင်နွှဲတဲ့ အာဖဂန်စစ်ပွဲတွေမှာသုံးစွဲဖို့ ဖော်ထုတ်တာဖြစ်ပါတယ်။ Land Warrior စနစ်မှာ တိုက်ခိုက်ရေးတပ်ဖွဲ့ခေါင်းဆောင်တွေကို သူ့ရဲ့တပ်သားတွေ တည်နေရာခြေရာခံနိုင်မဲ့စနစ်တွေထည့်ပေးတယ်။ သံခမောက်မှာတပ်ထားတဲ့ ကွန်ပျူတာ screen ကတစ်ဆင့် မြေပုံတွေ ကြည့်နိုင်အောင် တခြားနည်းဗျူဟာဆိုင်ရာ အချက်အလက်တွေကြည့်နိုင်အောင်စီစဉ်ပေးပါတယ်။ ဒီနေ့ခေတ် Google Gloss လိုဟာမျိုးနဲ့ ဆင်ပါလိမ့်မယ်။ သံခမောက်က screen ဟာ microcomputer နဲ့ချိတ်ထားပြီး သူ့ထဲမှာ မြေပုံတွေထည့်ပေးထားတယ်။ ဂရပ်ဖစ်ရုပ်ပုံတွေ ပါတယ်။ စစ်ဆင်ရေးရည်မှန်းချက်တွေထည့်ထားတယ်။ လက်အောက်ခံခေါင်းဆောင်တွေရဲ့ တည်နေရာကို icon တွေအဖြစ် ဖန်တီးပြီး ဒစ်ဂျစ်တယ်မြေပုံပေါ်မှာ ပြပေးထားပါတယ်။ အီးမေးလ်ပို့ချင်သေးလား၊ digtial voice နဲ့ text radio ကို သုံးနိုင်တယ်။ Land warrior စနစ်တပ်ဆင်ထားတဲ့ လူချင်းအလွယ်တကူဆက်သွယ်နိုင်ပါတယ်။

သူ့နောက်မှာ ပိုပြီးကောင်းတဲ့ Nett warrior စနစ်ကို တပ်ဆင်လာပါတယ်။ ခုတိယကမ္ဘာစစ်တုန်းက အမြင့်ဆုံးသူရဲကောင်းဆုရတဲ့ဗိုလ် Robert B. Nett ကိုအစွဲပြုပြီး ပေးတဲ့နာမည်ပါ။ ဒီစနစ်ကို အရင်တုန်းက Ground Soldier System လို့လည်း သိကြပါတယ်။ Nett warrior စနစ်ကို ၂၀၁၁ ခုနှစ် နွေဦးရာသီမှာ စပြီးစမ်းသပ်ပါတယ်။ စနစ်တစ်ခုလုံးရဲ့ Hardware အလေးချိန်က ၁၀ ပေါင်သာသာလောက်ရှိပါတယ်။ နောက်ပိုင်း နည်းပညာတိုးတက်လာပြီး ဒီဇိုင်းပြန်ပြင်လိုက်တဲ့အခါ အလေးချိန် ၃ ပေါင်အထိ လျော့ကျသွားပါတယ်။

Nett warrior ဟာ end user device ကို အခြေပြုတယ်။ သူ့ device ဟာ iPhone လိုဟာနဲ့ ဆင်ပါတယ်။ အရင်ကထက် အများကြီး တိုးတက်လာတယ်ဆိုပေမယ့် ပြင်စရာတွေလည်း ကျန်ပါသေးတယ်။ သူ့အားနည်းချက်ကိုကြည့်ရင် အသံနဲ့ စာရေးတဲ့စနစ်က လေယူလေသိမ်းအပေါ်မူတည်ပြီး အမှားများတယ်။ ကိုယ့်ရဲ့တွဲဖော်တွဲဖက်တပ်တွေရဲ့ တည်နေရာအမှန်ကိုပြတဲ့အခါမှာ ကီလိုမီတာချီပြီး လွဲနေတာမျိုး ရှိပါတယ်။ နောက်ဆုံးထုတ် Nett warrior စနစ်မှာ Motorola Atrix ကို ဆက်သွယ်ရေးပစ္စည်းအနေနဲ့သုံးပြီး Android OS ကိုအခြေပြုထားပါတယ်။ နောက်ဆုံးပေါ် Blue Force Tracking System မှာ တပ်စိတ်အဆင့်တိုက်ပွဲတွေအတွက် အထောက်အကူပြုနိုင်မယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ Atrix ရဲ့ ဘက်ထရီ ၄ နာရီလောက်ပဲခံတဲ့ပြဿနာကို ရှင်းရပါဦးမယ်။

နည်းပညာက လူနေမှုဘဝတွေကို ပြောင်းလဲစေခဲ့ပါတယ်။ နည်းပညာတွေကပဲ အနာဂတ်စစ်ပွဲတွေရဲ့ဗျူဟာကို ပြောင်းလဲစေပါဦးမယ်။

C L A S S I F I E D

အလုပ်ရှိသည်

Quick Computer
- ကွန်ပျူတာ (D.T.P, iOffice Design) ဆရာမ(၂)ဦး
- AutoCAD (2D/3D) သင်ကြားပေးနိုင်သောဆရာမ(၂)ဦး (မင်္ဂလာတောင်ညွန့်/ဗဟန်း/ဒဂုံ/ကျောက်တံတား) နေသူ ပို အဆင်ပြေသည်။ အချက်အလက်အပြည့်အစုံဖြင့် လျှောက်ထားနိုင်ပါသည်။ **အခန်း ၆၀၊ ၂၉ ဂျီးဖြူလမ်း၊ ဂျီးဖြူကွန်ဒို၊ အောင်ဆန်းကွင်းအထူးတန်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
Ph : 371998, 09 5159415

Sys-City Co.,Ltd
- Web Developer (2) Posts
- Marketing (2) Posts

#21, Room B, Floor 5, Kyar Kwat Thit St, Tamwe, Yangon. Ph : +95 1 8604306
e-mail : info@sys-city.com, web : www.sys-city.com

RM Mobile Unlock Service
Phone Software လုပ်ရန်
Computer ကျွမ်းကျင်သူ ကျား (၂) ဦး
Ph : 09 260809997

Technovisions Co.,Ltd သည် မြန်မာတစ်နိုင်ငံလုံးသို့ Audio, Electronic, IT & Mobile ပစ္စည်းများအား လက္ကားဖြန့်ဖြူးပေးနေသော Company ဖြစ်ပါသည်။

1.	Sales	M/F (10) Posts
2.	Sales Leader	M/F (10) Posts
3.	Service	M/F (5) Posts
4.	Supervisor	M/F (5) Posts

အမှတ်စဉ်အား လုံးအတွက် ဘွဲ့ရရှိထားသူဖြစ်ရမည်။ IT & Mobile Industry တွင် အတွေ့အကြုံရှိသူဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်ရှိသူဖြစ်ရပါမည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ **၁၄ ရက်အတွင်း** CV အပြည့်ဖြင့် **အမှတ် (၁)၊ ဆီဆုံလမ်း၊ ၄လွှာ၊ စမ်းချောင်းမြို့နယ်** သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
Ph : 09 73077110, 09 784901472
Email : hr@technovisions

ပညာရေး

မူလတန်း၊ အလယ်တန်း (အင်္ဂလိပ်၊ သခ်ၤာ)
နွေ ၃ လပြတ်၊ ဝါရင့်ဆရာမမှ အိမ်အရောက်သင်ကြားပေးသည်။ **Ph : 09 795787760**

စာသင်သက် နှစ် ၂၀ ကျော်ရှိသော ဆရာ ဦးအောင်နိုင်ဦး B.E (Mech) မှ ၉/၁၀ တန်း သခ်ၤာ၊ ဓာတု၊ ရူပ ထူးချွန်ရန် အိမ်လိုက်သင်သည်။ ဘာသာစုံ Guide သီးသန့်သင်သည်။
Ph : 09 252329277, 09 975543419

Dr. စံ (Ph.D,Maths) - I.G.C.S.E (Edexcel & Cambriadge) နှင့် A-level တန်းများအတွက် သခ်ၤာသီးသန့် အိမ်အရောက် သင်သည်။ **Ph : 09 420035244**

THT (စာရင်းကိုင်သင်တန်းကျောင်း)
LCCI International Qualifications LCCI (UK)
Level I & II, Level III
Ph : 09 5004326, 09 49214872

ဝိုင်းကျူရှင် ဦးစိန်ဝင်း
(S.A.T), B.Ed (Credit), B.Sc (Q) (Maths)
၄ တန်း၊ ၈ တန်း၊ ၁၀ တန်း ဖြေဆိုသူများအတွက် သခ်ၤာ ဘာသာနှင့် အင်္ဂလိပ်သဒ္ဒါကို ရမှတ်ကောင်းရရေရန် အနီးကပ် အထူးသင်ကြားပေးမည်။ **Ph : 09 422528229**

Special Guide & Teaching For GTU
နည်းပညာတက္ကသိုလ်တက်ရောက်နေသော 1st yr to B.E (Mechanical) ကျောင်းသား/သူများအတွက် သက်ဆိုင်သော ဘာသာရပ်အားလုံးကို Daw May Lay M.E (Mechanical) Sayar Kyaw B.E (Mechanical) ကိုယ်တိုင်သင်ရိုးညွှန်းတမ်းပြီး မြောက်အောင် တစ်ဦးချင်း/အဖွဲ့လိုက် အိမ်တိုင်ရာရောက် လေ့ကျင့်သင်ကြားပေးမည်။ **Ph : 09 73025272**

VICTOR အင်္ဂလိပ်စကားပြောအခြေခံအားနည်းသူများအတွက်သာ

7:30 - 9:00 am (Sat, Sun)	20,000/-
7:30 - 9:00 am (Mon, Tue)	20,000/-
တစ်ပတ် ၄ ရက် တစ်လ	30,000/-

အိမ်ပိုင်းသင်သည်။
ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းမထိပ်၊ ဒေစီကျော်လင်းဝိုးထည်ဆိုင်၊ မျက်နှာချင်းဆိုင်။ Ph : 09 5096794

ရွှေစကားမန္တလေးကွန်ပျူတာ အိမ်လိုက်သင်သည် (မန္တလေးမြို့ခွဲသာ)
Computer for Kids, Basic Accounting for Job i-office, Advanced Excel Course, DTP Course MYOB Software, Peach Tree Software, Window Shortcut Course, Email & Internet Course MP3, MP4, Video Editing, Multimedia Course လူကြီးမင်းတို့လုပ်ငန်းများအတွက် လက်ကျန်ကုန်ပစ္စည်း၊ ငွေစာရင်း၊ ဖောက်သည်များအား ရုစရာရှိ ပေးစရာရှိ စာရင်းများ၊ အချုံးမြတ်များ Format ချပေးသည်။
Ph: 09 444011279 (Mdy)

ပညာရေး

ဗုန်းပြုပြင်သင်တန်း - Handset ဗုန်းပြုပြင်အတတ်သင်၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ။ တက်ရောက်လိုသူများဆက်သွယ်ပါ။ **Ph : 09 788622786**

Heroic Amazon Learning Academy
ဆရာမခေါ်မေသူလွင်မှ တစ်ဦးချင်း (သို့) အုပ်စုလိုက် သင်ကြားပေးနေသော အင်္ဂလိပ်စာသင်တန်းများ
- နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်အတွက် IELTS band 5.5/ 6/6.5 training (8 months / intensive training)
- တော်ဝင်သမားတော်ဆေးပညာဘွဲ့ (MRCP/ MRCOG ဝင်ခွင့်)အတွက် IELTS Band 7/7.5/8 Training (10 months)
- ဘွဲ့ကြို/ဘွဲ့ရများအတွက် 4 skills, Spoken English, Reading and Writing, Translation, Listening Special
- မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများအတွက် KET, PET, FCE, CAE (Cambridge Certificate Couse) - တက္ကသိုလ်ဝင်တန်းအတွက် (English, Bio)

Ph: 09 31082657, 09 795563648 (ဆရာမခေါ်မေသူလွင်)

OIEC IGCSE TRAINING CENTRE
Maths Courses for Int'l school students (all levels)
General English, Basic Speaking Practice Class
Grammar Class, Listening Class
IGCSE Maths B, Pure Maths, Physics, Chemistry, E2L, English B,
Bio and Eng Stydy guide for High School students
Ph: 09 5139298, 09 73255281

PSGG (ပညာရေးဝန်ဆောင်မှု)
(Professional Study Guide Group)
အဆင့် (၁) လိုချင်ပါသလား ?
မြန်မာကျောင်း & Int'l School
- မူကြိုမှ (၁၀) တန်း - KG to IGCSE
- Teaching & Guide - ဘာသာစုံ
- တစ်ဘာသာချင်း - တစ်ဦးချင်း / ဝိုင်း

အိမ်တိုင်ရာရောက် အထူးသီးသန့် သင်ကြားပေးနေပါပြီ။
Ph: 01 222267, 09 73029289, 09 420075633, 09 32145200

- Auto CAD, 2D, 3D, Isometric
- 3ds Max + V-ray - Revit (Architecture)
- Revit (Structure) - SKetchUp + V-ray

အိမ်အရောက်သင်ကြားပေးပါသည်။ **Ph : 09 421085820**

ရောင်း / ဝယ် / ငှားရန်ရှိသည်

အထူးဈေးကောင်းပေးဝယ်လိုသည်
(Buy/Sale and Exchange is also Avaliable)
iPhone 6s, 6splus, 6, 6plus, 5s, 5c, 5, 4s, 4, iPod 5, 4, iPad 4, 3, 2, Mini 1, 2, 3, 4, air 1, 2 WiFi & WiFi+3G Samsung A3, A5, A7, A8, E5, E7, J5, J7, Note 5, 4, 3, 2, 1 & Gear, S5, S3, S4, S6, S6 edge, +, note edge, Note Pro, Note 8.0, Any Samsung Tablet
Sony Xperia Z3, Z1, Z2, Zultra, Z, ZR, C5, M5, M4, T3, T2 ultra, M2, etc...
HTC One M8, M9, one MAX, Butterfly, One, One X, One X Plus, XL, XE, Desire VC, Desire C600, 700, Desire 816, etc ...
LG G4, G3, G FLEX1, flex 2, G2, G PRO, G PRO LITE, L bello, stylus ...
Huawei Ascend P8, P7, P6, Mae 7, G6, G700, 612, etc...
OPPO, vivo, Macbook Pro, Macbook Air, iMac, Any Laptop core i3, i5, i7 and etc... **Ph : 09 31058576**

ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်
- လူကြီးမင်းတို့၏ အသုံးမလို/ပိုလျှံနေသော (တပတ်ရစ်) iPhone, iPad, Samsung, Tab, Sony, HTC & Huawei Handset များ ...
- Acer, Sony, Asus, Dell, HP, Lenovo, Notebook, Netbook Laptop များကို ဈေးကောင်းပေးဝယ်သည်။ အလဲအထပ်လုပ်ပေးသည်။ ရောင်းသည်။

Ph : 09 448002976, 09 448002007, 09 261555568

(MYO DAW IT) used phone များရောင်းသည်/ဝယ်သည်/ အလဲအထပ်လုပ်ပေးသည်။ used iPhone 4, 4S,5,5C,5S,6, used iPad 1, 2, 3, 4, Air, Air 2, Mini, Mini 2, Mini 3, Wifi only and 3G+Wifi
Used Smasung s6, s5, s4, s3, s2, note 2, note 3, note 4 Note 10.1 / Tab S, 1, 2, 3 Wifi only and 3G+ Wifi
Sony Z, Z1, Z2, Z3, Z Ultra , M2, C3, C4...used
HTC One M9, M8, M7, Desire Series,....
Used All in One PC, Note Book, Net Book, Mac Book Pro, Mac Air, iMac, Mac Mini and tablet PC, used laptops Acer, Dell, Sony, Lenovo
Call - 09 73052481, 09 250024547, 09 784424547

Quality ပြည့်ဝသော အသစ်နီးပါးကောင်းမွန်သော iPhone, Samsung, Sony, HTC ဖုန်းများရောင်းရန်ရှိသည်။
Ph : 09 264446664

Notebook, Netbook, MAC Book PRO, MAC Book AIR, Lenovo, Acer, Dell, HP, Sony VAIO, Toshiba, MSI, Singtech, Samsung and other Branded Laptops (Dual Core i3,i5,i7) များကို ရောင်းသည်၊ ဝယ်သည်၊ အလဲအထပ် လုပ်ပေးသည်။
Ph : 09 784003126
PSB Imagine X2T ဟာ အဆင့်မြင့်နည်းပညာတွေနဲ့ အသေးစိတ်ဖန်တီးထားတဲ့ floor-standing စပီကာဖြစ်ပါတယ်။ စပီကာပုံစံကဆန်းသစ်ပြီး ရိုးရိုးလေး ထောင့်အပြောင်စပီကာတွေနဲ့ယှဉ်ရင် အမြင်ပိုမိုလှပမှုရှိပါတယ်။ 3-way စပီကာ ဖြစ်ပြီး လုံးဝအသစ်ဖြစ်တဲ့ driver ကိုအသုံးပြုထားပါတယ်။ နီယိုဒိုင်မိယံသံလိုက် ပါရှိတဲ့ ၁ လက်မအရွယ်တိုင်တေနီယမ် dome tweeter ကိုသုံးထားလို့ ညက် ညောပြီး ကြည်လင်တဲ့အသံကို ထုတ်ပေးနိုင်ပါတယ်။ Tweeter ရဲ့အပေါ်မှာ 5-1/4 "ရှိတဲ့ poly-filled carbon fiber midrange ရှိပြီး Tweeter နဲ့ midrange တို့ရဲ့ ထူးခြားတဲ့အနေအထားကြောင့် ကြည်လင်ပြတ်သားပြီး တည်ငြိမ်တဲ့အသံကို ရရှိပါတယ်။ ဒါ့အပြင် 6-1/2" ရှိတဲ့ clay ceramic-filled ပေါ်လီပရိုပလီန်း cone woofer ၂ လုံးတို့ကိုအသုံးပြုထားလို့ အလွန်အားကောင်းတဲ့ ဘယ်သံတုံ့ပြန်မှုရှိပါတယ်။ အသံချဲ့စက်မျိုးစုံနဲ့ ချိတ်ဆက်သုံးနိုင်ပြီး အချိန်အကြာကြီးအသုံးပြုနေလည်း အသံအရည်အသွေးကျသွားမှု လုံးဝမရှိပါဘူး။ ပုံမှန်လျှပ်စီးကြောင်း ဟန့်တားမှုက 8 ohms ဖြစ်ပြီး အသံချဲ့အားက 20 ကနေ 200 -Watt ကြား ရှိပါတယ်။ အသံကြိမ်နှုန်းတုံ့ပြန်မှုမှာ 30 Hz ကနေ 23,000 Hz ရှိပြီး အသံတုံ့ပြန်နိုင်မှုက 9dB ဖြစ်ပါတယ်။ စပီကာကိုယ်ထည်ပုံစံက acoustic reflection တွေ အလွယ်တကူ ဖြစ်စေတဲ့ effect တွေမဖြစ်အောင် ကာကွယ်ပေးနိုင်လို့ vocal သံနဲ့ တူရိယာသံကို ထိခိုက်မှုမရှိစေပါဘူး။ အနက်ရောင်သစ်မာသားနဲ့ပြုလုပ်ထားပြီး 9"×40-1/8"×16-3/4" အရွယ်အစားရှိပါတယ်။ အလေးချိန်ကတော့ ၅၂ ပေါင်ပါ။

Hi Fi ၊ Ph : 01-248079

NAD C356BEE

NAD ရဲ့ PowerDrive Technology က နားထောင်သူတွေကို မျှော်လင့်ထားတာထက် ပိုပြီးကောင်းမွန်ကြည်လင်ပြတ်သားတဲ့ အသံတွေကိုပေးစွမ်းနိုင်ပါတယ်။ စွမ်းအင်စားသုံးမှုကို အတတ်နိုင်ဆုံးလျော့ချပေးထားပြီး အသုံးပြုရအင်မတန်မှ လွယ်ကူလှတဲ့ remote control ပါဝင်ကာ Amplifier နဲ့ system ထဲမှာရှိတဲ့ အခြားသော NAD audio components တွေကို စိတ်တိုင်းကျထိန်းချုပ်နိုင်ပါတယ်။ ဆူညံသံတွေကို အတတ်နိုင်ဆုံးလျော့ချ ပေးပြီး အသံကိုအကျယ်ကြီးဖွင့်ထားရင်တောင်မှ အက်ကွဲသွားခြင်းမျိုးမရှိပါဘူး။ ပွဲ အခမ်းအနားများ။ စီးပွားရေးလုပ်ငန်းသုံး၊ ဖျော်ဖြေရေးလုပ်ငန်းသုံးများအတွက် အသုံးပြု နိုင်ပြီး Professional အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် Indoor / Outdoor နေရာမရွေး အလွယ် တကူအသုံးပြုနိုင်ပြီး ၎င်းမှာပါဝင်တဲ့စနစ်နဲ့ လုပ်ဆောင်ချက်တွေဟာလည်း စိတ်ကျေနပ် ဖွယ်ပါပဲ။ ဈေးနှုန်းလည်းသင့်တင့်ပြီး စီးပွားရေးလုပ်ငန်းသုံးအတွက် ဝယ်ယူလိုသူတွေ စဉ်းစားသင့်ပါတယ်။

Audio World ၊ Ph : 01-391267

Yamaha PDX 11

ထူးခြားဆန်းပြားပြီး အများနဲ့မတူတဲ့အသွင်ကြောင့် လူငယ်တွေရဲ့စိတ်ကြိုက်ဖြစ်စေမယ့် စပီကာပါ။ နေရာမရွေးသယ်ဆောင်သွားနိုင်တဲ့ portable speaker အမျိုးအစားဖြစ်ပြီး ၎င်းရဲ့ two-way speaker system နဲ့အတူ 4" woofer တို့က အားကောင်းတဲ့ bass အသံအပြင် ကြည်လင်ပြတ်သားတဲ့ အသံတွေအပြင် ကြည်လင်ပြတ်သားတဲ့အသံတွေကို ထုတ်လွှတ်ပေးပါတယ်။ 30-pin socket iPod, iPad နဲ့ iPhone တို့ဖြင့်လည်း တွဲဖက်အသုံးပြုနိုင်ပြီး ၂၅နာရီ ဆက်တိုက်အသုံးပြုနိုင်ရန် AA batteries ၆ လုံးဖြင့် အသုံးပြုပေးထားပါတယ်။ သင့်စိတ်ကြိုက်တေးဂီတတွေကို စိတ်တိုင်းကျမျှဝေကာ နားထောင်နိုင်မှာ ဖြစ်ပြီး PC နှင့် အခြားသော digital audio player တွေ ဖြင့် တွဲဖက်နားဆင်နိုင်ပါတယ်။ အဖြူ၊ အမည်း၊ အစိမ်း အပြာရင့်ဟူ၍ မိမိနှစ်သက်ရာအရောင်တွေကို စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ပါတယ်။ Remote control ပါဝင်ပြီး power on / off အပြင် အသံအတိုးအလျှော့၊ iPod/ iPhone songs တွေကို select လုပ်ဖို့အတွက် အသုံးပြုနိုင်ပါတယ်။ ခရီးသွားလာခြင်း၊ ပါတီပွဲများပြုလုပ်ခြင်းတို့အတွက် အကောင်းဆုံးအသုံးပြုနိုင်ပြီး ဈေးနှုန်းလည်းသင့်တင့်တာကို တွေ့ရပါတယ်။

Unique Audio ၊ Ph : 09-254133631

NAD T 758

NAD ရဲ့ နောက်ဆုံးပေါ် Surround sound receiver ဖြစ်တဲ့ T 758 မှာ HDMI feature တွေ၊ Audio Return Channel (ARC) နဲ့ Consumer Electronic Control (CEC) နည်းပညာတို့ကိုအသုံးပြုထားပါတယ်။ အတန်းအစားတူ၊ ဈေးနှုန်းတူ AV receiver တွေနဲ့နှိုင်းယှဉ်ပါက ပိုမိုသာလွန်တဲ့အရည်အသွေးကို ပိုင်ဆိုင်ထားပါတယ်။ Dolby TrueHD နဲ့ DTS Master Audio အပါအဝင် surround soudnd format တွေကို မြန်နှုန်းမြင့် DSP နဲ့ decode လုပ်ပေးနိုင်ပါတယ်။ EARS surround mode ကြောင့် Stereo sound ကို surround sound အဖြစ်ပြောင်းလဲပေးနိုင်ပါတယ်။ သီချင်းနားဆင်တာဖြစ်စေ၊ ဗီဒီယိုကြည့်ရှုရာမှာဖြစ်စေ သဘာဝကျပြီး ကြည်လင်ပြတ်သားကာ အသေးစိတ်ကျတဲ့အသံရသကို အပြည့်အဝ ခံစားနိုင်မှာပါ။ 3D video အပါအဝင် နောက်ဆုံးပေါ် ဒီဂျစ်တယ်ဗီဒီယိုနည်းပညာကို 1080p အထိ မြှင့်တင်ပေးနိုင်ပါ သေးတယ်။ User Interface ကလည်းရိုးရှင်းပြီး အသုံးပြုရလွယ်ကူပါတယ်။ ရေဒီယိုချစ်ပရိသတ်တွေအတွက် FM/ AM tuner နဲ့အတူ ရေဒီယိုဖမ်းယူနားဆင်နိုင်ပြီး station preset ၃၀ အထိရပါတယ်။ DB2 Digital DAB+ module ကိုသုံးထားလို့ အရည်အသွေးမြင့်မားတဲ့ ဒီဂျစ်တယ်ရေဒီယိုသံကိုရရှိစေပါတယ်။ Multi-channel ရတဲ့ ဒီ AV receiver ကို surround sound နဲ့ စတီရီယိုစပီကာတွေနဲ့ချိတ်ဆက်သုံးမယ်ဆိုပါသီချင်းတွေ၊ ဗီဒီယိုတွေကိုအကောင်းဆုံးအ သံအရည်အသွေးနဲ့ခံစားရမှာပါ။ Channel တစ်ခုကို 110 watt ရှိပါတယ်။

Unique Audio
Ph : 09-254133631

BIK BJ-S768 10" Speaker

BIK အမှတ်တံဆိပ် BJ-S768 ဟာ ဂျပန်နိုင်ငံထုတ် ကာရာအိုကေစပီကာဖြစ်ပြီး အရည်အသွေးမြင့်ပစ္စည်းတွေနဲ့ အဆင့်မြင့်နည်းပညာတို့ကို အသုံးပြုထားပါတယ်။ 2-way 3 speakers Bass-reflex အမျိုးအစားဖြစ်ပြီး အသံကြည်လင် ပြတ်သားမှု၊ ဘယ်သံအားကောင်းမှု၊ အသံစနစ်တုံ့ပြန်အား ထူးကဲကောင်းမွန်မှုတို့ရှိပါတယ်။ ထူးခြားတဲ့ဒီဇိုင်းကို အဆင့်မြင့်အသံနည်းပညာပေါင်းစပ်ထားလို့ မူရင်းတေးသီချင်းသံအတိုင်း သဘာဝကျတဲ့အသံကိုထုတ်ပေးနိုင် သလို အသေးစိတ်ကျတဲ့အသံကိုရရှိမှာပါ။ သီချင်းဆိုခန်းတွေမှာ ကာရာအိုကေသီဆိုဖို့နဲ့ သီချင်းနားဆင်ဖို့အတွက် အသုံးပြုပါက တကယ့်ကိုပြီးပြည့်စုံတဲ့ ကာရာအိုကေ စပီကာလို့ဆိုနိုင်ပါတယ်။ စပီကာအရွယ်အစားက 520 × 304 × 299 mm သာရှိတဲ့အတွက် ဘယ်လိုအခန်းမျိုးမှာမဆို ထားသုံးရတာအဆင်ပြေပြီး နေရာမစားပါဘူး။ အလေးချိန်က ၁၀ ၈ ကီလိုဂရမ်ရှိပြီး အခန်းရဲ့ဘယ် နေရာကိုမဆို အလွယ်တကူရွှေ့ပြောင်းအသုံးပြုနိုင်ပါတယ်။ အမြင့်ဆုံးအသံထုတ်အားမှာ watt 500 ရှိပြီး လျှပ်စီးကြောင်း ဟန့်တားမှုက 8 ohms ဖြစ်ပါ တယ်။ ဒီစပီကာဟာ ဈေးနှုန်း အမြင့်ကြီးမဟုတ်ပေမယ့် အသံ အရည်အသွေးကတော့ ထိပ်တန်းပါပဲ။

TZE Electronic ၊ Ph : 01-395548, 370536

PSB Imagine XC

ယနေ့ခေတ်မှာ ခေတ်စားနေတဲ့ flat TV တွေနှင့် လိုက်ဖက်ညီမယ့်စပီကာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ ခေတ်စားနေတဲ့ flat TV တွေနှင့် လိုက်ဖက်ညီမယ့်စပီကာဖြစ်ပါတယ်။ သင့်နေအိမ်ကို home cinema system ကို ပြီးပြည့်စုံစေမယ့်စပီကာဖြစ်ပြီး 5¼" woofer တွေပါရှိကာ ကြည်လင်ပြတ်သားတဲ့အသံထွက်တွေ ရရှိအောင် အားဖြည့်ပေးပါတယ်။ ကြိမ်နှုန်းတုံ့ပြန်မှု 50 မှ 23,000Hz အထိရှိပြီး sensitivity အားကတော့ 89dB ရှိပါတယ်။ လျှပ်စီးကြောင်းဟန့်တားနိုင်မှု 8ohms ရှိပြီး 1" titanium dome tweeter with လျှပ်စီးကြောင်း ဟန့်တားနိုင်မှု 8ohms ရှိပြီး 1" titanium dome tweeter with neodymium magnet ပါရှိပါတယ်။ သဘာဝကျတဲ့ အသံတွေကိုပေးစွမ်းနိုင်တာကြောင့် ညနေခင်းအားလပ်ချိန်များမှာ သီချင်းတွေကို စိတ်တိုင်းကျနားဆင်နိုင် ပါတယ်။ ချစ်စဖွယ်ကောင်းတဲ့အသွင်အပြင်ဒီဇိုင်းရှိပြီး လူကြိုက်လူငယ်မရွေး စိတ်တိုင်းကျမှာပါ။ ရုပ်ရှင်များ ကြည့်ရှုခြင်း၊ ဂိမ်းကစားခြင်း၊ ကာရာအိုကေသီဆိုခြင်းများပြုလုပ်ရာမှာလည်း အသံပိုင်းဆိုင်ရာအတွက် အကောင်းဆုံးထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ စပီကာတစ်လုံးဖြစ်ပါတယ်။

HiFi ၊ Ph : 01-248079

အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ

The Walking Dead Michonne

The Walking Dead Michonne ဟာ Adventure ဂိမ်းများ ဖန်တီးသည့် Telltale games ၏ ဂိမ်းသစ်ဖြစ်သည်။

Hitman Go Definitive Edition

Hitman Go Definitive Edition ဟာ Mobile ဂိမ်း Hitman Go ၏ PC Edition ဖြစ်သည်။

Super Hot

Super Hot ဟာ အချိန်ကိုရပ်တန့်နိုင်သော အစွမ်းကိုအသုံးချကစား ရမည့် FPS ဂိမ်းသစ်ဖြစ်သည်။

Disgaea

Disgaea ဟာ PSP တွင် ထွက်ရှိထားသော နာမည်ကျော် Turn based Strategy ဂိမ်းစီးရီး၏ PC version ဖြစ်သည်။

GAME HIVE

ဖုန်း – ၀၉-၇၃၁၈၅၅၊ ၀၉-၄၅၀၀၄၁၅၀၀ မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

Nintendo 3DS XL ဂိမ်းစက်များကို Promotion စနစ်ဖြင့် ရောင်းချမည်

Nintendo 3DS XL ဂိမ်းစက်များကို Promotion ဈေး ၂၅၀ ၀၀၀ ကျပ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး Stella Glow, Lego Jurassic World, Monster Hunter 4 Ultimate နှင့် Yokai Watch အစရှိသော 3DS ဂိမ်းသစ်များကို ကစားနိုင်ရန်အတွက် 10.3 Latest Update ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရပါတယ်။ 3DS XL ဂိမ်းစက်နှင့်အတူ Region Restriction မရှိဘဲ Region Free ဂိမ်းခွေများခေါ်ယူကစား နိုင်မည့် Sky 3DS Card အသစ်များကို 95000 ကျပ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး Game Hive ဖုန်း– ၀၉-၇၃၁၈၅၅၀ နှင့် ၀၉-၄၅၀၀၄၁၅၀၀ သို့ဆက်သွယ်နိုင်ပါတယ်။

Dying Light ၏ Expansion အသစ် The Following

Dying Light ၏ နောက်ဆုံးထွက် expansion အသစ်ဖြစ်သော Dying Light The Following ကို PC နှင့် အတူ PS4 နှင့် Xbox One တို့အတွက်ပါ ဆက်လက်ထွက်ရှိလာပါတယ်။ The Following တွင် Dying Light main game နှင့်အတူ updates နှင့် DLCs များအားလုံးပါ ပါဝင်ထားပြီး အဓိက Features အဖြစ် မူလဂိမ်းကလို free running အပြန်ပြေးနိုင်သလို မြို့ပြင်သစ်တောတွေ လယ်တောတွေနေရာမှာ ဇာတ်လမ်းဆင်ထားလို့ လူကိုယ်တိုင်မဟုတ်ဘဲ Buggy ကားတွေမောင်းပြီး တော့ပါ နေရာစုံ သွားနိုင်ပါတယ်။ Game Hive ဖုန်း– ၀၉-၇၃၁၈၅၅၀ နှင့် 09-450041500 သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Killer Instinct : Season Three (PC)

စာရေးသူ – GT (Excellent)

မကြာခင် မတ်လအတွင်းမှာထွက်ရှိလာတော့မယ့် Killer Instinct: Season Three ဆိုတဲ့ ဂိမ်းလေးကို ဒီတစ်ပတ်အတွက် အမြည်းသဘောတင်ဆက်ပေး လိုက်ပါရစေ။ ဒီဂိမ်းလေးဟာ Microsoft Studios ကနေ ဖြန့်ချိပေးတဲ့ နာမည်ကျော်ဖိုက်တင်ဂိမ်းစီးရီးဖြစ်ပြီး (၂၀၁၃)ခုနှစ်မှာ Season 1, (၂၀၁၄)မှာတော့ Season 2 ဖြစ်တဲ့ Killer Instinct 2 နဲ့ အခုမတ်လအတွက် Season Three ကို အပြီးသတ်ထွက်ရှိဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ယခင်စီးရီးများမှာတော့ Xbox One အတွက်ပဲ သီးသန့်ပွဲထုတ်ပေးခဲ့တာဖြစ်ပြီး ယခု နောက်ဆုံးဗားရှင်းကိုတော့ Xbox One အပြင် Microsoft Windows သမားများအတွက်ပါ တစ်ပြိုင်တည်းဖြန့်ချိပေးမယ်လို့ ဆိုပါတယ်။

Character တွေစုံလင်လုတဲ့ ဒီဂိမ်းစီးရီးကို တောက်လျှောက်ဖန်တီးပေးတာကတော့ စုပါဗိုက်ဇာ Ken Lobb ရဲ့ကြီးကြပ်မှုနဲ့ Double Helix Games, Iron Galaxy Studios , Rare နဲ့ နာမည်ကျော် Microsoft Studios အုပ်စု (၄)ခု တို့ ပူးပေါင်းရေးဆွဲဖန်တီးပေးထားတာပါ။

ဂိမ်းပလေးပုံစံကတော့ combo-based ဖိုက်တင်ဂိမ်းဖြစ်ပြီး tournament တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ Seasons 1 မှာတုန်းကတော့ Jago, Sabrewulf, Glacius, Thunder, Sadira, Orchid, Spinal, Fulgore, Shadow Jagoa စတဲ့ Playable သိုင်းသမား Character (၈)ဦးဖန်တီးပေးထားပြီး တစ်ဦးချင်းအလိုက် Story Mode တွေထည့်သွင်းပေးပြီး မရိုးအောင်ဆော့ကစားရတာပါ။ Season 2 အတွက်ကျ ယခင်ဇာတ်ကောင်အဟောင်းတွေအပြင် T.J. Combo, Maya, Kan-Ra, Riptor, Omenb, Aganos, Hisako, Cinder, ARIA ဆိုတဲ့ ဟီးရိုး (၅)ဦး ထပ်မံပါဝင်လာပြန်ပါတယ်။ အခု နောက်ဆုံးထွက်ရှိလာမယ့် Season 3 အတွက်ကိုတော့ Playable Character (၁၈)ဦးထိထည့်သွင်းပေးသွားမှာဖြစ်ပြီး အသစ်တွေအနေနဲ့ Kim Wu, Tusk, Gargos, Rash တို့ (၄)ဦးကို ဖန်တီးပေးထားမှာဖြစ်ပါတယ်။ Game Mode ပိုင်းမှာ Training Mode, Arcade Mode, Instinct Mode အစရှိသဖြင့် စုံလင်အောင် ထည့်သွင်းပေးထားမှာဖြစ်သလို Features ကဏ္ဍပိုင်းမှာလည်း Auto-Double, Combo Breakers, Counter Breakers, Ultra Combo, Shadow Counter စတဲ့ပါဝါမြင့် Features တွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ပွဲထုတ်ပေးသွားမှာပါ။ ဒီဂိမ်းလေးရဲ့ မြူးကြွတဲ့နောက်ခံဂီတသံတွေကို ရေးစပ်ဖန်တီးပေးထားတာကတော့ Mick Gordon, Atlas Plug, Celldweller တို့ဖြစ်ပြီး အဓိက ဂိမ်း ဒါရိုက်တာတွေကတော့ Ken Lobb, Adam Isgreen, Michael Donges တို့ပဲဖြစ်ပါတယ်။ ဝတ်စုံဒီဇိုင်းအလန်းစားတွေကို ဖန်တီးထားတာကတော့ David Verfaillie, Adam Heart, James Goddard တို့ (၃)ဦးပါ။ Killer Instinct ဂိမ်းလေးဟာ Fighting စီးရီးတွေထဲမှာ ကြည့်လင်တဲ့ဂရုပ်ဖစ်၊ မြန်ဆန်ချောမွေ့တဲ့ လှုပ်ရှားမှုတွေနဲ့အတူ Single-player ရော multiplayer ပါ ဆော့ကစားနိုင်တဲ့ အစဉ်အလာကြီးမားတဲ့ စီးရီးတစ်ခုဖြစ်တာကြောင့် Season Three ထွက်ရှိလာတဲ့အခါမှာ ဖိုက်တင်ပရိသတ်တွေအတွက် လက်လွတ်မခံနိုင်ကြစေဖို့ ကြိုတင်သတင်းကောင်းလေးပေးလိုက်ရပါတယ်။

New Place မှ နွေရာသီ ကျောင်းပိတ်ရက်အထူးအစီအစဉ်

New Place မှ နွေရာသီကျောင်းပိတ်ရက် အထူးအစီအစဉ်ဖြင့် Xbox One, Xbox 360, PS4, PS3, Wii U, 3DS, PSVITA and PSP ဂိမ်းစက်များကို ဝယ်ယူအားပေးခြင်းဖြင့် ဂိမ်းစက်နဲ့ပတ်သက်သော Accessories များနှင့် အရည်အသွေးကောင်းမွန်ပြီး တမူထူးခြားမှုရှိသော Funko Pop အရုပ်လေးများကို လက်ဆောင်ရယူနိုင်ပါသည်။

(ရန်ကုန်) New Place Game Sale & Service အမှတ်–၂၀၅ (မြေညီ)၊ ၃၇ လမ်း (အပေါ်)၊ ဖုန်း–၀၉-၇၃၀၄၈၅၉၊ ၀၁-၃၇၆၅၁၄
www.facebook.com/groups/games. unleashed

(မန္တလေး) ကိုမြင့်ဆွေ+ မဖြူဖြူ Game Centre အမှတ်–၂၁၅၊ ၃၁ လမ်း၊ ၈၂ x ၈၃ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း–၀၂-၆၃၂၈၇၊ ၀၉-၅၁၀၀၇၃၈

Clash Royale

စာရေးသူ – RP2 Gamer

Super Cell ရဲ့ နောက်ဆုံးပေါ် ဂိမ်း ...

မြန်မာဂိမ်မာတွေ မြင်တွေ့ပြီးဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ကစား နေကြတဲ့ လူတွေရှိကြသလို၊ အသံတောင်မကြားဖိသေးတဲ့ သူတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ဒါကြောင့် မသိလိုက်ရသေးတဲ့လူတွေ၊ မမြင်ရ သေးတဲ့လူတွေအတွက် Clash of Clans ကို လူသန်းပေါင်းများစွာ အကြိုက်တွေ့ကစား နိုင်စေဖို့ထုတ်လုပ်ခဲ့ကြတဲ့ Super Cell ကတော့ COC နောက်ဆက်တွဲ အသစ်တစ်မျိုးကိုထုတ်လုပ်ပေးလိုက်တယ်။ ထွက်ထွက် ချင်းမှာပဲ ကစားကြတဲ့ လူတွေမနည်းခဲ့ကြပါဘူး။ Hey Day လိုမျိုး မဟုတ် တော့သလို ပုံစံအသစ်နဲ့ Cards Game ဆန်သွားတယ်။ Arena ထဲမှာ တစ်ဖက်နဲ့ တစ်ဖက်အပြိုင်အနိုင်ယှဉ်ကြရမယ့်ပုံစံမျိုးလိုဖြစ်သွားစေတယ်။ King Tower 1 ခုနဲ့ Princess Tower 2 ခုကို ပလေယာတွေက ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုကို မခံရစေဖို့ ကာကွယ်ရင်းတစ်ဖက် Tower 3 ခုကို ပြိုနိုင် အောင် တိုက်ခိုက်ရမယ့် ဂိမ်းအမျိုးအစားလိုဖြစ်နေတယ်။ Tower & Denfence Style ဆိုပေမယ့်လည်း တကယ်တမ်းမှာတော့ Clash of Clans လိုမျိုး troops, spells နဲ့ defense တွေကို လိုအပ်သလို Cards ပေါင်း များစွာကို အသုံးချပြီးတော့ အနိုင်ရစေဖို့ကိုလုပ်ဆောင်ရမယ့် ဂိမ်းပါပဲ၊ အွန်လိုင်းမှာ ကမ္ဘာအနှံ့က ဂိမ်မာတွေနဲ့ အကြိတ်အနယ်ယှဉ်ပြိုင်ကစား နိုင်ပါတယ်။ တိုက်ပွဲတစ်ခုကို အချိန်အားဖြင့် ၃ မိနစ်ပေးထားတယ်၊ Tower 3 ခုကို နိုင်သလောက်ဖြိုခိုင်းတယ်၊ ဘုရင် Tower ကျဆုံးရင် ကျန်တာတွေအားလုံး အရေးနိုင့်မှာဖြစ်တယ်။ မင်းသမီးတွေရဲ့ Tower တွေကျဆုံးရင် အချိန်ကုန်မှပဲအနိုင်အချဲ့ပေါ်မှာပါ။ Tower တစ်ခု ကျဆုံး တိုင်း Crown တစ်ခုအရေးနိုင့်ပါတယ်။ နိုင်တဲ့သူယူ စတစ်မ်းအနေအထား နဲ့ ကစားရမှာပါ။ Card ထဲမှာပါတဲ့ ဇာတ်ကောင်တွေကတော့ CoC ထဲမှာပါတဲ့ အဖွဲ့တွေပါပဲ၊ Giant တွေက အစပြုလို့ အားလုံး အားလုံး သော အဖွဲ့တွေပြန်ပါလာတယ်၊ ဒါပေမဲ့ အဲ့ဒါတွေကိုပဲ ယူကစားရတာမျိုး မဟုတ်ပါဘူး Clash Royale ဖြစ်နေတာကြောင့် real-time multiplayer game ထဲမှာဆိုရင် Princes , Knights , Baby Dragons အပြင် အခြား အသစ်သစ် သော ဇာတ်ဆောင်တွေ အများကြီးပါတယ်၊ Gem တွေ၊ Gold တွေနဲ့ Card ပေါင်းများစွာကို ဝယ်ယူနိုင်သလို အဆိုပါကတ်များကိုလည်း Level တွေ မြှင့်တင်ပေးပြီး မိမိကစားတာ အားသာတဲ့ Hero Card တွေကို အသုံးချပြီး တိုက်ခိုက်နိုင်ပါတယ်။ ဂိမ်းထဲမှာတော့ chest တွေကိုဖွင့်ပြီး unlock rewards နဲ့လိုအပ်တာတွေကိုရယူနိုင်သလိုအင်အားကြီးမားတဲ့ powerful card များ စွာကိုလည်း ယူငင်နိုင်ပါသေးတယ်။ ပြီးတော့ upgrade တွေလုပ်ပြီး မိမိ အကြိုက်ဖြစ်စေမယ့်အရာတွေကို ပြင်ဆင်ယူနိုင်တယ်။ Clan ထောင်ပြီး တော့လည်း ကစားနိုင်ပါတယ်။ အချင်းချင်း ဒီဂိမ်းမှာ တိုက်ခိုက်နိုင်စေ ဖို့လည်း လုပ်ဆောင်ပေးထားတယ်။

ကဲ ဒီတော့ Arena ထဲမှာ ကမ္ဘာပတ်ပြီး Crown တွေ၊ ချန်ပီယံရွေ ဖလားတွေကိုအရယူဖို့အတွက် Clash Royale ကို ကစားကြည့်ပါလို့ အသိ ပေးလိုက်ပါတယ်ခင်ဗျာ။ iOS / Android နှစ်မျိုးစလုံးမှာလည်း ကစားနိုင် နေပါပြီနော်။

မြန်မာဂိမ်မာတွေ အားလုံး ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေခင်ဗျာ။

အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ

XCOM2

ကမ္ဘာမြေကိုအုပ်စိုးထားတဲ့ ပြိုဟ်သား တွေကိုတွန်းလှန်ဖို့အတွက် Ranger,Grenadier, Sharpshooter, Psi Operative စတဲ့ အင်ဂျင်နီ ယာတွေ၊ သိပ္ပံပညာရှင်တွေ၊ ချေမှုန်းရေး တပ်ဖွဲ့ဝင်တွေစုစည်းပြီး တိုက်ပွဲဝင်ရမှာပါ။

Dying Light : The Follwing Enhanced Edition

ကပ်ရောဂါသင့် Harran မြို့တော်ဇရီယာ တစ်ဝိုက်က ဖွမ်းဘီတွေနဲ့အသက်လုရတဲ့ နာမည်ကျော် Survival ဂိမ်းကောင်း Dying Light ရဲ့နောက်ဆုံးထွက် Edition ဖွေပါ။ Ultimate The Bozak Horde စတဲ့ DLC Pack များပါဝင်မှာပါ။

Pillars of Eternity The White March Part II

နှင်းခဲနေတဲ့ မြောက်ဝင်ရိုးစွန်းက Eora နတ်ဘုရားတွေနဲ့တိုက်ပွဲဝင်မယ့် Class (၁၁) မျိုးလုံးအတွက် ပါဝါအသစ်တွေ၊ Spell သစ် တွေ၊ မြေပုံသစ်တွေနဲ့ quests, dungeons အ ပြင် ဇာတ်ကောင်သစ်တွေပါဝင်ပါတယ်။

Tales of Zestiria + 13 DLC

Malevolence မိစ္ဆာတပ်တွေနဲ့ရင်ဆိုင်မယ့် လူစွမ်းကောင်းလေး Sorey အဖြစ်ဝင်ရောက် ဆော့ကစားရမယ့် အာဝီဂျီဂိမ်းကောင်းပါ။ မူရင်းဂိမ်းအပြင် Costumes Set, Weapons Set, Items Set အစတဲ့DLC pack (၁၃)မျိုးပါပါတယ်။

Assassin's Creed Chronicles : Russia

(၂၀)ရာစု ရုရှနိုင်ငံ အောက်တိုဘာ တော်လှန်ရေးအတွင်းက Assassin တွေ အဖြစ် နီကိုလပ်စ်နဲ့ အာနာစတာဆီးယား ဇာတ်ကောင်(၂)ဦးကို စိတ်ကြိုက် ပြောင်း လဲကစားနိုင်မှာဖြစ်ပါတယ်။

အသစ်ထွက်ရှိလာသည့် ဆော့ဖ်ဝဲစီဒီများ

TV Scanlines with Distortion Overlays - Motion Graphics Collection

Screen, Lighten, Add, Soft Light အစ ရှိသဖြင့် စိတ်ကြိုက်ချိန်ညှိနိုင်တဲ့ အရည် အသွေးမြင့် ကဏ္ဍစုံ Looped Clips (၂၀) ပါဝင်မှာဖြစ်ပါတယ်။

CSI SAP2000 Version 18.0.1

မြို့ပြအင်ဂျင်နီယာများလက်စွဲ CSI SAP2000 ရဲ့ နောက်ဆုံးထွက်ဗား ရှင်းပါ။ စတီးဖရိန်များ၊ ကွန်ကရစ်ဖရိန်ဒီဇိုင်းများကို Modeling, Simulation များအပြင် ကုဒ်များနှင့် တကွအသေးစိတ်တွက်ချက်နိုင်မှာပါ။

Video Copilot - After Effects Basic Training

နာမည်ကျော် Video Editing Software ဖြစ်တဲ့ After Effects ကို အခြေခံကျကျ လေ့လာသင်ယူချင်သူများအတွက် Video Copilot ကနေ တင်ဆက်ပေးထားတဲ့ ဗွီဒီယိုသင်ခန်းစာခွေဖြစ်ပါတယ်။

Adobe Photoshop Actions Megapack Bundle

ပရော်ဖက်ရှင်နယ်ဖိုတိုရော့ပ်သမားများ အတွက် နောက်ဆုံးထွက်ရှိ လာတဲ့ Actions Megapack Plugin ခွေဖြစ်ပါတယ်။ Bahar Effect, Color Splash, Liquid Blast, Pop Out Photo Effect, Motion Light အစရှိသဖြင့် ကဏ္ဍစုံပါဝင်မှာပါ။

NextLimit Maxwell Render 3.2.1.2 (WinMacLnx)

Maxwell Render ရဲ့ နောက်ဆုံးထွက် ဗားရှင်းပါ။ SolidWorks, Softimage, MODO, SketchUp, 3DS MAX, CINEMA 4D, Photoshop, After effects အစရှိတဲ့ Application များနှင့်ပါ တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

XREBIRTH HOME OF LIGHT

XRebirth home of Light ဂိမ်းဟာ XPebirth ဂိမ်းရဲ့ ဒုတိယမြောက် Expansion Pack တစ်ခုဖြစ်ပြီး နေရာအသစ် တွေနဲ့အတူ မိမိရဲ့ အာကာသစခန်းကို တည်ဆောက်၊ ကုန်သွယ်မှုတွေ၊ တိုက်ခိုက်မှုတွေကို စဉ်းစားဆုံးဖြတ်ပြီး ဆော့ကစားရမယ့် Action, Simulation ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပါတယ်။ (2 DVD)

Grim Dawn

Grim Dawn ဂိမ်းဟာ Action, Adventure, RPG ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပြီး RPG ဂိမ်းတို့ရဲ့ အစဉ်အလာအတိုင်း မိမိရွေးချယ်တဲ့ Character ကို အကောင်းဆုံးပြင်ဆင်ပြီး ရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်ဆော့ကစားရမယ့် Dragon age နဲ့ ပုံစံတူနောက်ထပ် Action, Adcenture, RPG ဂိမ်းတစ်ခုဖြစ်ပါတယ်။ (2 DVD)

Obliteracers

Obliteracers ဂိမ်းဟာ Racing ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပြီး မြေခွေးကားမောင်းဂိမ်းလိုမျိုး ကားပြိုင်ပွဲတွေမှာ လက်နက်တွေနဲ့ပစ်ခတ်ပြီး အနိုင်ရအောင် ယှဉ်ပြိုင်ဆော့ကစားရမှာဖြစ်တဲ့ Racing ဂိမ်းကောင်း တစ်ခုဖြစ်ပါတယ်။ (1 DVD)

Heaven's Hope

Heaven's Hope ဂိမ်းဟာ Hidden Object , Adventure ဂိမ်းတစ်ခုဖြစ်ပြီး 19 ရာစုက Heaven's Hope မြို့လေးကို အခြေတည်ထားတဲ့ Hidden Object, Adventure ဂိမ်းတစ်ခုဖြစ်ပါတယ်။ (1 DVD)

it BANK
Software & Games CD/DVD

it-Band Software & Games CD/DVD

ရန်ကုန်မြို့။ အမှတ် (27-a1)၊ အင်းစိန်လမ်းမပေါ်၊ ဦးထွန်းလင်းခြံလမ်း နှင့် ဇေယျာသီရိလမ်းကြား၊ Bang Bang အနီး၊ Ph:09-402509002
မကွေးမြို့။ အမှတ် (D-66)၊ သစ္စာလမ်း၊ ကန်သာရပ်။ Ph:09-402509003

Excellent Softwares & Games ဖုန်း – ၀၉-၂၅၀၀၂၅၇၅၅(ရန်ကုန်) နှင့် ၀၉-၂၅၀၁၂၀၁၁၈(မန္တလေး) မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

Phone News

Helio x 20 ဖြင့် ZOPO Speed8 အား တရားဝင်ကြော်ငြာ

ZOPO မှ Speed 8 ကို MWC 2016 တွင် မိတ်ဆက်ခဲ့ပြီး ထူးခြားချက်မှာ ကမ္ဘာတွင် ပထမဆုံး deca-core စမတ်ဖုန်းဖြစ်သည်။ Speed 8 အား Moto GP ကမ္ဘာချန်ပီယံ Jorge Lorenzo မှ ပြသပေးသွားခဲ့ပြီး Speed 8 တွင် MediaTek ၏ Helio x 20 SoC ကို သုံးထားခဲ့သည်။ ထို့ကြောင့် Speed 8 သည် ကမ္ဘာပထမဆုံး deca-core mobile chip အား အသုံးပြုသည့် ဖုန်းဖြစ်လာခဲ့သည်။ MediaTek ၏ Helio X20 သည် mobile chip များတွင် ပထမဆုံးစတင်တွေ့ရသည်။ deca-core chip ဖြစ်ခဲ့သည်။ ZOPO Speed 8 သည် Helio x 20 SoC အပြင် အခြား specs များ၌လည်းမြင့်မားခဲ့ပြီး ၅.၅ လက်မ full HD 1080p display ပါဝင်ခဲ့သည်။ မြင့်မားသော processor အတွက် လိုက်ဖက်ညီစေရန် 4GB RAM ဖြင့် ထောက်ပံ့မှုပေးထားသည်။ Storage 32GB ပါဝင်ပြီး ဖုန်းအတွက် လုံလုံလောက်လောက်သုံးစွဲနိုင်စေမည့် 3600mAh ဘက်ထရီအား သုံးစွဲပေးထားကြောင်း တွေ့ရသည်။ အဓိကကင်မရာမှာ 21 MP ဖြစ်ပြီး Sony IMX 230 sensor ပါဝင်ကာ dual-tone LED Flash တပ်ဆင်ထားပြီး ရှေ့ဘက်တွင် 8 MP ကင်မရာအားတွေ့နိုင်သည်။ ကျော်ဘက်တွင် Fingerprint scanner ပါဝင်ပြီး USB- Type C အားသုံးစွဲထားသည်။ ZOPO speed 8 သည် Dual-SIM ဖုန်းဖြစ်ပြီး 4G LTE connectivity ပါဝင်ကာ Android 6.0 Marshmallow အား သုံးစွဲထားသည်။

OPPO မှ ၁၅ မိနစ်နှင့် အားအပြည့်သွင်းပေးနိုင်သည့် Super VOOC အား ပြသခဲ့

OPPO သည် MWC 2016 တွင် Super VOOC charging အား ပြသသွားခဲ့ပြီး အနာဂတ် OPPO ဖုန်းများတွင် မြင်တွေ့ရမည်ဟုသိရသည်။ Super VOOC သည် 2500mAh ဘက်ထရီအား ၁၅ မိနစ်နှင့် အားအပြည့်သွင်းပေးနိုင်ပြီး ၅ မိနစ်နှင့် 45% အားပြည့်စေနိုင်ကြောင်း သိရသည်။ VOOC အသစ်သည် micro USB နှင့် USB Type C port နှစ်မျိုးစလုံး၌သုံးနိုင်ပြီး Super VOOC Flash Charger plug အား လိုအပ်ကြောင်းသိရသည်။ ပလပ်အပြင် အထူးပြုလုပ်ထားသည့် cable ကြိုးနှင့် connector တို့ လိုအပ်မည်ဖြစ်သည်။ OPPO မှ Super VOOC အား အဆင့်သင့်ဖြစ်ကာ အမြောက်အများထုတ်လုပ်နိုင်သည်နှင့် ဖုန်းအသစ်များတွင် ထည့်သွင်းသွားမည်ဖြစ်သည်။ Super VOOC သည် 5V သာဖြစ်သော်လည်း မည်သည့် voltage conversion မှ မလိုအပ်ဘဲ ဘက်ထရီထဲသို့ ပါဝါအား တိုက်ရိုက်သွင်းပေးနိုင်ကြောင်း သိရသည်။ ထို့ကြောင့် အားသွင်းရာတွင် 97% ထိရောက်မှုရှိကြောင်း သိရသည်။ သို့ရာတွင် အခြားသော အမှတ်တံဆိပ် charger များနှင့် OPPO ၏ Super VOOC ဖုန်းတွဲဖက်သုံးပါက ထူးခြားမည်မဟုတ်ဘဲ ပုံမှန်အတိုင်းသာ အားသွင်းနိုင်လိမ့်မည်ဟုဆိုသည်။ Super VOOC အား လက်ရှိတွင်စမ်းသပ်ဆဲဖြစ်ပြီး မကြာမီအနာဂတ်တွင် စမတ်ဖုန်းများ၌ ထည့်သွင်းသုံးစွဲသွားနိုင်ရန် မျှော်လင့်ကြောင်းသိရသည်။

Samsung 256GB Phone Storage အား ထုတ်လုပ်ရန်ရှိ



Samsung သည် ပထမဆုံးအဖြစ် 256GB memory chip အား Universal Flash storage 2.0 (UFS) standard ကို အခြေခံကာ တရားဝင်အမြောက်အများ စတင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ Chip အသစ်သည် mobile devices များအတွက် စွမ်းဆောင်ရည်အထူးကောင်းမွန်ပြီး ပုံမှန် PC တွင် သုံးသည့် SATA-SSD များထက် သာလွန်ကြောင်းလည်း ဆိုသွားခဲ့သည်။ Data transfer နှုန်းသည် read အတွက် 850MB/s ရှိပြီး write အတွက် 260MB/s ရှိကြောင်းတွေ့ရသည်။ ထိုပြန့်နှုန်းသည် စွမ်းဆောင်ရည်မြင့်မားသော micro SD ကတ် တစ်ခုထက် ၃ ဆ ပိုမိုမြန်ဆန်ကြောင်းသိရသည်။ ထို chip သည် ကုမ္ပဏီ၏ V-NAND နည်းပညာပေါ်၌အခြေခံကာ တည်ဆောက်ထားပြီး တစ်စက္ကန့်လျှင် 45,000 read နှင့် 40,000 write operation per second (IOPS) ရှိကြောင်းသိရသည်။ ထို ပမာဏသည် ယခင်မျိုးဆက် UFS memory များထက် နှစ်ဆပိုမိုမြန်ဆန်ခဲ့သည်။ ထို chip အတွက် 4K ဗီဒီယိုများကူးယူခြင်း၊ ကြည့်ရှုခြင်းမှာ အထူးကောင်းမွန်ရန်ရှိသည်။ Samsung ၏ အလိုအရ အနာဂတ်ဖုန်းများတွင် USB3.0 interface အား ထောက်ပံ့ပေးနိုင်လာမည်ဖြစ်ပြီး ယခု 256GB UFS 2.0 chip နှင့်သာပေါင်းစပ်ခဲ့ပါက 1080p မိနစ် ၉၀ စာ full HD ဗီဒီယို အားရွှေ့ပြောင်းရန် ၁၂စက္ကန့်သာကြာမည်ဟုသိရသည်။ ယခု Chip အား ၂၀၁၆ စက်တင်ဘာတွင် မြင်ရမည့် Samsung Galaxy Note 6 တွင် တွေ့ရနိုင်ကြောင်း ခန့်မှန်းကြသည်။

OmniVision မှ 13MP PureCel Plus-S Sensor အား ထုတ်လုပ်



OmniVision အား လူတိုင်းရင်းနှီးမှုမရှိသော်လည်း ၎င်း၏ 8MP sensor ပါဝင်သော device ကို မူ သုံးဖူးသူများစွာရှိလိမ့်မည်ဖြစ်သည်။ Selfie shooter များအတွက် OmniVision ၏ 8MP sensor သည် ကောင်းမွန်သောရွေးချယ်မှုဖြစ်ခဲ့သည်။ OmniVision သည် Google ၏ spatial mapping project Tango အတွက် ကင်မရာပစ္စည်းများကို ထောက်ပံ့ပေးဖူးသဖြင့် ကင်မရာကဏ္ဍတွင် ကျွမ်းကျင်မှုရှိပြီးဖြစ်သည်။

ယခုနောက်ဆုံးထုတ်လုပ်လိုက်သော sensor သည် ov 13870 ဖြစ်ပြီး 13MP sensor ဖြစ်သည်။ Resolution အရ အထင်ကြီးစရာမရှိဟု ဆိုနိုင်သော်လည်း လက်တွေ့တွင် sensor များသည် pixels ပမာဏထက် အရွယ်အစားကိုတိုးမြှင့်ရန် ကြိုးစားနေကြပြီး OmniVision မှလည်း ထိုအတိုင်း လုပ်ဆောင်ခဲ့သည်။ OV 13870 sensor သည် 1.25 micron PureCel Plus-S pixel architecture ဖြစ်ပြီး အကောင်းဆုံးစွမ်းဆောင်ရည်ကို ပေးနိုင်ကာ အလင်းရောင်နည်းပါးသောနေရာများ၌လည်း ပိုမိုကောင်းမွန်လာပြီး crosstalk လည်း လျော့နည်းလာကြောင်းသိရသည်။ ၁/၂.၆လက်မအရွယ်သာရှိပြီး 5.2mm အရွယ်ရှိသဖြင့် ပါးလွာသောစမတ်ဖုန်းများတွင် သုံးစွဲနိုင်လိမ့်မည်ဖြစ်သည်။

Dual-camera သုံးစွဲမှုကိုလည်း ထောက်ပံ့ပေးထားသဖြင့် LG G5 ကဲ့သို့ aperture များစွာနှင့် set-up အတွက်လည်း သုံးနိုင်မည်ဖြစ်သည်။ 13MP ပုံကို 45 fps နှင့် ရိုက်ကူးနိုင်ပြီး 4K 2K ဗီဒီယိုများကို 60 fps, Full HD 1080p အား 240 fps, 720p HD အား 300 fps ဖြင့် ရိုက်ကူးနိုင်လိမ့်မည်ဖြစ်သည်။ OV 13870 အား လက်ရှိတွင် နမူနာရရှိနိုင်ပြီး ဖုန်းများပါးလွာလာသည်နှင့်အမျှ ဘက်ထရီပမာဏနည်းပါးလာသည်မှာ ရှောင်လွှဲမရသော အခက်အခဲဖြစ်သည်။ ထို့ကြောင့် ထိုလိုအပ်ချက်ကို လူသိနည်း သောဖုန်းကုမ္ပဏီများမှ ဖြည့်ဆည်းပေးရန် ကြိုးပမ်းလာကြသည်။

Ulefone မှ Ulefone Power စမတ်ဖုန်းကိုမိတ်ဆက်ပေးခဲ့ပြီး ကြီးမားသော 6050mAh ဘက်ထရီပါဝင်လာခဲ့သည်။ ၄ ရက်ကြာသုံးစွဲနိုင်ရန် အာမခံထားပြီး စကားပြောချိန် ၆၃ နာရီရှိကာ stand by ၅၅ ရက်ထားနိုင်မည်ဟုသိရသည်။ QuickCharge နည်း ၂၀၁၆ ဒုတိယသုံးလပတ်တွင် စတင်ထုတ်လုပ်သွားမည်ဟု သိရသည်။

6050mAh ဘက်ထရီပါဝင်သော UlefonePower

ပညာလည်းပါဝင်သဖြင့် ဘက်ထရီအား ၂ နာရီဖြင့် အားအပြည့်သွင်းပေးနိုင်ကြောင်း သိရသည်။ မိနစ် ၃၀ အားသွင်းပါက ၁ ရက် အသုံးခံမည်ဖြစ်ပြီး ၅ မိနစ် အားသွင်းခြင်းဖြင့် ၂ နာရီကြာ သုံးနိုင်မည်ဟုဆိုသည်။ Ulefone Power အား သတ္တုဘောင်သုံးထားပြီး 5.5" Full HD 1080 p display ပါဝင်ကာ 2.5 D GorillaGlass 3 ဖြင့် ဖုံးအုပ်ကာကွယ်ပေးထားသည်။ ကျော ဘက်အတွက် ထိခိုက်မှုမှကာကွယ်ပေးနိုင်သော abrasion-proof material (သို့) သစ်သားအဖုံးအား ရွေးချယ်နိုင်မည်ဖြစ်သည်။ ကျော ဘက်ရှိ Fingerprint reader ပါဝင်သည်။

13MP Sony camera (IM x 214, F/1.8 lens) ပါဝင်ပြီး Electronic Image Stabilization (EIS) နှင့် dual-LED Flash တို့ပါဝင်သည်။ ရှေ့ဘက်တွင် 5MP ကင်မရာပါဝင်သည်။ Android 5.1 Lollipop OS ကို သုံးထားပြီး မကြာမီ 6.0 Marshmallow သို့မြှင့်တင်မည်ဖြစ်သည်။ MediaTek ၏ 1.3GHz octa-core processor နှင့် RAM 3GB သုံးစွဲထားပေးသည်။ LTE connectivity (150Mbps) နှင့် IR blaster တို့ ပါဝင်သည်။ Ulefone Power အား online စတိုးမှတစ်ဆင့် ဒေါ်လာ ၁၈၀ ဝန်းကျင်ဖြင့် ဝယ်ယူနိုင်မည်ဟုသိရသည်။

HTC One M10 ၏ ကင်မရာသည် အလွန်စိတ်ဝင်စားစရာဖြစ်မည်ဟုဆို

HTC သည် ၎င်း၏ နောက်ထွက်မည့် Flagship ဖုန်းအတွက် ကင်မရာအား အထူးပြင်ဆင်လျက်ရှိကြောင်း သတင်းများထွက်ပေါ်လာပြီး ထိုဖုန်းမှာ One M10 ဖြစ်ဖွယ်ရှိကြောင်းသိရသည်။ ထိုင်ဝမ်ကုမ္ပဏီ၏အဆိုအရ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ကင်မရာပါဝင်မည်ဟုသိရသည်။ MWC 2016 တွင် Chief Financial Officer မှ အင်တာဗျူးတွင် HTC မှာ အကောင်းဆုံးကင်မရာကို ဖန်တီးနေကြောင်း ဆိုခဲ့သည်။ One M10 သည် ကောလာဟလသတင်းများအရ 12MP UltraPixels ကင်မရာအား အဓိကကင်မရာအဖြစ် သုံးလိမ့်မည်ဟုဆိုထားပြီး Phase detection နှင့် laser autofocus တို့အပြင် image stabilization ပါပါဝင်မည်ဟုဆိုသည်။ ရှေ့ဘက်တွင် 5MP UltraPixel ကင်မရာအား သုံးမည်ဟုဆိုထားသည်။ UltraPixel ကင်မရာသည် pixels ပိုမိုကြီးမားသဖြင့် အလင်းရောင်ပိုမိုဖမ်းယူနိုင်ကာ အလင်းရောင်နည်းပါးချိန်၌ပင် ပုံကောင်းများရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် One M10 သည် storage သုံးမျိုးရွေးခွင့်ပေးလာမည်ဟုလည်း သတင်းထပ်မံပေါ်လာခဲ့သည်။ storage မှာ 16GB, 32GB နှင့် 64GB သုံးမျိုးဖြစ်လိမ့်မည်ဟုသိရသည်။ ထို့အပြင် hardware ပိုင်း၌လည်း နှစ်မျိုးကွဲပြားမည်ဟု သတင်းများထွက်ပေါ်နေပြီး တစ်မျိုးမှာ Snapdragon 820 SoC သုံးပြီး ကျန်တစ်မျိုးမှာ MediaTek SoC သုံးမည်ဟုဆိုထားသည်။ 5.1" QHD AMOLED screen, 4GB RAM Android 6.0, Marshmallow တို့ပါဝင်မည်ဟုလည်း ဆိုထားသည်။

LG

Sim Slot 1 ကိုပဲသုံးသုံး၊
Sim Slot 2 ကိုပဲသုံးသုံး 3G Internet Line
အပြည့်ရရှိနိုင်သော LG မုန်းများ

REAL 3G Dual SIM

LG G4

- 5.5" Quad HD IPS
- Snapdragon 806 Processor (Hexa-Core)
- 16MP/8MP Camera
- 3,000 mAh Removable
- RAM 3GB ROM 32GB
- Dual SIM

699,000/-

Gift For G4 Leather

LG Life's Good Free Gift

Google Drive
Free 100GB Google Drive
(2 years)
+ SD Card (OR) (32GB)
+ Battery Cover
+ Flip Cover
+ Tempered Glass
+ Ooredoo Data Sim

Gift For G4 Metallic

Google Drive
Free 100GB Google Drive
(2 years)
+ Genuine Leather Smart Cover
+ Tempered Glass
+ Ooredoo Data Sim

LG G4 Stylus

- 5.7" HD Screen
- Front 5MP Rear 13MP
- 3,000 mAh
- Dual SIM

335,000/-

LG Life's Good Free Gift
Smart Cover + Screen Guard

LG Magna

- 5.0" HD Softly Curved Screen
- Front & Rear Camera
- 2,540 mAh
- Dual SIM

209,000/-

LG Life's Good Free Gift
Smart Cover + Screen Guard

LG AKA

- 5.0" HD (1280 x 720)
- 8MP/2.1MP Laser auto Focus
- 2,610 mAh
- Single SIM

249,000/-

LG Life's Good Free Gift
Selfie Lens + Screen Guard

TMW Mobile Service Center (1) : No.7/B, Mahar Si Sar Sa Na Yeik Thar Street, Bahan Township. Tel: 544 644, 556 997, 545 963, 555 996

မြန်မာတစ်နှံ့ဝန်ဆောင်မှု 1 Year Warranty

Find us on Facebook www.facebook.com/lglovesmyanmar

life's good when you play more

LG G5

LG G5 specification :

- 5.3-inch quad HD IPS display with 2560 x1440-pixel resolution and 554ppi
- 5.88 x 2.90 x 0.30 inches (149.4 x 73.9 x 7.7mm)
- 5.61 ounces (159 grams)
- 16-megapixel (78-degree wide) and 8-megapixel (135-degree wide) rear camera, can record 4K video
- 8-megapixel front camera
- Snapdragon 820 with Adreno 530 GPU
- Removable 2,800mAh battery
- USB Type-C port
- Fingerprint sensor on the back home button
- 4GB of RAM, 32GB of internal storage with up to 2TB of expandable storage with microSD

LG G5 : 2016's Most Interesting Phone Thus Far

modular features make it something completely different

LG ဟာ စမတ်ဖုန်းလောကမှာ ကာလရှည်ကြာရပ်တည်နေခဲ့ပြီး ထူးခြားတဲ့ဖန်တီးမှုတွေကိုလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ MWC 2016 မှာတော့ LG ဟာ အထူးခြားဆုံးဖုန်းတစ်လုံးကို မိတ်ဆက်ပေးခဲ့ပြီး ဒါကတော့ LG G5 ပဲ ဖြစ်ပါတယ်။ LG G5 ဟာ သမားရိုးကျဖုန်းဒီဇိုင်းကနေ ခွဲထွက်လာခဲ့ပြီး ထူးခြားတဲ့ modular ပုံစံနဲ့ ဆန်းသစ်မှုကို ပေးခဲ့ပါတယ်။

Design

LG G5 ဟာ အစအဆုံးနီးပါး ဒီဇိုင်းအသစ်ပြင်ဆင်ခဲ့တဲ့ဖုန်းဖြစ်ပြီး G4 ရဲ့ ပလတ်စတစ်နဲ့ သားရေပုံစံ တည်ဆောက်မှုမျိုးကို မတွေ့ရတော့ဘဲ 'modular' metal ဒီဇိုင်းကို သုံးခဲ့ပါတယ်။ ဘေးဘောင်တွေကို လုံးထားပြီး ယခင်ကထက် ပိုမိုပြားတဲ့ပုံစံမျိုးနဲ့ တည်ဆောက်ခဲ့ပါတယ်။ ကင်မရာနဲ့ ပါဝါခလုတ်နေရာမှာ မသိမသာခုံးနေပြီး ဒီနေရာမှာပဲ Fingerprint sensor ကို တွေ့ရမှာ ဖြစ်ပါတယ်။ ပါဝါခလုတ်ဟာ နေရာမပြောင်းလဲပေမယ့် volume control ကိုတော့ ဖုန်းရဲ့ဘယ်ဘက်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

G5 ရဲ့ အထူးခြားဆုံးဒီဇိုင်းကို ပြောရရင်တော့ modular ဒီဇိုင်း ဖြစ်လာတာပါပဲ။ ဖုန်းဘယ်ဘက်က ခလုတ်ကိုနှိပ်ပြီး ဘက်ထရီအပါအဝင် အောက်ပိုင်းကို ဖယ်ထုတ်နိုင်ပါတယ်။ ဒီအပိုင်းမှာ 2800mAh ဘက်ထရီနဲ့ microSD slot တို့ ပါဝင်ပါတယ်။ ဒီ modular ဒီဇိုင်းကြောင့် တခြားအပို ပစ္စည်းတွေကို G5 မှာ တပ်ဆင်ခွင့်ရလာပါတယ်။ ဒီအပိုပစ္စည်းတွေကြောင့် LG G5 ကို ပိုမိုနေရာစုံစုံ သုံးနိုင်လာမှာဖြစ်ပါတယ်။ ဥပမာ – ကင်မရာ grip ကို သုံးခဲ့ရင် control အပြင် ဘက်ထရီအပိုလည်း ပါဝင်လာမှာဖြစ်ပါတယ်။ LG ရဲ့ modular ဒီဇိုင်းကနေ အနာဂတ်မှာ ဘယ်လို accessories တွေ ဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

Display

LG ဟာ G4 ကတည်းက Quad-HD screen ကို ပထမဆုံး စသုံးတဲ့စမတ်ဖုန်း ဖြစ်ခဲ့ပါတယ်။ G5 မှာလည်း Quad HD resolution ကိုပဲ ဆက်သုံးခဲ့ပြီး 5.3-inch display ဖြစ်လာခဲ့ပါတယ်။ IPS - LCD အမျိုးအစားပဲဖြစ်ပြီး မြင်ကွင်းကျယ်ပြန့်ပါတယ်။ အမြဲဖွင့်ထားနိုင်တဲ့ always-on ကို ထည့်သွင်းလာခဲ့ပါတယ်။ Display ဟာ ဖုန်းနဲ့ဒီဇိုင်းနဲ့ ကောင်းကောင်းလိုက်ဖက်ညီခဲ့ပါတယ်။

Interface and Functionally

LG ရဲ့ Android ဟာ သုံးစွဲရ အဆင်ပြေတာကို တွေ့နိုင်ပါတယ်။ Android 6.0.1 Marshmallow ကိုသုံးထားပြီး LG ဟာ app drawer ကို ဖယ်ရှားခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် iOS လိုပဲ အရာရာကို homescreen မှာပဲ စီထားရမှာဖြစ်ပါတယ်။ ဒီဇိုင်းပုံစံအရ ဒီအချက်ဟာ ကြိုက်နှစ်သက်သူရှိနိုင်သလို မကြိုက်သူတွေလည်း ရှိပါလိမ့်မယ်။ Icon တွေကို အကွာရာစဉ်လိုက် စီနိုင်တာကိုလည်း တွေ့ရပါတယ်။ QSlide apps ပါဝင်သေးပေမယ့် ဘေးချင်းယှဉ်သုံးလို့ရတဲ့ multi-tasking ကိုတော့ G5 မှာ မတွေ့ရပါဘူး။

Processor and Memory

LG G5 မှာ ယခင်ကတည်းက ကြိုတင်ပေါက်ကြားခဲ့တဲ့ သတင်းတွေအတိုင်းပဲ Qualcomm ရဲ့ Snapdragon 820 processor ကို သုံးခဲ့ပါတယ်။ 64bit CPU ဖြစ်ကာ Adreno 530 GPU ပါဝင်ပါတယ်။ 4GB LPDDR4 RAM နဲ့ ထောက်ပံ့ပေးထားပါတယ်။ ဒါကြောင့် မြန်ဆန်မယ် ဖုန်းတစ်လုံးဖြစ်မယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ LG ဟာ Snapdragon 820 ကို အဓိကသုံးခဲ့ခြင်းက virtual reality ကို ထောက်ပံ့ပေးနိုင်တာလည်း ပါပါတယ်။ LG G5 ရဲ့ အပိုပစ္စည်းတွေထဲမှာ ဖုန်းကို USB Type C ကနေ ချိတ်ဆက်နိုင်တဲ့ VR headset ပါဝင်ပါတယ်။ LG G5 မှာ storage 32GB ပါဝင်ပြီး microSD နဲ့ ထပ်မံတိုးမြှင့်ခွင့်ကိုလည်း ပေးထားပါတယ်။

Camera

LG VIO မှာ စတင်သုံးခဲ့တဲ့ Feature တစ်ခုကို G5 မှာ ထပ်မံသုံးစွဲခဲ့ပြီး ဒါကတော့ dual camera သုံးစွဲခြင်းပါ။ ဒါပေမဲ့ ရှေ့မှာ မဟုတ်ဘဲ G5 ရဲ့ အဓိကကင်မရာဖြစ်ပြီး 16MP နဲ့ 8MP ကင်မရာ (၂) ခု ပါဝင်တာကို တွေ့ရမှာဖြစ်ပါတယ်။ အများစုက ဓာတ်ပုံရိုက်ပြီး effect သုံးရာမှာပဲ dual-camera ကို သိကြပေမယ့် G5 ရဲ့ dual-camera ကတော့ ပိုမိုကျယ်ပြန့်တဲ့မြင်ကွင်းကို ပေးပို့ပဲဖြစ်ပါတယ်။ VIO ရဲ့ ရှေ့ကင်မရာလိုပဲ G5 ရဲ့ ဒုတိယကင်မရာဟာပုံရဲ့မြင်ကွင်းကို ပိုမိုကျယ်ပြန့်စေပါတယ်။ G5 ရဲ့ dual-camera ဟာ panoramic လိုပုံမျိုးတွေကို ရိုက်ကူးပေးနိုင်ပါတယ်။ ရှေ့မှာတော့ 8MP ကင်မရာ ပါဝင်ပါတယ်။

Xiaomi Mi 5 specification :

- 5.15" 16 LED light display, 3D ceramic/glass body with full-HD (1,920 x 1,080 pixels) resolution
- 145 x 69 x 7.25 mm, 129 grams (4.55 ounces)
- 16MP 4-axis OIS + 2µm-pixel, 4MP front camera
- 2.15GHz Qualcomm Snapdragon 820
- 3,000mAh (non-removable), Quick Charge 3.0
- Dual SIM with 4G+ connectivity (CAT 12 LTE)
- USB Type-C port
- Fingerprint sensor in home button
- RAM : 4GB / 3GB,
  Internal storage : 128GB / 32GB / 64GB
- Full feature NFC
- MIUI based on Android 6.0 - Marshmallow

Xiaomi Mi5 - High-End at a Mid-Range Price

Xiaomi ရဲ့ Flagship ဖုန်းဖြစ်တဲ့ Mi 5 ထွက်လာဖို့ကို (၂) နှစ်နီးပါးစောင့်မျှော်ခဲ့ရပြီး နောက်ဆုံးမှာတော့ Xiaomi ရဲ့ ပထမဆုံး MWC ပွဲမှာ Mi5 ကို စတင်မြင်တွေ့ခွင့် ရခဲ့ကြပါတယ်။ Xiaomi ဟာ စျေးသက်သာပြီး အရည်အသွေးမြင့်မား တဲ့ဖုန်းတွေကို ထုတ်လုပ်လေ့ရှိတာမို့ Mi 5 ဟာလည်း စိတ်ဝင်စားစရာကောင်းတဲ့ဖုန်းတစ်ခု ဖြစ်လာခဲ့ပါတယ်။

Release Date & Price

Xiaomi ရဲ့ Mi 5 ဟာ စျေးကွက်ထဲကို version (၃) မျိုးနဲ့ ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ စျေးအသက်သာဆုံး model ဟာ CNY 1999 (ဒေါ်လာ ၃၀၅ ဝန်းကျင်) ကျသင့်မှာဖြစ်ပြီး storage 32GB နဲ့ 3D glass panel ပါဝင်မှာဖြစ်ပြီး processor clock speed ကတော့ 2.15GHz မဟုတ်ဘဲ 1.8GHz သာ ရှိမှာဖြစ်ပါတယ်။

ဒုတိယ model မှာတော့ storage 64GB ပါဝင်မှာဖြစ်ပြီး SD glass panel ပါဝင်ကာ CNY 2,299 (ဒေါ်လာ ၃၅၂ ဝန်းကျင်) စျေး သတ်မှတ်ထားပါတယ်။

နောက်ဆုံးအမျိုးအစားကတော့ Proversion ဖြစ်ပြီး RAM 4GB ပါဝင်ပါတယ်။ 3D ceramic နဲ့ ဖန်တီးထားပြီး CNY 2699 (ဒေါ်လာ ၄၁၃ ဝန်းကျင်) စျေး ရှိပါတယ်။ လက်ရှိ MWC ပွဲမှာ Mi 5 ကို တရုတ်နဲ့အိန္ဒိယမှာ ရောင်းချမယ် လို့ အတည်ပြုခဲ့ပြီး တရုတ်မှာ မတ်လ ၁ ရက်နေ့မှာ စတင်ရောင်းချမှာ ဖြစ်ပါတယ်။ အိန္ဒိယကတော့ နောက်ကျ မှာဖြစ်ပြီး ရက်စွဲအတိအကျ မသိရသေးပါဘူး။

Design & Build Quality

Xiaomi ရဲ့အဆိုအရ Mi 5 ဟာ ဒီဇိုင်းကြောင့် (၂) နှစ်နီးပါး စောင့်ဆိုင်းခဲ့ရတယ်လို့ ဆိုပါတယ်။ Mi 5 ဟာ ကင်မရာ၊ home ခလုတ်မှာပါတဲ့ fingerprint scanner နဲ့ body to screen ratio ကို လျော့ချဖို့အတွက် အဓိက ကြိုးပမ်းခဲ့ရတယ်လို့ ဆိုပါ တယ်။ 129 g ပဲ လေးတဲ့ Mi 5 ဟာ လက်ရှိ Flagship ဖုန်းတွေထဲမှာ အပေါ့ပါးဆုံးဖြစ်တာကို တွေ့နိုင်ပါတယ်။

Display

Mi 5 မှာ 5.15 လက်မ display ပါဝင်ပြီး 1080p Full HD resolution ရှိ ပါတယ်။ 600 nits brightness ရှိပြီး နေရောင်ထဲမှာ သုံးဖို့အတွက် အဆင်ပြေစေပါတယ်။ Body to screen ratio ကောင်းမွန်တဲ့အတွက် မီဒီယာပိုင်းမှာလည်း ကြည့်ရတာ အဆင် ပြေစေပါတယ်။

Special Feature

Mi 5 မှာ ပါဝင်တဲ့ Fingerprint scanner ဟာ home ခလုတ်နေရာမှာ ရှိနေပါတယ်။ Setup လုပ်ဖို့ ၅ စက္ကန့်ခန့်သာ အချိန်ကုန်ပြီး unlock လုပ်ရတာ အခက်အခဲမရှိ မြန်ဆန်တာကို တွေ့နိုင်ပါတယ်။

Software

Mi 5 မှာ Xiaomi ရဲ့ MIUI 7 interface နဲ့အတူ Android 6.0 Marshmallow ကို သုံးခဲ့ပါတယ်။ MIUI 7 ဟာ app draver မပါဝင်တာမို့ home screen မှာပဲ app တွေကို တွေ့ရမှာဖြစ်ပါတယ်။ Xiaomi MIUI ကို အဓိက အာရုံစိုက်ပြင်ဆင်ခဲ့ပြီး Mi 5 မှာ defult themes (၅) ခု ပါဝင်လာခဲ့ပါတယ်။

Performance

Mi 5 Snapdragon 820 processor ပါဝင်ပြီး 2.1GHz မြန်နှုန်းရှိပါတယ်။ 32GB နဲ့ 64GB model တွေမှာ 3GB RAM ပါဝင်ပြီး Pro model အတွက် 128GB storage နဲ့ RAM 4GB ထိ ပါဝင်တာကို တွေ့နိုင်ပါတယ်။ Qualcomm ရဲ့ Snapdragon 820 ဟာ မနှစ်က 810 ထက် ပိုမိုမြန်ဆန်တာ သေချာ ပြီး အပူလွန်ကဲတဲ့ပြဿနာလည်း မရှိတော့ပါဘူး။ Snapdragon 820 ဟာ စွမ်းဆောင်ရည် ၂၀၀% မြင့်တက်လာဖို့ အာမခံထားပြီး စွမ်းအင် သုံးစွဲမှု လည်း ၅၀% လျော့ချပေးနိုင်မယ်လို့ ဆိုထားပါတယ်။ ဒဲ့အပြင် Adreno 530 GPU ကလည်း မြင့်မားတဲ့ ဂရပ်ဖစ်စွမ်းဆောင်ရည်ကို ရစေဖို့ အာမခံပေးထားပါတယ်။ Mi 5 ဟာ 4G + connectivity ကိုလည်း ထောက်ပံ့ပေးထားပြီး download speed 600Mbps ထိ ရှိသလို dual-SIM နဲ့ VOLTE နည်းပညာလည်း ပါဝင်ပါတယ်။

Camera

Mi 5 ရဲ့ အဓိကကင်မရာဟာ 16MP ဖြစ်ပြီး Sony ရဲ့ IMX 298 sensor ကို သုံးပါတယ်။ Xiaomi ရဲ့ 4-axis optical image stabilization နည်းပညာလည်း ပါဝင်ပါတယ်။ ရှေ့မှာတော့ f/2.0 aperture နဲ့ 4MP ကင်မရာပါဝင်ပြီး ၈၀ ဒီဂရီ (မြင်ကွင်းကျယ်) selfie ရိုက်ကူးနိုင်ပါတယ်။ Camera app ဟာ သုံးစွဲရလွယ်ကူတာကို တွေ့ရပါတယ်။

Battery

Mi 5 မှာ 3000mAh ဘက်ထရီပါဝင်ပြီး Marshmallow ရဲ့ Doze Feature နဲ့ Snapdragon 820 တို့နဲ့ ပေါင်းစပ်တဲ့အခါမှာ အချိန်ကြာ ကြာ အသုံးခံနိုင်ဖို့ ရှိပါတယ်။ Mi 5 ဟာ Quick charge 3.0 ကိုလည်း ထောက်ပံ့ပေးထားပြီး 2.0 ထက် 20% အားသွင်းနှုန်း ပိုမိုမြန်ဆန် တယ်လို့ ဆိုထားပြီး ဘက်ထရီကို ၁ နာရီအတွင်းမှာ 80-90 % ထိ ဖြည့်ပေးနိုင်မယ်လို့ ဆိုပါတယ်။

ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်ရှိ ကျောင်းသား/သူများနှင့် IT ကို စိတ်ပါဝင်စားသူ မည်သူမဆို ITPEC စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုနိုင်

ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်ရှိ ကျောင်းသား/ သူများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT ကို စိတ်ပါဝင်စားသည့် မည်သူမဆို ITPEC စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုနိုင်ကြောင်းသိရသည်။ Information Technology Passport Examination (IT Pass Port) စာမေးပွဲသည် IT ဆိုင်ရာ အခြေခံဗဟုသုတရှိပြီး IT နှင့်သက်ဆိုင်သော လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသူများ အတွက်လည်းကောင်း၊ Fundamental Information Technology Engineer Examination (FE) စာမေးပွဲသည် IT ဗဟုသုတအခြေခံကျွမ်းကျင်မှုရှိပြီး သူများ၊ Programmer များ၊ Program Design ရေးဆွဲသူများနှင့် Software Development လုပ်ငန်းများတွင် လုပ်ကိုင်နေသူများအတွက်လည်းကောင်း၊ Applied Information Technology Engineer Examination (AP) စာမေးပွဲသည် IT ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စွမ်း (Apply)ရှိသူများ၊ အဆင့်မြင့် IT လူစွမ်းအား အရင်းအမြစ်အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလိုသူများအတွက်လည်းကောင်း အလုပ်အကိုင် အခွင့်အလမ်းအတွက် ကျွမ်းကျင်မှု အသိအမှတ်ပြုအောင်လက်မှတ်ရရှိစေမည့် စာမေးပွဲများဖြစ်သည်။

အဆိုပါစာမေးပွဲများကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်။ Fundamental IT Engineer Examination (FE) နှင့် IT Passport Examination (IP) စာမေးပွဲတို့ကို တပြိုလ(24)ရက်နေ့တွင် ပြုလုပ်ပေးမည်ဖြစ်သည်။ FE ၏စာမေးပွဲကြေးမှာ ငွေကျပ်(30000)ဖြစ်ပြီး IP ၏စာမေးပွဲကြေးမှာငွေကျပ်(20000)ဖြစ်သည်။ ဖြေဆိုလိုသူများသည် (9.4.2016)နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကာ MCPA Member ဖြစ်ပါက စာမေးပွဲကြေး(50)ရာခိုင်နှုန်း Discount ရရှိမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း 01-652276 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

Ooredoo (500) ကျပ်တန် ဖုန်းငွေဖြည့်ကတ်များ ဝယ်ယူအသုံးပြုနိုင်ပြီ

ယခုအခါ Ooredoo Myanmar (500) ကျပ်တန် ဖုန်းငွေဖြည့်ကတ်များကို စတင်မိတ်ဆက်ပေးခဲ့ပြီး နီးစပ်ရာဖုန်းငွေဖြည့်ကတ်အရောင်းဆိုင်များတွင် အလွယ်တကူဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ Ooredoo Myanmar ၏ Chief Marketing Officer ဖြစ်သူ Ms.Charity Safford က ''ကျွန်မတို့အနေနဲ့ Ooredoo အသုံးပြုသူများအတွက် ငွေကျပ် (500)တန်ခဲခြစ်ငွေဖြည့်ကတ်တွေ ဖြန့်ဖြူးပေးနိုင်ခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အဲဒီငွေဖြည့်ကတ်(500)ကျပ်တန်တွေကို ပြည်တွင်းရှိနေရာတိုင်းမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်မှာပါ။ နောက်ပိုင်းမှာလည်း Ooredoo သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ အစီအစဉ်အသစ်တွေ မိတ်ဆက်ပေးသွားဖို့ စီစဉ်ထားပါတယ်''ဟု ပြောကြားခဲ့သည်။

ထို့အပြင် Ooredoo သီးသန့် အရောင်းဆိုင် (22)ဆိုင်တွင်လည်း Ooredoo အထူးနံပါတ်များကိုရောင်းချပေးလျက်ရှိပြီး မိမိကြိုက်နှစ်သက်သည့် နံပါတ်ကို ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက www.ooredoo.com.mm တွင်ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

M.Z

မြန်မာနိုင်ငံတွင် ကွန်ပျူတာအသင်းချုပ်မှ ITPEC (FE)Exam Preparation သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ITPEC (FE)Exam Preparation သင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကြေးမှာ ငွေကျပ် (30,000) ဖြစ်ပြီးသင်တန်းကာလမှာ (10) ရက်ဖြစ်သည်။ အဆိုပါ သင်တန်းတွင်သင်ကြားပေးမည့်ဘာသာရပ်များမှာ Computer System , OS, Data Structure, Program Design, Operation Research, Accounting and Application, Network and Security, Java, Strategy and Management, Data base , System Development and System Operation Maintenance စသည်တို့ဖြစ်သည်။ သင်တန်းကို မတ်လ(5)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကာ Fundamental IT Engineer Examination (FE) စာမေးပွဲတွင် ဖြေဆိုလိုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်သည်။ အသေးစိတ်သိရှိလိုပါက၊ 652276, 09-7308 83000 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

M.Z

လူကြီးမင်း Cell Phone Villa (သမိုင်း) ဆိုင်ခွဲသစ် စတင်ဖွင့်လှစ်

လူကြီးမင်း Cell Phone Villa (သမိုင်း) ဆိုင်ခွဲအသစ်ကို အမှတ် (216)၊ ဆိုင်အမှတ် (3)၊ သမိုင်းဘူတာရုံလမ်းမကြီး၊ (2)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ဆိုင်သစ်ဖွင့်ပွဲ အထူးအစီအစဉ်အနေဖြင့် ဟန်းဆက်ဝယ်ယူသူတိုင်း ဗလာမပါ ကဲစမ်းမဲအစီအစဉ်တွင် ပါဝင်ကဲစမ်းနိုင်ကာ ကဲစမ်းမဲကာလမှာမတ်လ (5)ရက်နေ့အထိဖြစ်သည်။ လူကြီးမင်း Cell Phone Villa မှ တာဝန်ရှိသူတစ်ဦးက ''ကျွန်တော်တို့ဆိုင်တွေမှာ Customer များအားဖုန်းနဲ့ ပတ်သက်တဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့ ကျွမ်းကျင်ဝန်ထမ်းများဖြင့် နွေးထွေးစွာကြိုဆိုလျက်ရှိပါတယ်။ အခုအသစ်ဖွင့်တဲ့ဆိုင်မှာလည်း အခြားလူကြီးမင်းဆိုင်တွေနည်းတူ ဖုန်း Brand များစုံခဲ့ငွေဖြည့်ကတ်၊ Accessories တို့ဝယ်ယူရရှိနိုင်ကာ Hardware Software services တွေကိုလည်း အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ပေးအပ်သွားမှာဖြစ်ပါတယ်''ဟု ပြောသည်။ လူကြီးမင်း(သမိုင်း) ဆိုင်သစ်သို့ ဆက်သွယ်လိုပါက ဖုန်း 09-730969999 သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

M.Z

HD ready

FULL HD VIDEO

4K ULTRA HD

60 UP TO MB/s* 400X READ SPEED

UP TO 40MB/s WRITE SPEED

OTG

130 UP TO MB/s* READ SPEED

FULL HD VIDEO

48 UP TO MB/s* 320X READ SPEED

WRITE SPEED LOWER

FULL HD VIDEO

4K ULTRA HD

95 UP TO MB/s* 633X READ SPEED

UP TO 90MB/s WRITE SPEED

Distributed by **SYNNEX MYANMAR**

e-city | CTM | Jaymart mobile | R.I.T | DCM World | Royal - 1 | M2M Mobile | Sunny | Super Line | ROYAL TECH | CME | ICE | technoland | INNWA | Matrix | SMILE MOBILE | Citicom | Life Mark | Evo | Tele Mobi

01 224360 | 01 224502 | 01 381993 | 01 378171 | 01 377056 | 09 73032800 | 01 243133 | 09 5032506 | 01 381990 | 01 205395 | 09 73032800 | 01 225301 | 01 381993 | 09 254839225 | 01 391511 | 01 391801 | 09 73016030 | 01-376566 | 01 391690 | 01 387380 | 01 373631 | 09 425329557

ASUS® K401LB

Dark Blue Metal i7

Processor	Intel® Core™ i7 5500U Processor
MemoryGT	940 2 GB
Display	14.0" 16:9 Full HD (1920x1080)
Storage	1.TB, 5400 RPM With 24 G SSD

- Ice Cool Technology keeps you cool and comfortable
- Thin and light design
- Protect your eyes with ASUS Eye Care
- Premium brushed metal finish & tactile surfaces

Distributed by
SYNNEX MYANMAR

TRUSTED BY SYNNEX

SYNNEX MYANMAR Co., Ltd.

LIKE US ON FACECOOK!

www.facebook.com/ Synnex-Myanmar

Best Product | Best Service | Best Channel

OFFICE ADDRESS:
No.214, Bo Gyoke Aung San Rd, Botahtaung Tsp, Yangon, Myanmar.

HOT LINE +959 **73040604**, +959 **791079410~420**, SERVICE CENTER +959 **791079450**

PROLiNK®
www.prolink2u.com

PROLiNK 25 YEARS SINCE 1991

သင့်အိမ်ရဲ့ လျှပ်စစ်လိုအပ်ချက်အတွက် နေရောင်ခြည်စွမ်းအင်ကိုအကောင်းဆုံးအသုံးချလိုက်ပါ

အိမ်အသုံးအဆောင်များအတွက် လျှပ်စစ်ဓာတ်အားကိုအဆင်သင့်အသုံးပြုနိုင်အောင် စီမံပေးထားပါသည်



1. နေရောင်ခြည်သုံးဆိုလာအင်ဗာတာ **(IPS 1200VA / IPS 2400VA)**
30A, PWM
အမျိုးအစားနေရောင်ခြည်စွမ်းအင်သုံးအားသွင်းစနစ်ကိုတစ်ပါတည်းထည့်သွင်းပေးထားပါသည်။

2. နေရောင်ခြည်သုံးဆိုလာအင်ဗာတာ **(ZONNE 450)**
450W အထိအသုံးပြုနိုင်သည်။ ကျစ်လစ်ပေါ့ပါးပြီးအလွယ်တကူအသုံးပြုနိုင်ရန် ထုတ်လုပ်ထားပါသည်။

အလွယ်တကူအသုံးပြုနိုင်ရန် ပြုလုပ်ထားသောအစီအမံများ

- 450W နှင့် 1200VA/ 2400VA အထိအသုံးပြုနိုင်ပါသည်။
- အောက်ပါ အိမ်သုံးပစ္စည်းများအတွက် လွယ်ကူစွာချိတ်ဆက်အသုံးပြုနိုင်ရန် ထုတ်လုပ်ထားပါသည်။
  - ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ (Computers, Monitors, Scanners, ...)
  - အိမ်သုံးဖျော်ဖြေရေးပစ္စည်းများ (LCD/ LED TVs, DVD Playaers, ...)
  - အိမ်သုံး လျှပ်စစ်ပစ္စည်းများ (Fans, Lights, ...)
- 40Ah မှ 200Ah အထိဘက်ထရီများကိုကောင်းစွာအားသွင်းအသုံးပြုနိုင်ပါသည်။
- ဆိုလာအားသွင်းစနစ်နှင့် အင်ဗာတာစနစ်ကိုတစ်ပေါင်းတည်းထုတ်လုပ်ပေးထားပါသည်။
- LED နှင့် LCD မြင်ကွင်းမှတဆင့် စက်၏အခြေနေကိုအချိန်မရွေးသိရှိနိုင်ပါသည်။
  (IPS 1200VA နှင့် IPS 2400VA အမျိုးအစားတွင်သာ)
- ဘက်ထရီများကိုအလွယ်တကူချိတ်ဆက်နိုင်ပြီး (၅)နာရီအတွင်းအားပြန်ပြည့်စေနိုင်သောအားသွင်းစနစ်ပါရှိပါသည်။

ဝန်ပိုသုံးစွဲမှုနှင့် လျှပ်စီးပတ်လမ်းတိုဖြစ်မှုကိုမိုက်ကရိုပရိုဆက်ဆာထိန်းချုပ်မှုစနစ်ဖြင့် ကာကွယ်ပေးထားပါသည်။

Quality Products Made from **SINGAPORE**

The choice of **professionals!**

Also Available:
Line Interactive UPS - **650VA to 1200VA**
Solar Inverters
Online UPS - **1kVA to 320kVA**
IPS Inverters - **1.2kVA to 5kVA**

Local Area Network (LAN) | Telecommunication Devices | Data Centre | Electro-Medical Device

အသေးစိတ် အချက်အလက်များကိုအောက်ပါ လိပ်စာများတွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။

MRS Computers

ရန်ကုန် အမှတ်(၅၁-၅၃)၊ ဘိုကလေးဈေး(အောက်)လမ်း၊ ဝိုလ်တထောင်မြို့ နယ်၊ ရန်ကုန်မြို့ ။
ဖုန်း ၉၅-၁-၃၉၂၂၅၉၉၊ ၃၉၂၁၃၃၈၊
EMAIL sales@fida.com
GMAIL eieimonprolinkmyanmar@gmail.com / mrssaleygn@gmail.com

မန္တလေး အမှတ်(၁၃၁)၊ (၃၁)လမ်း၊ (၇၆ x၇၇)လမ်းကြား၊ ချမ်းအေးသာဇံမြို့ နယ်၊ မန္တလေးမြို့ ။
ဖုန်း ၉၅-၂-၆၄၉၇၃၊ ၆၄၉၇၄၊ ၉၅-၉-၄၅၀၄၅၅၂၆၈
EMAIL mrs.mandalay.mandalay@gmail.com

PREDATOR

The Predator Series
CONQUER NEW WORLDS

Predator 8-GT-810

- Intel® Atom™ x7-Z8700 Processor
- Intel® HD Graphic
- Android™ 5.1 (Lollipop)
- RAM 2GB LPDDR3 / eMMC 32GB (MicroSD Card up to 128GB)
- 8" IPS Full HD (1920 x 1200 pixel) 16:10,

Tablet Price - 350

Predator G9-791

- 6th Gen. Intel® Core™ i7-6700HQ Processor (2.6GHz up to 3.5GHz, 6MB L3 cache)
- NVIDIA® GeForce® GTX 980M 4GB
- Windows 10 Home (64-bit)
- RAM 16GB DDR4, SSD 256GB + HDD 1TB
- 17.3" Full HD (3840 x 2160 pixel)

Notebook Price - 2350

Predator X34

- 34"(21:9) UltraWide 3440 x 1440 (UQHD) resolution
- Curvature : 3800R
- Brightness : 300 cd/m2, Contrast ratio : 100 million:1 (ACM)
- HDMI 1.4, DisplayPort 1.2 USB Hub3.0 x 4

Monitor Price - 1200

Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 09-252229400, 09-252229500 | Facebook : Acer Myanmar

acer

ALWAYS
IN POWER

GiONEE

water drop display.
Metalic Body.
4000 mAh Battery.

Marathon M5 mini

179,000Ks

www.facebook.com/OfficialGioneeMyanmar
www.instagram.com/gioneemyanmar
website: global.gionee.com

Hot Line: 09 31389999
Service Center: 09 792677899

TOP NEW GADGET 2016

1. The PedEgg Power

လက်သည်းခြေသည်းတွေညှပ်တဲ့အခါ မလှမပ မညီမညာဖြစ်တတ်ကာ လက်သည်းညှပ်က မာလွန်း၊ ပျော့လွန်းနေရင်လည်း အသုံးပြုရမလွယ်ကူတာကြောင့်ပဲ ဖြစ်ဖြစ်၊ အလှပြင်ဆိုင်သွားပြီး ခြေသည်းလက်သည်းတွေကို မပြုပြင်နိုင်သူများအတွက်ပဲဖြစ်ဖြစ် လွယ်ကူအဆင်ပြေစေမယ့် ကိရိယာလေးဖြစ်ပါတယ်။ PedEgg ဟာ Cordless ဖြည့်ပြီး 2AA Batteries လိုအပ်ပါတယ်။ ၎င်းဟာ Nano-abrasion Roller ပါရှိပြီး အသုံးပြုရလွယ်ကူကာ သင့်ခြေသည်းလက်သည်းတွေကို နာကျင်မှု မရှိစေဘဲ သန့်ရှင်းစေနိုင်မှာပါ။ ဈေးနှုန်းသက်သာတာမို့ ၎င်းကို ၂၂ ။ ၉၉ ဒေါ်လာဖြင့်ဝယ်ယူသင့်တဲ့ပစ္စည်းလေးဖြစ်ပါတယ်။

2. Odor Eliminating Fish Roaster

အိမ်ရှင်မများအတွက် အင်မတန်မှလွယ်ကူအဆင်ပြေစေပြီး သင့်မီးဖိုချောင်ကိုသပ်ယပ်လှပပြည့်စုံနေစေမယ့် ပစ္စည်းလေးဖြစ်ပါတယ်။ ယင်း Fish Roaster မှာ Platinum Catalytic Filter ပါရှိပြီးအဖုံးအတွင်းမှာထည့်သွင်းပေးထားတာကြောင့် ငါးတွေကိုပေါင်းတဲ့အခါ အနံ့အသက်အများကြီး မထွက်စေပါဘူး။ ငါးကိုလျှင်မြန်စွာပေါင်းနိုင်မှာဖြစ်ပြီး ငါးဟာလတ်ဆတ်နေပြီးအခွံလေးကတော့ ကြွပ်ရွနေမှာဖြစ်ပါတယ်။ ၎င်းမှာ Built in Timer ပါရှိပြီး မိမိလိုအပ်သလောက်အချိန်ကိုအဆင်ပြေစွာသတ်မှတ်ပေးနိုင်ပါတယ်။ ၎င်းကို ၁၆၉ ။ ၉၅ ဒေါ်လာဖြင့် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

3. The Juice Extractor

သင့်ရဲ့ကျန်းမာရေးနှင့် အထူးသင့်တော်ပြီး အထူးသဖြင့် ဝိတ်လျှော့နေသူများအတွက်ရည်ရွယ်ကာဖန်တီးထုတ်လုပ်ပေးလိုက်တဲ့ Juice Extractor ဖြစ်ပါတယ်။ အသီးအနှံမျိုးစုံကို အလွယ်တကူဖျော်သောက်နိုင်ပြီး 850 Watt Motor နှင့်အတူ 3" Feeder Chute တို့ပါရှိကာ ၅ စက္ကန့်အတွင်းမှာ ၈ အောင်စရှိတဲ့ အသီးဖျော်ရည်တွေကို ပြုလုပ်ပေးနိုင်မှာဖြစ်ပါတယ်။ Safety Lock လည်းပါရှိပြီး LED Indicator Light အပြင် Pulp Collector လည်းပါရှိပါတယ်။ ဒါ့အပြင် 1-Liter Juice Jug, Filter Basket, Cleaning Brush တို့လည်းပါရှိကာ ပန်းကန်ဆေးစက်ထဲလည်း အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက ၁၄၉ ။ ၉၉ ဒေါ်လာဖြစ်ပါတယ်။

4. The Paint Handy

နံရံကိုဆေးသုတ်တဲ့အခါမှာ အခြားနေရာတွေနဲ့လက်တွေမှာ ပေကျံနေတတ်တာကြောင့် စိတ်ကသိကအောက်ဖြစ်ရပါတယ်။ ဒီပြဿနာကိုဖြေရှင်းပေးဖို့အတွက် The Paint Handy လေးကို ထုတ်လုပ်ပေးလိုက်ပါတယ်။ ရုတ်တရက်ကြည့်လိုက်ရင် တော့်သာမန်အချပ်လေးတစ်ချပ်ကဲ့သို့မြင်ရမှာဖြစ်ပြီး ၎င်းအတွင်းသို့ လက်ကိုထိုးသွင်းကာအသုံးပြုနိုင်ပါတယ်။ အနားသတ် Liner တွေကို Microfiber Cloth ဖြင့်ပြုလုပ်ထားပြီး အလွယ်တကူ လျှော်ဖွတ်နိုင်ပါတယ်။ တစ်ခါလျှင် ၁၂ အောင်စရှိတဲ့ ဆေးတွေကိုသုတ်နိုင်မှာဖြစ်ပြီး စိတ်တိုင်းကျမည်သည့်နေရာမှာမဆို အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက ၂၅ ။ ၅၀ ဒေါ်လာပါ။

5. The Masterpan

Masterpan လို့ခေါ်တဲ့အတိုင်းပဲ တစ်ပြိုင်နက်တည်းမှာ ချက်ပြုတ်ကျော်လှော်တာတွေအများကြီးပြုလုပ်နိုင်မယ့်ပစ္စည်းလေးဖြစ်ပါတယ်။ ၎င်းမှာအသားနဲ့ငါးအတွက် Pan ရဲ့အလယ်ခေါင်မှာနေရာတစ်ခုရှိပြီး အပြင်ဘက် နေရာတွေကတော့ ကြက်ဥနှင့်ဟင်းသီးဟင်းရွက်များအတွက်ဖြစ်ပါတယ်။ မာကျောခိုင်ခံ့တဲ့ die-cast aluminium ကို မကပ် မတူးစေမယ့် non-stick coating ဖြင့်ပြုလုပ်ထားတာကြောင့် ချက်ပြုတ်နေရင်း တူးခြစ်သွားမှာမပူရပါဘူး။ တစ်ပြိုင်နက်တည်း ၅ မျိုး ချက်ပြုတ်ကျော်လှော်နိုင်တာကြောင့် အချိန်ကုန် သက်သာစေပါတယ်။ ဈေးနှုန်းက ၅၉ ။ ၉၉ စတာလင်ပေါင်ဖြစ်ပါတယ်။

6. Mobile Technology Carry On

အခုခေတ်မှာခရီးတွေထွက်တဲ့အခါ သယ်ဆောင်ရတဲ့ပစ္စည်းတွေထဲမှာအဝတ်အစားတွေသာမကဘဲ နည်းပညာပစ္စည်းမျိုးလည်းပါလာတတ်ပါတယ်။ ဒါကတော့ ကိုယ်ထည်ကို 2.6mm ထူတဲ့ ပေါ်လီကာဖွန်နိုက်နဲ့ပြုလုပ်ထားပြီး ပျက်စီးထိခိုက်မှုဒဏ်က ကာကွယ်ပေးနိုင်ပါတယ်။ Laptop, Tablet, Camera, Headphone၊ အားသွင်းကိရိယာ စတဲ့နည်းပညာပစ္စည်းလေးတွေကို ထည့်သယ်သွားနိုင်ပါတယ်။ ဘီးတွေက ၃၆၀ ဒီဂရီလှည့်နိုင်လို့ အိတ်ကိုဘယ်လိုဆွဲဆွဲရပါတယ်။ ဈေးနှုန်းက ၁၄၉ ။ ၉၅ ဒေါ်လာဖြစ်ပါတယ်။

7. The OUTlet

နေအိမ်တွေမှာ အီလက်ထရောနစ်ပစ္စည်းတွေအများကြီးအသုံးပြုတဲ့အခါ ပလတ်ပေါက်မလောက်ငှတာမျိုးဖြစ်တတ်ပါတယ်။ The OUTlet က ပလတ်ပေါက်တွေအများကြီးပါပြီး ခလုတ်တစ်ချက်နှိပ်ရုံနဲ့ ၂ ခုထက်မကတဲ့ပလတ်ပေါက်တွေကိုအသုံးပြုနိုင်မှာပါ။ အိမ်နံရံမှာရှိတဲ့ မီးပလတ်ပေါက်မှာတပ်ဆင်လိုက်ပြီး ဝက်အူကျပ်လိုက်တာနဲ့ ပလတ်ပေါက်တွေအများကြီးကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ 15 amps အားရှိပြီး လုပ်ငန်းသုံး 20 amp အမျိုးအစားလည်း ထွက်ရှိမှာဖြစ်ပါတယ်။ ဈေးနှုန်းက ဒေါ်လာ ၃၀ ဖြစ်ပြီး USB port ပါဝင်မှုပေါ်မူတည်ပြီး ကွဲပြားပါတယ်။

8. Elgato Eve Energy

Elgato Eve Energy ဟာသင့်ရဲ့အိမ်မှာအသုံးပြုတဲ့ လျှပ်စစ်ပစ္စည်းတွေရဲ့ပါဝါအသုံးပြုမှုကိုစောင့်ကြည့်စစ်ဆေးပေးနိုင်တဲ့ ကိရိယာဖြစ်ပါတယ်။ Apple ရဲ့ Homekit နည်းပညာအသုံးပြုထားတဲ့ Power sensor တစ်ခုပဲဖြစ်ပါတယ်။ ဒီ power sensor ကို iPhone နဲ့ iPad တွေမှာ Eve Energy app ထည့်သွင်းအသုံးပြုပြီး အဖွင့်အပိတ်လုပ်နိုင်သလို Siri voice command ပေးပြီးတော့လည်းအဖွင့်အပိတ်လုပ်နိုင်ပါတယ်။ Eve Energy App က iOS 9.0 နဲ့အထက်ရှိပြီး Bluetooth 4.0 Smart ရတဲ့ iOS Device နဲ့တွဲဖက်အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းကတော့ ၄၉ ။ ၉၅ ဒေါ်လာဖြစ်ပါတယ်။

9. Logitech GROUP

